
www.burmeseclassic.com




www.burmeseclassic.com

# လမင်းမိုမို

ပေးဆပ်နေမှာ

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၆၄၁၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၇၂၁၂၁၀

၂၀၁၁ ခုနှစ်၊ မတ်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

လမင်းမိုမို

ပေးဆပ်နေမှာ/လမင်းမိုမို၊ ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၁။

၂၈၈- စာ၊ ၁၂×၁၈ စင်တီ။

(၁) ပေးဆပ်နေမှာ


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com





# လမင်းမိုမို




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com







(…… ၁၉၉၁ ခုနှစ်)

ကားရှေ့ခန်း ဒရိုင်ဘာနံဘေးခုံမှာ ထိုင်နေရာမှ မင်းသိက္ခာက နောက်ခန်းကို လှည့်ကြည့်လိုက်ပါသည်။ နောက်ခုံတန်းမှာ ခြင်းနှစ်ခြင်း လွယ်အိတ်နှစ်လုံး ဝိုင်းရံနေတဲ့အလယ်မှာ သေးသေးပုပုနှင့် ပျောက်မလောက်ဖြစ်နေသော တုတုက ရှုပုပ်နေတဲ့ မင်းသိက္ခာလေးရဲ့ မျက်နှာလေးကို မရဲတရဲ ကြည့်နေပါသည်။

မင်းသိက္ခာ မျက်နှာထားက အသက်ခြောက်နှစ်နှင့် မလိုက်မဖက် ခပ်တင်းတင်း အထက်စီးဆန်လှသည်။ အဲဒီအထက်စီး မျက်နှာပေးဟာ တုတုအတွက် မင်းသိက္ခာရဲ့ သီးသန့်မူပိုင် မျက်နှာထားပင်။

"မမ"

"အင်"

"ရှင် … လို့ ထူးလေ"

"ရှင်"

"ဟာ … ခေါ်မှထူးလေ၊ ခေါ်လည်းမခေါ်သေးဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အင်း"

"ပြန်ခေါ်မယ်၊ မမ"

"ရှင်"

"အိမ်ကျ မေမေ့ကို တိုင်မှာလား"

"........."

"ပြောလေကွာ"

"ဟိုရေလ ... ဟို ..."

"တိုင်မှာလားဆို"

"အင်း"

"ကလောက်"

တောက်ခေါက်သံက ပါးစပ်ခပ်သေးသေးလေးထဲက လျှာသေးသေးလေးရဲ့အင်အားနှင့် "တောက်"လို့ပင်မမြည်ပါ။ "ကလောက်"တဲ့။ လူကသာ ဟန်ကျပန်ကျ မာန်မဲနေပေမယ့် ဖောင်းကစ်နေသော ပါးပြင်လေးနှစ်ဖက် တုန်တုန် တုန်တုန် နှင့် စိုမည်းနေတဲ့ မျက်ဝန်းမျက်တောင် နက်ခဲခဲတို့ကြောင့် မင်းသိင်္ခာရဲ့မျက်နှာလေးက ကော်ပတ်ရုပ်လေးနှင့်သာ တူလေသည်။

"တိုင်မှာလား မတိုင်ဘူးလား ထပ်ဖြေ"

"ဆရာမက တိုင်ခိုင်းလိုက်တာပဲဟာ"

"ဆရာမ တိုင်ခိုင်းတိုင်း တိုင်ရမှာလား"

"မနေ့ကတည်းက မတိုင်ခဲ့လို့ ဒီနေ့ ခါခါ့ဆရာမက မမတုကို ဆူတယ်"





"ဆူတာ ဘာအရေးလဲ၊ နာတာမှ မဟုတ်တာ"

"ဒါပေမဲ့ ..."

"မမတိုင်လိုက်ရင် မေမေက သားကိုရိုက်မှာ"

တုတုက မင်းသိင်္ခာရဲ့မျက်နှာကို မရဲတရဲ စိုက်ကြည့်လို့သာနေပါသည်။

"အဲဒီတော့ မမကိုလည်း သားက ပြန်ကိုက်ရမှာပဲ"

တုတုက ပခုံးလေးပင် ကျုံ့သွားရပါသည်။ မင်းသိင်္ခာ ကိုက်တဲ့ဒဏ်ကို မင်းသိင်္ခာရဲ့တစ်သက် ခြောက်နှစ်တိုင်တိုင် ခံစားခဲ့ရဖူး၍ အကိုက်ခံရမှာကို တုတု ဘယ်လိုကြောက်မှန်းမသိ။ တုတုကို ကိုက်တိုင်း မေမေက မင်းသိင်္ခာကို ဆူတန်ဆူ ပေတံလေးနှင့် ရိုက်တန်ရိုက် ဒဏ်ပေးတန်ပေး အပြစ်ပေးတတ်ပေမယ့် အပြစ်ပေးတာကနောက် တုတု လက်မောင်းလက်ဖျံပခုံးတို့မှာ အစိတ်စိတ်သော သွားရာတွေ နက်နက်ထင်ကျန်ကာ အသေအလဲ နာကျင်လှတာက အရင်လေ။

မျက်ရည်ပေါက်ကြီးငယ်ကျအောင် ရိုက်ကြီးတငင်ငိုရင်း မေမေတို့ ဒေါ်လေးတို့ ဝါးအုံပေးသော ဆန်ဝါးဖတ်ကို အကပ်ခံကာ တစစ်စစ်ကိုက်ပြီး နာတဲ့ဒဏ်ရာကို မထိရဲ မတို့ရဲ သုံးရက်လောက်တော့ အနာက ရင်းနေသည်။

တစ်ခါတစ်ရံများ သွေးစို့တဲ့အထိ ပေါက်သွားကာ အနာကြီးက စိမ်းညိုပြီး ရောင်ရမ်းရင်းတက်လာတတ်သည်။ ဆိုက်ဆို မင်းသိင်္ခာရဲ့သွားလေးတွေက သေးသေးချွန်ချွန်ရှိလှ

www.burmeseclassic.com



တဲ့အပြင် တုတုရဲ့အသားကိုယ်တိုင်ကကော ခုမှ ဆယ့်တစ်နှစ်အရွယ် ကလေးငယ်ပဲမို့ အရေပြားနုနယ်လှသေးတာပဲလေ။

"တိုင်ရဲရင်တိုင်ကြည့်"

"ကျောင်းက တိုင်လိုက်တာကို မမတုက ပြန်မပြောရင် မေမေကလည်း ဆူဦးမှာ၊ ကျောင်းက ဆရာမကလည်းဆူမှာ"

"ဆူပစေ"

"ခါခါ ဘာလို့ သူများကို သွားလုပ်သေးလဲ"

"သူလည်း လုပ်တာပဲ"

"ခါခါ စလုပ်တာဆို"

"သူက လာစ,တာ"

"သူကပါးစပ်နဲ့စတာ မဟုတ်လား"

"........"

"အဲဒါကို ခါခါက ဘာဖြစ်လို့ ခဲတံနဲ့ ပြန်ထိုးသေးလဲ"

"ကြည့်လို့မရလို့ပေါ့"

"သူငယ်ချင်း အချင်းချင်း အသားပေါက်အောင် သွေးထွက်အောင်လုပ်တာ ဘယ်ကောင်းမလဲ"

"သူငယ်ချင်း မဟုတ်ပါဘူး၊ သူနဲ့ ခင်လည်း မခင်ပါဘူး"

မင်းသိင်္ခာက ရှုပုပ်ပုပ်ဖြေရင်း မီးပွိုင့်မှာကားရပ်ကာ မီးနီမိနေတုန်း ရှေ့ကဖြတ်လျှောက်လမ်းကူးသွားတဲ့ ပူဖောင်းသည်ကြီးကို လက်ညှိုးထိုးကာ ...





"ဦးကြည်"

"ဝေ"

"ဘောလုံးသည် ခေါ်ပေး၊ ဘောလုံးဝယ်ပေးပါ"

ဦးကြည်က ကားထဲက ချက်ချင်းခေါင်းထွက်ကာ ...

"ဘောလုံးသည်"

လှမ်းအော်ပြီး လက်ယပ်ခေါ်လိုက်၍ ဘောလုံးသည်က အပြေးကပ်လာသည်။

"ဦးကြည် ဟိုးအရှည်ကြီးယူမယ်"

"အရှည်ကြီးက ဘယ်လောက်လဲ"

"နှစ်ကျပ်"

"မလျှော့ဘူးလား"

"သုံးမျိုးငါးကျပ်"

"သုံးမျိုးယူမယ် သုံးမျိုး"

"ကဲ ... ကဲ ... မြန်မြန်ဖြုတ်ပေး"

ဘောလုံးသည်က အရှည်လိုက် ပူဖောင်းအချောင်းကြီးတစ်ခု၊ ပူဖောင်းဝိုင်းဝိုင်းကြီးကြီးတစ်ခု စက်ဘီးပုံချိုးထားသည့် ပူဖောင်းလေးတစ်ခု ဖြုတ်ပေးရင်း ကားထဲငုံ့ထည့်ပေးရင်းက ...

"ကလေးလေးက ချောလိုက်တာ၊ ယောကျ်ားလေးလား မိန်းမလေးလား"

မင်းသိင်္ခာ မျက်နှာက ရှုပုပ်သွားကာ ခြေအိတ်ဖြူနှင့် ဘာတာရှူးဖိနပ်အနက်လေး စီးထားသည့် သူ့ခြေထောက်ကို ခပ်ကြမ်းကြမ်း ထောင်မြှောက်ပြကာ ...

www.burmeseclassic.com



"ဒီမှာ တွေ့လား ဘွတ်ဖိနပ်၊ ယောက်ျား ... ယောက်ျား"

"ဩော် ... ဩော် ... အေး ... အဟေး၊ မင်းက ချော လွန်းလို့ပါ ငါ့တူလေးရယ်၊ ဟား ဟား ဟား"

ပူဖောင်းသည်က သဘောတကျရယ်ရင်း ငါးကျပ်တန်ကိုယူကာ ထွက်ခွာသွားပါသည်။

"ခါခါ လူကြီးကို အဲသလို ခြေထောက်ကြီးမြှောက်မပြရဘူးလေ၊ ဒါမျိုးက ရိုင်းတယ်လို့ မေမေ သင်ထားတယ် မဟုတ်လား၊ ခါခါ မြှောက်လိုက်တာက အဲဒီလူကြီးကို ခြေထောက်နဲ့လှမ်းကန်လိုက်တဲ့ပုံနဲ့ တူတယ်"

"ဘာဖြစ်လဲ"

"အဲဒါ ရိုင်းတယ်တဲ့"

"ရိုင်းတော့ ဘာဖြစ်လဲ"

"ရိုင်းတာတွေလုပ်ရင် ငရဲကြီးတတ်တယ်"

"မမက ဘယ်လောက်သိလို့လဲ၊ မမက တောကလာတာ တောသူ၊ တောသူဆိုတာ မြို့သားလောက် မသိဘူး"

ဦးကြည်က မအောင့်နိုင်ဘဲ ပြုံးဖြီးဖြီး ဖြစ်သွားသည်။

"ခါခါ့ကို ဘယ်သူပြောလဲ"

"ဒေါ်လေး ပြောတယ်၊ မမိမိုးတို့ မရွှေတို့ကို တောသူမတွေမို့လို့ ထုံတာဖျင်းတာလို့ အမြဲပြောတာ"

"မမက ရိုင်းတာ ယဉ်ကျေးတာကို ပြောနေတာ"

"မြို့သားက ပိုယဉ်ကျေးတာပေါ့"





တုတုသည် သူ့ထက်ငါးနှစ်ငယ်သော မင်းသိင်္ခာကို ချစ်လည်းချစ် ကြောက်လည်းကြောက်သူဖြစ်ရာ တော်ရုံတန်ရုံ စောဒကမတက်ဝံ့တာ ထုံးစံပင်။ မျက်စိပေကလပ်နှင့်သာ မရဲတရဲ စိုက်ကြည့်နေရတတ်မြဲ။

ခါခါပြောလည်း ပြောစရာ။ တကယ်တော့ တုတုက တောသူပဲလေ။ တုတုရဲ့ဒေါ်လေးက ငယ်ငယ်ကလေးတည်းက မေမေ့ထံမှာ အိမ်အလုပ်သမား လုပ်ခဲ့တာပါ။ တုတုအဖေ ပိုးထိပြီး ကွယ်လွန်ချိန်မှာ တုတုက [illegible]နှစ်သမီးလေးအရွယ်မျှသာ ရှိပါသေးသည်။

အမေက သမီးတစ်ယောက်ပိုက်ပြီး မျက်စိသူငယ်နှင့် မလုပ်တတ်မကိုင်တတ် ငေါ်ပြတ်ရမလိုဖြစ်နေဆဲ ဒေါ်လေးက "မေမေ"လို့ တုတုခေါ်နေတဲ့ မင်းသိင်္ခာရဲ့အမေ ဒေါ်နုနုထွေးထံ ခွင့်တောင်းပြီး သူ့အစ်မသားအမိကို ခေါ်ယူလိုက်တာပါ။

ဒေါ်လေးခင်ခင်ရော တုတုရဲ့အမေ ဒေါ်တင်တင်ရော နှစ်ယောက်လုံး မေမေတို့ ဖေဖေတို့အိမ်မှာ အိမ်မှုကိစ္စလုပ်ကြရပါသည်။ စိတ်သဘောကောင်းလွန်းလှတဲ့ ဖေဖေတို့ မေမေတို့ဟာ ဒေါ်လေးကိုပင် ဆွေလိုမျိုးလို ရှေ့တွေ ဘာတွေ ဆင်ကာ ပြောင်ပြောင်ရောင်ရောင် ထားခဲ့တာ။

တုတုရဲ့အမေ ရောက်လာတော့လည်း ဆွေမျိုးသားချင်းလိုပဲ ကြင်ကြင်နာနာ ဆက်ဆံခဲ့ကြသူတွေပါ။ အိမ်ထောင်သက် သုံးနှစ်ကြာတဲ့အထိ ကလေးမရခဲ့တဲ့ ဖေဖေနှင့်မေမေတို့



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဖတဆိုးလေး တုတုကို အလွန်ချစ်ခင်ကြကာ "သမီး" "သမီး" နှင့် ပါးစပ်ဖျားမချ ချစ်ခဲ့ကြသူတွေပါ။

အမွေစားအမွေခံရယ်လို့ စာချုပ်စာတမ်းနှင့် တရားဝင်မဟုတ်ခဲ့သော်လည်း တုတုရဲ့အမေကို ...

"တင်တင် နှင့်သမီးလေးကို ငါတို့မွေးစားမယ် သိလား၊ သူ့ခမျာ ဖတဆိုးလေး မဟုတ်လားဟယ်၊ ဒါပေမဲ့ မငိုးငယ်စေရဘူး သိလား တင်တင်၊ ကျောင်းကောင်းကောင်းထားပြီး စာကောင်းကောင်း သင်ပေးမယ်၊ ဘွဲ့ရပညာတတ်ကြီးဖြစ်အောင် လုပ်ပေးမယ်၊ ကြီးလာရင်လည်း အိမ်ထောင်ရက်သားလေး ဘာလေး ချပေးပြီး အမွေအနှစ်လည်းပေးမယ် ကြားလား တင်တင်၊ နင် ဘာမှမပူနဲ့၊ တုတုရှေ့ရေးစိတ်အေးအေးသာထား"

"ကျေးဇူးကြီးလှပါတယ် မမရယ်"

တုတုကိုလည်း စကားစတတ်ကတည်းက "ဖေဖေ" "မေမေ"ခေါ်ဖို့ သင်ခဲ့တာပင်။ သမီးလေးတစ်ယောက်လိုပဲ လိုလေသေးမရှိ ထားခဲ့တာပါပင်။ တုတု ငါးနှစ်သမီးအရွယ်မှာ မင်းသိင်္ခလေးကို မွေးပါသည်။ အဲဒီအခါ ဖေဖေ မေမေတို့က တုတုကို အချစ်မလျော့တဲ့အပြင် တုတုလေး သူတို့ထံ ကြိုတင်ရှေ့ပြေးရောက်လာလို့သာ သားသမီးမရတဲ့ သူတို့ထံမှာ မင်းသိင်္ခလေး ရောက်ရှိလာတာလို့ ယူဆပြီး တုတုကို အရေးပေးမပျက်ပါ။





ဘာပဲဖြစ်ဖြစ် အမေက အမေရင်း၊ ဖေဖေမေမေတို့က မွေးစားတာရယ်လို့ သိထားတဲ့ တုတုက သူ့ကိုယ်သူမွေးစားသမီးရယ်လို့ နားလည်ပါသည်။ မင်းသိင်္ခကတော့ ဒီအိမ် ဒီမိသားစုမှာ တကယ့်နန်းညွန့်နန်းလျာ အိမ်ရှေ့မင်းသားပင်။ အိမ်ရှိလူကုန်ရဲ့ ဖူးဖူးမှုတ် အရေးပေးခြင်းကို ခံယူရကာ အားလုံးရဲ့အထက် အမြင့်ဆုံးတစ်နေရာက သီးသန့်လူ။

တုတုကို ကျောင်းကောင်းကောင်းမှာပဲ အပ်ပေးခဲ့ကာ မင်းသိင်္ခ အရွယ်ရောက်လာတော့လည်း တုတု တက်လက်စကျောင်းမှာပင် အပ်ထားတာမို့ နှစ်ယောက်သား ကျောင်းသွားကျောင်းပြန် အတူတူပင်။ နေ့လယ်ကျ မောင်လေးခါခါ ထမင်းဘူး ကောင်းကောင်းစား မစား သူ့အတန်းကိုပြေးကြည့်ပြီး စစ်ဆေးပေးရသည်။

ထမင်းမစားဘဲ ပြေးဆော့နေတဲ့ ခါခါ့နောက်က ထမင်းဘူး တကိုင်ကိုင်နှင့် ပြေးလိုက်နေရရင်း ကိုယ်တစ်လုတ် အား သူတစ်လုတ်ခွံ့။ သူ့ဘူးရယ် ကိုယ့်ဘူးရယ် မခွဲခြားတော့ဘဲ တစ်ဘူးပြီးတစ်ဘူးကုန်အောင် အပြေးလိုက်ကျွေးရပါသည်။

မင်းသိင်္ခဟာ သူစိတ်မလိုတဲ့အခါ အိမ်ပြန်ရောက်လျှင် မေမေ့ကို ပြေးတိုင်တတ်သည်။

"မေမေ နေ့လယ်က မမတုတုက သားကို ထမင်းကျွေးတာ သူချည်းပဲ ကြက်သားတုံးတွေ စားပစ်ပြီး သားကို အားလူးနဲ့ပဲ ဖွဲ့ကျွေးကယ်"

www.burmeseclassic.com



ထိုအခါ တုတုမှာ မင်းသိင်္ချာကို အလန့်တကြား အံ့အားတသင့်နှင့် မျက်လုံးလေးဝိုင်းပြီး ပါးစပ်လေးဟကာ ဟကာ ထစ်ငေါ့နေပြီးမှ ...

"ဟင် ... မမတုက ဟင်းအနှစ်နဲ့ချည်းပဲ နယ်စားလိုက်တာပါ ခါခါရယ်၊ ခါခါက ကြက်သားမဝဘူးဆိုလို့"

"မဟုတ်ဘူး၊ မမတု လူညာကြီး မေမေ၊ မမတုကို ဆူလိုက်လေ၊ ရိုက်လိုက်လေ"

တုတုရဲ့သည်းခံအလိုလိုက် အနွံတာခံလှပုံကို အစင်းသိနေတဲ့ မေမေက ပြုံးစိစိနှင့်ပင် ...

"အေးပါ ... နောက်တော့ ရိုက်မှာပေါ့"

"မရဘူး ခုရိုက် ခုရိုက်လိုက်လေ၊ ရိုက်ရမယ်"

"ခါခါကလည်းကွယ်၊ မင်းက မမတုကိုဆို သိပ်နွဲ့ဆိုးတာပဲ၊ တော်တော့၊ ဒါ ဓွတ်ပူဆာစရာ မဟုတ်ဘူး၊ တုတုဆိုးရင် မေမေ ရိုက်မှာပေါ့၊ တုတုက အခုမဆိုးလို့ မရိုက်တာပေါ့"

ထိုအခါမျိုးတွင် မင်းသိင်္ချာသည် တုတုကို မကျေမချမ်းဖြစ်ကာ တုတုရဲ့ပစ္စည်းတွေကိုဖွက်ခြင်း ဖျက်ဆီးခြင်းစသဖြင့် တစ်ခုခုတော့ ညစ်တစ်တစ်လုပ်လိုက်ရမှပင်။ တစ်ခါတစ်ရံ ကလေးဉာဏ်နှင့် မင်းသိင်္ချာလုပ်ထားတာတွေက ရယ်လည်းရယ်ရတတ်သည်။





ဘယ်လိုပဲဖြစ်ဖြစ် မျက်ဝန်းလေးတွေမည်းရွှန်းကာ အသားအရည်က ဖြူသန့်လင်းလက်လျက် ဝင်းဖန့်ဥထွတ်နေတဲ့ မင်းသိင်္ချာလေးကို တုတုက အင်မတန်မှပင် ချစ်ပါသည်။ အမေပြီးရင် ဒေါ်လေးပင် စာရင်းထဲမဝင်။ မေမေ့ကိုလည်း ချစ်ပေမယ့် မင်းသိင်္ချာလောက်တော့ မဟုတ်။

မင်းသိင်္ချာရဲ့အနိုင်ကျင့် ဗိုလ်ကျတာလေးတွေကို သည်းညည်းခံ ငုံ့ခံရင်းကပင် ဒီမောင်လေးကို တုတု အင်မတန်ချစ်မြတ်နိုးပါသည်။

"ကဲ ... အိမ်ရောက်တော့မှ"

"........"

"မမ ပြောလေဗျာ၊ မတိုင်ပါဘူးလို့"

"မမတု မတိုင်ချင်ပါဘူး ခါခါရယ်၊ ဒါပေမဲ့ ဒီတစ်ခါ မပြောရင် မမတု အပြစ်ဖြစ်လိမ့်မယ်၊ ဆရာမက မေမေ့ကို ခေါ်ခိုင်းတာ မဟုတ်လား"

ဦးကြည် ကားရပ်လိုက်လျှင် မင်းသိင်္ချာက ရှေ့ခန်းမှဆင်းကာ ပတ်ပြေးလာရင်း တုတု ဆင်းမည့် တံခါးဝမှာ ခါးသေးထောက်ရပ်ကာ ...

"တိုင်မှာလား မတိုင်ဘူးလား တစ်ခွန်းပဲပြော"

"တိုင် ... တိုင် ... ရမှာ"

"ကဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသိင်္ခာက တုတုလက်ဖျံတစ်ဖက်ကို ဆွဲယူကုန်းကိုက်လိုက်ရာ တုတုရဲ့အော်ဟစ်ညည်းညူလိုက်သံလေးက မချိမဆန့် ထွက်ပေါ်လာရပါသည်။

✤ ❣ ✤





(......၁၉၉၃ ခုနှစ်)

"မေမေ သား ဘောလုံးသွားကန်ချင်တယ်"

"ကိုယ့်အိမ်မှာ ကိုယ်ကစားပါလား သားရယ်"

"အာ ... အိမ်မှာ တစ်ယောက်တည်း ပျင်းတာကို မေမေကလည်း"

"မမတုနဲ့ ကစား"

"ဟာ ... မမတုနဲ့ မကစားချင်ပါဘူး၊ မမတုက မိန်းမကြီး၊ သူက ထိုင်ပဲဆော့ချင်တာ၊ ရေကန်ကြီးဘေးကကွင်းမှာ ဘောလုံးသွားကန်ချင်တယ်"

"နေပူတယ် သားလေးရယ်"

"မေမေကလည်း သူများတွေလည်း ကန်နေတာ"

"သားလေးက သူများနဲ့မှမတူတာ ခါခါရယ်"

"သားက ဘာဖြစ်နေလို့လဲ"

ရှစ်နှစ်သား မင်းသိင်္ခာသည် ခြေနှစ်ဖက်ဆောင့်ကာ သိမ်တွန့်ရင်း ရှုံ့မဲ့ဂျီတိုက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလေးက သူများတွေလောက် ကျန်းမာရေးမကောင်းဘူးလေ"

"ကျန်းမာပါတယ် မေမေကလည်း၊ အပြင်ကို မလွှတ်ချင်တိုင်း လျှောက်ပြောနေတာပဲ၊ သားက ဘာဖြစ်နေလို့လဲ"

"သားလေးက ချူချာတယ်၊ ခဏ ခဏ နေမကောင်းဖြစ်တတ်တယ်လေ၊ သူများထက်ကို နတာ၊ မိုးမိလည်းဖျား၊ ပင်ပန်းလည်းဖျား၊ အိပ်ရေးမဝလည်းဖျား၊ မှုံးတတ် မောတတ်ပါဘိသနဲ့ကွယ်"

မင်းသိင်္ခာလေးသည် ရှုံ့မဲ့တွန့်လိမ်ကာ ခြေနှင့်လက်ကို တဆတ်ဆတ်ဆောင့်အောင့် လှုပ်ရှားရင်း ရုပ်က ငိုမလိုဖြစ်လာပါသည်။

"သွားဆော့ချင်တယ်၊ ဘောလုံးကန်ချင်တယ်၊ မေမေကလည်း ဒီနားလေးပဲဟာကို"

"သူများတွေရော ဆော့နေလို့လား"

"ဆော့နေပြီ၊ ဘောလုံးကန်မှာ၊ တော်ကြာ လူခွဲပြီးသွားရင် သားမပါလိုက်ရဘဲနေလိမ့်မယ် အီးဟီး"

"ဘယ်သူတွေလဲ"

"ရဲသူရတို့ အာကာမင်းတို့ စိုင်းလတ်တို့"

"အာကာမင်း ဆိုတာ ဟိုဆရာဝန်သား မဟုတ်လား၊ မင်းနဲ့တည့်လို့လား သား"

"တည့်ပါတယ်"



"တုတု ဟိုတစ်ခါ ခါခါနဲ့ ရန်ဖြစ်တာ ဘယ်သူလဲ"

မေမေက တုတုဘက် လှည့်မေးလိုက်၍ တုတုက မင်းသိင်္ခာကို မရဲတရဲ မျက်လုံးထောင့်ကပ်ကြည့်ရင်း ...

"အာကာမင်းပါ မေမေ"

"ဟော"

"မမတု"

"သား ဟိုတစ်ခါ ရန်ဖြစ်ထားတဲ့ကလေး မဟုတ်လား၊ မင်းတို့ တည့်ရောတည့်ကြလို့လား"

"သူတစ်ယောက်တည်းနဲ့ ဆော့မှာမှ မဟုတ်တာ၊ လူတွေက အများကြီးကို၊ သူက တစ်ယောက်ပါပေမယ့် ကျန်တဲ့လူတွေလည်း ပါသေးတာ"

"တုတု သူတို့ ရန်ဖြစ်တာ ခဏခဏပဲ မဟုတ်လား"

"အဲဒီကောင်လေးက သိပ်ရန်လိုတာ မေမေ"

"မမတုနော်၊ ဘယ်က ဟုတ်ရမှာလဲ၊ အာကာမင်းက အခု ရန်မဖြစ်တော့ပါဘူး၊ သူများတွေကသာ သူ့ကိုလုပ်တာ၊ သူက သူများလုပ်မှ ပြန်လုပ်တာ"

"ဟိုတစ်ခါ အရုပ်ပစ်တုန်းက ခါခါ့ အရုပ်တွေကို သူက ခြေနဲ့နင်းပြီးတော့လည်း ကန်ပစ်တယ်လေ၊ ပြီးတော့ ခါခါ့ကိုလည်း ရင်ဘတ်ကို ဆောင့်တွန်းသေးတာ"

"မမတု ... မမတုက အရှမ်းကုန်းတိုက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



မင်းသိင်္ခါသည် မဆော့ရမှာစိုး၍ ရန်လိုတဲ့ကောင်ကလေးကိုပင် အကောင်းလုပ်ကာ ကာကွယ်ပြောဆိုနေတာပင်။ အာကာမင်း ရန်လိုတာကိုပြောတဲ့ တုတုကိုပဲ သူ့မှာမဲ၍ စိတ်တို နေလေသည်။

"အဲဒီကောင်လေးက လူကောင်လည်း ကြီးတယ်မို့လား တုတု"

"ကြီးတာပေါ့ မေမေ၊ သူက လေးတန်းက၊ လေးတန်းပေမယ့် အသက်က ဆယ်နှစ်လောက်ရှိမယ်ထင်တယ်၊ အသက်ကြီးတယ်၊ ခါခါ့ထက်ဆို ခေါင်းတစ်လုံးတောင် ပိုတာ၊ ခါခါက ပြန်လုပ်လည်း သူက ခေါင်းကကိုင်တွန်းထားရင် လှမ်းလုပ်လို့တောင် မမီဘူး"

တုတုကတော့ မင်းသိင်္ခါ အနိုင်ကျင့်ခံရမှာစိုး၍ ခွတ်ပင် ဝင်ပြောရပါသည်။ လမ်းထဲကခြံတွေက ကလေးတွေ အုပ်စုဟာ အရွယ်စုံ။ မတိမ်းမယိမ်းတွေ စုဆော့ကြပေမယ့် မင်းသိင်္ခါရဲ့ ရှစ်နှစ်ဆိုတဲ့အရွယ်က အငယ်ဆုံးပင်။

အဲဒီအုပ်စုဟာ သူတို့ကိုယ်သူတို့ ကာလသားကြီးတွေအလား လမ်းထဲလျှောက်သွားဆော့ကစားနေကြကာ အခါခပ်သိမ်း မင်းသိင်္ခါကို ဇာရင်းမထည့်အရေးမလုပ် ခေါ်မဆော့ဘဲ လူလိုမှပင် လှမ်းခေါ်တတ်တာမျိုးပါ။ လူပြည့်နေလို့ကတော့ ပါပါ့ရစေ သွားပြောရင်တောင် "ဟော့ကောင် ... မင်းမပါနဲ့"ဟု နှင်ထုတ်ထားတတ်ကြတာပါ။

"မဖြစ်ပါဘူး သားလေးရယ်"





"ဘာလို့ မဖြစ်ရမှာလဲ၊ မေမေကလည်းကွာ၊ သူတို့ သားကိုစောင့်နေကြပြီ၊ မမတု ကုန်းတိုက်တာနဲ့ မသွားရတော့ဘူး"

"မမ ကုန်းတိုက်တာ မဟုတ်ဘူး သိလား၊ နင်လုပ်ခံရမှာစိုးလို့ပဲ့ ခါခါရဲ့"

"သူတို့လုပ်ရင် ပြန်လုပ်မှာပေါ့ဗျ"

"ပြန်လုပ်လည်း သူတို့က အုပ်စုကြီး၊ ပြီးတော့ လူကောင်တွေလည်း အကြီးကြီးတွေ၊ လမ်းသရဲပေါက်စတွေလိုဟာတွေ၊ နင် ပြန်လုပ်ရင် သူတို့က ပိုတောင်ထမ်လုပ်ကြဦးမှာ သိရဲ့လား"

"မမတုနော်"

"ခါခါ ... မမတုကို ပြန်မအော်နဲ့၊ လက်သီးကြီးက ဘာလို့ ဆုပ်ထားရတာလဲ ဖြေလိုက်စမ်း၊ မမတုက မင်းအတွက်ပြောနေတာ၊ ဟိုတစ်ခါလည်း ထိုးလိုက်တာ နှာခေါင်းက သွေးတောင်ထွက်တယ်လေ"

"အဲဒါ ဟိုတစ်ခါပဲဟာ၊ အခု တည့်သွားပါပြီ ဆိုမှ"

"အိမ်မှာပဲ အေးအေးဆေးဆေး ကစားပါလား သားရယ်"

"မရဘူးကွာ"

မင်းသိင်္ခါသည် ဆိုဖာထဲ မြုပ်ဝင်သွားအောင် စိတ်ကောက်ပစ်ထိုင်ချလိုက်ကာ မျက်ရည်ကစ,တင်လည်လာပြီ။ တစ်ဦးတည်းသော သားဖြစ်၍ သူ့ခမျာ စကားဖော်မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



တုတုကလည်း မိန်းကလေး ဖြစ်နေ၍ မင်းသိင်္ခာ ဆော့ကစား ချင်သလို ချုံ့ခိုပြီး သေနတ်နှင့် တစ်ဖက်တစ်ဖက် ပစ်ကြတာ၊ ဘောလုံးကန်တာ၊ ပလတ်စတစ် ဓားရှည်တွေကိုင်ပြီး တရုတ်သိုင်း သမားတွေလို သိုင်းချကြတာမျိုးတွေကို ဘယ်မှာကစားချင်ပါ့ မည်နည်း။

ငြိမ်ငြိမ်ထိုင်ပြီး မြွေကစားတာ မိနီပိုလီကစားတာ ဒိုးဆက်,ဆက်တာလိုမျိုးတွေကိုသာ ဆော့ပေးနိုင်တာဖြစ်သည်။

“သားလေး စိတ်မကောက်နဲ့၊ အဲဒီအုပ်စု မေမေတို့ခြံထဲ လာဆော့မယ်ဆိုရင်တော့ မေမေ လက်ခံတယ်၊ မျက်စိ အောက်မှာ မြင်ရသေးတယ်၊ မေမေတို့ မျက်စိကွယ်ရာမှာ စိတ်မချဘူး သားရယ်”

“ဘယ်သူက ဒီခြံထဲ လိုက်ဆော့မှာလဲ၊ ဟိုမှာက ကွင်း အကျယ်ကြီး၊ ဒီမှာက ဘောလုံး ဘယ်လိုကန်မှာလဲ၊ မေမေ့အပင်တွေ ထိကုန်မှာပေါ့”

မျက်ရည်ပေါက်ကြီးများ ပါးပေါ်စီးလိမ့်ကျပြီဖြစ် သည့် ခါခါကို တုတုလည်း သနားပြီး ငေးစိုက်ကြည့်နေမိသလို မေမေလည်း ကရုဏာသက်စိတ်ပျော့လာပါပြီ။ အဲဒီနောက် မေမေ က တုတုကို တစ်ချက် တစ်ချက် လှမ်းလှမ်းကြည့်တာကို တုတု သတိပြုမိသည်။

မေမေ့စိတ်ထဲ ဘာတွေးနေလဲ ဆိုတာကို အစွယ် လေးနှင့်မျှ တုတု ရိပ်မိပါသည်။ ခါခါ သွားကစားတဲ့နောက်





တုတုကို လိုက်စောင့်ရှောက်စေချင်တဲ့ဆန္ဒ မေမေ့မှာ ဖြစ်နေပြီ။ သို့ပေမဲ့ ဆယ့်သုံးနှစ်သမီး အပျိုမပေါက်တပေါက် တုတု တစ် ယောက် ရှစ်နှစ် ကိုးနှစ် ဆယ်နှစ် ကောင်လေးတစ်အုပ် ကစား နေကြတဲ့အနား သွားထိုင်ကြည့်ချင်ပါ့မလားဆိုတာ တွေးမိပုံနှင့် မေမေက နှုတ်မှ ဘာမှ ဖွင့်မပြော။

ဖွင့်မပြောပေမယ့် အရိပ်အကဲ နားလည်သဘော ပေါက်နေတဲ့ တုတုမှာ ငိုနေတဲ့ မင်းသိင်္ခာလေးကိုလည်း သနား ကြင်နာလာမိပြီ။

မင်းသိင်္ခာ ဝမ်းနည်းငိုယိုနေရင် တုတုပါ ရောနှော ဝမ်းနည်းလာမိတတ်တဲ့အထိ တုတုက မင်းသိင်္ခာကို ချစ်ခင် မြတ်နိုးလှတာပါ။

“မေမေ”

“အေး”

“တုတု လိုက်သွားပြီး စောင့်ပေးလိုက်မယ်လေ”

“ဟင် ... သမီး စောင့်ပေးမလား၊ သမီးတစ်ယောက်တည်း အဖော်မရှိ”

“ဟေး”

မင်းသိင်္ခာက ဆိုဖာပေါ်မှ စပရိန်နှင့်တွန်းကန်ထွက် ဘသည့်နှယ် ဝုန်းခနဲ ခုန်ထွက်လာကာ တုတုအနား ပြေးလာ ... တုတုခါးကို ဖက်လိုက်ရင်း ခုန်ဆွ ခုန်ဆွနှင့် တုတုရဲ့လက် ...ောင်းကိုလည်း မီရာသို့ ဖက်နမ်းလိုက်သေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဟေး၊ မမတုက လိုက်စောင့်ပေးပါမယ်လို့ ပြောနေတဲ့ဟာ မေမေကလည်း၊ အဖော်မရှိလည်း ဘာဖြစ်လဲ၊ သူ သွားဆော့တာမှ မဟုတ်တာ၊ သားကို လိုက်စောင့်တာပဲဟာ"

"မင်း မမတုစကား နားထောင်မှာလား"

"ဟုတ်ကဲ့"

"ကတိပေးလား"

"ဟုတ်ကဲ့"

"မမတုက ပြန်မယ်ဆိုရင် ပြန်ရမယ်နော်"

"အင်းပါ မေမေကလည်း"

"တစ်နာရီပဲ ဆော့ရမယ်၊ အခု လေးနာရီထိုးပြီ"

"အင်းပါ"

"တုတု တစ်နာရီပြည့်ရင် သမီး သူ့ကို လှမ်းခေါ်တော့ ပြီးရင် ပြန်ခဲ့တော့"

"ဟုတ်ကဲ့ မေမေ"

"နာရီပတ်သွား၊ တစ်နာရီတိတိပဲ သူ့ကိုပေးဆော့၊ ပြီးရင် ပြန်ဖို့ခေါ်လို့ သူက ခေါ်မရရင် သမီးပြန်ခဲ့၊ မမတုတစ်ယောက်တည်း အိမ်ပြန်ရောက်လာလို့ကတော့ မင်းအိမ်ကျရင် 'အတီးခံရပြီသာမှတ်"

"အင်းပါ ... ကဲပါ ... လာပါ၊ မမတု ... လာ"





တုတု အပြေးအလွှား နာရီလေးပတ်ကာ မင်းသိက္ခာနှင့် နှစ်ယောက်အတူ ခြံပြင်ပြေးထွက်ခဲ့ကြပါသည်။

"ဟိုကောင်တွေ လူတောင်ခွဲပြီးပြီလား မသိဘူး"

"လူလိုလို့ ခါခါ့ကို ခေါ်တာပဲဟာ စောင့်နေမှာပေါ့"

"သားက ကြာနေတော့ ဆော့ရင်ဆော့နေမှာ"

"ခါခါ ရှေ့ကပြေးရင်ပြေးနှင့်လေ၊ မမ နောက်က မြန်မြန် လိုက်လာမယ်"

"အင်း"

မင်းသိက္ခာက နှစ်လှမ်းသုံးလှမ်း ပြေးလိုက်ပြီးမှ ပြန်လှည့်လာကာ ...

"မမတု"

"ဘာလဲ"

"နာရီပေး"

"ဘာလုပ်မလို့လဲ"

မင်းသိက္ခာက အဖြေမပေးဘဲ နာရီကို အတင်းချွတ်ကာ ဘုသီးလေးထုတ်၍ လှည့်သည်။

"ခါခါ ဘာလုပ်တာလဲ၊ ငါ့နာရီ ပျက်သွားဦးမယ်"

"ပျက်ရင် အသစ်တစ်လုံး ရတာပေါ့ဗျ"

"ဘာလုပ်တာလဲဆို"

"နာရီနောက်ဆုတ်တာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မိနစ်နှစ်ဆယ် နောက်ဆုတ်ထားတယ်၊ အိမ်ကထွက်တာ လေးနာရီ၊ နောက်ထပ် တစ်နာရီနဲ့ မိနစ်နှစ်ဆယ်ကြာမှ ငါးနာရီထိုးမှာ ... ဟား ဟား"

"ဟဲ့ ... မေမေက မသိဘဲ နေမလား၊ ဆူမှာပေါ့"

"မမတုနာရီကြီး စုတ်နေလို့ နှေးနေတာလို့ ပြောပေါ့"

"ဟာ ... ခါခါကလည်းကွာ"

"ရော့ ...၊ ပြန်မှရွှေ့နဲ့နော်၊ နောက်ကလိုက်ခဲ့၊ ကွင်းဘေးမှာ လာထိုင်နေရင် မမတု မျက်နှာခပ်တင်းတင်းထားနော်၊ ဟိုကောင်တွေ မမတုကို စ,နေဦးမယ်"

"အောင်မာ ... နင့်ရဲ့ မလောက်လေး မလောက်စား သူငယ်ချင်းတွေက ငါ့ကို စ,စရာလား ... ဟွန်း"

မင်းသိင်္ခာသည် ရှေ့ကပြေးရင်း လှည့်ကြည့် လှည့်ကြည့်နှင့် ဝေးသွားလေ အသံကိုမြှင့်လေ အော်ကာ ...

"မမတုကလည်း ဘောလုံးပွဲနား သွားရပါမယ်ဆိုမှ ဆံပင်ကိုကျစ်ဆံမြီးနှစ်ဖက်ကျစ်ပြီး ရှိုးလုပ်လာတာကိုး"

"ဟဲ့ ... သွားရမယ်မှန်း မသိခင် ဟိုးမနက် ရေချိုးပြီးကတည်းက ကျစ်ထားတာပါနော်"

"မပြောလိုက်ချင်ဘူး"

တုတုက ရယ်ချင်လာကာ ...

"မပြောချင် မပြောနဲ့ပေါ့"

"မသိရင် ခက်မယ်"





"ကဲပါ ... နောက်ပြန် နောက်ပြန်နဲ့ ခလုတ်တိုက်လဲတော့မှာပဲ တစ်ခါတည်း၊ ရှေ့ကြည့်ပြေး"

တုတုဘောလုံးကန်ရာ ကွင်းပြင်ငယ်ဆီ ရောက်လာချိန်မှာတော့ ပွဲကစနေပြီ။ ထုံးစံအတိုင်း ဟိုးနောက်မှာ မကန်ရဘဲ ငြိမ်နေရတဲ့ ဂိုးစောင့်ရတဲ့အလုပ်ကို ဘယ်သူမှမလုပ်ချင်၍ မင်းသိင်္ခာကို ဂိုးဖမ်းခိုင်းထားပါသည်။

တုတုက မင်းသိင်္ခာရဲ့ဂိုးပေါက်ဘက်နှင့်နီးတဲ့ တစ်နေရာကို ရွေးချယ်ကာ နေရာယူလိုက်ရင်း လက်ပိုက်၍ ခပ်တင်းတင်း ကြည့်နေမိသည်။ ကလေးတွေချည်းမို့ ကွင်းလယ်မှာပဲ ခြေထောက်တွေရှုပ်ကာ ဘောလုံးဝိုင်းလုတာက များနေသည်။ ဂိုးသမားထံ ကန်သွင်းတယ်ရယ်လို့ကို မရှိ။ ဒီတော့ မင်းသိင်္ခာမှာ ဘောလုံးကို ထိရတယ်လို့ပဲ မရှိပါ။

"ဟိုအစ်မကြီး ... အဝေးမှာ သွားရပ်ပါ၊ ဘောလုံးထိရင် တာဝန်မယူဘူး"

ရန်လိုသမား အာကာမင်းက သူ့ခြေထဲက ဘောလုံးအလွတ်မှာ အခြောက်တိုက် လှမ်းအော်ပြသနာရှာသည်။ တုတုက ဘာမှမတုံ့ပြန်ပါ။ မကြားချင်ယောင်ဆောင်ကာ ရပ်မြဲတိုင်းဆက်ရပ်နေပါသည်။

အာကာမင်းက ရှေ့တိုးလာကာ ...

"အစ်မ ... အဲဒီနေရာက ကွင်းသတ်မှတ်တဲ့အထဲ ပါတယ်၊ နောက်ဆုတ်ပါဆိုတာ မကြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သစ်ပင်တောင် ရှိနေတာ၊ ဘယ်လိုလုပ် ကွင်းဖြစ်နိုင်မှာလဲ၊ ငါ ဒီမှာ ရပ်နေတာ လွတ်ပါတယ်"

"ကွင်းလို့ ဘယ်အထိ သတ်မှတ်လဲ၊ အစ်မက သိတာမို့လို့လား"

"ဒီသစ်ပင်ကြီးက ဘောလုံးကွင်းထဲပါလား၊ သစ်ပင်ရဲ့ ရှေ့ကပဲ နင်တို့ သတ်မှတ်ရမှာပေါ့"

"ကစားတဲ့လူတွေက သတ်မှတ်မှာလား၊ အစ်မက သတ်မှတ်တာလား"

"ဟွန်း"

တုတုက စကားနည်းရန်စဲ ခပ်လှမ်းလှမ်းကို နောက်ဆုတ်ရပ်လိုက်ပါသည်။ အာကာမင်းသည် သူနှင့်ခြေချင်းလိမ်ကာ ဘောလုံးလုတဲ့ ကောင်လေးတစ်ယောက်ကို အသားလွတ်ကြီး ခြေထိုးကန့်လန့်ခံလိုက်ရာ ကောင်လေး မှောက်လဲသွားပါသည်။

အင်း … ခါခါ ဂိုးဖမ်းရတာပဲ ခပ်ကောင်းကောင်း။ နို့မို့ရင် တစ်ကွင်းလုံးကို လူစေ့အောင် လိုက်ချနေသော အာကာမင်း လက်ချက်နှင့် ဒူးပြဲမှာမလွဲ။ ခါခါ့ရဲ့အသားလေးတွေက ဖြူဖွေးနုဖပ်လှသည်။ အရေပြားလေးတွေကိုက နုညက်ဝင်းမွတ်နေတာ။

ထိခိုက်မိရင်လည်း ချက်ချင်းရဲစာက်၊ ရောင်တက်လာတတ်တာ။ တုတုတို့က အညာဘက်ကဇာတိဖြစ်၍ အသားအရေက ချောမွေ့ပေမယ့် ဝါညိုရောင်သမ်းပါသည်။ ခါခါနှင့် တစ်ခါတစ်ရံ လက်ဖျံချင်းတိုက်ကာ အသားရောင်တိုင်းယှဉ်ကြည့်





ရင်း ခါခါ့အသားရောင်လေးမျိုးများ လိုချင်လိုက်တာရယ်လို့တောင် တမ်းရသည်။

အသားအရေနုနုလေးနှင့် ထိခိုက်ပွန်းရှလည်းလွယ်ကာ အိမ်မှာ မင်းသားကလေးလို ကြော့ကြော့လေးဥထား၍ မင်းသိင်္ခာက နည်းနည်းပျော့နုပါသည်။

"ကိုယ့်ဟာကိုယ် ဘောလုံးလာကစားတာ အစ်မပါခေါ်လာတဲ့ အခြောက်လိုလို ဂန်ဒူးလိုလိုကောင်ကလည်း ရှိသေးတယ် … ဟား ဟား"

အာကာမင်းသည် သူ့ခြေထဲ ဘောလုံးမရရင် တစ်ယောက်မဟုတ်တစ်ယောက်ကို ရန်စနေတတ်တဲ့ စရိုက်ညစ်ရှိရာ သောလောဆယ် တုတု လိုက်လာတာကိုလည်း မျက်စိထဲ ခရော့စ်ဖြစ်နေပုံနှင့် ညစ်ကျယ်ကျယ် ရန်စနေပြန်သည်။

"ဟေ့ကောင် … မင်း ဘာပြောတာလဲ"

"မင်း နားလေးနေလို့လား၊ ငါက နှစ်ခါထပ်မပြောဘူး"

မင်းသိင်္ခာသည် နားစွန်နားဖျား မကြားတကြားနှင့် သူနှင့် မမတုနဲ့ ပတ်သက်ပြီး ပြောမှန်းသိသော်လည်း သေချာနားမလည်၍ မကျေမချမ်း စူပုပ်ပုပ်သာ ရှိနေသည်။ သူလည်း ညစ်နေပြီ။

ဂိုးမသွင်းနိုင်ကြ၍ ဂိုးလည်းမဖမ်းရ တက်လည်းမကန်ရ။ ဂိုးပေါက်လို့ သတ်မှတ်ထားတဲ့ အုတ်ခဲအဆင့်ဆင့် နှစ်ခုဘန်းအကြား နေပူကြီးထဲရပ်ကာ ချွေးတော့ပြန်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားလေးတွေနား လာရပ်ကြည့်နေတဲ့ သူ့အစ်မ လိုဟာမျိုးကလည်း ရှိသေးတယ် ... ဟား ဟား"

"ဟေ့ကောင် အာကာ၊ ရန်သွားသွားစမနေနဲ့ကွာ၊ ကောင်းကောင်းကစားကွာ၊ သူ့ဟာသူ နေပစေပေါ့၊ မင်းနဲ့ဘာဆိုင်လဲ"

"ဟေ့ ... ဝဏ္ဏ၊ မင်းက ဘာလဲ၊ ဟိုကောင့်အစ်မထိတာ မင်းက နာတာလား"

"ကျွတ် ... မင်းက သိပ်ရန်ရှာတယ်ကွာ အာကာ"

"မကစားရင် ထွက်သွားပေါ့၊ ငါ့ပါးစပ်နဲ့ငါ ပြောတာ ဘာဖြစ်လဲ"

"ထွက်တယ်ကွာ၊ ငါ မပါတော့ဘူး"

ခြေချိတ်လှဲခံရကာ ဒူးလည်းပွန်းနေပြီဖြစ်သည့် ဝဏ္ဏဆိုတဲ့ကောင်လေးက ကွင်းစပ်ကို လျှောက်လာကာ ဖိနပ်စီး၍ သူ့အိမ်သူ ပြန်တော့သည်။ ပွဲက အီလည်လည်ဖြစ်လာကာ တစ်ယောက်နဲ့တစ်ယောက် မညီမညွတ်တွေလည်း ဖြစ်လာပါသည်။ ဘောလုံးကို အားကြိုးမာန်တက် လိုက်မလုကြတော့တဲ့အတွက် အာကာမင်း ခြေထောက်ထဲ ဘောလုံးအရောက်မှာ အာကာမင်းက ဘောလုံးကို မင်းသိင်္ခာရှိသည့် ဂိုးပေါက်ဆီသို့ ဆွဲပြေးလာပါသည်။

ခုမှပဲ ဖမ်းရတော့မည့် မင်းသိင်္ခာက ဘယ်ပြေးညာပြေးနှင့် အပီအပြင်ဖမ်းဖို့ ဟန်ပြင်နေပါသည်။ အာကာမင်းက ဘောလုံးကို ခပ်နီးနီးကျမှ အမြှောက်ကန်လိုက်ရာ မင်းသိင်္ခာက လက်မြှောက်ခုန်ဖမ်းလိုက်စဉ် အာကာမင်းက မင်းသိင်္ခာရဲ့ ခန္ဓာကိုယ်ကို တစောင်းတွန်းတိုက်ချပစ်လိုက်ပါသည်။





"ဟာ"

တုတုသည် ဆွေ့ဆွေ့ခုန်ကာ ပါးစပ်လေးကို ယောင်ယမ်းအုပ်လိုက်၍ မင်းသိင်္ခာ အခြေအနေကို လှမ်းစိုက်ပြီး ကြည့်နေမိသည်။ အသားလွတ်ကြီး တွန်းတိုက်ချလိုက်တာမို့ ခန္ဓာကိုယ်ချင်း အားချင်းမမျှတဲ့ မင်းသိင်္ခာဟာ ဘောလုံးခုန်ဖမ်းရာကအကျ မြေပေါ် ခြေမြဲမြဲ မခိုင်ခင် လဲကျသွားတာဖြစ်ပြီး လဲကျပုံကလည်း ဖင်ထိုင်ရက်လို ပုံစံမဟုတ်ဘဲ ကိုယ်တစောင်းကြီး ခေါက်ခွေကျသွားတာပင်။

"အား ... အား ... နာတယ် ... နာတယ်"

"ခါခါ"

တုတုသည် မင်းသိင်္ခာရဲ့ အော်ဟစ်ညည်းညူလိုက်သံကိုကြားလျှင် ကွင်းထဲအပြေးဝင်လာပါသည်။ ကစားနေတဲ့ ကလေးတွေလည်း အားလုံး မင်းသိင်္ခာအနား စုပြုံအုံလာကြသည်။

"ဟေ့ကောင် ... မင်း သိပ်မပိုနဲ့၊ မင်း ယောကျ်ားလား အခြောက်လား"

သူလည်းတိုက်ချသေး၊ သူပဲ ရန်စနေသော အာကာမင်းကိုပင် မင်းသိင်္ခာခမျာ ပြန်ပြီးရန်မထောင်နိုင်ပါ။ မျက်နှာနီရဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ခဲ့ပြီး ခွေခေါက်ရာမှ လိမ်ဖယ်ဖယ် ကျုံးကုန်းထဖို့ ကြိုးစားနေရှာသည်။

"ခါခါ ... မောင်လေး ဘာဖြစ်သွားလဲ"

တုတုက မင်းသိင်္ခာအနား ဒူးထောက်ထိုင်ချလိုက်ကာ မင်းသိင်္ခာကို ဆွဲထူဖို့ပြင်သည်။

"အား ... အား"

"ခါခါ"

"မထိနဲ့ မမ၊ နာတယ် မမ ... အီးဟီး"

"ဘယ်က ဒီလောက်နာနေတာလဲဟင်၊ ဘယ်နားကနာတာလဲ မောင်လေး"

"လက် ... လက်က အီးဟီး"

"ဟင် ... ညာဘက်လက်လား၊ ဒီဘက် ဘယ်ဘက်လက်နဲ့ မမတုလည်ပင်းကို ဖက်လိုက်၊ ဆွဲခိုပြီး ထ,လိုက်မောင်လေး၊ ပိနေပာ ဖယ်ရအောင်၊ ကြည့်ရအောင်လေ"

"အား ... နာတယ် ... အား"

တုတုသည် သူပါ မျက်ရည်ရစ်ဝဲလာကာ အာကာမင်းကို မော့ကြည့်လိုက်ရင်း ...

"နင် ဘယ်လိုလုပ်လိုက်တာလဲဟင်"

"ဘာလုပ်လို့လဲ၊ ကစားတာပဲလေ"

"ကစားတာမှ မဟုတ်တာ၊ နင်တမင်ကြီး ကိုယ်စောင်းနဲ့ ပစ်တိုက်လိုက်တာ ငါ မြင်တယ် သိရဲ့လား"





"ဘာတွေ လာပြောနေတာလဲ"

"နင် လုပ်တာကို ပြောနေတာပေါ့၊ ငါ့မောင်လေးကို နင် ဘာဖြစ်လို့ လုပ်ရတာလဲ၊ အရမ်းမိုက်ရိုင်းတဲ့ကောင်၊ လူ တကာကိုပတ်ပြီး ရန်စနေတာ"

တုတု လည်ပင်းကိုခိုကာ အားပြုပြီး မင်းသိင်္ခာက ဆ,ထိုင်လိုက်နိုင်ကာ လိမ်နေတဲ့လက်တစ်ဖက်ကိုတော့ မရွေ့မလှုပ်နိုင်ဘဲ ...

"အား ... နာလိုက်တာ ... အီးဟီးဟီး၊ မမတုရေ သား လက်ကျိုးပြီ"

"ဟင် ... လက်ကြီးက ဘာဖြစ်လို့ ကွေးပြီးလိမ်နေတာလဲ"

တုတုအသံက တုန်ယင်နေပါသည်။

"လှုပ်လို့မရတော့ဘူး ... အီး ဟီး"

တုတုသည် ဒေါသတအားထွက်သွားကာ ဆောင့်ခနဲ ထရပ်လိုက်ပြီး ကိုးနှစ် ဆယ်နှစ်မို့ သူ့ထက် အရပ်နိမ့်တဲ့ အာကာမင်းရဲ့ဆံပင်ကို ငယ်ထိပ်မှ ဆွဲစုကိုင်ဆောင့်လှုပ်ပစ်ကာ ...

"နင် ငါ့မောင်ကို အရမ်းလုပ်ရလား၊ လုပ်ရလားဟဲ့"

အာကာမင်းက ဆောင့်ရုန်းထွက်ကာ တုတုကို ...က်သီးနှင့်ရွယ်လိုက်၍ တုတုကလည်း ကြောက်ကန်,ကန်ကာ ...ရမ်းသမ်းလွှဲရိုက်လိုက်ရာ တုတု လက်ဖဝါးက အာကာမင်း ...ပြင်ဆီ ဖြန်းခနဲ ရိုက်မိသွားပါသည်။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ရိုက်လိုက်မိပြီးမှ လန့်သွားသော တုတုသည် သူ့
ကို ပြန်လုပ်ဖို့ ရှေ့တိုးလိုက်သော အာကာမင်းထံမှ နှစ်လှမ်း သုံး
လှမ်း နောက်ဆုတ်လိုက်ရပါသည်။

"ဟော့ကောင် ... အာကာ ... တော်တော့"

"အေး ... မလုပ်နဲ့တော့ကွာ"

ကောင်လေး သုံး,လေးယောက်က အာကာမင်းကို
ဆွဲထားလိုက်ကြပါသည်။

"ဟိုမှာ မင်းသိင်္ခာ လက်ကျိုးသွားပြီ ထင်တယ်ကွ"

"မြေကြီးပေါ်လဲကျတာ လက်ကျိုးစရာလားကွ၊ သူ့
အခြောက်မို့လို့ မူယာမာယာများပြီး ငိုနေတာ၊ တောက်"

တုတုသည် ဆက်လက်ရင်မဆိုင်တော့ဘဲ ပြန်ထိုင်
ချကာ ...

"ခါခါ ... မမတု ကျောပေါ် ပိုးလိုက်"

"အီးဟီးဟီး ... အီး"

"ရလား ... ရပြီလား၊ ဘယ်လက်နဲ့ လည်ပင်းကိုဖက်ထား
မောင်လေး"

မင်းသိင်္ခာက တုတုကျောပေါ် မှောက်ပိုးကာ ဘယ်
လက်က လည်ပင်းကိုလှမ်းဖက်ထားလိုက်ပါသည်။ တုတုသည်
မြေပေါ်လက်ထောက်ကာ မနည်းအားယူကုန်းထလိုက်ပြီး လက်
နှစ်ဖက်နောက်ပြန်သိုင်း၍ မင်းသိင်္ခာပေါင်နှစ်ဖက်ကို ပြန်ချိတ်
ကာ ခါးကလေးကုန်းကုန်းနှင့် အိမ်ဆီပြေးတော့လေသည်။





"မမတု ... မြန်မြန်ပြေးပါ၊ သား နာလှပြီ ... အီး"

"မငိုနဲ့ ခါခါ တိတ်တိတ်။ အိမ်ရောက်တော့မယ်၊ ပြီးရင်
ဆရာဝန်ဆီသွားမယ်နော် ... မောင်လေး"

"သားလက်ကို ဆရာဝန်က ကျောက်ပတ်တီးကြီး စီးတော့
မှာပဲ ... အီး ဟီး"

"ကျောက်ပတ်တီးစီးလိုက်ရင် ပျောက်သွားမှာပေါ့၊ ကောင်း
တာပေါ့ မောင်လေးရဲ့"

"နာမှာ ... အီး ဟီး ဟီး၊ ခုတောင် နာလှပြီ မမတုရဲ့"

တုတုသည်လည်း မင်းသိင်္ခာကို ကုန်းပိုးပြေးရင်း
အသံသာ မထွက်ပေမယ့် ဝမ်းပန်းတနည်း မျက်ရည်စီးကျကာ
ငိုနေပြီဖြစ်လေသည်။

အိမ်ရောက်တော့ မေမေတို့ အမေတို့ ဒေါ်လေးတို့
အားလုံး ရင်ဘတ်စည်တီး။ တစ်အိမ်လုံးရဲ့အဖူးအထွတ် အသည်း
နှလုံးလေးမို့ ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်ကြရတော့
သည်။

ဆရာဝန်ဆီပြေးကာ ကျိုးသွားတဲ့လက်ကို ဓာတ်မှန်
ရိုက်၊ ပြန်တည့်ပြီး ကျောက်ပတ်တီး စည်းရပါသည်။ လိမ်ကျိုး
သွားတဲ့လက်ကို ပြန်ဆွဲဆန့် တည့်တဲ့အခါ မင်းသိင်္ခာမျာ
ကမ္ဘာပျက်မတတ် နာကျင်ငိုကြွေးရှာတော့သည်။

မေမေ၊ အမေနှင့် တုတုတို့ လိုက်ပါသွားကြတာမို့
အိမ်ပြန်ရောက်သည်နှင့် ခြံဝနားမှာ အာကာမင်းရဲ့အမေ



www.burmeseclassic.com

www.burmeseclassic.com



အဘွားတို့နှင့် ရင်ဆိုင်လိုက်ရပါသည်။ သူတို့က မျက်နှာထား တင်းတင်းနှင့် ...

"ဒီအိမ်က ကလေးမက ကျွန်မတို့သားကို ဆံပင်ဆွဲပြီးပါး ရိုက်လွှတ်လိုက်တယ်ဆိုလို့ လိုက်လာတာ၊ ဘယ်သူလဲ၊ သူလား"

"အဲဒါတော့ မသိဘူး၊ ဒီမှာ ကျွန်မသားကို ရှင့်သား အာကာမင်း လုပ်လိုက်တာ လက်ကျိုးသွားလို့ ခုပဲ ကျောက် ပတ်တီးစည်းပြီး ပြန်လာတာ၊ လက်ကျိုးအောင် လုပ်လွှတ် လိုက်ပြီးတာတောင် ရှင်တို့က လာတိုင်စရာ ရှိနေသေးတယ် နော်"

"ဒါ ကလေးတွေကစားရင်း မတော်တဆ ချော်လဲတာပဲ မဟုတ်လား"

တုတုက ဒေါ်ပွပွနှင့် ...

"ဘယ်က ဟုတ်ရမှာလဲ အန်တီ၊ အာကာမင်းက သူ့ကိုယ် ကြီးနဲ့ တမင်တိုက်လှဲပစ်တာ"

"အမယ်လေး စွာလိုက်တာ၊ လဲ ... လဲပါစေဦး၊ ညည်းက ဘာမို့လို့ အာကာမင်းကို ဆံပင်ဆွဲပါးရိုက်ရတာလဲ"

"ကျွန်မမောင်လေးကိုလုပ်လို့ ကျွန်မ ပြန်လုပ်တာ"

"အောင်မာ ... အောင်မာ၊ နင်က ဘာမို့လို့လဲ၊ နင်က ဒီကအိမ်ဖော်မဟုတ်လား၊ အောက်တန်းစားဆိုတော့ ကလေး ချင်းတောင် ပါးရိုက်တတ်တာပေါ့လေ"





"ကျွန်မ ပါးရိုက်တာ မဟုတ်ပါဘူး၊ မီးရာလှမ်းရိုက်လိုက် တာ သူ့ပါးကို ထိသွားတာ၊ ဘာမှမနာပါဘူး၊ မောင်လေး လက်ကျိုးသွားတာနဲ့ နှိုင်းလို့တောင် မရဘူး"

"အမယ်လေးနော် ... သခင်အားရအောင် ကျွန်ပါးဝနေ လိုက်တာ၊ လူလေးက လက်တောက်နဲ့၊ ငါးစိမ်းသည်ကျ နေတာပဲ မိုက်ရိုင်းလိုက်တာ"

"ဒါ အိမ်ဖော် မဟုတ်ဘူး၊ ကျွန်မမွေးစားသမီး၊ ရှင်တို့ တော်ပါတော့၊ ပြန်တော့"

မေမေ့အသံက ဒေါ်မာန်ပါပါ တုန်ခါနေပါသည်။

✤ ❣ ✤

www.burmeseclassic.com



(……၁၉၉၅ ခုနှစ်)

"မမတု လိုက်မသွားနဲ့ပေါ့၊ ဒေါ်လေးနဲ့ ကြီးကြီးပဲသွားပေါ့"

မင်းသိင်္ခါက မကျေမနပ် ဖြစ်နေပါသည်။ ညှို့ခန်းထဲမှာ ရှိနေတဲ့ ဖေဖေက …

"သား … ဒီကိစ္စက သား ဝင်စီစဉ်ရမယ့်ကိစ္စ မဟုတ်ဘူး၊ ခင်ခင်တို့ တင်တင်တို့ကိစ္စ၊ မင်းက ကလေးပဲရှိသေးတာ"

အဲဒီနှစ်က မင်းသိင်္ခါ ငါးတန်းနှစ်။ အသက်ဆယ်နှစ်ပြည့်ပြီးပြီ။ တုတုကတော့ ဆယ်တန်းရောက်နေပါပြီ။

"အင်းလေ … သားကလည်း ဒေါ်လေးခင်ခင်တို့ ကြီးကြီးတင်တို့ကို ဘာမှမပြောပါဘူး၊ မမတုကိုပဲ မလိုက်နဲ့ နေခဲ့လို့ ပြောတာပဲဟာ"

"ဘာလဲ … မင်းအစ်မကို မင်း တစ်ရက်ဗိုလ်မကျရရင် မနေနိုင်ဘူး မဟုတ်လား … ဟား ဟား၊ ဟင် … ငါ့သား"

"တင်တင်ရယ် … နင့်ကိုလည်း ဘာမှတော့ မကန့်ကွက်လိုပါဘူး၊ ဒါပေမဲ့ တုတုက ဆယ်တန်းနှစ်ကြီးဟယ်





အညာပြန်မယ်ဆိုတာက ဘယ်လောက်ကြာသွားမယ်မှန်း မသိနဲ့ကို"

"နှစ်စပဲရှိသေးတော့ ဟိုကကျောင်းပဲ ပြောင်းအပ်ချင်အပ်လိုက်မယ် မမရယ်"

"ဟဲ့ … နင်က တုတုကို နှစ်ပေါက်အောင်ထားဖို့ စိတ်ကူးရှိလို့လား၊ ကျောင်းပြောင်းရအောင်။ တစ်လလောက် ခေါ်သွားမှာ မဟုတ်ဘူးလား"

"ကျွန်မ အခြေအနေကလည်း ဘယ်လိုမှန်း မသိသေးလို့ပါ မမရယ်"

"ဒါများ ကလေးကို ထားခဲ့ရောပေါ့ဟယ်၊ ကျောင်းတွေ ကျူရှင်တွေ အလကားပျက်နေတယ်"

"ကျွန်မနှာ: ထားချင်လို့ပါ"

"ကြီးကြီးကလည်းဗျာ၊ မရဘူး မမတုကို မခေါ်သွားနဲ့၊ မမတု မရှိရင် သားကို ဘယ်သူထမင်းနယ်ပေးမလဲ၊ မမိမိုးတို့ မချွေတို့ လက်ကြီးတွေ သားရွံတယ်၊ မမတု လက်ကပဲ ဖြူဖြူသေးသေးလေး၊ မမတု နယ်တာပဲ သားစားချင်တာ"

"ဪ … မင်းကတစ်မျိုး သားရယ်"

အစစအရာရာ ဘာမှမသိတဲ့ မင်းသိင်္ခါဟာ သူ့အရေးသာ သူ ဦးစားပေး ပြောနေတော့တာပါ။ တကယ်တော့ ခါခါမပြောနှင့် တုတုပင်လျှင် မေမေ့ရဲ့အခြေအနေ အတိအကျကို



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က စေ့စေ့ငှငှ သိတာမဟုတ်ပါ။ လူကြီးတွေသာ သိကြတာ။

"ဖိနပ်ကြိုးချည်ပေးရင်လည်း မမတုမှ သားအကြိုက်သိတာ၊ ပြီးတော့ သားလွယ်အိတ်လည်း ကိုယ့်ဘာသာ မစစ်ချင်ဘူး၊ ညညကျ မမတု သားလွယ်အိတ် စစ်ပေးရဦးမှာလေ"

"ဟဲ့ ... ခါခါရယ်၊ သူများတွေ လုပ်ပေးလည်းရတဲ့ကိစ္စတွေကို ရေးကြီးခွင်ကျယ် လုပ်ပြောနေပြန်ပြီ၊ မင်းတစ်ကိုယ်စာ ကောင်းဖို့ချည်းပါပဲလား"

"သူများတွေလုပ်လို့ ဘယ်မှာရလို့လဲ၊ မရဘူး မေမေရဲ့ မမတု လုပ်မှ ရတာကို၊ ကျွတ် ... မေမေကလည်း"

သေချာဂနန မသိတဲ့ တုတုသည်ပင်လျှင် အညာကို ပြန်မလိုက်ချင်လှ။ ကျောင်းပျက်မှာစိုးတာရော ဒီအိမ်အပေါ် ချည်နှောင်လွန်းတဲ့ သံယောဇဉ်ကြောင့်ရော ခါခါ ဒီလောက်တောင် တားနေတာကြောင့်ရော သိပ်တောင်မလိုက်ချင်။

တုတုအပေါ် ဗိုလ်ကျလှတဲ့ ခါခါသည် အသက်လေးကြီးလာလေ တုတုအပေါ် သံယောဇဉ်အကြီးအကျယ် နှောင်တွယ်လာလေ။ သူ့ကို သည်းခံခွင့်လွှတ်မှန်း နားလည်လာတဲ့အခါ တုတုအပေါ် ခါခါက သိပ်ဗိုလ်မကျလှတော့ပါ။ အနိုင်မကျင့် မနှိပ်စက်လှတော့ပါ။

ကုန်းကိုက်တာမျိုး အနိုင်ယူ ပြောဆိုတာမျိုးတွေ လုံးဝမရှိတော့ဘဲ တစ်စက္ကန့်မနား ဂျင်ခြေလည်အောင်တော့ခိုင်း





တတ်ပေသည်။ သူ့ဝေယျာဝစ္စကို သေးသေးကွေးကွေးလေးက အစ တုတု လုပ်ပေးမှ ကျေနပ်တာမျိုးပါ။

"မေမေပဲကြည့်လေ တူလို့လား၊ အိပ်ရာကို မမတုသိမ်းသွားရင် ပြန့်ရန့်စန့်ပြီး ညီညာသေသပ်နေတာ၊ မချွေတို့သိမ်းရင် စောင်ကတွန့် အိပ်ရာခင်းက ပွစိစိ၊ စားပွဲရှင်းပါဆိုလည်း ရှိသမျှ စားပွဲပေါ် ကောက်စီသွားတယ်။ မမတုလို လွှင့်ပစ်ရမယ့်ဟာပစ်၊ အခန်းထဲက ယူသွားရမယ့်ဟာယူသွား၊ ဗီရိုထဲသိမ်းရမယ့်ဟာသိမ်းနဲ့ ပြောင်ရှင်းပြီး ကျန်ခဲ့လို့လား"

တုတုကိုပဲ ခိုင်းရန်ကောလို့ သူ့ကိုပြောလျှင် ဤသို့ စောဒကတက်မြဲ ဖြစ်လေသည်။ တုတု လုပ်ပေးမှ ဘာမဆို စိတ်တိုင်းကျသည့် ခါခါ့ကို မေမေက ...

"မင်းကလည်း မင်းစားပွဲပေါ်ကပစ္စည်း အမှိုက်ရှုပ်တယ်ဆိုပြီး တုတု လွှင့်ပစ်ရင် ဘာမှ စောဒကမတက်ဘူးလေ သားရဲ့၊ မိမိုးတို့ ချွေချွေတို့ လွှင့်ပစ်ရင်တော့ သားကရစ်ပြီ၊ ဘာသိလို့လဲ ဘာနားလည်လို့လဲနဲ့ သားမပစ်ချင်တာတွေ ပစ်ပစ်တယ်ဆိုပြီး အပြစ်တင်မဆုံးဘူးလေ ...

ငါ့သားကိုက တုတု လုပ်တာမှ အဟုတ်ထင်တာလည်း ပါပါတယ်ကွယ်"

မေမေက ဤသို့ဆိုလျှင် ...

"မမတု လုပ်တာက ဟုတ်တာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော မင်းသိင်္ခာဖြစ်၍ အခု တုတု အညာကို ပြန်ပါသွားမှာကို လုံးဝမလိုလား သဘောမတူ ဖြစ်နေပါသည်။

"ပြီးတော့ သားကို မရွှေတို့က စာမှမမေးတတ်တာ"

ပညာအရည်အချင်း သုံးလေးတန်းသာတတ်တဲ့ မရွှေ တို့ မိမိုးတို့က မင်းသိင်္ခာ စာအုပ်ရှာခိုင်းလျှင်တောင် စာအုပ် အမည်ကိုရေရာအောင် ဖတ်နိုင်တာ မဟုတ်၍ စာမေးဖို့ဆို ဝေလာဝေး။ တုတုကတော့ ဆယ်တန်းကျောင်းသူဖြစ်ရာ မင်းသိင်္ခာ ကို စာမေးတဲ့ Study Guide အဖြစ်လည်း တာဝန်ယူပါသည်။

"အရေးအကြီးဆုံးက သားကို ကြော်ငြာရိုက်ဖို့ လာခေါ် ရင် ဘယ်လိုလုပ်မလဲ၊ ရှုတင်ကို မမတုပါမှဖြစ်မှာ"

ရုပ်ကလေး သန့်ပြန့်ချောမောလွန်းတဲ့ မင်းသိင်္ခာ လေးဟာ အဲဒီအချိန်မှာ ရုပ်မြင်သံကြားကလွှင့်တဲ့ မုန့်ကြော်ငြာ၊ သကြားလုံးဂျယ်လီကြော်ငြာ၊ အားဆေးကြော်ငြာ စသဖြင့် ကြော်ငြာ လေးငါးခုမှာပါ ဝင်ရိုက်ကူးပြီးနေပါပြီ။

သူတို့အတန်းထဲက ကလေးတစ်ယောက်ရဲ့ဖခင်က နာမည်ကြီးကြော်ငြာဒါရိုက်တာဖြစ်၍ ကလေးတွေနှင့် ရိုက်ရမည့် ကြော်ငြာတိုင်းမှာ သူ့သမီးနှင့်အတူ မင်းသိင်္ခာကိုပါ အမြဲခေါ် ထည့်သုံးလေ့ရှိပါသည်။ မင်းသိင်္ခာကလည်း အံ့သြစရာကောင်း လောက်အောင် သွက်လက်ချက်ချာ အမူအရာပါစွာ တက်တက် ကြွကြွ သရုပ်ဆောင်ရင်း လမ်းသွားရင် "ကြော်ငြာထဲက ကလေး လေးပေါ့"ရယ်လို့တောင် လူတွေ မှတ်မိကြတဲ့အဆင့်မှာ ရှိနေတာ ပါ။





"သား ခါခါ၊ ကြီးကြီး မင်းမမကို ခဏတော့ ခေါ်သွားပါ ရစေကွယ်၊ နောက်ဆို ဘယ်တော့မှ မခေါ်သွားတော့ပါဘူး၊ သားတို့ဆီမှာပဲ တစ်သက်လုံး ထားမှာပါ"

"အို ... တင်တင်ရယ်၊ ဘယ်လိုတွေ ပြောနေတာလဲကွယ်"

"မေမေကလည်း ကြီးကြီးပြောတာ ကောင်းတာပဲဟာ"

ဘာမှမသိကြတဲ့ တုတုတို့ ခါခါတို့မှာ တစ်ယောက် ကလည်း မလွှတ်ချင်၊ တစ်ယောက်ကလည်း မသွားချင် မခွဲချင် ကြသလောက် လူကြီးတွေကတော့ ထိုအချိန်က အခြေအနေ အရုပ် ရုပ်ကို သိနေသည်ဖြစ်၍ စိတ်မကောင်းနိုင်ကြပါ။

တကယ်တော့ အမေဟာ အဲဒီအချိန်မှာ သားအိမ် ကင်ဆာဖြစ်နေတာ နောက်ကျမှသိပြီး ရောဂါက နေရာပျံ့နှံ့ကာ ကျွမ်းနေပြီ။ ကုဖို့မလွယ်တော့တာကို သိတဲ့အချိန်မှာ တုတုရဲ့ အမေဟာ ကိုယ့်ဇာတိပြန်၍ ကိုယ့်အမေ ကိုယ့်လင်ယောက်ျား ခေါင်းချခဲ့ရာမြေမှာပဲ ပြန်လည်ခေါင်းချချင်ပါသည်။

ဒေါ်တင်တင် ဒေါ်ခင်ခင်တို့ရဲ့ အဖေကတော့ နောက် အိမ်ထောင်ပြုထား၍ သမီးနှစ်ယောက်နှင့် အခေါ်အပြော အဆက် အသွယ် မရှိသလောက် ကျဲပါးခဲ့ပြီ။ ဒီလိုနောက်ဆုံးအချိန်မျိုး ရောက်တော့ အဖေကိုလည်း ပြန်တွေ့ချင်သေးသည်။ တစ်သက် လုံး မမြင်တွေ့ဖူးကြတဲ့ မြေးမဖြစ်သူ တုတုကိုလည်း အဘိုးနှင့် တွေ့ဆုံစေချင်သေးသည်ဖြစ်ရာ သားအမိ တူဝရီးသုံးယောက် အတူ ဇာတိအညာရပ်ဆီ ပြန်ကြဖို့ ပြင်ဆင်ကြတာ ဖြစ်ပါသည်။

www.burmeseclassic.com



ထို့ကြောင့် ဦးမင်းသန့် ဒေါ်နုနုထွေးတို့မှာလည်း မတားမြစ်သာ မကန့်ကွက်သာ သူတို့ဆန္ဒကို လိုက်လျောကြရတာပါ။

"ဒေါ်လေးတို့ ကြီးကြီးတို့ကလည်း ဘာဖြစ်လို့ တစ်ပြိုကြီး ထပြန်ကြမှန်း မသိဘူး"

ဆယ်နှစ်သားလေးဟာ လူကြီးလေးလို တဖျစ်တောက်တောက်။

နောက်ဆုံးတော့ ဘယ်သူ့သဘော ဘယ်လိုရှိရှိ တုတုတို့သားအမိ တူဝရီးသုံးယောက် အညာကို ပြန်ခဲ့ကြပါသည်။ မေမေ့သဘောဆန္ဒအရ တုတုကို ကျောင်းထုတ်မသွားပါ။ သူတို့ဇာတိမြို့လေးက တစ်ခုတည်းသော အထက်တန်းကျောင်းမှာ အမေတို့ ဒေါ်လေးတို့ရဲ့ နှစ်ဝမ်းကွဲအစ်ကိုကြီးက ကျောင်းအုပ်ဆရာကြီး ဖြစ်လေရာ ဟိုမှာရှိတဲ့ခဏ စာသင်မပျက်အောင်တော့ နားလည်သမှုနှင့် စာသင်ခန်းတွင်း ဝင်ထိုင်သင်ယူခွင့်ရအောင် ပြောကြည့်ရမည်ဆိုတဲ့ မျှော်လင့်ချက်နှင့်ပင်။

"တင်တင် ငါတို့လည်း မတားသာလို့သာ မတားတော့တာ၊ စိတ်မကောင်းဘူး တင်တင်ရယ်၊ ရော့ ... ဒီပိုက်ဆံက နှင့်အစ်ကိုနဲ့ ငါနဲ့က နင်လိုရာသုံးဖို့ သက်သက်ပေးလိုက်တာနော်၊ ငွေလိုရင်ထပ်မှာ၊ အားမနာနဲ့ကြားလား တင်တင်...

ခင်ခင့် လိုတာရှိရင် လှမ်းပြောနော်၊ တင်တင်က အားနာနေရင်တောင် နင်က ငယ်ငယ်ကတည်းက လူရင်းပဲ၊ အစ်မကို ဂရုစိုက်ကြားလား"





"ဟုတ်ကဲ့ပါ မမ"

တုတုတို့ ကားဂိတ်ဆင်းကြတဲ့ အချိန်ဟာ ခါခါ ကျောင်းသွားနေချိန်မို့ တော်ပါသေးသည်။ ခါခါဟာ ညနေကျောင်းကလည်း ပြန်ရောက်ရော သူ့ရဲ့အဖော်မွန်ကြီး တုတု မရှိ၍ ခြောက်ကပ်ကပ် ဟာတာတာဖြစ်ကာ နေစရာနေရာမရှိ။ ဟိုနားလျှောက်လိုက် ဒီနားထိုင်လိုက် ယောင်ချာချာဖြစ်နေပါသည်။

စူပုပ်ဝမ်းနည်းနေကာ ဘာကိုမှ အလိုမကျတဲ့ပုံစံနှင့် ...

"မမိမိုး ... သားဖို့ ဘာလုပ်ထားလဲ"

"လုပ်ထားပါတယ် ခါခါ"

"ဘာလဲ"

"တုတုက ခါခါ ကျောင်းကပြန်လာရင် ရောက်ရောက်ချင်း ဘယ်နေ့ ဘာလုပ်ထားလို့ စာရေးမှာသွားတယ်၊ ဒီနေ့ စထရော်ဘယ်ရီနဲ့ နို့စိမ်းဖျော်ပေးထားပါတယ်၊ တုတုသင်သွားတဲ့အတိုင်း"

"ယူခဲ့ပေး"

မိမိုးက ခါတိုင်း ခါခါသောက်နေကျခွက်နှင့်ပင် သူ့ ကြိုးစားပမ်းစား ဖျော်ထားတာကို ထည့်ယူလာသည်။

"ကောင်းလှည်း မကောင်းဘူး၊ မမိမိုး ဖျော်တာကြီးကား ယူသွားတော့"



www.burmeseclassic.com

www.burmeseclassic.com



မင်းသိက္ခာက တစ်ငုံလောက်ပဲသောက်ပြီး ဆက်မသောက်ပါ။ ကြေးများတာ ရစ်တာသက်သက် မဟုတ်ဘဲ သူ့ပါးစပ်ထဲမှာ မမတုတု ဖျော်တာလိုကို အစပ်အဟပ် မတည့်တာပါ။ အရာရာဟာ ဘာတစ်ခုမှ မမတုနဲ့လို အဆင်မပြေ။

သူ ကြေးများတာ ဂျီကျတာ ရစ်တာ ပြဿနာရှာတာတွေကို မိမိုးတို့ မရွှေတို့ခမျာလည်း တုတုလိုပင် ငုံခံကြတာမှန်ပေမယ့် မင်းသိက္ခာ စိတ်ထဲ ဘာတစ်ခုမှ အလိုမကျ။ အရာရာကို စိတ်တိုင်းမကျ ဖြစ်နေသည်ချည်းပင်။

ဖေဖေနဲ့ မေမေကလည်း မင်းသိက္ခာ ခံစားချက်ကို နားလည်နေကာ တော်ရုံဘာမှမပြောဘဲ အရိပ်အကဲသာကြည့်ပြီး နေကြပါသည်။ သို့ပေမယ့် ဘာကိုမှအလိုမကျနိုင်အောင် ဖြစ်နေတာက လွန်ကဲလာတဲ့အပြင် သူတို့သားကလေးဟာ အရင်လိုတောင် ထမင်းများများ မစားနိုင်အောင် ဖြစ်နေတာ မြင်ရတဲ့အခါ ...

"ခါခါ ... မိမိုးတို့လည်း သားကျေနပ်အောင် အကုန်လုပ်ပေးသားပဲကွယ်၊ သိပ်ရန်မရှာပါနဲ့၊ သူတို့လုပ်ပေးတာလည်း ကောင်းရှာပါတယ်၊ သားလေးကသာ စိတ်တိုင်းမကျနိုင်ဖြစ်နေတာပါ"

"မမတုလိုမှ မကောင်းတာ"

"မမတုကတော့ မင်းအကြိုက်ကို ပိုသိတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ အခု တုတုက ရှိမှမရှိဘဲ သားလေးရဲ့၊ သူတို့လုပ်ကိုင်ပေးတာကိုပဲ ကျေနပ်ရမှာပေါ့"





"မေမေ ... မမတုတို့ ပြန်သွားတဲ့ အညာအိမ်မှာ ဖုန်းမရှိဘူးလား"

"မရှိဘူး သား"

"မမတုဆီ ဖုန်းဆက်ချင်တယ်"

"သား ဘာပြောချင်လို့လဲ"

"ပြန်လာတော့လို့ ပြောမှာ"

"ဆက်လို့မရဘူး သား၊ ဆက်လို့ရနိုင်ရင်တောင် သူတို့လည်း သူတို့ကိစ္စနဲ့သူတို့ရှိတာ၊ ဘယ်လိုလုပ် ကိုယ်က တစ်ချက်လွှတ်နဲ့ ပြန်လာခိုင်းမလဲ သားရယ်"

"ဘာကိစ္စရှိတာလဲ"

"ကြီးကြီးက နေမကောင်းဘူး"

"နေမကောင်းရင် ဒီမှာ ဆေးကုလည်း ရတာပဲ"

"အညာမှာက ကြီးကြီးအဖေတို့ တခြားဆွေမျိုးတွေရှိသေးတယ်၊ ကြီးကြီးက သူတို့ကိုလည်း တွေ့ချင်သေးတာ နှုတ်ဆက်ချင်သေးတာပေါ့"

"နှုတ်ဆက်မယ်ဆိုတော့ ကြီးကြီးက သေမှာမို့လို့လား မေမေ"

စိတ်မကောင်းဖြစ်သွားပုံရတဲ့ မင်းသိက္ခာ ခေါင်းလေးကို မေမေက ပွတ်သပ်ရင်း ...

"ဟုတ်တယ် သား၊ ကြီးကြီးက နေမကောင်းဖြစ်တာ ရောဂါကျွမ်းနေတယ်၊ ဆေးကုလို့မရတော့ဘူး၊ အဲဒါကြောင့် သူ့အမျိုးတွေဆီ ပြန်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့ သေမှာလဲဟင်"

"အတိအကျ မပြောနိုင်ပေမယ့် သိပ်မကြာခင်ပေါ့ သားရယ်"

"ကြီးကြီးသေရင် မမတုတော့ အရမ်းဝမ်းနည်းတော့မှာပဲ မေမေ"

"ဒါပေါ့သားရယ်၊ မေမေတို့လည်း ဘာမှကူညီဖို့ မတတ်နိုင်ဘူး၊ ငွေရေးကြေးရေးပဲ ကူညီနိုင်တယ် သား"

"ကြီးကြီးသေရင် မမတုက ပြန်လာပါတော့မလားဟင်"

"လာမှာပါ၊ သေချာပေါက် လာမှာပါ သားရယ်"

အဲဒီကတည်းက မင်းသိင်္ခာဟာ သိပ်ဂျစ်ကန်ကန် ဂျီမကျဘဲ ပြဿနာလည်း မရှာတော့ပေမယ့် တုတုကိုတော့ လွမ်းဆွတ်ကာ ကျိတ်မျှော်နေခဲ့တာပါ။

အညာမှာလည်း ဒေါ်တင်တင်ဟာ အမေနှင့်ပြန်တွေ့ ရ ဆွေမျိုးတွေနှင့် ပြန်ဆုံရပြီးတဲ့နောက် စိတ်လျှော့လိုက်သည် အိပ်ရာထဲလှဲ သွားတော့ကာ ခန့်မှန်းထား ထင်ကားသလောက် တောင် မခံတော့ပါ။

တုတုလေးခမျာ အမေဗုန်းဗုန်းလဲမှပင် အမေ့အခြေ အနေမှန်ကို ဒေါ်လေးထံမှ သိရသည်။ မသိရခင်က တပိန် တလိန်လိန်နှင့် ခါခါ့ကိုပဲ လွမ်းဆွတ်သတိရနေတဲ့ တုတု အမေ့အခြေအနေကို သိရတော့ အံ့အားတသင့် စိတ်မကောင်းခြ ကြီးစွာဖြစ်ကာ သူပါ ရောနှောလဲမတတ်။





မစားနိုင် မသောက်နိုင် အမေ့အနားပဲထိုင်ကာ မျက်ရည်ပေါက်ပေါက်ကျရင်းသာ အချိန်တွေ ကုန်ဆုံးရပါသည်။ ကျောင်းကိုလည်း သွားတဲ့ရက်ကနည်းနည်း ပျက်တဲ့ရက်ကများများ။ ကျောင်းစာလည်း ခေါင်းထဲထားမနေနိုင်တော့။ အမေ့ကို ဆုံးရှုံးလိုက်ရမှာကို မယုံနိုင်သလို ဖြစ်နေမိတာပင်။

"သမီးလေး... အစ်ကိုနဲ့ မမကို ကိုယ့်မိဘရင်းလို သဘောထား၊ ရိုသေရမယ်၊ လုပ်ကျွေးပြုစုရမယ်နော်၊ ခါခါ့ကိုလည်း မောင်လေးရင်းလို စောင့်ရှောက်သည်းခံနော်၊ မမတို့ရော ခါခါရော သမီးကို သိပ်ချစ်ကြတာ၊ ငါ့သမီးကို သူတို့က မိဘရင်းလို မြေတောင်မြှောက် စောင့်ရှောက်ပေးကြမှာပါ၊ သူတို့ကျေးဇူးကို ဘယ်တော့မှ မမေ့နဲ့၊ တတ်နိုင်တဲ့နည်းနဲ့ ဆပ်နော်၊ အမေ သမီးကို မမတို့မိသားစုနဲ့ စိတ်ချပါတယ်"

ရန်ကုန်က ထွက်ခွာလာသည်မှာ နှစ်လကျော်အကြာ မှာ ဒေါ်တင်တင် ကွယ်လွန်ပါသည်။ ရန်ကုန်အိမ်ကို ဒေါ်လေးက လှမ်းအကြောင်းကြား အသိပေးပေမယ့် ရောက်လာဖို့ကိုတော့ မျှော်လင့်ခဲ့ပါ။ သို့ပေမဲ့ အလုပ်များလွန်းတဲ့ ဖေဖေမှတပါး အမေနှင့် မင်းသိင်္ခာတို့ မမျှော်လင့်ဘဲ ရောက်ချလာကြပါသည်။

အိမ်ကကား အိမ်ကဒရိုင်ဘာနှင့်ပင် ရောက်လာတဲ့ အမေနှင့် ခါခါကိုမြင်လျှင် တုတုက အိမ်လှေကားထစ်ထိပ်မှာ ထိုင် ရှိုက်ကြီးတငင် ငိုချလိုက်မိတော့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မမတု"

ငိုသံပါနှင့် တုတုကို ပြေးဖက်လိုက်သော ခါခါ့ကို တင်းတင်းကျပ်ကျပ် ပြန်လည်ဖက်ထွေးထားလိုက်ရင်း လစ်ဟာအားငယ်နေတဲ့ ရင်ခွင်ထဲ ခွန်အားတစ်ရပ် စီးဝင်လာသလို ခံစားခဲ့ရပါသည်။ ထိုစဉ်ကတော့ ဆယ့်ငါးနှစ်သမီး အပျိုပေါက်လေး တုတုနှင့် ဆယ်နှစ်သားလေး မင်းသိင်္ခာတို့ ရင်ထဲကိုယ်စီမှာ ဖြူစင်မြတ်နိုးသော ချစ်အားကိုးခြင်းမျိုးနှင့်သာတည်း။

အညာက အပြန်လမ်း ကားပေါ်မှာ မင်းသိင်္ခာက တတွတ်တွတ် ပြောလာပါသည်။

"နောက် ဒီကိုမလာနဲ့တော့၊ ဒီမှာ ခဏနေတာနဲ့ မမတု ရုပ်ဆိုးသွားပြီ၊ အသားလည်း မည်းသွားတယ်၊ ပိန်လည်း ပိန်သွားတယ်၊ ရန်ကုန်မှာနေမှ မမတုက လှတာ"

တုတုက နွမ်းလျသောအပြုံးလေးနှင့် မင်းသိင်္ခာကို ပြုံးပြရပါသည်။

✤ ❣ ✤





(...... ၂၀၀၀ ခုနှစ်)

"မမတု"

"ဝေ"

"ကောင်းကောင်းထူးစမ်းပါ။ ခုတလော ပြောင်ချော်ချော်နဲ့ ခင်ဗျားကို ကြည့်လို့ကို မရဘူး"

တုတုက မင်းသိင်္ခာအတွက် သခွားမွှေးသီးနှင့် သကြားကို ဂျူစ်လုပ်ပေးနေရာမှ ပြုံးစိစိဖြစ်သွားရင်း ...

"အောင်မာ ... ခါခါနော်၊ ငါ့ကိုများ 'ခင်ဗျား'တဲ့၊ ကိုယ့်အစ်မကို"

"ဟိုတစ်နေ့ကလည်း ကျွန်တော် ကျူရှင်ဝိုင်းက ပြန်လာတော့ လမ်းထိပ်မှာ မမတု ဟိုလူနဲ့ စကားပြောနေတာ တွေ့တယ် ... ဟွန်း"

"အပ်ကြောင်းတောင် ထပ်နေပြီ ခါခါရယ်၊ မမ ရှင်းပြတာလည်း အကြိမ်တစ်ရာရှိပြီ၊ သူက လမ်းထိပ်ခြံကိုပြောင်းလာတာ မကြာသေးဘူးလေ၊ မမနဲ့ မေဂျာရော အတန်းရော တူနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မသိချင်ပါဘူး ပြောပြမနေနဲ့"

"ကျောင်းကိစ္စ ပြောနေတာပါ ခါခါရယ်"

"ဒီလိုပဲ ပြောတာပဲလေ"

"ဒီလိုမပြောလို့ ကျုပ်က ဘယ်လိုပြောရမှာလဲ ... ဟင်း ဟင်း"

"တွေ့လား ... ရယ်ကျဲကျဲနဲ့ ဣန္ဒြေကိုမရဘူး ... ကျွတ်"

"အလကားနေ သူ့မှာ ရစ်စရာလူမရှိ ငါ့ပဲရစ်နေတာပဲ၊ ခါခါနဲ့ စကားပြောတာ မမက ပြုံးမနေလို့ ရှုပုပ်ပြီးပြော ရမှာလား၊ အဲဒီကျရင်လည်း တစ်မျိုးအပြစ်ပြောမှာပဲ ... ရော့ ... သောက်"

"ဟင့်အင်း ... မကြိုက်ဘူးကွာ၊ မမတုကလည်း"

တုတုက သခွားမွှေးဂျူ့စ်ကို ဖန်ခွက်ကြီးနှင့်အပြည့် မင်းသိင်္ချာရှေ့ တိုးပေးရင်း ...

"သောက်နော် မောင်လေး၊ လိမ္မာတယ်၊ ဒါ မင်းနဲ့တည့်လို့ ကျန်းမာရေးအတွက် သောက်ရတာလေ၊ ချိုအေးမွှေးလေး ရော့"

"အေးလည်း မအေးဘဲနဲ့"

"အေးပါတယ်၊ ရေခဲတုံးကသာ မတည့်လို့ မထည့်ရတာ၊ အရမ်းကြီးတော့ မအေးပေမယ့် ကောင်းပါတယ် မောင် လေးရဲ့"





ကျန်းမာရေးမကောင်းစွာ တချူချူတချာချာကြီးဖြင်း လာတဲ့ မင်းသိင်္ချာဟာ ခုလောလောဆယ်မှာ ကျောက်ကပ်ရောဂါ ဝေဒနာကို ခံစားနေရပါသည်။ နေထိုင်မကောင်းတော့ စိတ်မကြည် သာဘူး နေမှာပေါ့ရယ်လို့ တွေးကာ တုတုက မင်းသိင်္ချာ ဘာ ပြောပြော ဖွဲမယူ စိတ်မဆိုးပေ။

"အဲဒီကောင် မရှိဘူးနော်"

"မင်းထက် အများကြီး ကြီးတယ် ခါခါ၊ အဲဒီကောင်လို့ မပြောနဲ့လေ၊ သူက မမတုကို ဘာမှမရိုးမသား မပြောဖူး ပါဘူး ခါခါရယ်"

"မပြောသေးတာလေ၊ ရုပ်ကြီးကြည့်တာနဲ့ နက်ဖြန်သန် ဘက် ပြောမှာသေချာနေတာပဲဟာ"

မင်းသိင်္ချာသည် အသက်သာ နှစ်ဆယ်ဆိုပေမယ့် သူ့ထက် နှစ်နှစ်လောက်ပဲ ကြီးတယ်ထင်ရသည့် တုတုကို မျက် လုံးထောင့်ကပ်၍ မကျေမချမ်း ခိုးကြည့်နေရင်း မျက်စောင်းလည်း ထိုးဖြစ်ပါသေးသည်။ မမတုဟာ ဆယ်တန်းအောင်သွားပြီးက ထည်းက တစ်နှစ်ထက်တစ်နှစ် ပိုပိုလှလာလိုက်တာ ခုတော့ နနွ ဆွေးထွေးနှင့် ဘယ်လိုလေး ချစ်စရာကောင်းမှန်းမသိသော "အစ်မ ကြီးလေး"ဖြစ်နေပါသည်။

မမတုရဲ့ထူးခြားမှုက သူ့ရဲ့မလှုပ်တစ် ပုံလေးကို ကောင်လေးငယ်ငယ်တွေက "မမ" "မမ"နှင့် သအောတကျ ချစ်ခင်တတ်ကြခြင်းပင်။ ဟိုးငယ်ငယ်ကတည်းက လမ်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်မျက်မှန်းတန်းနေတဲ့ လူငယ်လေးတွေအားလုံးနည်းပါး မမတုကို ခုနေခါမှာ အပြိုင်ရှိတ်နေ ပိုးနေကြတာပါ။

ကျန်တဲ့ကောင်တွေ မပြောနဲ့ ငဆိုး ငပေ လူကြမ်း အာကာမင်းပင်လျှင် တခြားမှာသာ အပိုးမကျိုးရင်နေမည်။ မမတုကိုတွေ့လျှင်ဖြင့် ဦးညွှတ်သလိုလို နှုတ်ဆက်သလိုလိုလုပ်ပြီး "အစ်မ ဘယ်လဲ" "အစ်မ နေကောင်းလား" စသဖြင့် အရေးမပါတဲ့စကားတွေနှင့် ရင်းနှီးမှု ပြန်ရဖို့ ကြိုးစားနေသည်။

"ကဲ ... ရှေ့ ခါခါရယ်၊ သောက်တော့ဆို၊ တော်ကြာ မေမေတို့ ပြန်လာတော့မယ်၊ မသောက်တာသိရင် ဖေဖေဆူနေဦးမယ်"

"သောက်မှာပေါ့ ဖြည်းဖြည်းပေါ့၊ ဘယ်လိုဖြစ်နေလဲ"

မင်းသိက္ခာက ဖန်ခွက်ကို ဆွဲယူကာ ပိုက်နှင့်စုပ်သောက်လိုက်ပါသည်။

"မေမေတို့က ဘယ်သွားနေတာလဲ မမ"

"သွေးစစ်ချက်အဖြေတွေ သွားရွေးတာ ခါခါ"

"ဘာစစ်ချက်တွေလဲ၊ ကျွန်တော့်ကိုလည်း သွေးမဖောက်ဘဲနဲ့"

"ကဲ ... ကဲ ... ကုန်အောင်သောက်တော့၊ ပြီးရင် စာကျက်ရအောင်၊ ခုတလော ကျူရှင်တွေ ကျောင်းတွေ တော်တော်ပျက်နေတာဆိုတော့ စာလေးပိုကျက်မှဖြစ်မယ် မောင်လေးရေ့"





"Guide မှ မလာသေးတာ"

"မလာသေးပေမယ့် ကိုယ်လည်း အားနေတာပဲလေ"

မင်းသိက္ခာက သက်ပြင်းချရင်း ...

"သင်္ချာတွေဆို နောက်တွေကျနေပြီ။ မတွက်တတ်တာတွေမှ အများကြီးပဲ၊ ဆေးရုံတက်ပြီး ကျောက်ကပ်ဆေးလိုက် အိမ်မှာအနားယူလိုက်နဲ့ ကျောင်းကလည်း အရမ်းပျက်နေရတော့ ကျွန်တော် ဒီနှစ်ဆယ်တန်းကို အောင်ရှာအောင်ပါ့မလား မသိပါဘူး"

"မောင်လေးက ဉာဏ်ကောင်းတာပဲဟာ၊ အောင်မှာပါ ခါခါရဲ့၊ တကယ်လို့များ ဖွ, မပြောကောင်း မဆိုကောင်း ကျသွားရင်လည်းပဲ ဘာမှစိတ်မပျက်နဲ့ သိလား ခါခါ၊ မမလည်း အမေဆုံးတဲ့နှစ်က ဆယ်တန်းတစ်ခါကျတာပဲ၊ ခုလည်း ခါခါ့အတွက် ကျန်းမာရေးက မူလပထမ အရေးအကြီးဆုံး သိလား"

ယောက်ျားလေးဖြစ်ပြီး ချူချာနေရတဲ့အတွက် မင်းသိက္ခာသည် သူ့ကိုယ်သူ အမြဲပဲ အားမလိုအားမရ ဖြစ်ရပါသည်။ ကျောင်းပျက်လိုက် ကျူရှင်ဝိုင်းပျက်လိုက် စာပဲ ကောင်းကောင်းကျက်နိုင်တယ်မရှိ။

"ခါခါရေ ... ဖုန်းလာပါတယ်"

"ဘယ်သူလဲ"

"မြတ်လေးငုံတဲ့"



www.burmeseclassic.com

www.burmeseclassic.com



တုတုက မင်းသိင်္ခာကို မျက်လုံးလေး စွေကြည့်ရင်း ...

"ခုတလော ဒီကောင်မလေးက တစ်ချိန်လုံးဆက်တာပဲ"

"သူ့မွေးနေ့ ဖိတ်မလို့ပါ"

"မွေးနေ့မတိုင်ခင်တွေလည်း တောက်လျှောက် ဆက်နေတာပဲဟာ"

"ဆက်တော့ ဘာဖြစ်လဲဗျာ"

မင်းသိင်္ခာက မျက်လုံးပြူး ရန်လိုပြီး ဖုန်းဆီထွက်သွား၍ ...

"ဟွန်း ...၊ ဟိုတစ်နေ့က မမဆီ ကိုရဲကျော်စွာ ဆက်တော့ သူ့လောက် ဖြစ်တင်ရှုတ်ချတာ မရှိဘူး၊ ဟွန်း ... သူ့ဟာကျတော့ ဆက်တော့ ဘာဖြစ်လဲတဲ့"

တုတုက မကြားတကြား မကျေမချမ်း ရှုပ္ပပွ ရေရွတ်နေပါသည်။ မင်းသိင်္ခာက မမတုဘက် ကျောခိုင်းထားရင်း မမတုရဲ့ ပွစိပွစိလေးကို ကျိတ်ပြုံးမိပေမယ့် တစ်ချက်လှည့်ကြည့်လိုက်ချိန်မှာတော့ ရှုပုပ်ပုပ်နှင့် မျက်စောင်းကြီးရွယ်ပြီး ကြည့်တာပါ။

ဖုန်းခဏပြောကာ ပြန်လျှောက်လာလျှင် ...

"ဖုန်းကလည်း အလကားနေ ထံ့ပြောနေရတယ်၊ ဖေဖေတို့ကလည်း ဟဲန်းဒ်ဖုန်းဝယ်ပေးပါဆိုတာ ခုထိ ဝယ်မပေးဘူး"





အရာရာကို မကျေမချမ်း ဂျီတိုက်နေရမှ နေပျော်ပုံရတဲ့ မင်းသိင်္ခာထံမှာ ညည်းညူမကျေနပ်စရာတွေက အမြဲအသင့်ပင်။

"ဖေဖေက မင်းကို ဝယ်ပေးတော့မှာ၊ မေမေ့ကို ပြောနေသံကြားတယ်"

"ဘယ်တော့လဲ"

"နောက်လ၊ ခါခါ့မွေးနေ့ရှိတယ်လေ၊ အဲဒီကျ မွေးနေ့လက်ဆောင်ပေးမှာတဲ့"

"ခုဝယ်ပေးလိုက်ပြီးရော၊ မွေးနေ့ကျ နောက်တစ်မျိုးပေါ့၊ ဝယ်ပေးချင်တာကို မွေးနေ့ထိ ရွှေ့နေသေးတယ် ... ဟွန်း"

"မင်းကလေ သူများကို အပြစ်ပြောနေရမှ၊ ဖေဖေ့လို ဆယ်လူလာမဟုတ်ဘူး သိလား၊ ခုမှပေါ်တဲ့ ဂျီအက်စ်အမ် ဝယ်ပေးမှာတဲ့"

"ငါးသိန်းပဲ ပေးရတာ မဟုတ်လား၊ အပေါစားကြီး၊ ဖေဖေ့ဆယ်လူလာက ဈေးကြီးကြီးပေးရတာ မဟုတ်လား"

"ဟဲ့ ... သိလည်း မသိဘူး ဒီကောင်လေးတော့၊ ဂျီအက်စ်အမ်က ပိုကောင်းတယ်။ နောက်ဆုံးပေါ်လည်းဖြစ်တယ်၊ ဆယ်လူလာတွေက အရင်ဆုံးစပေါ်တာမို့ ဈေးကြီးတာ၊ အခု လူကြိုက်မှ မများတာ"

"မမဖို့လည်း တစ်လုံးဝယ်ဖို့ ဖေဖေ့ကို ပြောရမယ်"

"ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်းစရာရှိ ချက်ချင်းလှမ်းခိုင်းလို့ ရအောင်ပေါ့"

တုတုက မင်းသိင်္ခာကို မျက်စောင်းရွယ်ရင်း ...

"ခိုင်းဖို့တော့ ငါ့မှာပါ ဖုန်းတစ်လုံး မလိုပါဘူးဟယ်၊ ဈေးကြီးကကြီးနဲ့၊ မလိုချင်ဘူး၊ မောင်လေး သွားမပြောနဲ့နော်"

တက္ကသိုလ်ရောက်ပြီဆိုပြီး တုတုကို စိန်နားကပ် စိန်လက်စွပ်လေးတွေတောင် ဆင်ထားတဲ့ ဖေဖေနှင့် မေမေက မင်းသိင်္ခာကများ မမတုကိုပါ ဖုန်းဝယ်ပေးပါဆိုရင် ဝယ်ပေးကြဦးမှာပင်။ တုတုကို စေတနာရှိပြီးသား ဖြစ်တာရော မင်းသိင်္ခာ ဆန္ဒကို ဖြည့်ဆည်းနေကျ ဖြစ်တာရော။

"ခုလောလောဆယ်တော့ မြတ်လေးငုံဖို့ မွေးနေ့လက်ဆောင် ဝယ်ပေးဦး"

တုတုက မင်းသိင်္ခာကို မျက်စောင်းမော့ထိုးရင်း ...

"ဘယ်လောက်တန်လဲ"

"ဟာ ... မမတုက ငွေစကား သိပ်ပြောပါလား၊ ဘယ်လောက်တန်ရယ်လို့ ဘယ်ဟုတ်မလဲဗျ၊ ကောင်းတာလေး ဝယ်ပေးပေါ့"

"အယ်လ်ဘမ်မ်လေးတစ်ခုဆို ဖြစ်လား"

"မမတုနော်၊ ဟိုတစ်ခါလည်း ဘယ်သူ့မွေးနေ့လဲ၊ ဖိုက်စတဲန်းလေး ဝယ်လာပေးတယ်၊ ဘာထုပ်သားမှန်းတောင် မသိဘဲ ပေးလိုက်မိတာ ကျွန်တော် ဘယ်လောက်မျက်နှာ ပျက်ရလဲ"





"ဘာလို့ ပျက်ရတာလဲ"

"ချောက်တီးချောက်ချက်လေးကို"

"အမယ်လေး ခါခါရဲ့ အပေါစား ကော်နဲ့လုပ်တဲ့ ဖိုတို စတန်းန်လည်း မဟုတ်ပါဘူး။ အကောင်းစားလေးပါ၊ ဈေးလည်း မပေါပါဘူး၊ ဒါပေမဲ့ ခါခါက အရမ်းဈေးကြီးတာကြီးပေးမှ ဂုဏ်ရှိတယ် ထင်နေတာကိုး"

"ဟုတ်တာပဲလေ"

"ဘာလို့ဟုတ်ရမှာလဲ၊ ဆယ်တန်းအရွယ် သူငယ်ချင်းချင်း ပေးတဲ့ လက်ဆောင်ပစ္စည်းဟာ ဒီလောက်ပဲ ရှိသင့်တာပေါ့၊ မိဘက ပိုက်ဆံအရမ်းချမ်းသာတယ် ဆိုပေမယ့် အလကား ထိုင်နေရင်း ချမ်းသာတာမှ မဟုတ်တာ၊ ဖေဖေ ရှာရဖွေရတာလေ၊ ဖေဖေ့အလုပ်ကရတဲ့ ငွေလေ၊ သားသမီးက ဘယ်ဖြုန်းတီးသင့်မလဲ"

"အာ ... နားငြီးတယ်ဗျာ"

"မိဘပိုက်ဆံဆိုပေမယ့် မတိုင်းမချင့် ရမ်းမသုံးသင့်ဘူး ခါခါ၊ ကိုယ်က ငွေရှာနိုင်တဲ့အရွယ်မှ မဟုတ်သေးဘဲ၊ မိဘရှာထားတဲ့ငွေက ကိုယ်ရှာထားတဲ့ငွေ မဟုတ်ဘူးလေ မောင်လေး"

"ဟား ... မမနဲ့တော့ အတော်နားပူ ရပါလားဗျာ၊ ကျွန်တော် ပိုက်ဆံရှာနိုင်ရင် ရည်းစားကို စိန်တွေ တိုက်တွေ ကားတွေ ဖုန်းတွေ ဝယ်ပေးပစ်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အတော်မွေးရကျိုးနပ်တဲ့သား ... ဟွန်း၊ မိဘကို ရှာကျွေးမယ် ကျေးဇူးဆပ်မယ်တော့ မရှိဘူး"

"မမတုပဲ ကိုယ်ရှာတဲ့ငွေဆို ကိုယ်ကြိုက်တာသုံးဆို"

"အဲသလိုကြီးလည်း မဆိုလိုပါဘူး၊ စကားကိုကတ်တယ်"

"မမတုက ကတ်တာ၊ တော်ပြီ၊ ဒီနေ့ စီစဉ်ထားပေးနော်၊ မွေးနေ့လက်ဆောင်ကောင်းကောင်း ကြီးကြီး လှလှ လုပ်ပေး၊ လှလှလေး ထုပ်ပိုးခဲ့နော်"

"ဟွန်း ... မုန်းစရာကြီး၊ မြတ်လေးငိုက နင့်ရည်းစားမို့လို့လား"

"ဘယ်သိဦးမလဲ၊ ဖြစ်ရင်လည်း ဖြစ်လာမှာပေါ့"

"အမြင်ကတ်တယ်"

မမတု ပါးလေးဖောင်း နှုတ်ခမ်းလေးစူအောင် ပတွတ်ပတွတ် ရေရွတ်နေလျှင် မင်းသိင်္ခာ ဝမ်းထဲမှာသာကျိတ်ရယ်ပြီး မျက်နှာပိုးလေးသတ်ကာ ဟန်ဆောင်ထားရပါသည်။

ဘယ်စကားမျိုးပြောရင် မမတု စိတ်ဆိုးတယ် အမြင်ကတ်တယ်ကို ကောင်းကောင်းသိသူဖြစ်ရာ မင်းသိင်္ခာက မမတု ဒေါ်တွေပွမယ့်စကားမျိုး အမြဲရှာကြံပြောဆိုလေ့ ရှိသူပင်။ မမတုလေး စိတ်ဆိုးနေပြီဆိုလျှင် သူ ချစ်သည်။

"ဟော ... မေမေတို့ ပြန်လာပြီ"

တုတုက စားပွဲမှထကာ အိမ်ရှေ့ပေါ်တီကိုအောက်အထိပြေး၍ ဖေဖေနှင့် မေမေကို ကြိုလိုက်ပါသည်။





"မေမေ"

"........"

"မေမေ ဘာတဲ့လဲ၊ ဆေးစစ်ထားတာ ဘာတဲ့လဲဟင်"

မျက်နှာတစ်မျိုးဖြစ်နေတဲ့ မေမေ့ကို တုတုက လက်မောင်းလေးတွဲကာ မေးလိုက်တာပါ။ ဒေါ်နုနုထွေးက အိမ်ထဲတစ်ချက်လှမ်းကြည့်ကာ တံခါးဝထွက်လာတဲ့ မင်းသိင်္ခာကိုပါမြင်လျှင် ...

"နောက်မှ ပြောပြမယ် သမီး"

တုတုသည် ရင်ထဲတစ်မျိုးလေး ပူထူပြီး လေးသွားရပါသည်။

မင်းသိင်္ခာကို အတိအကျ ပြောပြမထားရသေး၍ ဒေါ်နုနုထွေးက မင်းသိင်္ခာရှေ့ ပြောလိုဟန်မတူပါ။

"မေမေ ဘာတွေ သွားစစ်ရပြန်တာလဲ၊ မမတုက ပြောတော့ ဆေးစစ်ချက်တွေ သွားယူတယ်ဆိုတာ ဘာလဲ"

"ခါတိုင်းလိုတွေပါပဲ သားရယ်။ အခုက ကုသနည်းအသစ်တွေပေါ်နေပြီဆိုတော့ ဘာလုပ်ရကောင်းမလဲ ဆိုတာမျိုး ဆရာကြီးကို သွားတိုင်ပင်တာပါ"

"ဆေးရုံပြန်တက်ရဦးမှာလား မေမေ"

မင်းသိင်္ခာ အသံက စိတ်ပူကာသံ ပေါက်နေသည်။

"ဆေးရုံကတော့ လိုအပ်သလို တက်နေရမှာပေါ့ သားရယ်၊ ခုလောလောဆယ် မတက်ရသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှစ်သားလောက်ကစပြီး ကျောက်ကပ်ရောဂါဝေဒနာကို ခံစားလာခဲ့ရတဲ့ မင်းသိင်္ခါဟာ နာတာရှည်ဝေဒနာသည်လို ဖြစ်နေပါသည်။ သူ့ ကျောက်ကပ်ရောဂါ ဆိုးဝါးပြင်းထန်လာခဲ့တဲ့ ထောင့်ကိုးရာကိုးဆယ်ကျော် နှောင်းပိုင်းနှစ်များမှာပဲ မြန်မာနိုင်ငံမှာ ကျောက်ကပ်ဆေးပေးနိုင်တဲ့စက် ရောက်ရှိလာခဲ့တာပါ။

လိုအပ်သလို စစ်ဆေးပြီး ကျောက်ကပ်ဆေးဖို့အချိန်တိုင်ပြီဆိုလျှင် ဆေးရုံတက် ကျောက်ကပ်ဆေး။ တတ်နိုင်တဲ့ မြည့်စုံတဲ့ မိဘမို့သာပင်။ ကုသစရိတ်လည်း ထောင်းသလို လုနာလည်း ခံစားရပါသည်။

မင်းသိင်္ခါဟာ တစ်ခါတစ်ရံ ခြေလက်လေးတွေ ဖောလာတတ်ကာ တစ်ခါတစ်ရံမှာလည်း အသက်လေးနဲ့မလိုက် သွေးတွေတိုးနေတတ်ပါသည်။ ဒီလိုနှင့်ပဲ အတန်းငယ်တွေကိုတော့ အလွယ်တကူ ကျော်ဖြတ်လာနိုင်ကာ ခုတော့ ဆယ်တန်းဖြစ်လာပြီ။

တစ်မိသားစုလုံးရဲ့အတွင်းစိတ်မှာ ဆယ်တန်းစာ နားနားနေနေနှင့်ပဲ နှစ်နှစ်လောက် ပြင်ဆင်ပြီးမှ ဖြေဖို့ပင် ထားပြီးသားပါ။ အခု ပထမနှစ်မှာ ဝင်ဖြေချင်လည်းဖြေ မဖြေချင်လည်းနေ။ ဖြေရင်လည်း အောင်ဖို့မလွယ်ဘူးဆိုတာ အားလုံး အသိပေမယ့် ထုတ်တော့ မပြောပါ။

မင်းသိင်္ခါကို ခေတ်မီအင်္ဂလိပ်ဆေးနည်းနဲ့လည်း မြန်မာတိုင်းရင်း အယူအဆနှင့်တည့်သော ဓာတ်စာများလည်း ကျွေးနေရပါသည်။





ဟိုးတလောကတော့ စင်ကာပူက ဖေဖေ့အစ်ကို တစ်ဝမ်းကွဲ ဆရာဝန်ကြီးက မြန်မာပြည်ပြန်လည်ရင်း မင်းသိင်္ခါရဲ့ရောဂါအခြေအနေကို သိသွားတဲ့အတွက် ကျောက်ကပ်အစားထိုးဖို့ အကြံဉာဏ်ပေးပါသည်။ မြန်မာပြည်မှာတော့ မိသားစုထဲက သွေးမျိုးရင်းချာထံမှ အလှူခံယူကာ ကျောက်ကပ်အစားထိုးခြင်း စ,တင်နေပါပြီ။

နိုင်ငံရပ်ခြားတွေမှတော့ သွေးသားမတော်စပ်တဲ့ သူငယ်ချင်းလည်း ကျောက်ကပ်အစားထိုးလဲလှယ်နိုင်ပါသည်။ လှူဒါန်းသူနှင့် လက်ခံမည့်သူ immunologically compatible ဖြစ်မဖြစ် အရင်ဆုံး စစ်ဆေးကြည့်ရပါသည်။

ဘကြီးဆရာဝန်ရဲ့အကူအညီနှင့် မင်းသိင်္ခါကို လှူဒါန်းနိုင်မည့်သူများအဖြစ် ဖေဖေနှင့် မေမေကို စင်ကာပူသို့ သွားပို့စစ်ကြည့်ရမှာဖြစ်သည်။ အဲဒီတုန်းက ဘကြီးဆရာဝန်ကို အမင်းကျွေးရင်း ဆွေးနွေးတိုင်ပင်နေတာမို့ ဘေးကနေ ကူညီစားပွဲ ထိုးပေးနေတဲ့ ဒေါ်လေးရော တုတုပါ ဒီစကားတွေကို ကြားနေခဲ့ကြပါသည်။

ဒေါ်လေးက ရုတ်တရက် ...

"မမ ဆွေမျိုးသားချင်း မဟုတ်တဲ့ လူစိမ်းကလည်း လှူလို့ရတယ်ဆိုရင် ခါခါ့အတွက် ကျွန်မလည်း ကျောက်ကပ်လှူလို့ရရင် လှူချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးရော ဖေဖေရော မေမေပါ ဒေါ်လေးကို အံ့အားတသင့် ကြည့်ကြလျှင် တုတုသည်လည်း ခုမှပဲ အဲဒါကို စဉ်းစားမိကာ ...

"မေမေ အဲလိုဆိုရင် တုတုလည်း လှူချင်တယ်"

အားတက်သရောလေး ပြောလိုက်မိပါသည်။ ဖေဖေက တွေးဆဆနှင့် ...

"ဒီကိစ္စက ဒီလို တစ်ထိုင်တည်း စေတနာအလျှောက် ဆုံးဖြတ်လိုက်လို့ ရတဲ့ကိစ္စ မဟုတ်ဘူး ခင်ခင်၊ ခင်ခင့်ရော တုတုရော ဖေဖေ အရမ်းကျေးဇူးတင်တယ်၊ ကိုယ့်ကျောက်ကပ်ကိုတောင် ဖဲ့ပေးချင်တဲ့ စေတနာမေတ္တာမျိုး သားအဖေ ရှိကြတာသိရလို့ သိပ်ပြီးဝမ်းသာကြည်နူးမိတယ်၊ ဒါပေမဲ့ လှူပြီးရင် ကိုယ့်မှာ တစ်သက်လုံး ကျန်တဲ့ကျောက်ကပ် တစ်လုံးနဲ့ပဲ ဆက်ရှင်သန်သွားရမှာ၊ ပြုပြင်ပြောင်းလဲလို့ မရဲတော့ခြင်းအတွက် သေချာစဉ်းစားဆုံးဖြတ်ပါဦး"

"ဖေဖေ ... တုတု စဉ်းစားစရာမလိုအောင် လှူချင်ပါတယ်"

"ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်မလည်း လှူချင်ပါတယ်၊ သွေးသားမတော်စပ်တဲ့သူစိမ်းက လှူပေးလို့ရမှန်း ခုမှသိ လို့ပါ၊ လှူချင်ပါတယ် အစ်ကိုကြီး"

မေမေ့ခမျာ မျက်ရည်လည်လာခဲ့ပါသည်။

"အေးကွယ်၊ ဝမ်းလည်းသာ ကျေးဇူးလည်းတင် ပြောမပြ တတ်အောင်ပဲ၊ ဒါပေမဲ့ လှူချင်ဦးတော့ လှူလို့ရ၊မရ စ





ဆေးရဦးမယ်။ လှူမယ့်သူရဲ့ကျောက်ကပ်ကရော ကောင်း မကောင်း၊ တစ်လုံးပဲကျန်ခဲ့မယ့် ကျောက်ကပ်ကလည်း ကျန်းကျန်းမာမာ ကျန်ရစ်မကျန်ရစ် သွေးအုပ်စုတို့ တစ်ရှူးအုပ်စုတို့ အိတ်ချ်အယ်လ်အေတိုက်ပင် (HLA Typing)တို့ တခြားစစ်ဆေးစရာတွေ အများကြီး အားလုံး စစ်ဆေးပြီးမှ လှူလို့ရနိုင်တယ် မရနိုင်ဘူးဆိုတာ ဆုံးဖြတ်ရမှာ ...

သွေးသားတော်စပ်ပေမယ့် လှူမရဘဲ ဘာမှမတော်စပ်ဘဲ လှူလို့ရတယ်ဆိုတာမျိုးလည်း ဖြစ်နိုင်တယ်၊ ဒီတော့ မင်းတို့ တကယ်ဆုံးဖြတ်ပြီးနိုင်ရင်တော့ ဘဘနဲ့ပါတိုင်ပင်ပြီး လိုအပ်တာတွေ စစ်ဆေးကြည့်ရဦးမှာပါ"

"စစ်ပေးပါ အစ်ကိုကြီး၊ ကျွန်မတို့ တူအရီးကို ထည့်စစ်ပေးပါ၊ ကိုယ့်မျက်စိအောက်မှာ ခါခါ နှစ်နဲ့ချီ ခံစားနေရတဲ့ ဝေဒနာတွေကို မြင်နေရတာ မမြင်ရက်ပါဘူး၊ မြန်မြန် သက်သာ ပျောက်ကင်းစေချင်ပါပြီ၊ ခါခါ့ကို နေကောင်းစေချင်လှပါပြီ၊ ပြီးတော့ အစ်ကိုကြီးနဲ့ မမက ကျွန်မတို့ တူဝရီးရဲ့ကျေးဇူးရှင်ပါ၊ တုတုကိုလည်း လိုလေသေးမရှိ စောင့်ရှောက်ထားကြတဲ့ ကျေးဇူးက ဆပ်လို့မကုန်နိုင်ပါဘူး"

"ဟုတ်ပါတယ် ဖေဖေ၊ ဖေဖေတို့ မေမေတို့ ကျေးဇူးကို တစ်နေ့နေ့မှာ ဆပ်ခွင့်ရဖို့ အမြဲဆုတောင်းနေတာပါ၊ အခုလို ဆပ်ဖို့အခွင့်အရေးကြုံတုန်း ဆပ်ခွင့်ရချင်ပါတယ်၊ ဖေဖေတို့ မေမေတို့ ဒေါ်လေးတို့ဆိုရင် လူကြီးတွေပါ၊ လှူဖို့



www.burmeseclassic.com

www.burmeseclassic.com



ရှိ တုတုလျှုပါရစေ၊ တုတုနဲ့ကျတော့ မောင်လေးနဲ့လည်း အသက်အရွယ်ချင်း မတိမ်းမယိမ်းဆိုတော့ တုတု ကျောက်ကပ်က မောင်လေးအတွက် ပိုအဆင်ပြေမယ်ထင်ပါတယ် ဖေဖေရယ်"

အားတက်သရော စေတနာတို့အတွက် ဘာဘကပင် ပီတိပြုံး ပြုံးရင်း ...

"ကြားရတာ ဝမ်းသာစရာပါပဲကွယ်၊ လူငယ်ချင်းမို့ ပို အဆင်ပြေတယ်ရယ်တော့ မရှိပါဘူး သမီး၊ စစ်ဆေးရဦး မှာပါ၊ လှူလို့ရတဲ့သူမှ လှူရမှာကွယ့်၊ သူလည်းလှူနိုင် တယ်၊ ကိုယ်လည်း လှူနိုင်တယ်ဆိုရင်တော့ ရွေးချယ်နိုင် တာပေါ့၊ ဘယ်သူနဲ့မှ မတိုက်ဆိုင်ပြန်ရင်လည်း ဘာဘတို့ က အလှူရှင် ထပ်ရှာရဦးမှာ"

အဲသလိုနှင့် ဦးမင်းသန့်၊ ဒေါ်နုနုထွေး၊ ဒေါ်ခင်ခင် နှင့် တုတုတို့လေးယောက်စလုံး ဘာဘရဲ့စီစဉ်ညွှန်ကြားမှုအ လိုအပ်သမျှ စစ်ဆေးရသည်။ ကျောက်ကပ်အလှူရှင်တစ်ယော အတွက် လိုအပ်သော စမ်းသပ်စစ်ဆေးချက်အားလုံးကို လေး စလုံး ဆီးရီးလိုက် စစ်ဆေးထားခဲ့ကြတာပါ။

ဒီကနေ့ဟာ အဲဒီစမ်းသပ်စစ်ဆေးမှုများရဲ့ အဖြေ လွှာတွေရလာတဲ့နေ့။ အဖြေမှာ"လှူမရဘူး"ဆိုတာမျိုးလည်း ဖြ နိုင်၍ မင်းသိင်္ခာ အားငယ်စိတ်ဓာတ်ကျဆင်းသွားမှာကို စိုး ကာ သူ့ကို ဘာမျှော်လင့်ချက်မှ ပေးမထားပါ။ ဒီထဲက ဘ





ယောက်ယောက် လှူလို့ရမရ အားလုံး စစ်ဆေးထားကြတယ်ဆို ဘာကိုပင် အသိပေးမထားတာပါ။

မေမေက ချက်ချင်း အဖြေမပေးဘဲ မေမေ့မျက်နှာ ကလည်း တစ်မျိုးဖြစ်နေ၍ တုတုစိတ်တွေထင့် ရင်တွေမောနေရ ပါသည်။

ဒေါ်လေးလည်း စိတ်လှုပ်ရှားကာ မေမေ့အရိပ်အကဲ ကို တကြည့်ကြည့် ဖြစ်နေပါသည်။

တုတုက မေမေ အပေါ်ထပ်တက်တဲ့နောက် ကပ် ပါသွားကာ မေမေ အဝတ်အစားလဲပြီးလျှင် ကောက်သိမ်း ခေါက်သိမ်းပေးဖို့ လိုက်သွားလေရာ မင်းသိင်္ခာကပါ ပါလာခဲ့ ရင်း မေမေတို့အခန်းဝမှ ရပ်ကာ ...

"မမတုု မေမေ့ကို ဘာလိုက်ဖားနေတာလဲ ... ဟင်း၊ အပြစ်ရှိလို့ မေမေ့ကို ကျွန်တော်တိုင်မှာစိုးလို့ မဟုတ်လား"

"မဟုတ်ပါဘူးနော်၊ မမတုမှာ အပြစ်လည်းမရှိဘူး၊ မေမေ့ အဝတ်တွေ သိမ်းပေးမလို့ပါ ခါခါရဲ့"

"မသိပါဘူး၊ ဟား ဟား ... အပြစ်ရှိလို့ ဖားနေလားလို့၊ ပြီးရင် ကျွန်တော့်ကို အိပ်ရာခင်း လာလဲပေးလိုက်ပါဦး မမတု"

"အင်း ... အင်း ... လာခဲ့မယ် ... ခါခါ"

မင်းသိင်္ခာ မရှိတော့မှ တုတုက ဒေါ်နုနုထွေးကို ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ အကြမ်းဖျဉ်းလောက် ပြောပါဦး မေမေရယ်၊ တုတု စိတ်ပူလိုက်တာ၊ တုတုတို့ထဲမှာ ဘယ်သူလှုလို့ရတယ်တဲ့လဲဟင်"

ဒေါ်နုနုထွေးက တုတုခေါင်းလေးကို လက်ဖဝါးနှစ်ဖက်နှင့် အုပ်ကိုင်လိုက်ရင်း ဝမ်းနည်းဝမ်းသာ စိတ်လှုပ်ရှားစွာ...

"ဖေဖေရော မေမေရော ခင်ခင်ရော လှုမရဘူး သမီး၊ မကိုက်ညီဘူး၊ သမီးရဲ့ကျောက်ကပ်ကိုတော့ ယူလို့ရတယ်တဲ့ သမီး"

တုတု မျက်နှာလေးက အံ့အားတသင့် ဝင်းပသွားရကာ ...

"တကယ် ... ! တကယ်နော် မေမေ"

✤ ❣ ✤





အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



၁

ဒေါ်နုနုထွေးက လက်ကလေးနှစ်ဖက် နောက်ပစ်ကာ ငုံ့ငဲ့ငဲ့ ဦးခေါင်းမှ ဆံနွယ်လေးတွေ မခို့တရို့နှင့် သိမ်သိမ်မွေ့မွေ့လေး ပြုံးနေသော တုတုကို ဂုဏ်ယူပီတိတစ်မျိုးနှင့် တမြတ်တနိုး ငဲ့ကြည့်ရင်း ...

"လာခဲ့ပါမယ် မမြင့်ရယ်၊ တုတုလည်း ခေါ်ခဲ့ပါမယ်၊ မမြင့် ကိုယ်တိုင် တကူးတက လိုက်လာပြီး လာဖိတ်ထား မလာလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဆက်ဆက်လာမှာပါ"

"အဲဒါ ဘိုဘို့ကို သားဘာသာသား ကိုယ်တိုင်သွားဖိတ် လိုက်ပါဆိုတာ မေမေပါလိုက်ခဲ့ဆိုပြီး ဖွတ်အတင်းခေါ် နေတာလေ"

ဒေါ်မြင့်မြင့်ရဲ့သား ဘိုဘို ဆိုသူက ရှိုးတိုးရှန့်တန့် ပြုံးနေပါသည်။





"ကိုယ့်ဟာကိုယ် လာလည်လည်း ရပါတယ် သားရဲ့၊ အချိန်မရွေး ဝင်ပါ ထွက်ပါ၊ မမြင့်တို့နဲ့က စီးပွားရှယ်ယာလည်းဟုတ်၊ ဆွေမျိုးတွေလည်း ဟုတ်နေတာပါ"

"ဘိုဘိုကလည်း သင်္ဘောသားသာဆိုတယ် နုနုရေ၊ ရိုးရိုးအအ ရှက်တတ်တတ်နဲ့ ယုံပါ့မလားတောင် မသိဘူး၊ ရေထဲမှာပဲ လူတွင်ကျယ်၊ ကုန်းပေါ်ရောက်ရင် အ,နေရော"

"ဒါ သင်္ဘောသားတော်တော်များများပါပဲ မမြင့်ရယ်၊ သူတို့ဘဝရဲ့အချိန်အများစုက ရေထဲမှာ သင်္ဘောပေါ်မှာ ကုန်လွန်ရတာကိုး၊ ကုန်းပေါ်ပြန်ရောက်ရင် သူငယ်ချင်း မိတ်ဆွေရှား၊ ဒီနဲ့လည်း ကင်းကွာတော့ ဟိုနေရာမသိ ဒီနေရာမသိ စိမ်းနေတာမျိုးပေါ့"

ဦးဇော်ဝင်း ဒေါ်မြင့်မြင့်တို့ဟာ ဖေဖေဦးမင်းသန့်ရဲ့ ဆောက်လုပ်ရေးလုပ်ငန်းထဲမှာ ရှယ်ယာအနည်းအကျဉ်း ပါဝင်သော သူငယ်ချင်း လူရင်းတွေပါ။ ဒီဘိုဘိုနှင့်ကလည်း ရင်းသာမရင်း သူပေမယ့် ဟိုးတုန်းကတည်းက ကြိုကြား ကြိုကြားမြင်တွေ့ဖူး ကျပင်။

ပွဲလမ်းတစ်ခုခုမို့ ကလေးပါခေါ်တဲ့ အခေါက်ဆိုရင် ချင်းချင်း မြင်ဖူးကြပါသည်။ သူလည်းလူအေး ကိုယ်တွေလည်း လူအေးမို့ ရင်းနှီးကျွမ်းဝင်ခြင်း မရှိကြဘဲ ကိုယ့်နေရာကိုယ် ငြိမ် ဆိတ်ထိုင်နေကြတာကြောင့် ကြီးလာတဲ့အထိ ခင်ခင်မင်မင်မနေ ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုဘိုဘိုက တုတုထက်ပင် နှစ်နှစ်သောက်ကြီးပါသေးသည်။ ကျောင်းပြီးကတည်းက သဘော်လိုက်သွားသူမို့ တစ်နှစ်တစ်ကြိမ် နှစ်,နှစ်တစ်ကြိမ် အကြောင်းတိုက်ဆိုင်မှသာ သူနှင့်ဆုံကြပါသည်။

မနှစ်က သူ သင်္ဘောကအဆင်း ဒီမှာရှိခိုက် မင်းသိင်္ခပါဝင်တဲ့ ဒီဗီဒီတစ်ကား Press show ကို ဖိတ်ဖြစ်ရင်းကမှ စပြီး သူ့အမူအရာ အနည်းငယ်ပြောင်းလဲလာတာ။ သင်္ဘောပြန်မတက်ခင် နှစ်ကြိမ် သုံးကြိမ် သူ့အမေနှင့် အိမ်ပါလာခဲ့ပြီး သင်္ဘောတစ်နှစ် ပြန်တက်သွားကာ အခုတစ်ခါ ကမ်းပြန်အဆင်းမှာတော့ မေမေ့ဖို့တင်မက တုတုဖို့ပါ လက်ဆောင်ပါလာတာကနေစပြီး အခြေအနေ ထူးလာတာ။

အကြောင်းပြချက် အမျိုးမျိုးနှင့် သူ့အမေလာသမျှ ပါပါလာတတ်ပြီး သူ့အမေရဲ့ ခပ်ပို့ပို့စကားတွေကလည်း အဓိပ္ပာယ်တစ်မျိုးသို့ ရည်ညွှန်းနေပါသည်။ ခုလည်းပဲ သုံးဆယ့်နှစ်နှစ်ပြည့်တာကို ဘုန်းကြီးလည်းဆွမ်းကပ် ရင်းနှီးသူတွေလည်း ဖိတ်ကျွေးရင်း မွေးနေ့ပွဲလုပ်ဖြစ်မှာမို့တဲ့။

မွေးနေ့လာဖိတ်တာပါ။

"ဘိုဘိုရေ ... ခေါ်မြင့်မြင့်သားက စကားမပြောတတ်ဘူးလား ထင်စရာတောင် ဖြစ်တော့မှာပဲ ငါ့သားရယ်"

"အဟင်း"

ဘိုဘိုက ခပ်တိုးတိုးတစ်ချက်ရယ်ကာ ...





"ကျွန်တော်က စကားဖွယ်ဖွယ်ရာရာ မပြောတတ်လို့ပါ အန်တီ၊ စိတ်မရှိပါနဲ့"

"စိတ်မရှိပါဘူး သားရယ်၊ ရပါတယ်"

"အဲဒီနေ့ကျ ဆက်ဆက်လာပါနော်"

"လာခဲ့မယ် သား၊ စိတ်ချ"

"မတုတုလည်း ဆက်ဆက်လိုက်ခဲ့ပါခင်ဗျာ"

ဘိုဘိုက တုတုကို မရဲတရဲ တစ်ချက်နှစ်ချက်သာ ရှိန်းမြမြ လှမ်းကြည့်ရင်း ထစ်တုံ့တုံ့ ပြောပါသည်။ တုတုက ဣန္ဒြေရရပင် ...

"ဟုတ်ကဲ့ ... မေမေ ခေါ်ရင် လိုက်ခဲ့ပါ့မယ်"

"အမယ်လေး ... ငါ့သမီးရယ်၊ အမေ့ခေါင်းတပ်လိုက်တာပါလား၊ အဲဒီနေ့ကျ တစ်ခုခု အဆင်မပြေလို့များ ညည်းမပါလာရင် မေမေ မခေါ်တာ ဖြစ်နေပါဦးမယ် တုတုရယ်"

အားလုံး အသာအယာ ရယ်မောဖြစ်ကြကာ ...

"အန်တီ ခေါ်ခဲ့ပါ့မယ် သား"

"ဟုတ်ကဲ့ပါ"

"တုတု တစ်ယောက်လည်း ဘယ်မှမရောက် အပေါင်းအသင်းကနည်း၊ ခါခါအလုပ်က အင်မတန်ရှုပ်တော့ သူ့မောင်ကိစ္စနဲ့နဲ့ပဲ မအားနိုင်အောင် ဂျင်ခြေလည်နေရတာကားလက်ခံတာကအစ အဝတ်အစား စီစဉ်တော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီဖိုင်နာနဲ့သူ နှစ်ယောက်၊ ဘယ်ကားမှာ ဘာသုံးထားတယ် မှတ်တမ်းတွေလည်း သူကိုယ်တိုင်လုပ်တာ၊ အားကိုမအား ရှာတော့ အပြင်လောကနဲ့ အဆက်ပြတ်သလိုပဲ ...

ဘိုဘိုတို့လို မိတ်ရင်းဆွေရင်း သားသမီးချင်း ခင်မင်စေချင်ပါတယ်၊ ဒီလိုလူတွေနဲ့မှပဲ သူလည်းအပေါင်းအသင်း ရှိမှာ၊ အချင်းချင်း အချိန်ပေးကြပေါ့ သားတို့ရယ်၊ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ အန်တီ၊ ကျေးဇူးတင်ပါတယ်"

ဒီသားအမိရဲ့ပုံပန်းသဏ္ဌာန်က ဘယ်အရာကိုဦးတည်တယ်ဆိုတာ အသိသာကြီး မဟုတ်လား။ တုတုရဲ့အသက်ဟာလည်း ခုချိန်မှာ သုံးဆယ်ထဲ ဝင်လာလေပြီ။ ကန့်ကွက်တားမြစ်ရမည့်သူမျိုး မဟုတ်ဘဲ ကိုယ့်ဘက်ကလည်း တွန်းတွန်းပို့ပို့ ဆီထိုးပေးရမည့်လူမျိုးဖြစ်သည်မဟုတ်လား။

"မင်းသိင်္ခာရော ... နုနု၊ ရှူတင်က ပြန်မလာသေးဘူးလား"

"နေပြည်တော်မှာလေ မမမြင့်"

"ဩော်"

"ဒီနေ့ အကယ်ဒမီပေးပွဲနေ့လေ မမမြင့်"

"ဩော် ... အေး ... ဟုတ်သားပဲ၊ မေ့နေတာ ကြည့်ပါဦး အိမ်ပြန်ကြည့်ရဦးမှာပဲ၊ မင်းသိင်္ခာ ကားကြီးတွေလည်း ထွက်ထားတာပဲ မဟုတ်လား"





"သားရဲ့ကားကြီးတွေက ဒီနှစ်ထဲမှ ဆက်တိုက် ရုံတင်လာတာ မမမြင့်၊ မနှစ်ကစာရင်းထဲတော့ မပါဘူး၊ သက်သက်အားပေးချီးမြှင့်ဖို့ တက်ရောက်တာပါ"

"ဩော် ... အင်း ... အင်း၊ တီဗီမှာ ကြည့်လိုက်ဦးမယ်၊ သားကိုတော့င် မင်းသိင်္ခာ ကားတွေငှားပြရဦးမယ်၊ မင်းသိင်္ခာက ဒီနှစ်ထဲ အရမ်းနာမည်တက်လာပြီ သားရဲ့"

"ဟုတ်ကဲ့"

"ရုပ်ပါစတားပဲ၊ ကောင်မလေးတွေ အရမ်းကြိုက်ကြတာလေ၊ အမူအရာလည်း ကောင်းတယ်"

"ဟုတ်ကဲ့၊ ညီလေးကားတွေ သေချာမကြည့်ဖူးသေးလို့ ဒီတစ်ခေါက်တော့ ကြည့်ကြည့်ပါဦးမယ် အန်တီ"

"ကြည့်ချင်တဲ့ကား အိမ်မှာအခွေလာယူကြည့်လေ သား၊ တုတုဆီမှာ၊ သူပဲထိန်းသိမ်းစောင့်ရှောက်တာ၊ သူ့မောင် အခွေတွေ ပျက်မှာစိုးလို့ သိပ်တိုတာ သားရေ ... ဟင်း ဟင်း ဟင်း"

တုတုသည် စိတ်ထဲကလိကလိ ဖြစ်လာပြီ။ ခုလောက် ငါးနာရီမို့ အကယ်ဒမီပွဲကျင်းပရာ ကွင်းပြင်ကို မင်းသားမင်းသမီးတွေ ဝင်လာတာတွေ စပြနေပြီ။ ပြေးကြည့်ချင်လှပြီ။ ညှော်ညည်သားအမိလည်း မပြန်နိုင်သေး၍ ရိုင်းမှာစိုးကာ လှည့်မဝင်ရဲ။ အမေတို့ကိုယ်တိုင် အရေးပေးတဲ့မိသားစုဝင် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်လည်း ညှောင်းလာပြီ။ အိမ်ထဲမှာလည်း တစ်နာရီလောက် စကားပြောဆိုကြပြီး ဖြစ်သလိုပြန်ဖို့ ခြံထဲဆင်းလာပြီးမှ ကားနားရပ်ကာ ပြောနေကြသေးတာ ဆယ့်ငါးမိနစ်လောက်တောင် ရှိလောက်ပါပြီ။

တုတုက အကြံထုတ်လိုက်ပြီး ...

"ဟို ... ခြံထဲမှာ ခြင်ရှိတယ် အန်တီ၊ အန်တီ ခြင်ကိုက်လား မသိဘူး၊ တုတု ယပ်တောင်ယူပေးရမလားရှင်"

"နေနေ ... မယူပါနဲ့ သမီး၊ ရတယ် နေပစေ"

"ဒါဖြင့် ဒီနားလေး ခြင်ဆေးခွေ ထွန်းယူခဲ့ပေးရမလား အန်တီ၊ ခြင်ကိုက်မှာ အားနာလို့ပါ"

"ရပါတယ် သွားတော့မှာပဲဟာ၊ နေပါစေတော့ သမီးရယ်"

ဘိုဘိုက ညှောင်းလာပြီဖြစ်ဟန်တူတဲ့ တုတုကို ပြုံးကြည့်ရင်း ...

"နေပါစေတော့ မတုတု၊ ကျွန်တော်တို့လည်း ခုပဲပြန်ပါပြီ မေမေ ပြန်ကြရအောင်လေ၊ အားလုံးခြင်ကိုက်ကုန်ပေါ့ မှောင်စပျိုးလာပြီ"

ဆောင်းတွင်းမို့ နေဝင်စောကာ နေရောင်ကျနေပါပြီ။

"အေး ... အေး ... သွားကြစို့"

"ခွင့်ပြုပါဦး အန်တီ၊ သွားလိုက်ပါဦးမယ် မတုတု"

"ဟုတ်ကဲ့"





"သွားပြီ နုနုရေ"

"ဟုတ်ကဲ့ မမမြင့်"

"သွားပြီ သမီးရေ"

"ဟုတ်ကဲ့ပါ အန်တီ"

သူတို့သားအမိရဲ့ကား ခြံတံခါးက ကွေ့သည်ဆိုလျှင် တုတုက ဝုန်းခနဲ အိမ်ပေါ်လှည့်ပြေးတက်တော့ကာ ...

"ဟား ... ခါခါ ဝင်လာတာတောင် မီပါတော့မလား မသိပါဘူး၊ တကယ်ပဲ"

"ဟဲ့ ... ဟဲ့၊ ကားအပြင် ရောက်ပါစေဦး တုတုရယ်"

"မောင်လေး ဘယ်လိုဝင်လာလဲ၊ အမ်အာတီဗီဖိုးတို့ ဂျာနယ်တွေတို့က အင်တာဗျူးသေးလား၊ အဲဒါတွေကြည့်ချင်မြင်ချင်သေးတာ မေမေရဲ့"

တုတုသည် ဧည့်ခန်းနံဘေး၌ရှိသော တီဗီခန်းသီးသန့်အခန်းဆီ အပြေးဝင်ကာ ဖွင့်နှင့်သော တီဗီရှေ့ အသင့်ထိုင်နှင့်သော ကြရှုရင်း ...

"မောင်လေး ဝင်လာပြီလား ဒေါ်လေး၊ မောင်လေးရော"

"မလာသေးဘူး၊ မင်းသမီး မင်းသား ရုပ်တွေ မလာကြသေးဘူး၊ စိတ်အေးအေးထား မိတု"

"တော်ပါသေးရဲ့၊ ဟော ... ဟော ... ဟိုမှာ ဒါရိုက်တာ ကိုဇော် လင်းမယား"

"အေး ... ဟုတ်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ '......' တွေ့သွား ဒေါ်လေး"

"အေး ... ဟယ် လှလိုက်တာနော်၊ အင်္ကျီလေးကလည်းလှ တော်တော်နုသေးတာပဲ"

ဒေါ်နုနုထွေးက ကြမ်းပေါ်မှာ စုပြုံထိုင်နေကြတဲ့ အုပ်စုနောက်က ဆိုဖာပေါ် ဝင်ထိုင်လိုက်ရင်း ...

"တုတုရေ ... သမီးကြားတဲ့အတိုင်းပဲ၊ တနင်္ဂနွေနေ့တော့ မမမြင့်အိမ်ကို လိုက်ခဲ့ပေတော့"

တုတုက ပြုံးပြုံးလေး နှာခေါင်းရှုံ့ပြကာ လှည့်ကြည့်၍ ...

"နှာခေါင်းရှုံ့မနေနဲ့၊ ခင်ခင် ... နင့်တူမပြောဦး၊ ဟိုးတ ခါလည်း ဦးခင်မောင့်တင် သားတွန်းကူတစ်ခါ လူကောင် လေး လက်လွှတ်ပြီးပြီ၊ သူ့ အရိုးများချေးခါးနေတာ မမစိန်ကြီးက စိတ်မရှည်ဘူးထင်တယ်၊ တခြားတစ်ယော ကောက်စပ်ပြီး ပေးစားလိုက်ရော"

"ဟုတ်ပါ့ မမရယ်"

"မေမေကလည်းနော်၊ စဉ်းစားတာလေးတောင် ခဏ ဖို့ စိတ်မရှည်တဲ့ ယောက္ခမတို့ လင်ယောက်ျားတို့နဲ့ ရှည်ရော ဘယ်လိုပေါင်းလို့ ရမလဲ၊ လွှတ်သွားတာ ကောင်းတာပေါ့လို့"

"သူ့ဆင်ခြေနဲ့သူတော့ ဟုတ်နေတာပဲ မမရေ"





"ဘိုဘိုကတော့ အေးတယ်၊ သဘောသားပေမယ့် ဟော့ဟော့ ရမ်းရမ်း ရှိပုံမရဘူး၊ မမမြင့်ကလည်း မမစိန်ထက် အများ ကြီး သဘောကောင်းတယ် သမီးရဲ့"

တုတုက ပြုံး၍ငြိမ်နေပါသည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် မေမေတို့ကလည်း အားလုံး ကို ရှင်းရှင်းကြေညာထားတာပဲလေ၊ သမီးကို မွေးစားထား တယ်ဆိုတာ ကာယကံရှင်ကိုရော ဘေးလူတွေကိုရော အားလုံးကို ရိုးရိုးသားသား သိထားစေတာပဲ၊ ဒေါ်တင်မိမိ တုန်းက ချဉ်းကပ်လာပြီးမှ မွေးစားသမီးဆိုတာ သိသွားလို့ ဆိုပြီး နောက်ဆုတ်သွားသေးတယ် မဟုတ်လား ...

မမစိန်တို့ မမမြင့်တို့ကကျတော့ သိသိနဲ့ပဲ သမီး ရိုးဖြောင့်ကျခြေရတာ၊ မိန်းမပီသတာလေးတွေလည်းသိလို့ ကမ်းလှမ်းစပ်ဟပ်ကြတာ၊ ကိုယ့်ကို တန်ဖိုးထားတာပေါ့၊ ဒီလိုမျိုးဆိုတာ ခေါင်းထဲထည့် စဉ်းစားရမယ် သမီးရဲ့"

"ဟုတ်ကဲ့ပါ မေမေ"

"သမီးအသက် သုံးဆယ်ထဲ ရောက်လာပြီနော်၊ အပျိုပေါက် တုန်းကလည်း မောင်လုပ်တဲ့သူက ဘယ်သူက စာပေးပေး ဘယ်သူကလိုက်လိုက်၊ ဒိုင်ခံရန်လုပ် ဒိုင်ခံရစ် ရည်းစားကို မထားခဲ့ရဘူး၊ အသက်အစိတ်လောက်ကစပြီး ခါခါ့ကိစ္စတွေ နဲ့ ရှုပ်ရပြန်ရော"

www.burmeseclassic.com



မင်းသိင်္ခါက အဖေးသင်နှင့် သူဘွဲ့ရတဲ့နှစ်မှာပဲ အနုပညာအလုပ် လုပ်တော့မည် ဆုံးဖြတ်ကာ စတင်ခြေလှမ်းချ တော့တာပါ။ ကျောက်ကပ်လဲထားရပြီး အကြမ်းပတမ်း ခံနိုင်ရည် မရှိတဲ့ မင်းသိင်္ခါအဖို့ အသက်မွေးဝမ်းကျောင်းအလုပ် ရွေးချယ် ဖို့ အတော်စဉ်းစားခဲ့ရတာပင်။

ငယ်ကတည်းက ကြော်ငြာတွေရိုက်ကူးကာ အိမ်မှာ လည်း သီချင်းဆို ဂစ်တာတီးနှင့် ဝါသနာကြီးခဲ့တဲ့ မင်းသိင်္ခါက အနုပညာပိုးကလေး ကိုယ်တွင်းကိန်းအောင်းနေခဲ့တာ ဖြစ်ပေမည်။ ခြေချပြီဆိုကတည်းက ကြိုးစားပမ်းစားနှင့် နေရာတစ်နေရာရအောင် ရုန်းကန်ခဲ့တာ။

ကံလေးရော စန်းလေးရော ဉာဏ်နှင့်ဝီရိယ ပေးမထောက်ကူတဲ့အခါ ရုန်းကန်ရင်း နှစ်နှစ်လောက်အကြာ စတင်နေရာရလာခဲ့တာပါ။ ခုတော့ မင်းသား "မင်းသိင်္ခါ" ဟာ ရုပါတန်းဝင် မင်းသားတစ်လက် ဖြစ်နေခဲ့ပါပြီ။

နောက်ပိုင်းနှစ်တွေမှာ ထုတ်လုပ်ဖြန့်ချိကုမ္ပဏီ ထောင်ပြီး ကိုယ့်မင်းသားပိုင်ကို ဒါရိုက်တာကောင်း ဇာတ်လမ်း ကောင်း သရုပ်ဆောင်အပံ့အပိုးကောင်းတွေနှင့် ငွေသုံးကာ တင် အတွက် ကိုယ်ပိုင်အရည်အချင်းလည်းရှိတဲ့ မင်းသိင်္ခါတစ်ယော တစ်ဟုန်ထိုး ထိုးတက်လာခဲ့တာပါ။

ခုတော့ တုတုဟာ ရုပါမင်းသိင်္ခါရဲ့ ပီအေဆိုလည်း မမှား။





"ဟုတ်တယ် တုတုရေ၊ ညည်းသုံးဆယ်ကျော်သွားရင် ဟိုင်းပြီဟဲ့၊ ခုနေ ကြိုက်တဲ့သူရှိတုန်း ရွေးထား၊ နောက်ကျ သွားရင် ရတာမလို လိုတာမရ ဖြစ်နေမယ်"

"အပျိုကြီးလုပ်လို့ရော မရဘူးလား ဒေါ်လေးရယ်၊ ဒေါ်လေး လည်း အပျိုကြီးပဲလေ၊ အဆင်ပြေသားပဲဟာကို၊ တုတု အပျိုကြီးလုပ်ပြီး ခါခါ့ဆီက တူ့,တူမလေးတွေပဲ ထိန်းတော့ မယ်ဆိုလည်း ဖြစ်သားပဲ"

"အဲသလို မဖြစ်ဘူး ငြင်းလို့မရပေမယ့် မေမေ့သဘောက တော့ သမီးရော ခါခါရော အိမ်ထောင်ကိုယ်စီကျစေချင် တယ်၊ ကိုယ်ပိုင်မိသားစုလေးတွေနဲ့ ရှိစေချင်တယ်၊ ကိုယ် မပိုင်တဲ့မိသားစုကို မှီခိုနေတာမျိုးက ရေရှည်မှာအဆင်ပြေ မယ် မပြေဘူး သေချာပြောနိုင်တာ မဟုတ်ဘူး ...

တော်ကြာ ခုနေ ကောင်းတာလေးတွေကို ငြင်းပယ် ပစ်လိုက်ပြီးမှ နောင်မှ အသက်ကြီး ကြီးကာမှ မဟုတ် တရုတ်နဲ့ ကောက်ပြီးငြိစွန်းသွားတာမျိုး ဖြစ်သွားမှာလည်း စိုးရိမ်တယ်"

"သမီးက အဲလိုတော့ မဖြစ်နိုင်ပါဘူး မေမေရယ်"

"သမီးစိတ်ရင်းနဲ့တော့ ဘယ်ဖြစ်နိုင်မလဲ၊ ဒါပေမဲ့ ကံကြမ္မာ တို့ ဝဋ်ကြွေးတို့ဆိုတာ ဘာမှကြိုမြင်နိုင် ပြောနိုင်တာ မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ယုံတယ်ဆိုပြီး အရာခပ်သိမ်း ကို စိတ်ချလို့ မဖြစ်ဘူး၊ ကိုယ့်အားထုတ်မှုနဲ့မဟုတ်ဘဲ လည်း တစ်ခါတစ်ရံဖြစ်ရင် ဖြစ်သွားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



တုတုက တိတ်တိတ်ကလေးကျိတ်ကာ သက်ပြင်းကြီးမှုတ်ထုတ်မိပါသည်။ တုတုနှလုံးသားက အနှစ်သုံးဆယ်တိုင်လာတဲ့အထိ ဘယ်ယောကျ်ားသားကိုမှ လက်သင့်ခံ နေရာမပေးနိုင်တာ ဘာကြောင့်များလဲလို့ ဘာမှ တွေဝေစဉ်းစားနေစရာ မလိုပါ။ အချိန်ပြည့် ရင်ထဲမှာ ဦးနှောက်ထဲမှာ အတွေးထဲမှာ အာရုံထဲမှာ တစ်ကိုယ်လုံးထဲမှာ ရှိနေခဲ့တာဟာ မင်းသိက္ခာပဲလေ။ ရိုးသားတယ်တွေ ဆန်းပြားတယ်တွေ တုတု မသိ။ တုတု သိသည်မှာ မင်းသိက္ခာကို ကူညီဖို့ စောင့်ရှောက်ဖို့ ဖြည့်ဆည်းဖို့ ဖေးမဖို့ လိုလေသေးမရှိ အောက်ခြေသိမ်း သည်းခံအလိုလိုက်ပြီး သူ့အတွက်သာ သက်သက်ရှင်သန်နေဖို့။

ဒီထက်ပို၍ တုတု မပြောတတ်။

"အဲဒီတော့ ဒီတစ်ကြိမ်တော့ သမီးရယ်"

"ဟယ် မေမေ ... မောင်လေး လာပြီ၊ ခါခါ ဝင်လာပြီ ဝင်လာပြီ"

စကားကိုဖြတ်ကာ တုတုက အားပါးတရ အော်ဟစ်လိုက်၍ ...

"ဟဲ့ ... တုတုရယ်၊ မမ ပြောနေတုန်းကို"

"ဟို ... ကန်တော့ မေမေ ... ကန်တော့၊ မောင်လေး လာလို့ပါ"

"အေး ... ဟုတ်ပါရဲ့၊ မျက်နှာရွှင်ရွှင်ပဲ၊ သိပ်ခရီးပန်းပုံ မရပါဘူး"





"တော်ပါသေးရဲ့ မေမေရယ်၊ ခရီးပန်းမှာ စိတ်ပူနေတာ၊ တစ္စက်ကလေးမှ မနွမ်းဘူး၊ လန်းနေတာပဲ"

"သိပ်လည်းမယုံနဲ့၊ ညည်းမောင်က ဟန်ဆောင်ကကောင်းကောင်း တုတုရေ"

"မင်းသားစူပါ ဆိုတော့ အမူအရာကောင်းတာ သိပါတယ် မေမေရယ်၊ ဒါပေမဲ့ ခါခါ့မျက်နှာပေါ်က အမူအရာက အတုလား အစစ်လား တုတု ကောင်းကောင်းကြီး ခွဲခြားတတ်ပါတယ် မေမေရဲ့၊ မောင်လေး တကယ်လန်းတာပါ"

"အေး ... ဟုတ်ပါတယ်နော်"

"တွေ့လား မေမေ၊ ခဲဖျော့ရောင်နဲ့ ငွေရောင်စပ်က ခါခါနဲ့ ဘယ်လောက်လိုက်သလဲ၊ မျက်နှာလေးကို လင်းပြီး ဝင်းနေတာပဲ"

တုတုသည် မျက်တောင်လည်း မခတ်နိုင်၊ သွားပြီးသား နှုတ်ခမ်းကိုလည်း မစေ့နိုင်။ လက်မခြောက်ဆယ် ...ယ်လ်စီဒီတီဗီကြီးထဲ ခေါင်းတိုးဝင်တော့မတတ် လည်ပင်းလေး ...ထွက်ကာ မင်းသိက္ခာကို အသေးစိတ်ကြည့်နေသည်။

"ဟိုမှာ အမ်မ်အာတီဗီဖိုးက လာမေးပြီ"

"ကိုမင်းသိက္ခာ မင်္ဂလာပါခင်ဗျာ"

"မင်္ဂလာပါ"

"ရင်တွေခုန်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော့်ကားတွေ မပါသေးပေမယ့် အစ်ကိုတွေ အစ်မတွေအတွက် ကျွန်တော် ရင်ခုန်နေပါတယ်"

"နောက်နှစ်မှ ပိုရင်ခုန်မယ်ပေါ့"

"ဟုတ်ကဲ့ပါ၊ နောက်နှစ်တော့ ကျွန်တော့်ကား သုံးကား လောက်ပါပါမယ်၊ ဒီတော့ နည်းနည်းတော့ ပိုရင်ခုန်ရမှာပေါ့ ခင်ဗျာ"

"မင်းသားဆု ဘယ်သူလို့ ကြားပါသလဲခင်ဗျာ"

"ကျွန်တော် သေချာမကြားဘူးခင်ဗျ၊ ကျွန်တော် ဂျပန်နဲ့ စင်ကာပူကဖိတ်ခေါ်တဲ့ ဖျော်ဖြေပွဲကို နှစ်ပတ်ဆက်တိုက် သွားလိုက်ပြီး တစ်နေ့ကမှ ပြန်ရောက်တော့ သတင်းသေချာ မကြားမိဘူး ခင်ဗျ"

"ကျေးဇူးတင်ပါတယ် ကိုမင်းသိက္ခာ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်"

မင်းသိက္ခာ ခုံတန်းတွေမှာ နေရာယူတာကိုကြည့်ရင်း တုတုက ...

"ဟော ... တွေ့လား၊ '......'နဲ့ ကပ်လျက်ကျနေပြန်ပြီ တမင်လား ဘာလား တိုက်ဆိုင်တာလား မသိပါဘူး မမေရယ်"

"အေး ... ဟုတ်ပါရဲ့"





"ဟိုတစ်ပါတ် '......'ဂျာနယ်ကလည်း မသိမသာ ရှိသွဲ့သွဲ့ စောင်းချိတ် ရေးထားသေးတယ် တကယ်ပဲ"

"သမီးမောင်ကလည်း နည်းနည်းတော့ ရောဘောရှိလုပ် နေပုံရပါတယ် တုတုရယ်"

"ဒါတော့ မမေရယ်၊ မင်းသားတစ်ယောက် တက်လာရင် မင်းသမီးတွေ ဆိုတာက ပိုင်နိုင်အောင် ကျွမ်းဝင်အောင် ရသလောက် ချိတ်ထား ကပ်ထားကြတာ ထုံးစံပဲလေ၊ အရေးပေးနေကြရတာလေ၊ ဒီတော့ မင်းသားဘက်က ခပ်တည်တည်ကြီး လုပ်ထားလို့ ဘယ်ရပါ့မလဲ၊ အလိုက် အထိုက်လေးတော့ ပြန်ဆက်ဆံပေးရတာပဲ ..."

မဟုတ်ပြန်လည်း ဒီမင်းသားက ခြောက်တောက် တောက်လား အထင်ခံရဦးမယ်၊ ကောလာဟလကတစ်မျိုး ထွက်ဦးမယ်၊ ရောပြန်တော့လည်း ထိကပါး ရိကပါး အရေးခံရပြန်ရော"

"ဒီလောက,ကတော့ ဒီလိုပဲပေါ့ သမီးရယ်၊ ကောလာဟလ လုံးဝမထွက်ဖူးတဲ့သူ ရှိလို့လား၊ တစ်နည်းမဟုတ်တစ်နည်း တော့ ထွက်နေတာပါပဲ"

"ဟော ... ကြည့် ... ကြည့်၊ တိုက်ပုံကြယ်သီးကို သူက ဖြုတ်ပေးနေရပြန်ပြီ"

တုတု နှုတ်ခမ်းမှာ တစ်တောင်လောက် စူထွက်၍ မင်းသိက္ခာကို တိုက်ပုံကြယ်သီး ပြင်ပေးနေတဲ့ ယမင်းရွှေဝါထံ မျက်စောင်းတဝဲဝဲ အံတခဲခဲ မကျေမချမ်း ဖြစ်နေပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခါခါက ကြယ်သီးကို တစ်လုံးပဲ ဖြုတ်ထားပြီး အောက်ဘက်ကို အစေ့တပ်ထားတာ၊ သူက ဒုတိယကြယ်သီးကို လိုက်ဖြုတ်တယ် တွေ့လား"

"ဒုတိယကြယ်သီး ဖြုတ်လိုက်တော့ ခါခါက သိဂ်တင်းတင်းတောင့်တောင့် မဖြစ်တော့ဘဲ သက်သောင့်သက်သာ ပိုရှိသွားသလိုပဲ သမီးရဲ့"

"ဟွန်း ... မေမေကလည်းနော်"

မင်းသိင်္ကာကို ကပ်လွန်း ရွဲလွန်း၍ ယမင်းရွှေဝါကို မကြည့်ဖြူရတဲ့ကြားထဲ မေမေက ပြေရာပြောကြောင်း ပြောနေ၍ တုတုက စူပွစူပွ ဖြစ်နေရပါသည်။ ကိုယ့်မျက်စိထဲ ဖြူသန့်ဝင်းဖန့်ပြီး မင်းသားလေးတစ်ပါးလို ကြော့မော့လှပ အထက်တန်းကျတဲ့ မင်းသိင်္ကာနှင့် အသားခပ်ညိုညိုလေးနှင့် Sexy ရုပ်ပေါက်လှတဲ့ ယမင်းရွှေဝါတို့ဟာ မအပ်မစပ် မတန်မရာလို ဖြစ်နေပါသည်။

ကြည့်တာကိုက ကြာကြည့်။ ညုတုတုနဲ့။

"ဟွန်း"

မကျေနပ်သံက အပြင်ကို မကြည်မဖြူ ပွင့်ထွက်လာသည်။

"အမယ်လေးနော် ... စိတ်ကိုလျှော့စမ်းပါ တုတုရယ် တကတဲ"

ဒေါ်လေးက မျက်စောင်းရွယ်လိုက်မှ တုတုအနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွားရရင်း ...





"အောင်အောင် တစ်ယောက်ကော ဘယ်ချောင်ရောက်နေလဲ မသိဘူး၊ လိုက်တော့လာမှာပါနော် ဒေါ်လေး၊ ဟိုတယ်မှာ မနေခဲ့လောက်ပါဘူးနော်"

"အမြဲ အနားကလိုက်ဖို့ သေချာမှာလိုက်တာပဲဟာ၊ ပါလာမှာပါ၊ ခပ်လှမ်းလှမ်းမှာ ရှိမှာပေါ့"

"လေးနာရီဆေး တိုက်ပြီးရဲ့လား မသိဘူး၊ ဆေးရောစုံရဲ့လား မသိဘူး၊ အောင်အောင်ကလည်း တစ်ခါတစ်ခါကျ မြတ်ကယ် မြတ်ကယ်နဲ့၊ စိတ်ချရတာ မဟုတ်ဘူး၊ ဟိုဓာတ်ပို့အုပ်စုနဲ့ တွေ့ကြရင်လည်း ဟီးဟီးဟားဟားနဲ့ ရောပျော်နေတော့တာ၊ ခါခါ့ကိုတောင် သူကမေ့ရော၊ ဟဲန်းဒ်ဖုန်းကလည်းမမိ၊ ညကျမှ ဆေးအစုံအစေ့ သောက်ရဲ့လား ဟိုတယ်ကို ဖုန်းဆက်မေးရမှာပဲနော် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဟဲလို … ဟုတ်ကဲ့ ပြောပါ၊ ဟုတ်ကဲ့ တုတုပါ"

"………"

"ဟုတ်ကဲ့ ဦးအောင်ဝင်း၊ ရိုက်ပေးမှာပေါ့၊ ဘယ်သူ့ဓာတ်လမ်းလဲ၊ ဪ … ကောင်းသားပဲ၊ ဓာတ်ညွှန်းလွှတ်ပို့နိုင်လိုက်လေ၊ ဝတ္ထုစာအုပ်ပို့လိုက်လည်းရတယ်၊ ဖတ်ကြည့်မှာပေါ့"

"………"

"ဟုတ်ကဲ့၊ ဟုတ်တယ် ဦးအောင်ဝင်း၊ မေလထဲမှာရမယ်"

"………"

"လုံးဝမရဘူး ဦးအောင်ဝင်းရဲ့၊ တကယ်ပါ၊ ရှိရင်ပေးတာပေါ့ ဦးအောင်ဝင်းရယ်၊ ဟုတ်တယ် တစ်ရက်တောင်မအားတာ"

"………"



"မေလရှစ်ရက် ရမယ်၊ အမှန်က တုတုက အခုချိတ်သမျှတွေကို ဖွန်လကုန်ကပဲ စ,ပေးနေတာ၊ မေလရှစ်ရက်နေ့ဟာက '……'နဲ့ ပျက်သွားတာလေ၊ အဲဒါကြောင့် ကြားမှာရက်ကျန်နေတာကို ဦးအောင်ဝင်းကို ထိုးပေးမှာ"

"………"

"မသိဘူး၊ မောင်လေးနဲ့က ဘာမှပြဿနာမရှိဘူးလေ၊ သိတဲ့အတိုင်းပဲ၊ မောင်လေးက အားလုံးနဲ့ ပြေလည်တယ်၊ ဘာမှမဖြစ်ဘူး၊ ကလေးလိုပဲ နေတာပဲဟာကို၊ မောင်လေးက ဘယ်သူနဲ့မှ ပြဿနာမရှိဘူး၊ ပရိုဂျူဆာနဲ့ ဒါရိုက်တာ ပြဿနာလို့ ထင်တာပဲလေ၊ တုတုတို့လည်း သေချာမပြောတတ်ဘူး၊ သူ့ဘာသာ ကားကပျက်သွားလို့ ရက်အားထွက်လာတာ"

"………"

"လာချိတ်ထားတာတွေထဲက အဲဒီရက်ကို ဘယ်သူ့ကိုရွှေ့တိုးပေးရမလဲ စဉ်းစားမရ ဖြစ်နေတာ၊ တစ်ယောက်ကိုပေးရင် တစ်ယောက်က စိတ်မကောင်းဖြစ်မှာစိုးလို့လေ၊ အဲဒါကြောင့် ခါခါကိုတောင် နင် နားပ်နားလိုက်တော့ မောင်လေးရယ်လို့ ပြောနေတာ၊ ရှော့ပင်လေး ဘာလေး သွားရင်သွားလို့ အားတုန်းလေးလေ …

အခုက ဦးအောင်ဝင်းမို့လို့ ပေးတာ ဟုတ်ကဲ့၊ ဟိုးအရင်တည်းက လူရင်းလေ သိပါတယ် ဦးအောင်ဝင်းရယ်၊ ဒါကြောင့်ပေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"........"

"ဟုတ်ကဲ့ ရတယ်၊ ပို့လိုက်နော်၊ ဖတ်ကြည့်လိုက်မယ်လေ ဦးအောင်ဝင်း၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ တွေ့မယ်နော် ... ဟုတ်ကဲ့၊ ကျေးဇူးပါပဲ ဦးအောင်ဝင်း"

ဖုန်းကို ချက်ချက်ချာချာ ပါးပါးနပ်နပ် စကားပြောနေတဲ့ တုတုကို မလှမ်းမကမ်းမှ ဒေါ်နုနုထွေးက သဘောကျကြည့်နေပါသည်။ မင်းသိင်္ခာရဲ့အနုပညာကိစ္စတွေမှာ တုတုဟာ အင်မတန် အားကိုးရ အသုံးဝင်လှသည်။ သူပဲ ကြည့်ရှုစီမံခန့်ခွဲ ခေါင်းခံကာ ပြဿနာဖြစ်စရာရှိရင်လည်း ရှေ့က သူခေါင်းခံထား၍ မင်းသိင်္ခာနှင့် လွတ်နေသည်။

မင်းသိင်္ခာ နာမည်တစ်လုံး မထိခိုက်ရ၊ နာမည်မပျက်ရ၊ မငြိစွန်းရအောင် အားလုံး သူ့ခေါင်းပေါ် ပခုံးပေါ်တင်ထားပါသည်။ ဇာတ်လမ်း ဇာတ်ညွှန်းတွေ သူပဲဒိုင်ခံဖတ်ကာ မင်းသိင်္ခာကို ပါးစပ်ကနေ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြန်ပြောသည်။ မျိုးဖြတ်နှင့် ခပ်တိုတို တုံးတိပြောပြတဲ့ ဇာတ်လမ်းဆိုရင် တုတု မကြိုက်ဘူး စိတ်မဝင်စားဘူးဆိုတာ သိနိုင်ပြီး မင်းသိင်္ခာကလည်း မရွေးချယ်ဖြစ်တော့ပါ။

အဲဒီကားမျိုးတွေဟာ တကယ်လည်း ဇာတ်လမ်းကောင်း ဇာတ်အိမ်မခိုင် ဖြစ်နေတတ်ပါသည်။ တုတုက ဖွဲ့ကာနွဲ့ကာ သိုင်းကာဝိုင်းကာ ခံစားချက်ပါပါ ပြန်ပြောပြနေပြီဆိုရင် ဒီဇာတ်လမ်းကို တုတု ကြိုက်လို့ပင်။





တကယ်တော့ တုတုက ဇာတ်လမ်းတွေ ဇာတ်ညွှန်းတွေ လာပို့သမျှ ဒိုင်ခံဖတ်ကာ ဇာတ်လမ်းပြောရုံပဲ၊ ရွေးချယ်တာက မင်းသိင်္ခာ ဆိုပေမယ့် တုတုရဲ့အပြောမှာကိုက ရွေးမရွေး ဆိုတဲ့ ခံစားချက်တစ်ခု မင်းသိင်္ခာကို ဖြစ်ပေါ်စေနေပါပြီ။ မင်းသိင်္ခာကလည်း တုတုအပေါ် ယုံကြည်မှုရှိသည်။

ခုထိလည်း သူ ရွေးချယ်ခဲ့သမျှကားတွေဟာ အားလုံး ကားကောင်းတွေထွက်ပြီး မင်းသိင်္ခာနာမည်ကို တရိပ်ရိပ်တက်စေခဲ့တာချည်းပဲ မဟုတ်လား။

"အောင်အောင်ရေ"

"ခင်ဗျာ"

"အိတ်တွေ စုံပြီလား"

"ဟုတ် ... မမတု"

"နင် ဟိုဦးထုပ်လေး ပြန်ရှာပြီးပြီလား၊ ဒါရိုက်တာ ပြန်ယူခိုင်းတာ"

"ဟာ ... အဲဒါ မပါသေးဘူး"

"တွေ့လား ... ငါ သတိရပေလို့၊ မနေ့ကတောင် ပြန်ရှာထားဦးလို့ မမ ပြောထားသားနဲ့၊ သွားပြေးရှာ ... သွား"

"ဟုတ်"

"လုံးလုံးရေ ... အချိုရည်တို့ အသီးတို့ ထည့်ပြီးပြီလား"

"ဟုတ်ကဲ့ ... ဒီခြင်းထဲမှာ မမတု"

"ကဲ ..."



www.burmeseclassic.com

www.burmeseclassic.com



တုတုက တီဗီခန်းကြီးဘက် ခေါင်းပြူကာ တီဗီရှေ့မှာ ဂိမ်းမ်စက်နှင့် ဂိမ်းဆော့နေသော မင်းသိင်္ခာကို ...

"ခါခါရေ ... နင့်ဂိမ်းမ်ရပ်တော့၊ ပွက်ရတော့မယ်"

မင်းသိင်္ခာက တုတုဘက်ကို နာခေါင်းရှုံ့၍ တစ်ချက်လှည့်ကြည့်ကာ ...

"တစ်မနက်ခင်းလုံး သူ့အသံချည်းပဲ၊ ဆူညံပြီး နားတွေကို ငြီးနေတာပဲ"

တုတုက ပြုံးလိုက်ရင်း ...

"ဒါအဆန်းလားဟဲ့၊ ကဲပါ ... လာပါ မောင်လေးရယ်၊ ချထားခဲ့၊ မမတု ပိတ်လိုက်မယ်"

မင်းသိင်္ခာက နာခံစွာ ဂိမ်းကိုချထားလိုက်ပြီး တီဗီခန်းမှ ထွက်လာပါသည်။

"ခါခါ မနေ့က ရှူတင်မှာ သူများကျွေးတာတွေ ဘာတွေ လျှောက်စားတာလဲ၊ သူများစားတာတွေ လိုက်လျှောက်မစားပါနဲ့ဆို၊ မောင်လေးက သူများနဲ့တူတာ မဟုတ်ဘူး"

မင်းသိင်္ခာက ခေါ်နုနုထွေး နံဘေး ဆိုဖာပေါ်ဝင်ထိုင်လိုက်ကာ ...

"မမတုကို မေမေ နားမငြီးသေးဘူးလား"

"မမတု ပြောတာ ဟုတ်တယ် သားရဲ့၊ မတည့်တာတွေ လျှောက်လျှောက်မစားနဲ့ဦး၊ ပြီးရင် သားလေးပဲ ခံရတာ"

"ကျွတ် ... အောင်အောင် ပြန်တိုင်တာလား၊ ဟုတ်လား"





"အောင်အောင် တိုင်စရာ မလိုဘူး၊ အောင်အောင်ကလည်း သူ့ကို ကြောက်လွန်းလို့ ဘာမေးမေး မရဘူး၊ နှုတ်ကိုလုံနေတာ၊ မမဘာသာ ကိုယ်နည်းကိုယ့်လမ်းနဲ့ ကြံဖန်သိတာနော်၊ ဆရာသမားရဲ့"

"နေရာတိုင်း သူ ဒလျှိုချည်းပဲ"

ခေါ်နုနုထွေးက မင်းသိင်္ခာနှင့် တုတုတို့ရဲ့အချီအချဟန်ပန်တွေကိုကြည့်ရင်း ရယ်မောနေရပါသည်။

"ဟုတ်တယ်၊ မနေ့က မင်းရှူတင်ကို ယမင်းရွှေဝါရောက်လာတာလည်း သိတယ်"

"သူ့ဟာသူ ဒါရိုက်တာဆီ ကိစ္စရှိလို့လာတာ"

"ဒါလည်း အကြောင်းတစ်ခုလေ၊ ပြီးတော့ မင်းနားမှာချည်းပဲ မဟုတ်လား"

"သူ့ဟာသူ ဘာပဲဖြစ်ဖြစ်ပေါ့၊ ကျွန်တော်မှ မကြိုက်တာ"

"မကြိုက်တာ မမလည်း သိသားပဲ၊ မကြိုက်ပေမယ့် ပွူးတွဲပွူးတွဲက ဖြစ်ဖြစ်နေတော့ ပြောစရာ ဖြစ်နေလို့ ပြောနေရတာ ခါခါရေ"

"ဟုတ်တယ်လေ သားရဲ့၊ ကလေးမက လည်ဝယ်တဲ့ပုံနော် ... ကြည့်ရှောင်ဦး"

"သူကလာတာကို သားက အခန်းထဲပြေးဝင်ပြီး တံခါးလော့ချလိုက်ရမလား မေမေရယ်၊ သူက အနားလာထိုင်ပြောနေမှတော့ အလိုက်အထိုက် ပြန်ပြောရတော့မှာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုနဲ့ '......'နဲ့ '......'ရှောင်မရတော့ပဲ အတည်ကြီး ဖြစ်သွားတာ မဟုတ်လား ခါခါ၊ ကာယကံရှင်တွေကနည်း နည်း၊ ဘေးကတွန်းပို့မှုကများများနဲ့ ချုပ်ပြီးသား ဖြစ်သွား တာ"

"ရှောင်ဖို့မှ မလွယ်တာ မမတုကလည်း"

"ဖုန်းလာချင်ယောင်ဆောင်ပြီး ဘာမှမဟုတ်တဲ့ဖုန်းကို အကြာကြီး ထိုင်ပြောနေလိုက်ဟယ်၊ အဲလိုလုပ်လို့ မရလို့ လား ... ကဲ၊ အိမ်သာသွားတက်ဟယ်၊ လိုက်လာမလား ... ကဲ"

"ဉာဏ်ချည်းပဲ"

မင်းသိင်္ဂှာက မျက်စောင်းထိုးလျှင် တုတုက ပြုံးစိစိ လုပ်နေပါသည်။

"သူများအတွက်တော့ ဉာဏ်ကထွက်တယ် မဟုတ်လား ကိုယ့်ဟာနဲ့ကိုယ်အတွက်တော့ ဟွန်း ... မပြောလိုက်ချင် ဘူး"

"ဘာလဲ ... နားမလည်ပါဘူး"

"သူကျ အဲဒီ ဘိုဘိုဆိုတဲ့ကောင်ကို မရှောင်နိုင်ဘဲနဲ့"

"ဟဲ့ ... ကလေးလေး၊ ကိုဘိုဘိုက နင့်ထက်မပြောနဲ့ မေ ထက်တောင် ကြီးသေးတယ်၊ ကောင်တွေ ကက်တွေ မပြော ပါနဲ့ဟယ်"

"ပြောမှာပဲ၊ ပြောတော့ ဘာဖြစ်လဲ၊ ကြည့်လို့မှ မရတာ"





တစ်ချိန်လုံး အာသွက်နေတဲ့ တုတုက နှုတ်ခမ်းလေး ရှုံ့ထော်ပြီး ဘာမှနှုတ်လှန်မထိုးတော့ဘဲ ယို့ယို့ကုပ်ကုပ် ဖြစ်သွား တော့တာမို့ ဒေါ်နုနုထွေးက ဝင်ကာ ...

"ကြည့်လို့မရစရာ ဘာများရှိလို့လဲ သားရယ်"

"ဟာ ... မမတုကို လာခွေနေတာ ချိန်နေတာ မဟုတ် ဘူးလား"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဟာ ... မမတုကို ဒီလိုလာလုပ်နေတာ မကြိုက်ပါဘူး"

"ဟဲ့ ... သား၊ မင်းမမတု အသက်က သုံးဆယ်ဖြစ်နေပြီ နော်၊ ရှေ့မှာလည်း အဆင်ပြေမလိုလေးတွေနဲ့ မင်းကတစ် မျိုး သူကလည်းတစ်မျိုး၊ ကြေးထူပြီး ပျက်ခဲ့တာတွေရှိပြီး ပြီ၊ တော်ကြာ ဟိုင်းလာမယ်၊ လူကောင်းလေးကို ကိုယ်က တောင်လိုက်ပြီး တကူးတက ရှာဖွေရမှာ၊ အခု သူ့ဘာသာ မေတ္တာစစ်နဲ့ရောက်လာတာ၊ မကြိုက်ပါဘူးဆိုပြီး ဆီးကြို တိုထွာနေစရာ မဟုတ်ဘူး၊ မင်းအစ်မ အပျိုကြီးဖြစ်သွား လိမ့်မယ်"

"ဖြစ်ပစေပေါ့ ... ကောင်းတာပေါ့"

"သားကလည်း၊ မင်းတို့နေတာနဲ့ တုတုလင်ကောင်း သား ကောင်းမရဘဲ လက်လွှတ်ကုန်ပါ့မယ်ကွယ်"

"လွှတ်ပေါ့၊ အပျိုကြီးပဲ ဖြစ်ပစေပေါ့၊ ကြီးလာရင် သားနဲ့ ပဲနေပြီး သားမွေးမယ့်ကလေးတွေ ထိန်းပစေ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ"

တုတု ခါးထောက်၍ စူပုပ် ဖြစ်သွားလျှင် မင်းသိက္ခာက သဘောတွေကျပြီး တကိကိ ကျိတ်ရယ်လို့မဆုံး။

"သူ့ကိုတင်မကဘူး၊ သူ့သားသမီးအထိ အလုပ်အကျွေးပြုရဦးမှာတဲ့ ... ဟွန်း"

"ဒါပဲလေ ... ဟုတ်တယ်လေ၊ အဲလိုပဲလုပ်"

"အောင်မာ"

"ဘာလဲ မလုပ်နိုင်ဘူးပေါ့"

မင်းသိက္ခာဟာ အမြဲ သူ့အပေါ် အနိုင်ယူပြောင်အောင်စ၊ ဗိုလ်ကျ လုပ်နေပေမယ့် ဒါဟာ ဖျောက်ဖျက်မရတော့တဲ့ တုတုအတွက် သီးသန့်သူ့ဝသီဖြစ်ပြီး ရင်ထဲမှာ တုတုကို သံယောဇဉ်ကြီးမားနိုင်မားလှတယ်ဆိုတာ တုတု အသိဆုံး ခံစားနိုင်ပေမယ့် ဒီလိုပြောတိုင်း ဝမ်းနည်းသလိုလေး ခံစားရမိတဲ့ ကိုယ့်ဝေဒနာကိုတော့ ကိုယ့်ဟာကိုယ် မဖျောက်ဖျက်တတ်။

"မမတုလည်း အပျိုကြီးလုပ်၊ သားလည်း လူပျိုကြီးလုပ်မယ်"ဆိုရင်တော့ ဒီက တုတုတို့က ပြုံးဖြီးဖြီးကြီးနဲ့ ခေါင်းကိုပုတ်သင်ညိုလို ဆယ်ချက်ကျော်အောင် ညိတ်ချပစ်လိုက်မှာပေါ့

"ဘာလဲ ... ဘိုဘိုကို ကြိုက်နေတာလား။

"ခါခါနော်"

"မေးနေတာကို ဖြေစမ်းပါဗျ"

"ဘာလို့ ကြိုက်ရမှာလဲ"





"မကြိုက်ရင် ဒီနေ့ ခဏနေ သူတို့အိမ် သူ့မွေးနေ့ဆွမ်းကျွေးသွားရမှာ မဟုတ်လား၊ မေမေနဲ့ လိုက်မသွားနဲ့"

"ဟဲ့ ... ခါခါ"

မင်းသိက္ခာက သူ့အမေကို ဂရုမစိုက်ဘဲ တုတုကို ခပ်တင်းတင်းကြည့်ကာ ...

"မလိုက်သွားနဲ့နော်"

"ဘာလို့ မလိုက်ရမှာလဲ၊ မေမေက အန်တီမြင့်ကို ကတိပေးလိုက်ပြီးသား၊ တုတု လိုက်ကိုလိုက်ရမှာ"

"မေမေ့မမတုကလည်း မလိုက်တော့ပါဘူးလို့ တစ်ခွန်းမှ မပြောင်းဘူး တွေ့လား"

"အေးလေ ... လိုက်ရမယ် ပြောပြီးသားဟာကို"

မင်းသိက္ခာက တုတု မခံချင်တဲ့ မျက်နှာပေးမျိုးလုပ်

"ဩော် ... ဒါကြောင့် ဒီနေ့မနက် မိုးလင်းကတည်းက သူ့ကိုယ်သူလည်း အလှပြင်ထားလိုက်တာ၊ အဝတ်အစားမလဲရသေးတာပဲရှိတယ်၊ မျက်နှာက လှပကြော့မော့နေပြီး တစ်မနက်လုံးလည်း ရွှင်လန်းတက်ကြွနေတော့ အသံစာစာစာစာနဲ့ နေတာပဲ၊ နားကြားပြင်းတွေ ကပ်လိုက်တာ"

"ဟို ... ဟို ... ဘယ်မှာအလှပြင်လို့လဲ"

အရာရာကို အသိဉာဏ်ရှိရှိ အမြော်အမြင်ရှိရှိ ကျွမ်းကျင်ကျင် စီမံခန့်ခွဲတတ်နေမြဲ တုတုဟာ မင်းသိက္ခာကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကိစ္စမျိုး တုံ့ပြန်ချေပရတော့မည်ဆိုလျှင် အသံမထွက်တော့ဘဲ ထစ်အ ထစ်အ မျက်စိသူငယ်နှင့် လူရာမဝင်တဲ့ရုပ် ဖြစ်ဖြစ်လို့ သွားတတ်လေသည်။

"ကျွန်တော့်ကိုကျ ယမင်းရွှေဝါနဲ့ အာဘောင်အာရင်းသန် သန် တားမြစ်တတ်လိုက်တာ သူ့အလှည့်ကျ အ,ထ အ,ထစ်နဲ့"

"ယမင်းရွှေဝါက လည်လို့ မမက ပြောနေတာကို"

"မမတုရဲ့ ဘိုဘိုကြီးကကျတော့ လူအ,ကြီးပေါ့ ဟုတ် လား"

"ဟို ... ဟို"

ဒေါ်နုနုထွေးက သက်ပြင်းချရင်း ...

"ခါခါ ... အစ်မကို ဘာမှရစ်မနေနဲ့၊ နှိုင်းယှဉ်ပြောစ မျိုး အကြောင်းအရာတွလည်း မဟုတ်ဘူး၊ မမတုကိစ္စ မိသားဘသားပီပီး ဣန္ဒြေရရကိစ္စ"

"ဟား ... မေမေကလည်း ဖွတ်ပဲ၊ ကြည့်ရတာ မမတု အေးအေး၊ မေမေက ကဲကဲပါ"

တုတုသည် "အင်း ... ဟုတ်တယ်"ဟု စိတ်ထဲ ထောက်ခံနေမိပါသည်။ ဟုတ်တယ်လေ။ တကယ်တော့ အတိုင်းပါ။

"ပြော ... မမတု"

"ဘာ ... ဘာပြောရမှာလဲ"





"ဘိုဘိုကို ကြိုက်တာလား"

"ဟို ... မမက ... ဟို ..."

"မင်း အဲလိုမေးနေတာ သူက ကြိုက်နေတောင် ဖြေရဲပါ့မလား၊ မင်းကိစ္စကို မဟုတ်ဘူး ခါခါ၊ ဘေးမှာနေ ဒါပဲ"

"ကျွန်တော် သဘောမတူဘဲ မမတု ယောကျ်ားမယူရပါဘူး"

"ကဲ ... ပြောလေ ဆိုးလေ"

"ကျွန်တော် ငယ်ငယ်ကဆိုရင် ကောင်မလေးတစ်ယောက် ယောက်နဲ့ နည်းနည်းလေးအီမယ် မကြံသေးဘူး သူ တို့ ထောင်တာနဲ့ ဖြတ်ရပြီ"

"အဲဒါက မောင်လေးက ငယ်သေးပြီးတော့ ကောင်မလေး တွေကလည်း ဆတ်ကော့ လတ်ကော့လေးတွေမို့ မမက မေမေ့ကို အသိပေးရတာ"

"အဲဒါကြောင့် ရည်းစားတောင် ကောင်းကောင်းမထားခဲ့ရ ဖူးဘူး"

"မောင်လေး ဆယ်တန်းနှစ်တွေ တက္ကသိုလ်ပထမနှစ်တွေ လောက်တုန်းက ကျောက်ကပ်လဲထားကာစနဲ့ လူက နည်း နည်းချုချာတယ်မဟုတ်လား၊ Anti-rejection medication တွေ ယူနေရတဲ့အချိန်မှာ နားနားနေနေမဖြစ်ဘဲ ဟိုသွား ဒီသွား လျှောက်လည်ဖို့ ဆိုတာမျိုးတွေ တောင်းဆိုနေတဲ့ ကောင်မလေးတွေနဲ့က အရောမဝင်မှ ဖြစ်မှာမို့ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ခါခါက သူများလို လူပင်ပန်း စိတ်ပင်ပန်းဒဏ် မခံနိုင်တဲ့သူမို့ မမတုက စေတနာနဲ့ ဝင်ပါတာပဲဟာ ခါခါ့ကို ရည်းစားမထားစေချင်လို့ လူပျိုကြီးလုပ်စေချင်လို့ မှ မဟုတ်တာ”

တုတုက မင်းသိင်္ခကို ချော့မော့ဖျောင်းဖျတဲ့ လေသံချိုအေးအေးလေးနှင့် တောင်းပန်သလိုလေး ပြောနေလျှင် _

“အမယ်လေး ... ဒါတွေ သူသိပြီးသားနဲ့ကို အလကားရစ်မှရာမရှိ ရစ်နေတာ။ ထပ်ရှင်းပြမနေနဲ့ တုတု၊ လူတိုင်းသိ အားလုံးသိတဲ့ ကိစ္စတွေကို ထပ်ချော့ပြောနေရင် ညည်းမောင်က ပိုရောင့်တက်တာ သိသားနဲ့”

“သူ့ကြောင့် ရည်းစားမရှိခဲ့ရတာ”

မင်းသိင်္ခက ခွတ်တိုး ပြောနေပေမယ့် မမတု ဒီလိုပြောနေရတာကိုမှပဲ ကိုယ်ဟာ အရသာတွေ့နေတာ ကိုယ့် ကိုယ် အသိဆုံးပင်။ ကျောက်ကပ်ကိစ္စ စကားထဲပါလာတိုင်း ဘယ်စကား ဘယ်ကိစ္စ ပြောဆိုနေတဲ့ ဘယ်အချိန်မျိုး ဖြစ်ပါစေ မမတုကို ချစ်ခင်ကြင်နာတဲ့စိတ်က ရင်ထဲ ဆူဝေပြည့်သိပ်လျှံ လာတတ်ပြီး ဘယ်လိုခံစားရတယ်ဆိုတာ တိတိကျကျ ပြော တတ်အောင် ခံစားရပါသည်။

မင်းသိင်္ခရဲ့ကိုယ်ထဲမှာ မမတုရဲ့ ကျောက် တစ်လုံး ရှိနေသည်လေ။ ကိုယ့်ရဲ့အင်္ဂါအစိတ်အပိုင်းတစ်ခု မင်းသိင်္ခအတွက် ဖြတ်တောက်စွန့်လှူပေးဆပ်ရဲတဲ့ သတ္တိ





မေတ္တာစေတနာရောကို ရင်ထဲလှိုက်လှိုက်လှဲလှဲ နားလည် သဘော ပေါက်ပါသည်။

ဒါကြောင့် ပါးစပ်က ဘယ်လိုတွေပဲ ပြောဆိုနေနေ မမတု ကိုယ့်အပေါ်ထားတဲ့ အနှိုင်းမရှိစေတနာ မေတ္တာကို နားလည်ကာ မမတု သဘောမကျဘူးဆိုရင် ကိုယ်ပါ သဘောမကျနိုင်တော့တဲ့ ထပ်တူခံစားချက်မျိုး ပေါ်ပေါက်လာတဲ့အထိ ယုံကြည်ကိုးစားထားတာပါ။

“ဦးထုပ်တွေ့ပါပြီ မမတု”

“ဟော ... အောင်အောင် ဦးထုပ်တွေ့လာပြီ၊ အဲဒါဆို သွားလိုက်ကြတော့၊ ရှုံတင်နောက်ကျနေမယ်”

“သူလည်းသွားချင်နေပြီလေ၊ ဒါကြောင့် မြန်မြန်တွန်းလွှတ်နေတာ”

မင်းသိင်္ခက မကြားတကြား ရန်စ,ရင်း ထွက်လာခဲ့ပါသည်။ တုတုက မျက်စောင်းလေးလှမ်းရွယ်ကာ ...

“အောင်အောင် နေ့လယ် ဆေးတိုက်ချိန်ကျ ငါ ဖုန်းဆက်မယ်၊ နင်ဟာလေ နင်လည်းမေ့၊ သတိပေးမယ့်သူက ဖုန်းဆက်ရင်လည်း ဖုန်းတခြား လူတခြား ... ဟွန်း”

မင်းသိင်္ခတို့ ကားထွက်လာတဲ့အထိ ချိုသာတဲ့ ချစ်တော်က်သံလေးက မဆုံးနိုင်သေးတာပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၃

"မမတု ... မမတု"

ရှူတင်က ပြန်လာပြီး မမတုကို မတွေ့၍ တစ်အိမ်လုံး ပတ်ခေါ်နေသော မင်းသိက္ခာနောက်က မေမေက ကပ်ပါလာရင်း ...

"သား ဘာလိုချင်လို့လဲ"

"မေမေ ... မမတုကို ထမင်းသုပ်လေး သုပ်ခိုင်းပေးပါ သား ရေချိုးပြီးရင် စားမယ်လို့"

"တုတုမရှိဘူး သားရဲ့ မေမေ သုပ်ပေးမယ်"

သူ့သားက တခြားကောင်မလေးတွေနယ်လျှင် တတ်တာသိ၍ ဒေါ်နုနုထွေးက ကိုယ်တိုင်နယ်ပေးဖို့ ပြောတာ မင်းသိက္ခာကတော့ မျက်နှာညိုသွားကာ ...

"ဟင့်အင်း ... မေမေလည်း မသုပ်နဲ့တော့၊ အရသာ မ ဘူး၊ မမတုက ဘယ်သွားတာလဲ၊ ဘယ်သူနဲ့လဲ ဒေါ် နဲ့လား"





"မဟုတ်ပါဘူး၊ ဆီဒိုးနားမှာ အာဆီယံရိုးရာဝတ်စုံပြပွဲရှိုးရှိတာနဲ့"

"ဟင် ... အဲဒီပွဲနဲ့ မမတုက ဘာဆိုင်လို့လဲ"

"မမမြင့်တို့အတွက် ဖိတ်စာရတာလေ၊ နှစ်ဦးတက်ရမှာပေါ့၊ မမမြင့်တို့လည်း မသွားဖြစ်ဘူး ဆိုတာနဲ့ ဘိုဘိုကလည်း ကြည့်ချင်တော့ တုတုကို အဖော်ထည့်ပါလို့ လှမ်းခွင့်တောင်းတယ်လေ"

မင်းသိက္ခာက တအံ့တသြနှင့် မေမေ့ကို ကြည့်လိုက်ပါသည်။

"အဲဒါနဲ့ မေမေလည်း တုတုကို ထည့်လိုက်တယ်လေ၊ တုတုလည်း ဒီလိုအသိုင်းအဝိုင်း ဒီလိုပွဲမျိုး တက်ဖူးပါစေတော့လို့"

"ကိုဘိုဘိုနဲ့ မမတု နှစ်ယောက်ပဲပေါ့"

"အင်း ... ဘိုဘို လာခေါ်သွားတယ်လေ၊ ပြီးရင် လာပြန်ပို့ပေးမယ်"

"နေပါဦး မေမေရယ်၊ မမတုကကော သွားရော သွားချင်လို့လား"

"သူ မလိုက်ချင်ရင် ငြင်းမှာပေါ့ သားရယ်"

"မေမေက လိုက်သွားလိုက်ပါဆိုရင် မမတုက ဘော်ရှုံ တန်ရုံ ဘယ်ငြင်းနေတော့မှာလဲ မေမေရ၊ မမတုက မေမေတို့စကား နားထောင်နေကျပဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသိက္ခာသည် တော်တော် စိတ်ကသိကအောက် အနှောင့်အယှက် ဖြစ်သွားရတာပင်။ ဘာကြောင့်မှန်းမသိ ကိုဘိုဘို နှင့် မမတု နှစ်ယောက်ယှဉ်တွဲပြီး ပွဲတစ်ခုကိုသွားတာကို မျက်စိ ထဲ မြင်ယောင်ကြည့်ရင်း ရင်ထဲမှာ ပူပူထူထူ ဖြစ်လာသလိုပင်။ သူ့ရဲ့မမတုက ရိုးရိုးအေးအေးလေးပါ။

"သား ... သားမမတုက အသက်သုံးဆယ်"

"မေမေ ဒါပဲပြောပြောနေတာ သားလည်း သိပါတယ် အသက်သုံးဆယ်ရှိတာနဲ့ပဲ လူတစ်ယောက်ယောက်နဲ့ မဖြ မနေ ထိုးကြိတ်ပေးစားရမှ ဖြစ်တော့မှာလား"

"သားက မမတုကို အပျိုကြီးပဲလုပ်ပြီး မင်းရဲ့ကလေး ထိန်းဆိုတာ အတည်စဉ်းစားနေတာလား"

"အဲဒါက လုံးဝအတည်ပြောတဲ့စကားတော့ မဟုတ်ပါဘူ မေမေရာ၊ ဒါပေမဲ့ အသက်ကြီးလာတာနဲ့ပဲ မဖြစ်မ ယောကျ်ားယူကိုယူရမယ် ဆိုတာမျိုးကလည်း မဟုတ်သေ ဘူး ထင်ပါတယ်"

"ဖေဖေတို့ မေမေတို့ မရှိတော့တဲ့အခါ မင်းကိုရော တု ကိုရော ကိုယ့်မိသားစုလေးနဲ့ကိုယ် အခြေတကျ အဆင်ပြေ ပြီး သိုင်းသိုင်းဝန်းဝန်းလေး ကျန်ရစ်ခဲ့တာကိုပဲ လိုလားတ သား"

"အိမ်ထောင်မကျရင် မေမေက မကောင်းမကန်း ကျ တယ်လို့ ယူဆတာမို့လို့လား"





"သား ... ခုလောလောဆယ် သားက ကြီးမားတဲ့အောင် မြင်မှုကြီးနဲ့၊ ပြီးတော့ သားက မေမေတို့ရဲ့အမွေဆက်ခံ ရမယ့် သားရင်း၊ ယောကျ်ားလေးတစ်ယောက်လည်း ဖြစ် တယ်ဆိုတော့ တုတု နေရာက ဝင်စဉ်းစားပေးတတ်ဖို့ မလွယ်ဘူးပေါ့၊ တုတုက မိဘမဲ့၊ မေမေတို့က သမီးလေး လိုချစ်ခင်လို့ ဘယ်လိုပဲ အမွေအနှစ် ခွဲဝေပေးပါမယ်ဆိုဦး သားရင်းဖြစ်တဲ့ သားနဲ့ တစ်ယောက်တစ်ဝက်တော့ မဟုတ် ဘူး သား ...

ပြီးတော့ ဘွဲ့လေးတစ်ခု ရထားတာကလွဲရင် ဘာ အောင်မြင်မှုမှ လက်ဆုပ်လက်ကိုင် မရှိဘူး၊ သူ့အတွက်သူ ဆိုလို့ လူတန်းစေ့ဘွဲ့လေးတစ်လုံး ယူ ားတာကလွဲရင် သူ့အချိန်တိုင်းနဲ့ သူ့ခွန်အား အကုန်ကို သားအတွက်ပေး ထားခဲ့ရတော့ ဒီနေ့ ဒီအချိန်အထိ အပြင်ထွက် အလုပ်လုပ်၊ ငွေရှာတာမျိုးလည်း သူ မတတ်ဘူးလေ ...

ပြီးတော့ မိန်းမတစ်ယောက် ဖြစ်နေသေးတယ်၊ ယောကျ်ားတစ်ယောက်က တစ်ယောက်တည်း နေချင် သလောက်နေပြီး အသက် ၅၀ မှ အိမ်ထောင်ကောက်ပြု လည်း ဘယ်သူမှ မကဲ့ရဲ့ပေမယ့် မိန်းမတစ်ယောက်ဟာ အသက် ၅၀ ဆိုရင် ဒီကိစ္စမျိုး အတွေးနဲ့တောင် ငရဲကြီး ရမလို ပတ်ဝန်းကျင်က ယူဆကြတာ ...



www.burmeseclassic.com

www.burmeseclassic.com



သားက မမတုကို ချစ်ခင်တဲ့အတွက် ဘယ်လိုပဲ စောင့်ရှောက်ပါမယ်ပြောဦး သားက ဘယ်လိုမိန်းမမျိုးနဲ့ ရဦးမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး၊ မင်းရမယ့်မိန်းမ က တုတုကို မကြည်ဖြူဘူးဆိုတာမျိုးရော မဖြစ်နိုင်ဘူး လား၊ ဖြစ်ခဲ့ရင် မင်းက မိန်းမဘက်ကို ခွင့်မလွှတ်ဘဲ တုတု ဘက်ကပဲ ရပ်တည်မယ်ဆိုတာမျိုး တကယ့်လက်တွေ့မှာ လုပ်မရဘူးသား ...

ဘယ်ဘက်ကကြည့်ကြည့် တုတု အနေအထားဟာ အားကိုးရတဲ့ အိမ်ထောင်ဖက် ရှာဖွေတွေ့ရှိဖို့ လိုအပ်တယ်၊ ယုံကြည်စိတ်ချ အားကိုးရတဲ့ သူ့ကိုမေတ္တာစစ်နဲ့ချစ်မယ့် ခင်ပွန်း လိုအပ်တယ်၊ ဇွတ်တွန်းထိုးပေးစားမှာ မဟုတ်သလို မလိုအပ်ဘူးဆိုပြီး ဝင်ဖျက်ဖို့လည်း အကြောင်းမရှိဘူး မဟုတ်လား”

မေမေရဲ့ရှည်လျားပြီး သဘာဝကျတဲ့ ငြင်းစရာမရှိတဲ့ စကားလုံးများကြားမှာ မင်းသိက္ခာက သက်ပြင်းတစ်ချက်ချ ကာ ခေါင်းသာငုံ့ကျသွားရပါသည်။ သို့ပေမဲ့ ရင်ထဲမှာတော့ မကျေမနပ်တော့ ဖြစ်နေသေးသလိုပင်။ သူ့ကိုထမင်းကအစ ချွေးကျွေးခဲ့ ဖိနပ်ကအစ စီးပေးခဲ့တဲ့ မမတုဟာ တခြားသူစိမ်း ယောက်ျားတစ်ယောက်ကိုလည်း ဒီလိုပဲ ဖြည့်ဆည်းပြုစုပေးနေမယ့် အဖြစ်ကို ဘယ်လိုမှ လက်သင့်မခံချင်သလို မကြည်ဖြူချင်သလို ဖြစ်နေပါသည်။





“ဘိုဘိုက လူကောင်းတစ်ယောက်ပါ၊ ကမ္ဘာပတ်နေတဲ့လူ တစ်ယောက် ဖြစ်ပေမယ့် မလည်ဘူး၊ မရှုပ်ဘူး၊ အေးပါ တယ် သားရယ်၊ တုတုကိုလည်း တကယ်ချစ်မြတ်နိုးရှာ တာ။ မမမြင့်တို့ကလည်း စိတ်သဘောထား ပြည့်ဝတဲ့ ယောက္ခမကောင်းတွေ ဖြစ်မယ့်သူမျိုးပဲ၊ ဒါကြောင့် မေမေ သဘောတူတာပေါ့”

“ဒါပေမဲ့ ခုလိုညကြီး အပြင်ကို ထည့်လွှတ်တာကကျတော့ အညှာလွယ်ရာ မကျဘူးလား”

“မှောင်တော့ မှောင်ပြီ ဆိုပေမယ့် ညကြီးမင်းကြီးတော့ မဟုတ်သေးပါဘူး သားရယ်၊ ဒီနေ့ မင်းရှုတင်က ဒီကား ရဲ့နောက်ဆုံးနေ့ စောစောပြီး စောစောသိမ်းလာတော့ အိမ်မှာ တုတု မရှိတာကို ခါတိုင်းလိုနဲ့မှန်းပြီး သားက သိပ်မိုးချုပ်တယ် ယူဆတာနေပါလိမ့်မယ်၊ ခုမှ ခြောက်နာရီ ခွဲပဲ ရှိပါသေးတယ် သားရဲ့၊ ဒါပေမဲ့ ခုနစ်နာရီကျော် ခုနစ်နာရီခွဲမှ ပြန်လာလိမ့်မယ် ...

အဆင့်အတန်းရှိကဲ့ ပွဲမျိုးကို လွှတ်တာပါ သားရယ်၊ ရုပ်ရှင်ရုံလို၊ ပန်းခြံလို ချောင်ကြို့ချောင်ကြားလိုနေရာမျိုး တွေ လွှတ်တာမှ မဟုတ်တာ၊ ယုံကြည်လေးစားမှု ထားပေး ရမှာပေါ့”

မင်းသိက္ခာက ဘာဆက်ပြောရမည် မသိဘဲ တိတ်ဆိတ် နေသည်။ သိပ်တော့ မကျေနပ်ပေမယ့် ငြင်းချက်ထုတ်စရာလည်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှာမတွေ့။ ကန့်ကွက်စရာ အကြောင်းရင်းလည်း စဉ်းစားမရ။

"ကဲ ... သား ရေချိုးမှာဆိုရင် ချိုးတော့၊ ထမင်းက မေမေ တောင် သုပ်မ,ပေးရဦးမလား သားရဲ့"

"ဟင့်အင်း ... မစားတော့ပါဘူး"

"ဒါဖြင့် ဘာစားမလဲ၊ ထမင်းစားတော့မလား"

"စထရော်ဘယ်ရီမစ်လ်ခ်လေးပဲ သောက်လိုက်တော့မယ်၊ ဘာမှ မစားတော့ပါဘူး၊ ထမင်းလည်း မစားချင်သေးဘူး"

မင်းသိင်္ခာက အပေါ်ထပ်က သူ့အခန်းဆီ တက်လာကာ ရေချိုးဖို့ပြင်သည်။ ခါတိုင်း သူ ရှူတင်က ပြန်လာပြီး ရေချိုးမယ်ဆိုရင် ရေပူစက်ဖွင့်ပြီး ချိုးလို့ကောင်းအောင် မမတုက လာဝင်လုပ်ပေးသွားတတ်တာ။ ခုတော့ ကိုယ့်ဟာကိုယ် ခလုတ်ဖွင့်ပေါ့။

ဗီရိုအကြီးကြီးနှင့် တတွဲတည်းဖြစ်သော အဝတ်စင်မှာတော့ ပြန်ရောက်ပြီးလျှင် ရေမိုးချိုးပြီးလဲဖို့ အဝတ်အစားကို မမတုက အသင့်ထုတ်ကာ ချိတ်ပေးသွားပါသည်။ မင်းသိင်္ခာက ရေဝင်ချိုးပြီးနောက် မမတု ထုတ်ခဲ့တဲ့ ဝတ်စုံကိုလဲကာ အောက်ထပ် ပြန်ဆင်းလာခဲ့သည်။

ခါတိုင်းဆို ဒီအချိန်မှာလည်း မမတုအသံ စာစာစာစာနှင့် ...





"လုံးလုံးရေ ဒီအဝတ်ပုံကလျှော်ဖို့ မမရွှေကို သွားပေးစမ်း၊ ဒါတွေ တစ်ခုချင်း ကောက်သိမ်း၊ နှက်ဖြန်ကျရင် နေလေးပူတုန်း ခြံထဲမှာအချို့ ဖိနပ်တွေ ထုတ်လှမ်းစမ်း၊ ငါထုတ်ပေးထားမယ် သိလား၊ ပြီးရင် ဆေးဗီရိုထဲက တောင်ဆိတ်အဆီပုလင်း သွားယူစမ်း၊ ခါခါက ဒီနေ့ ဖိုက်တင်ရိုက်ခဲ့ရတော့ ခြေသလုံးတွေ တောင့်တင်းပြီး နာနေတယ်တဲ့၊ ဆီလူးပြီး နှိပ်ပေးရအောင် ... သွား"

ဒီလိုစကားမျိုးတွေ ဝေဝေဆာဆာ တစာစာနှင့် ...့အခန်းတစ်ဝိုက်မှာ ကြားနေရတတ်သည်။ မင်းသိင်္ခာရဲ့အခန်း ...ယ်ကြီးဟာ အမြဲလို ဝင်လိုက်ထွက်လိုက် ရှင်းလိုက်လင်းလိုက် ...တ်လိုက်ထည့်လိုက်တွေ လုပ်နေရ၍ တံခါးဟင်းလင်းဖွင့်ထား ...တ်မြဲ။ အိပ်ခါနီးမှပဲ အခန်းတံခါးကို ပိတ်တော့တာပါ။

တစ်ရက်တလေ မမတု အိမ်မှာမရှိလျှင် သိပ်သိသာ...ပင်။ မင်းသိင်္ခာနောက်က လိုက်နေကျ တပည့်ကောင်လေး ...င်အောင်က မမတု မရှိ၍ လျှော်မည့်အဝတ်တွေထုတ်တာ၊ ...ချို့အဝတ်တွေ မဝတ်ဖြစ်၍ ပြန်သိမ်းတာ၊ ပစ္စည်းတွေ နေရာ ...ကျ ပြန်ထားတာမျိုးတွေကို စမ်းတဝါးဝါးနှင့် လုပ်နေပါသည်။

"ဟော့ကောင် ... ဟိုဟာက လျှော်ရမှာဟ၊ သိမ်းရမှာ မဟုတ်ဘူး"

"မဝတ်ဘူး မဟုတ်လား အစ်ကိုရ"

www.burmeseclassic.com



"မင်းဟာလေ ရှူတင်ကိုပါလာပြီး ငါ့ဘာလုပ်တယ် ဘာကိုင်တယ် ဘာဝတ်တယ် ဘာတစ်ခုမှ သေချာမကြည့်ဘူး။ အဲဒါဝတ်တယ်လေ ရှုကြည့်ပါဦး ချွေးစော်တောင် နံနေမှာ"

"ဟီး ဟီး … ဟုတ်သားပဲ"

မင်းသိင်္ဂှာက ဟဲန်းဒ်ဖုန်းကို ဘောင်းဘီတိုဘေးအိတ်ထဲထည့်ပြီး အောက်ထပ်ခြံထဲအထိ ဆင်းလာခဲ့ပါသည်။ ခြံထဲမှာ တစ်ယောက်တည်း ဟိုလျှောက် ဒီလျှောက် လျှောက်နေရင်း ဘောင်းဘီအိတ်ထဲမှ ဟဲန်းဒ်ဖုန်းကိုလည်း မကြာခဏ အုပ်၍ စမ်းမိသည်။ မမတုတို့ ဖုန်းဆက်ရင် ကောင်းမလားလို့ပင်။

"မောင်လေး ဘာလဲ"လို့ မမတုက မေးရင် ဘယ်လိုဖြေရပါ့။ ဘာအကြောင်းမှ မယ်မယ်ရရ ရေရေရာရာလည်း မရှိဘဲ ဘာပြောရပါ့။

"တူတူ … တူ … တူတူ"

ရုတ်တရက် ဖုန်းခေါ်သံလေး မြည်လာ၍ မင်းသိင်္ဂှာက ဖုန်းကိုထုတ်ယူပြီး ကြည့်လိုက်ပါသည်။ ဘယ်သူ့နံပါတ်ပါလိမ့်။ များသောအားဖြင့်တော့ မင်းသိင်္ဂှာက သူ မသိတဲ့နံပါတ် အစိမ်းသက်သက်တွေဆိုရင် မကိုင်ဖြစ်လှပါ။ သူနှင့် အလုပ်ကိစ္စ ပြောမည့်သူတွေကလည်း တုတုထံ တန်းဆက်ကြတာများသည်။ အနုပညာလောကထဲက သူနှင့်ခင်မင်သူ အချင်းချင်းတွေဆိုလည်း ဖုန်းနံပါတ်တွေကို သူသိနေတာပဲ။ နာမည်နှင့်တွဲမှတ်ထားတတ်တာပဲ။





အခု ဒီဖုန်းကတော့ ဂဏန်းသာပေါ်နေကာ ဘယ်သူ့နံပါတ်လည်းမသိ။ ခါတိုင်းလိုဆိုရင် ကိုင်ဖြစ်ချင်မှ ကိုင်ဖြစ်မယ် ဖြစ်ပေမယ့် အခုတော့ မင်းသိင်္ဂှာက သူကိုယ်တိုင် ပျင်းခြောက်ခြောက် ယောင်ချာချာ ဖြစ်နေချိန်မို့ ဖုန်းကိုဖွင့်၍ ထူးလိုက်ပါသည်။

"ဟယ်လို … ပြောပါ"

"ကိုခါလား"

သူ့ကို အနုပညာလောကထဲမှာ "ကိုခါ"တို့ "ခါခါ"တို့သာ ခေါ်တတ်ကြလျက် ပရိသတ်တွေပင်လျှင် ထိုသို့ခေါ်တာများပါသည်။

"ဟုတ်"

မင်းသိင်္ဂှာက စိတ်မပါ လက်မပါနှင့် ဝတ္တရားကျေဖြေလိုက်ပါသည်။ မိန်းကလေးသံဖြစ်၍ ပရိသတ်ပဲဖြစ်မှာလို့ ထင်လိုက်သာ စိတ်မပါသော်လည်း တလေးတစားတော့ တုံ့ပြန်ဆက်ဆံရမှာပါပဲ။

"ကျွန်မ မိုးပြေးမုတ်သုန်ပါ"

"ဗျာ"

အင်း … နာမည်ကလည်း။ အံ့ဖွယ်ပဲ။ မင်းသိင်္ဂှာသည် ဒီကောင်မလေးနာမည်ကို ပြုံးချင်တာနှင့်ပဲ ရင်ထဲတင်းကျပ်နေတာတွေတောင် နည်းနည်းလျော့သွားသလို ဖြစ်ရကာ ပြုံးတုံ့တုံ့ [illegible] …

www.burmeseclassic.com



"မိုးပြေးမုတ်သုန် ဟုတ်လား၊ ခင်ဗျား စာရေးဆရာမသမီး များလား ... ဟင်း ဟင်း၊ နောက်တာပါဗျာ ... နော်"

"အဟင်းဟင်း ... ရပါတယ် ကိုခါ၊ ကျွန်မက စာရေးဆရာမသမီးတော့ မဟုတ်ဘူးရှင့်၊ ကိုခါ မှန်းဆတာ Gender လွဲသွားတယ်၊ ကျွန်မက စာရေးဆရာသမီးပါ"

"ဩော် ... တကယ်ကိုး"

"ဟုတ် ... ဖေဖေက စာရေးဆရာ ရန်ဝေးပါ"

"ဩော် ... ဟုတ်လား၊ ကျွန်တော်က ခင်ဗျားအဖေရဲ့ ပရိသတ်ပါ၊ အခုတော့ ဝန်ခံရရင် အချိန်အားက မရှိသလောက်ဖြစ်လို့ စာဖတ်အရမ်းနည်းသွားပေမယ့် ဆယ်ကျော်သက်တုန်းကတော့ အနုပညာလောကထဲ ဝင်ကာစကရော ဆရာရန်ဝေး စာအုပ်တွေ အရမ်းဖတ်ခဲ့တာပါ"

"ဖေဖေ့ကိုယ်စား ကျေးဇူးတင်ပါတယ်၊ ကျွန်မကလည်း ကိုခါ့ပရိသတ်ပါ"

"အပြန်အလှန်ကျေးဇူးပါပဲဗျာ"

တစ်ဖက်ကလည်း စကားသံ ခဏတိတ်သွားတဲ့အတွက် မင်းသိင်္ခကလည်း စကားစဆက်ဖို့ခက်ပြီး နှစ်ဦးကြားမှာ ခဏလေး ပါတ်ဆိတ်အေးစက်သွားပါသည်။

"အဟင်းဟင်း ... ကိုခါ အလုပ်များနေတာလား"

"မများပါဘူး၊ အိမ်ရောက်ရင်တော့ အနားပဲယူတော့တာဗျာ၊ အလုပ်မရှိပါဘူး၊ ဒါပေမဲ့ ထမင်းတော့ မစားရသေးဘူး"





"ဟုတ် ... မိုးပြေးလည်း ခဏပါပဲ"

"ဟုတ်ကဲ့"

"ဟုတ် ... အဲဒီတော့ ကိုခါ ဘယ်တော့လောက် စ,အားလဲ မသိဘူး"

"ဗျာ ... ဘာကိုလဲ မသိဘူး"

"ဩော် ... နေ့လယ်က မိုးပြေး ပြောခဲ့တာလေ"

"ဗျာ ... နေ့လယ်က"

"ဟုတ်ကဲ့"

"နေ့လယ်က ဘာပြောထားတာလဲ၊ ကျွန်တော် မသိဘူး"

"ဩော် ... ကိုခါ့ တပည့်လေး မေ့သွားပြီထင်တယ်"

"ဟင် ... ဟုတ်လား၊ အောင်အောင်နဲ့ တစ်ခုခု ပြောထားတာလား"

"သေချာတာပေါ့ရှင်၊ သူ့ကို သေချာမှာခဲ့တာပါ၊ အလုပ်ကိစ္စမို့ သေချာပြောထားပေးပါလို့၊ မိုးပြေး ညဘက်မှ ပြန်ဆက်လိုက်မယ်လို့လေ"

မင်းသိင်္ခက ခေါင်းယမ်းမိရင်း ...

"သူ ကျွန်တော့်ကို ဘာမှမပြောရသေးဘူး မိုးပြေး၊ ဘာကိစ္စလဲ ကျွန်တော် သိမထားရသေးလို့ ထပ်ပြောပါလားဗျာ၊ ဆောရီးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး ရပါတယ် ကိုခါ၊ ဘာမှမသိထားဘဲ မိုးပြေးရဲ့ဖုန်းကို ပြန်ဖြေတာ ကျေးဇူးတင်ရတော့မှာပဲ မိုးပြေး ကံကောင်းတာပေါ့၊ မိုးပြေး နံပါတ်သိထားပြီးပြီမှ ကိုင်တယ်ပဲ ထင်တာ"

"ကျွန်တော်က ဖုန်းလုံးဝမထူးဘူးတော့ မဟုတ်ပါဘူး စိတ်အားလူအားရှိနေတယ့်ဆိုရင် ဖုန်းပြောပါတယ်ဗျာ တော်သေးတာပေါ့၊ အောင်အောင်ဟာတော့ အမြဲရှုပ်ဖျာ ဗျာ၊ ဘာမှမရေမရာ မသေချာဘူး၊ သူ့လောက် မေ့လျော့ တတ်တာလည်း မရှိတော့ဘူး၊ ဆောရီးဗျာ၊ ဘယ်လိုအလု ကိစ္စများ ပြောထားတာလည်း မသိဘူး၊ ကျွန်တော့် ထပ်ပြောပါဦး"

"နောက်လထဲ အမျိုးသားကဇာတ်ရုံမှာလုပ်မယ့် Conc မှာ ကိုခါ သီချင်းနှစ်ပုဒ် ဆိုဖို့ပါတယ် မဟုတ်လား"

"ဩော် ... ဟုတ်တယ်ဗျ၊ ကျွန်တော် နှစ်ပုဒ်ဆိုပေးရမ သီချင်းတွေက အသစ်ဝယ်ထားတာဆိုတော့ ကျင့်တုန် တော်တော်ဟော့ ချောနေပြီ၊ အဲဒီသီချင်းနဲ့ ဘယ်လိုမျ"

"မိုးပြေးက ကိုခါ အဲဒီသီချင်းဆိုရင် နောက်က က မယ့်ဘာက်ဂရောင်းဒန်ဆာအဖွဲ့ကပါ"

"ဩော်"

"မိုးပြေးတို့အဖွဲ့က မိန်းကလေးနှစ်ယောက် ယောကျာ်း သုံးယောက်အဖွဲ့လေ၊ အဲဒီ Concert အတွက် မိုးပြေ





အဖွဲ့ကိုလည်း သီချင်းတချို့မှာ နောက်ခံကပေးဖို့ ပြောထားပါတယ်၊ ကိုခါ့သီချင်းကို မိုးပြေးတို့ ကပေးရမှာပါ၊ ပြီးခဲ့တဲ့အပတ်က တီးလုံးရပြီးပါပြီ၊ အဲဒီတော့ မိုးပြေးတို့ကကွက်လည်း တိုက်လိုက်ပြီးပါပြီ"

"ဟုတ်ကဲ့"

"မိုးပြေးတို့ချင်းတော့ အမြဲချိန်းပြီး အကတိုက်နေကျဖြစ်ပေမယ့် ကိုခါ့ကိုလည်း ကကွက်တွေ တိုက်ပေးရဦးမှာ မဟုတ်လား၊ ကိုခါကတော့ မိုးပြေးတို့နဲ့ နေ့စဉ်ရက်ဆက် ချိန်းပြီး တိုက်နိုင်ဖို့မလွယ်တော့ ကိုခါ အားတဲ့အချိန်လေး ညှိပြီး တိုက်ပေးရမှာပါ၊ အဲဒီတော့ ငါးယောက်လုံးအဆုံ ချိန်းပြီး သင်နေတိုက်နေဖို့ မလွယ်ပါဘူး ...

ဒီတော့ ကိုခါ့ကို ကကွက်ပြဖို့ သင်ဖို့ တိုက်ပေးဖို့ တာဝန်ကို မိုးပြေးပဲ ယူလိုက်ပါတယ်၊ ကိုခါ အားတဲ့အချိန် မိုးပြေးနဲ့ပဲချိန်းပြီး အကတိုက်ဖို့ ရှိပါတယ်၊ သီချင်းနှစ် ပုဒ်စာဆိုရင် သိပ်တော့ ကြာကြာ မတိုက်ရပါဘူး ကိုခါ၊ တစ်ပုဒ်ကို နှစ်ရက်လောက်ဆိုရင် ဖြစ်ပါတယ်"

"ဩော် ... ဒန်ဆာအဖွဲ့နဲ့ အကတိုက်ရမယ်ဆိုတာ တော့ ပွဲစီစဉ်တဲ့ ကိုတော်မီ ပြောထားပါတယ်၊ ငါးယောက်လုံးနဲ့ တိုက်ဖို့ မလိုဘူးပေါ့နော်"

"ငါးယောက်လုံးနဲ့က ရီဟာဆယ်နဲ့ ဖိုင်နယ်ရီဟာဆယ်ဆိုပြီး ရက်ကပ်မှ နှစ်ကြိမ်ခေါ်ပါတယ်၊ အဲဒီကျမှ တိုက်လို့ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကြိုပြီး ကကွက်သင်ထားရမှာပါ၊ အဲဒါကတော့ ကိုခါလည်း ကိုယ့်ဟာကိုယ် အိမ်မှာကျင့်နေလို့ရအောင် စောစောလေး သင်ထားမှ အဆင်ပြေမှာမို့ပါ"

"ဟုတ်ကဲ့ ... သင်ရမှာပေါ့၊ ဘယ်မှာသင်ရမှာလဲဗျ"

"ကိုခါ အဆင်ပြေတဲ့နေရာ ပြောပါ"

"ကျွန်တော့်အိမ်ရော"

"ဖြစ်ပါတယ်"

"မိုးပြေးကို အားနာပေမယ့် အိမ်မှာမှ ကျွန်တော် အချိန်ဖန်တီးဖို့ လွယ်မှာမို့လို့ပါ၊ မိုးပြေးကို ကြိုပေးပါ့မယ်"

"ကြိုပေးဖို့ မလိုပါဘူး၊ မိုးပြေးဘာသာ လာမှာပါ"

"ကိုယ့်ဘာသာလာတော့ ကရိကထများမှာစိုးလို့ပါ၊ တကူးတက ပင်ပန်းမလားလို့ပါ"

"တကူးတက မဖြစ်ပါဘူး၊ မိုးပြေးဘာသာ မောင်းလာမှာပါ"

"ဩော်"

သူမဟာ သာမန် ဒန်ဆာလေးတစ်ယောက်သာ မဟုတ်ဘဲ ကိုယ့်ကားကိုယ်တိုင်မောင်းကာ လှုပ်ရှားသွားလာနေ ကောင်မလေးတစ်ယောက်ပေါ့။

"အားတော့နာတယ်ဗျာ၊ ကျွန်တော်အားတဲ့အချိန်ဆို ခုလို ညဦးပိုင်းအချိန်မျိုးတွေ ဖြစ်တတ်တော့ မိုး အဆင်ပြေပါ့မလား"





"မနက်စောစော ဆိုရင်ရော"

"မနက်စောကျတော့ ကျွန်တော် မနိုးလို့ပါ"

"အဟင်း ဟင်း ... အင်းလေ၊ ရပါတယ် ဒီအချိန်ဆိုလည်း ဒီအချိန်ပဲပေါ့လေ၊ ရက်သိပ်ကြာမှာမှ မဟုတ်တာ"

"အဲဒါလည်း အားနာပါတယ်ဗျာ"

"ရှင် ... ဘာကိုလဲ"

"ကျွန်တော်က သီချင်းဆိုတာတော့ ဟိုအရင်ကတည်းက ဝါသနာပါလို့ သိပ်အခက်အခဲမရှိ ဆိုနိုင်ပေမယ့် အကကို တော့ တစ်ခါမှ မစမ်းသပ်ဖူးဘူးဗျ၊ အကနဲ့ အရမ်းစိမ်းပါ တယ်၊ မိုးပြေး ထင်သလို တစ်ပုဒ်နှစ်ရက်လောက်နဲ့တော့ တတ်သွားဖို့ မလွယ်ဘူး ထင်တယ်ဗျ"

"ကကွက်လေးတွေက မခက်ပါဘူး ကိုခါရဲ့"

"ဒါပေမဲ့ အချိုးကျဖို့က လိုသေးတယ်လေ၊ ကပြီဆိုရင် တော့လည်း ကိုးရိုးကားရား ဖြစ်မနေချင်ဘူးဗျာ၊ မကရင် လည်း မကဘဲနေ၊ ကရင်လည်း အဆင်ပြေအချိုးကျချင် တယ်လေ၊ ဒီတော့ အဖြစ်လောက်သင်ရုံပဲတော့ ကြည့် ကောင်းမယ် မထင်ဘူး၊ ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျွမ်းကျင်ကျင် ဖြစ်တဲ့အထိ သင်ချင်တယ်၊ အဲဒါတော့ မိုးပြေး ခန့်မှန်း ထားတဲ့ရက်ထက် ပိုကြာလိမ့်မယ်ထင်တယ်၊ အဲဒီအတွက် အဆင်ပြေပါ့မလား၊ ကျွန်တော်က ကြိုပြောထားတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ တစ်ပုဒ်နှစ်ရက်နဲ့ လေးရက်ပြီးရင် မိုးပြေးက ဆက်မသင်နိုင်တော့ဘူးဆိုရင် ကျွန်တော် တစ်ဝက်တစ်ပျက်ကြီးနဲ့ ဂီနေမှာစိုးလို့"

"အဟင်း ဟင်း"

"ဟုတ်တယ်ဗျ၊ ကတယ်ဆိုတာကလည်း ပါရမီပါဦးမှ၊ ပြီးတော့ နှစ်ရက်ဆိုပေမယ့်လည်း တစ်နေကုန်အပြည့် နှစ်ရက်မှ မဟုတ်တာလေ၊ ညဘက်လေး နှစ်ညပဲရမှာ မဟုတ်လား၊ အကပါရမီ ပါမပါ ကိုယ့်ကိုယ်ကိုယ် မပြောနိုင်သေးဘူးဗျ"

"သရုပ်ဆောင်မှာ ဒီလောက်တောင် ပါရမီပါနေတဲ့ လူတစ်ယောက်က အကမှာလည်း မညံ့နိုင်ပါဘူး ကိုခါရယ်၊ သီချင်းထဆိုလိုက်တော့လည်း ကောင်းနေတာပဲ မဟုတ်လား၊ အနုပညာတွေက တစ်ခုနဲ့တစ်ခု ဆက်စပ်မှုရှိနေတာလေ၊ အက,က သူ့အကွက်လေးနဲ့သူ စည်းချက်ကျကျ လှုပ်ရှားလိုက်ရုံပဲ မဟုတ်လား၊ သရုပ်ဆောင်ရတာလောက် ခက်မယ် မထင်ပါဘူး ...

မိုးပြေး ဆိုရင် သရုပ်ဆောင်တွေကို အရမ်းအားကျတာ၊ ချီးကျူးလည်း ချီးကျူးမိတယ်၊ မိုးပြေးသာဆိုရင် ကိုခါတို့တွေလို မှင်သေသေ သဘာဝကျကျလေး သရုပ်ဆောင်နိုင်ပါ့မလားဆိုတာမျိုး အမြဲတွေးမိတယ်"





"မိုးပြေးက သရုပ်ဆောင် ဝါသနာပါလို့လား"

"ဟုတ်ကဲ့၊ ဝါသနာပါတယ်၊ တစ်ဆင့်ပြီးတစ်ဆင့် ကူးချင်တဲ့ မျှော်လင့်ချက် ခြေလှမ်းတွေထဲမှာ တစ်ခုအပါအဝင်ပေါ့"

"အော် ..."

"သရုပ်ဆောင်သင်ရရင် ပိုခက်မယ် ထင်တယ်"

"မိုးပြေးက ကျွန်တော့်ကို အကသင်၊ ကျွန်တော်က မိုးပြေးကို သရုပ်ဆောင်သင် အပြန်အလှန်ပေါ့ ... ဟား ဟား ဟား"

"အမယ်, တကယ်လား"

"ရပါတယ်ဗျ၊ ဒါကတော့ လူတွေက ကိုယ်မတတ်တဲ့အလုပ်ကို ပိုခက်တယ် ထင်တတ်တာပဲပေါ့၊ ကျွန်တော့်အတွက်ကျတော့ ကဖို့က တကူးတက က,ယူရမှာ၊ သရုပ်ဆောင်ရတာလို သူ့ဟာနဲ့သူ အလိုအလျောက် ပြေပြေပြစ်ပြစ် ပေါ့ပေါ့ပါးပါး ပြီးသွားမယ် မထင်ဘူးဗျ"

"အင်းပါ ကိုခါရယ်၊ နှစ်ရက်နဲ့ မကျွမ်းကျင်လည်း ဘယ်နှရက်ကြာကြာ မိုးပြေး လာသင်ပေးပါ့မယ်"

'ကျေးဇူးပါပဲဗျာ"

"ဒါဖြင့် ဘယ်နေ့ကစ,မလဲ၊ မိုးပြေး ဘယ်အချိန် လာရမလဲ ကိုခါ ပြောလေ"

မင်းသိင်္ခါက မိုးပြေးနှင့် အချိန်ချိန်းလိုက်ပါသည်။ ... မရှိတဲ့အချိန်ဖြစ်၍ မိုးပြေးနှင့် စကားပြောရင်း အချိန်တွ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြာမြင့်ကုန်ဆုံးသွားတယ်လို့တောင် မသိလိုက်ပါ။ ခြံ
တံခါးမှ ကားတစ်စီး ဝင်လာတာ တွေ့မှပင် မမတု ပြန်လာတာ
ဖြစ်မည်လို့ သတိပြုမိကာ ...

"မိုးပြေး ... ကျွန်တော် ဖုန်းချဖို့ ကိစ္စတစ်ခုပေါ်လာပြီ ခင်ဗျ"

"ဪ ... ဟုတ်ကဲ့၊ ချလိုက်ပါ ကိုခါ၊ ဆီးယူ ... ဗွဲ နိုက်"

"ဂွဒ်နိုက်"

မိုးပြေးနှင့် စကားပြောနေလိုက်ရတာက သူ့စိတ်
အများကြီး မေ့မေ့ပျောက်ပျောက် စိတ်ပြေလက်ပျောက်ဖြစ်စေ
မှန်း သတိပြုမိပါသည်။ ဘာကြောင့်လဲဆိုတော့ ဖုန်းကို ခလု
နှိပ်ပိတ်လိုက်တာနှင့် မမတုနှင့် ကိုဘိုဘို တော်တော်ကို ခပ်နော
ကျကျမှာမှ ပြန်လာတာပါလား ဆိုတာကို ဒိန်းခနဲတန်းပြီးတွေ
မိကာ ချက်ချင်းလက်ငင်းကြီးပဲ မင်းသိက္ခာ ရင်ထဲမှာ မကျေမ
စိတ်က ထူပူထကြွလာလို့ပင်။

ဘိုဘိုရဲ့ကားက မင်းသိက္ခာရှိနေတဲ့နေရာအနား ခ
တီကိုအောက်မှာပင် ထိုးရပ်သွားပါသည်။ ဘိုဘိုက သူ့ဘက်
နီးနီးမှာ မင်းသိက္ခာ ရှိနေတာမို့ သူ့နံဘေးမှန်ကို လျှောချလို
ရင်း ...

"ပြန်ရောက်ပြီလား ညီလေး၊ ဒီနေ့စောတယ် ထင်တယ်"

"ဒီအချိန်က မစောတော့ပါဘူးဗျ"





ဘိုဘိုက ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသလို
တစ်ချက်အမ်းသွားပြီးမှ ...

"ပြန်လိုက်ဦးမယ်"

"ဟုတ်"

မင်းသိက္ခာက ခေါင်းညိတ်ပြလိုက်ပါသည်။ ဘိုဘို
က ဟိုဘက်တံခါးဖွင့်ဆင်းလိုက်တဲ့ တုတုကို လှမ်းကြည့်ရင်း ...

"သွားပြီ တုတု"

"ဟုတ်ကဲ့ ကိုဘိုဘို"

နှစ်ဦးအကြားက ဘိုဘို့ကား ထွက်ခွာသွားလျှင်
တုတုနှင့် မင်းသိက္ခာက မျက်နှာချင်းဆိုင် ဖြစ်သွားပါသည်။
တုတုက ကြည်လင်သော အပြုံးလေးနှင့်ပင် ...

"မောင်လေး ... ခြံထဲဆင်းလို့ပါလား၊ ထမင်းစားပြီးပြီ
လား"

"ဘယ်စားရဦးမှာလဲ၊ လျှောက်သွားနေပြီးတော့များ လာမေး
နေတယ်"

"ဟင် ... ဘာဖြစ်လို့လဲ၊ မမတုကို စောင့်နေတာလား"

"မစောင့်ပါဘူး၊ ဗိုက်ချင်းဆုံတာမှတ်လို့"

"ဟင် ... ဒါဆို ဘာဖြစ်လို့ ! "

"ထမင်းသုပ်တာ စားချင်လို့ဟာကို၊ မမတုက ဘာဖြစ်လို့
ဒီလောက်တောင် နောက်ကျရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပွဲတစ်ဝက်တစ်ပျက် ထ,ထွက်လို့ မကောင်းဘူး မဟုတ်လား ခါခါရယ်၊ ဒါတောင် ဝတ်စားဆင်ယင်မှုပြပွဲပြီးတော့ ရိုးရာထွက်ကုန်ဈေးရောင်းပွဲ ဆက်ရှိသေးတယ်၊ မမတုက ဝယ်ချင်တာလည်း မရှိလို့ ဆက်မကြည့်ဘဲ ပြန်ကြရအောင်လို့ ကိုဘိုဘို့ကို ပြောပြီး ပြန်ခဲ့ကြတာမို့လို့ ဒီအချိန်ပြန်ရောက်တာ၊ သူများတွေ ဈေးရောင်းပွဲ ဆက်ကြည့်နေကြတာ မပြန်ကြရသေးဘူး ခါခါရဲ့"

"ဒီအချိန်ကြီးရောက်ပြီး မိုးချုပ်နေမှ မပြန်လို့ရမလားဗျ၊ မေမေက ခွင့်ပြုတယ်ဆိုတာနဲ့ပဲ ဖောင်းကလွှတ်တဲ့မြင်းလို ဟီပြီး ဝမ်းသာအားရသွားတော့တာပဲ"

"ဟဲ့ ... အစ်မကို အဲလိုပြောရလား ခါခါနော်"

"ပြောတာပေါ့၊ ဟိုလူလည်းကြည့်လို့ကို မရဘူး"

"ကိုဘိုဘိုက ခါခါ မကြိုက်တဲ့အချက် ဘာရှိလို့လဲဟင်"

"မကြိုက်တဲ့အချက်ရှိတာ မဟုတ်ဘူး၊ ကြိုက်တဲ့အချက်မရှိတာ၊ ရှင်းပါတယ်နော်"

တုတုက စူပုပ်ပုပ် မင်းသိင်္ခာကို ဖွေမယူနိုင်တဲ့ မျက်စောင်းလေးနှင့် ...

"အလကားနေ ရစ်ဖို့ပဲ၊ မိုက်ဆာနေလို့ မဟုတ်လား ကဲ ... ကဲ ... လာ"

"မဆာဘူး"





"လာပါ၊ မမတုု ထမင်းလေး မြန်မြန်ပြေးသုပ်လိုက်မယ်၊ ခါခါ ခဏလေးပဲစောင့်နော်၊ လာပါ ခါခါရဲ့၊ လာပါဆို"

တုတုက မင်းသိင်္ခာရဲ့လက်လောက်ဝတ်မှ အတင်းဆွဲကာခေါ်၍ မင်းသိင်္ခာက နောက်ယိုင်ကာ ပေကတ်ကတ်လုပ်ရင်းက စူပုပ်ပုပ် ပါလာပါသည်။

✤ ❣ ✤



www.burmeseclassic.com

www.burmeseclassic.com



## ❦ ၄ ❦

မင်းသိင်္ခာကြိုက်တတ်တဲ့ ကီဝီသီးကို Fresh Juice ဖျော်ကာ နှစ်ဖန်ခွက်ထည့်ပြီး ဇန်းကလေးနှင့် ယူလာသော တုတုသည် ဖွင့်ဟထားတဲ့ အခန်းတံခါးကို အသာအယာတွန်းကာ ဝင်သွားလျှင် ...

"ဟောတော်"

မိုးပြေး ဆိုတဲ့ကောင်မလေးက မင်းသိင်္ခာရဲ့ကျော ပြင်ဘက်ကို ရင်ခွင်အပ်၍ကပ်ကာ လက်နှစ်ဖက်က မင်းသိင်္ခာရဲ့ လက်နှစ်ဖက်ကို အေးဆွဲကားထားတဲ့ပုံစံနှင့် အလွန်ပူးပူးကပ်ကပ် ပုံစံကြီး မြင်တွေ့လိုက်ရ၍ အံ့ဩလန့်ဖျပ်ကာ လက်ထဲကဇန်းပင် ပြုတ်ပျက်ကျတော့မလို ဖြစ်သွားရပါသည်။

"ရင်ကိုဖွင့်ထား"

"အင်း"





"လက်နှစ်ဖက်က တစ်ရာ့ရှစ်ဆယ်ဒီဂရီထက် ကျယ်ပြီး နောက်ဘက်ရောက်နိုင်သလောက် ဆွဲကားထားရမယ်၊ ဒီလို နော်"

"အင်း ... အင်း"

"ရင်ကိုဖွင့် ကျောကိုကော့ပါဆို"

မင်းသိင်္ခာရဲ့မတ်တောင့်တောင့် ဖြစ်နေသော ကျော ပြင်ကို သူက သူ့ရင်ခွင်နှင့် ဖိတွန်းကာ အတင်းရှေ့ကော့နေစေ၍ ...တုမှာ မျက်ကလဲဆန်ပျာနှင့် ...

"ဘုရား ... ဘုရား"

တိုးတိုးတိတ်တိတ်လေး ဘုရားတောင် တမိပါသည်။ ...နေအထိုင် ရဲတင်းရင်းနှီးလှပါလား။ ယောက်ျားလေးချင်း ...ကလေးချင်းလိုကို သဘောထားကာ အတင်းကြီး ထိတွေ့ပူး ...နေတော့တာပါလား။

"အဟမ်း ... အဟမ်း ... အဟမ်း"

တုတုက လည်ချောင်းမယားပဲ ချောင်းသံကြီးပေး ...ရပါသည်။ မင်းသိင်္ခာက လှည့်ကြည့်ကာ ...

"အား ... အတော်ပဲ၊ ရေငတ်နေတာ"

ပြုံးပြုံးကြီးပြောကာ သူ့ကိုယ်ကိုပါ လှည့်လိုက်၍ ...က မင်းသိင်္ခာ ကျောနောက်ဘက်မှ အလိုလို ခွာလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



"အား ... ကိုခါကလည်းကွာ၊ အကထဲမှာ အာရုံကိုမရှိဘူး"

"ချွေးတွေထွက်ပြီး ရေငတ်လာလို့ပါ၊ မိုးပြေးလည်း မော မှာပေါ့၊ ရော့ ... သောက်"

မိုးပြေးက ဖန်ခွက်ကိုတော့ လှမ်းယူရင်း ...

"ဒီလောက်လေးနဲ့ မောစရာလား၊ တစ်ခါတလေ သီချင်း အပုဒ်နှစ်ဆယ် အစိတ် စင်ပေါ်မှာ ဆက်တိုက်ကရတာ"

"ဟုတ်လား ... သေရောပေါ့"

"မသေပါဘူး၊ ကိုယ်ဝါသနာပါတာ လုပ်နေရတာပဲဟာ ပျော်နေတာပဲကို"

"သီချင်းနှစ်ဆယ် အစိတ်ဆိုတာ မနည်းမှမနည်းတာ"

"ပြီးခဲ့တဲ့ သကြ်န်က အပင်ပန်းဆုံးပဲ၊ မဏ္ဍပ်ကငှားထား ဆိုတော့ မနက်မဏ္ဍပ်ဖွင့်တဲ့အချိန်ကနေ ညနေမဏ္ဍပ်သိမ်း တဲ့အချိန်ထိ တစ်နေကုန် ကရတာ၊ ကြားထဲမှာ ခဏတ ပဲ နားရတာ၊ ခြေတွေလက်တွေကို နာနေတာပဲ"

တုတုသည် စွပ်ကျယ်ရှိုင်းဟိုက်ဟိုက်ပြတ်ပြတ် အ တစ်ထပ်၊ အပေါ်က အစိမ်းရောင်တစ်ထပ်နှင့် အောက်ကကွ ကွက်အဆင်ဘောင်းဘီ ခြေသလုံးတစ်ဝက်စကလေး ဝတ အရပ်မြင့်မြင့် သွယ်ကျော့ကျော့ ရွှေရောင်ဆံပင်လေး လန်းဆန်းမြူးပျံ့နေသော မိုးပြေးရဲ့ပုံစံလေးကို ခပ်လှမ်းလှ နေ ငေးမောနေမိသည်။





ခါခါထက်တောင်ငယ်မှာ။ ခုမှ အလွန်ဆုံးရှိလှ နှစ်ဆယ့်တစ် နှစ်ဆယ့်နှစ်ပေါ့။ ငယ်ဂုဏ်ဆိုတာဟာ လူတစ်ယောက် ရာ အတော်စကားပြောတယ်ဆိုတာ တကယ်ပင် မှန်ပေသည်။ ရုပ်ရည်လေးက အချောအလှကြီး မဟုတ်ပေမယ့် ကပြားလိုလို ရုပ်ဆန်းလေးနှင့် အသားဖြူဖြူ ဆံပင်ရွှေရောင်ဆိုးပြီး ငယ်နုကြွ သွက်နေတော့ ငေးကြည့်နေရမတတ် ကြည့်ကောင်းနေတော့တာ ပင်။

ခုဆိုရင် ညနေ မင်းသိင်္ခာ ရှူတင်က ပြန်လာတာ င်း သူလည်းရောက်လာတတ်ကာ အကတိုက်နေတာ ဘယ်နှရက် တောင် ရှိနေပြီလဲ။ အစကတော့ တစ်ပုဒ်နှစ်ရက်လောက်လို့ ပြောပေမယ့် ခုတော့ ငါးရက်လောက်တောင်ရှိတဲ့အထိ တစ်ပုဒ် တောင် မပြတ်သေး။

အက,က ထင်သလောက် တိုးတက်မလာဘဲ သူတို့ ယောက်ရဲ့ ရင်းနှီးပွင့်းကပ်မှုကသာ ထင်တာထက် တိုးတက် တက်လာနေသည်။

"ဒီတစ်ပုဒ်တော့ ကျွမ်းလာပြီလား ခါခါ"

မင်းသိင်္ခာက နှာခေါင်းရှုံ့လိုက်ရင်း တုတု ထိုင်နေ စ်ယောက်ထိုင်ဆိုဖာမှာ တုတုနံဘေး ခပ်နီးနီး ဝင်ထိုင်လိုက် သည်။ သူတို့ အကတိုက်နေကြတဲ့နေရာက မနက်တိုင်း မင်း ဘော်ဒီကစားနေကျ အိမ်တွင်း Gymnasium လေးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



"ကတာက ထင်သလောက် မလွယ်ဘူးဗျ မမတုရ"

တုတုက ဆိုဖာနံဘေး စားပွဲသေးသေးပေါ်က တစ်ရှူးဘူးထဲမှ တစ်ရှူးသုံးလေးရွက်ကို တဖျပ်ဖျပ် ဖြုတ်လိုက်ရင်း မင်းသိင်္ခာ နဖူးကိုတို့ကာ အုပ်ကာ ချွေးတွေသုတ်ပေးလိုက်ပါသည်။

"မမ တွေ့တာတော့ မဆိုးပါဘူး၊ ခါခါ တော်တော်ရနေပါပြီ"

မိုးပြေးက တုတုကို လှမ်းစိုက်ကြည့်နေပါသည်။ သူ့နဖူးကို ချွေးသုတ်ပေးနေတာကို ငြိမ်ခံနေရတဲ့ မင်းသိင်္ခာလည်း အကဲခတ်နေပါသည်။

"အကြမ်းဖျဉ်းအကွက်တွေတော့ သိပြီ မမတုရဲ့၊ မြန်မြန်သွက်သွက်လေး မကျွမ်းသေးတာပေါ့"

"နောက်ကစ်ပုဒ်လည်း ကျန်သေးတာနော်၊ ဘယ်နှရက်ဆက်တိုက်နေရဦးမလဲ မသိဘူး"

တုတုက မိုးပြေးထံ မေးသလိုလို သူ့ဟာသူပြောသလိုလိုနှင့် မိုးပြေးထံ တစ်ချက်တော့ လှမ်းကြည့်လိုက်၍ –

"တကယ့်ပွဲနေ့အထိကိုပဲ ဖြစ်သွားလိမ့်မယ် ထင်တယ်"

မိုးပြေးက ဖြေလိုက်ပါသည်။

"ဟင် ... ဒါဆိုရင်တော့ ခါခါ ဘယ်အနားရတော့မလဲ ညီမရယ်"





"အခုက အနားရဖို့ထက် စင်ပေါ်မှာ လှလှပပ အချိုးကျဖို့က ပိုအရေးကြီးနေတာလေ မမ"

"ခါခါက တကယ်တော့ သရုပ်ဆောင်မင်းသားပဲလေ၊ အဓိက,က အဆိုတော်အလုပ်မှ မဟုတ်တာ၊ ဒီ Concert မှာလည်း နှစ်ပုဒ်လောက် ဝင်ဆိုပေးပါလို့ ကိုတော်မီတို့က အကူအညီတောင်းလို့ ကူညီတဲ့သဘောပဲ၊ တကယ့် Dancer တစ်ယောက်လိုတော့ အကျွမ်းကျင်ကြီး ကနိုင်ဖို့မလိုပါဘူး ထင်တယ် ..

တစ်ပုဒ်လုံးတော့ သင်ထားပေါ့လေ၊ ကတဲ့အခါကျတော့ သီချင်းပဲဆိုတဲ့အခါဆို တစ်ကွက် နှစ်ကွက် ဝင်ကလိုက်တဲ့အခါလည်းက၊ သိပ်မပင်ပန်းတဲ့ အကွက်လေးတွေ ဝင်လှုပ်လိုက်ပြီး နည်းနည်းပါးပါး ကနိုင်ရင် အဆင်ပြေပါတယ် မဟုတ်လား၊ တစ်ပုဒ်လုံး အစအဆုံးကဖို့ဆိုရင် သီချင်းဆိုရတာလည်း မောလာမယ်လေ၊ ခုဟာက နှစ်ပုဒ်တောင်၊ မမတု ပြောတာ မဟုတ်ဘူးလား ခါခါ"

မင်းသိင်္ခာက ခေါင်းတညိတ်ညိတ်နှင့် ...

"မိုးပြေး ... မမတု ပြောတာ ဟုတ်သားပဲ၊ အစအဆုံးကရင်းဆိုရင် ကိုယ် အသံတောင် ရပါတော့မလား၊ အဆိုပျက်မလား မသိဘူး"

မိုးပြေးက သက်ပြင်းတစ်ချက်ချကာ ...

www.burmeseclassic.com



"မိုးပြေးက ကိုခါ့ကို မရိုးသတ်တွေ အုံအားတသင့် သဘော တွေ ကျသွားစေချင်တာ၊ ကိုယ်က သရုပ်ဆောင်မှာအောင် မြင်နေပေမယ့် ဒီပွဲမှာ နည်းနည်းကဲ့ရဲ့စရာဖြစ်သွားတာမျိုး မဖြစ်စေချင်ဘူး၊ မလုပ်ရင်လည်း အလျှင်းမလုပ်ဘဲ လုပ် ရင်တော့ အကောင်းဆုံး ဖြစ်စေချင်တာ"

"အဲဒါလည်း ဟုတ်တော့ ဟုတ်တယ်"

"ဒါပေမဲ့ အရမ်းကပြီး မောပြီး အသံမထွက်မှာကိုစိုး ခါခါ"

"ဟုတ်တယ်၊ အဲလိုဖြစ်သွားနိုင်တယ် မိုးပြေး၊ အဲဒါ မိုဆိုးမယ်"

မိုးပြေးက တုတုကို ဖျတ်ခနဲကြည့်ကာ မင်းသိ ထံ ပြန်ကြည့်ရင်း ...

"အဲဒီတော့ ကိုခါ သင်တာတော့ အပြည့်သင်ကိုသင်ထား ရမယ်၊ အိမ်မှာကျင့်တုန်းတော့ အကွက်တိုင်း ကျွမ်းကျ သေသပ်နေအောင်ကျင့်မှဖြစ်မယ်၊ စင်ပေါ်ကျတော့ မ ပြောသလို ကတဲ့အကွက်လည်း ဝင်ကလိုက်၊ ဝင်မက ဆိုပဲဆိုနေလိုက်တဲ့အခါလည်း ဆိုလိုက်ပေါ့၊ အဲလို ပေါ့ ...

အဲလိုလုပ်ဖို့က တစ်ပုဒ်လုံး ကျွမ်းတော့ကျွမ်းနေ ဖြစ်မယ်"





"အင်း ... ဟုတ်ပါတယ်လေ ကျင့်တော့ ကျင့်ထားရမှာပဲ၊ စင်ပေါ်ကျတော့ နည်းနည်းမောမယ်ထင်ရင် ကလိုက်၊ မကလိုက် လုပ်ပေါ့၊ ဒါပဲရှိတာပဲ၊ နော် ... မမတု"

တုတုက ဆက်ပြီးကန့်ကွက်ငြင်းဆန်မပြောသာ၍ တ်ဆိတ်နေလိုက်ရပါသည်။ မိုးပြေးမုတ်သုန် ဆိုတဲ့ ကောင်မလေး ကို စိတ်ထဲမှာ သိပ်ပြီးဘဝင်မကျပါ။ မင်းသိင်္ခါအပေါ် လိုအပ် တာထက် ရင်းနှီးထိတွေ့ ပူးကပ်ပွတ်သပ်လွန်းတယ် ထင်နေကာ က်စိစပါးမွေး စူးလှသည်။

ကိုယ်က အပျိုအရွယ်လေးပဲ။ သူစိမ်းယောကျ်ားတစ် ယာက်ကို ဒီလောက် နီးစပ်ပူးကပ်ပြီး သင်စရာလား။ ဒါလည်း င်းသိင်္ခါ ဖြစ်နေလို့ မဟုတ်လား။ လမ်းဘေးက ကလေကချေ ာပလာကောင်လေးတစ်ယောက်ကိုဆိုရင် ဒီလောက်ပူးပူးကပ် ပ် ပွတ်ပွတ်သပ်သပ် သူသင်မှာတဲ့လား။

လေးငါးရက်အတွင်းမှာ မင်းသိင်္ခါနှင့် လိုတာထက် တာ အတော်ကြီး ရင်းနှီးပြီး ပြောမနာ ဆိုမနာ ထိမနာ တို့ ာ အဆင့် ဖြစ်နေပြီလေ။

"ရက်ဆက်တိုက်ကြီး ကျင့်နေရတော့ ခါခါလည်း နေ့တိုင်း နားချိန်မရ၊ မိုးပြေးလည်းပဲ လာရ ပြန်ရနဲ့ တပင်တပန်း တကူးတက ဖြစ်နေလို့"

တုတုက မိုးပြေးကိုကြည့်ကာ တစ်ခွန်းထပ်ပြောလိုက် သည်။

www.burmeseclassic.com



"ကိစ္စမရှိပါဘူး မမရဲ့၊ မိုးပြေးက ကိုခါကို အခု အရှမ်း စေတနာပေါက်နေပြီ၊ အလုပ်သဘောကတော့ဘဲ အရှမ်း လည်းရင်းနှီးလာတော့ အရှမ်းကောင်းစေချင်တဲ့ စေတနာ က ပိုပိုလာနေပြီ၊ မိုးပြေး ပင်ပန်းတာ ပင်ပန်းပါစေ၊ ပင် ပန်းတယ်ကို မမှတ်တာ၊ ကိုခါ တစ်ရက်ထက်တစ်ရက် ကျွမ်းလာ အချိုးကျလာတာမြင်ပြီး အမောတွေပြေနေတာ ပါ"

တုတုက မင်းသိင်္ခာကို မသိမသာ ကြည့်လိုက်လျှင် မင်းသိင်္ခာရဲ့သဘောကျ ကျေနပ်နေသော မျက်ဝန်းများက မိုးပြေး ထံ စိုက်တန့်ရွှန်းလက် တောက်ပနေတာ တွေ့လိုက်ရပါသည်။

"အိမ်ပြန်မိုးချုပ်တာ အိမ်က ဘာမှမပြောဘူးလား ညီမ လူကြီးတွေကိုတောင် အားနာတယ်"

"ဟင့်အင်း ... မပြောပါဘူး မမ၊ စူပါစတား မင်းသိင်္ခာ ကို အကသင်ပေးနေရတယ် ဆိုတာ မာမီ့ကိုတောင် ကြွားနေရတာ၊ မာမီကလည်း သဘောတွေကျလို့ နာမည်မပျက်စေနဲ့နော်တဲ့ ... ဟင်းဟင်းဟင်း၊ ဒက်ဒီ လည်း မိုးပြေး အနုပညာအလုပ်တွေ ဝါသနာပါတာ အရမ်းသဘောကျတာ၊ နောက်ကျလည်း ဘာမှမပြော ဘူး"

"မိုးပြေး ပင်ပန်းနေတာကို မမတုက အားနာနေလို့"





"ဒါလေးက ဘယ်လိုလုပ် ပင်ပန်းရမှာလဲ မမတုရယ်၊ တစ်နေကုန် မိုးပြေးတို့ရဲ့အလုပ်ခန်းမမှာ တစ်ဖွဲ့လုံး အက တိုက်ကြ ကျင့်ကြ လုပ်နေကျပဲဟာ၊ ကိုခါနဲ့ကျင့်ရတာက အနားယူသလိုတောင် ဖြစ်နေတာ"

တုတုသည် ကိုယ့်ကိုယ်ကိုယ် သူတို့နဲ့စာရင် လူကြီး ပဲရယ်လို့ ဣန္ဒြေဆယ်ထားရလို့ပင်။ ဒီကောင်မလေးကို လွတ်လွတ် လပ်လပ် မျက်စောင်းကြီးမွှယ်ပစ်လိုက်ချင်သည်။ မြွေမြွေချင်းခြေ မြင်တယ်ဆိုတာ ဒါမျိုးကို တင်စားတာနေမှာ။ မိန်းမချင်း အတွင်း သဘောကို သူလည်းရိပ်မိ ကိုယ်လည်းရိပ်မိ။

မင်းသိင်္ခာကို ပူးကပ်လွန်း၍ တုတု မကြိုက်ဘူး ဆိုတာ မိုးပြေးက ရိပ်မိနေမှာဖြစ်သလို မရမက ခွာချမလွယ်တော့ အောင် ပူးကပ်နေတော့မည့် မိုးပြေးရဲ့အကြံအစည်ကိုလည်း တုတု ရိပ်မိနေပါသည်။

"မမတုက စဉ်းစားတာ၊ ဒီလိုမျိုး ဖြစ်နိုင်မလားလို့ ခါခါ"

"ဘယ်လိုလဲ မမတု"

"သီချင်းတစ်ပုဒ်စာ အစအဆုံး ကကွက်တွေကို မိုးပြေးက ကပြီး အဲဒါကို ဗီဒီယိုရိုက်ထားနိုင်ရင် ခါခါ အခွေကြည့် ကျင့်လို့ရမယ်၊ အရေးကြီးတဲ့ ကိုယ်နေဟန်ထားလေးတွေ ကို မိုးပြေး ကိုယ်တိုင်ကိုယ်ကျ နှစ်ရက်လောက် သင်လိုက် ပြီး ကျန်တာကိုတော့ အခွေဖွင့်ပြီး လိုက်ကျင့်လို့ ရတာပဲ လေ ..."



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဆိုရင် မိုးပြေးလည်း သက်သာတယ်၊ ညတိုင်း လာနေစရာလည်း မလိုတော့ဘူး၊ ခါခါလည်း ပိုသက်သောင့်သက်သာ ရှိသွားတယ်လေ၊ မနက်ပိုင်း စောစော ခါခါ 'Gym'ကစားမယ့်အချိန်မှာ ကစားမယ့်အစား အကကျင့်လိုက်လို့လည်း ရတာပဲ၊ အချိန်တစ်ခု အတိအကျ သတ်မှတ်မနေရဘဲ အားရင်အားသလို ကြည့်လုပ်လို့ရတာပေါ့"

"မိုးပြေးကိုယ်တိုင် သူ့ကိုကိုင်တွယ်ပြီး ကျင့်မပေးရင် ကိုခါက တောင့်တောင့်ကြီး လုပ်လုပ်နေတာ၊ အဲလိုသာ အားသလိုလုပ်ဆိုပြီး လွှတ်ထားရင် ကိုခါက ပွဲကျရင်တောင့်တောင့်ကြီး ဖြစ်နေမှာ သေချာတယ်"

"ဟား ဟား"

မင်းသိင်္ခာကတော့ မိန်းမနှစ်ယောက် စကားစစ်ထိုးပွဲ ကျိတ်ဖြစ်နေတာကို နားလည်ပုံမရ။ ပေါ့ပေါ့ပါးပါး ရယ်နေသည်။

တုတုကတော့ သူပြောသမျှကို ပုတ်ချပြီး ညတိုင်း အိမ်မလာရဘဲ မနေရအောင် ဖွတ်တာဝန်ယူနေတဲ့ မိုးပြေးကို စိတ်ထဲအတော်လေးပဲ ရှုပ်လာပြီ။ မနှစ်မြို့တော့။

"မိုးပြေးတို့အကအဖွဲ့မှာ ခေါင်းဆောင်က ဘယ်သူလဲ"

"ထွန်းထွန်းရှိန်"

"သူကကော ဒီလိုလိုက်သင်မပေးဘူးလား"





"သင်တာပေါ့၊ မိုးပြေးတို့ ငါးယောက်လူခွဲပြီး တာဝန်ယူကြတာလေ၊ ဒီ Concert မှာ သရုပ်ဆောင်တွေ အတော်ပါတော့ Background dancer အဖွဲ့နဲ့ တွဲကရင်းဆိုမယ့် မင်းသား မင်းသမီးတွေ တော်တော်ပါတယ်၊ လူခွဲကတည်းက မိုးပြေးက ကိုခါ ခရေဓီးဖဲန်မို့လို့ ကိုခါကို မိုးပြေးသွားသင်မယ်လို့ကို တောင်းယူထားတာ ... အဟင်း ဟင်း"

တုတုက သူတို့သောက်ပြီးသွားတဲ့ ဖန်ခွက်တွေကို ...်းထဲပြန်ထည့်ရင်း ...

"ရှစ်နာရီခွဲတော့ နောက်ဆုံးထားပြီး စားရမယ်နော် ခါခါ"

"ဟုတ်"

တုတုက ဗန်းသယ်ကာ ထရပ်လိုက်ပါသည်။

"မမက ကိုခါ့ကို အရမ်းဂရုစိုက်တာပဲနော်"

တုတုက မိုးပြေးကို လှည့်ကြည့်လိုက်ပါသည်။

"မိုးပြေးက အရင်ကတည်းက ကြားတော့ကြားဖူးတယ်၊ မင်းသား မင်းသိင်္ခာရဲ့မန်နေဂျာ မတုတု ဆိုပြီးတော့လေ၊ ကိုခါနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှ မတုတုနဲ့ပဲ ဖုန်းဆက်ပြီး ချိတ်ရမယ်လို့တော့ တချို့ကပြောပါတယ်၊ မိုးပြေးက တမင်တကာပဲ ကိုခါ့ဖုန်းနံပါတ်ကိုပဲ တန်းဆက်ပြီး ဆက်သွယ်လိုက်တာ ...

ကိုခါ့ မန်နေဂျာက ကိုခါ့ကို အရမ်းဂရုစိုက် အရမ်းသည်းပြီး အရမ်းချုပ်ကိုင်ထားတယ်၊ သူပြီးမှ ပြီး...



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ကြားတော့ တချို့ကိစ္စတွေကျရင် အဲလိုကြားခံ မန်နေဂျာနဲ့ ပြောနေရင် ခရီးသိပ်မတွင်တော့ဘူး ဆိုတာ မိုးပြေး သဘောပေါက်တယ်”

တုတုက ရင်ထဲမှာ တစ်မျိုးလေး နင်သွားရကာ ...

“တို့က ခါခါ့မန်နေဂျာလို့ လူတွေပြောကြပေမယ့် မန်နေဂျာ စစ်စစ် မဟုတ်ဘူး မိုးပြေး”

“မမတုက ကျွန်တော့်ရဲ့အစ်မလည်းဟုတ်၊ အမေလည်း ဟုတ်၊ မန်နေဂျာလည်းဟုတ်၊ နာ့စ်လည်းဟုတ်၊ ကျေးဇူ ရှင်လည်း ဟုတ်တယ် မိုးပြေးရဲ့”

မိုးပြေးက တုတုကိုကြည့်ရင်း အပြုံးနှင့်ပင် ...

“ကိုခါ့မိဘတွေရဲ့ မွေးစားသမီးလို့ ကြားဖူးတာကော ဟုတ်လား”

“အင်း ... ဟုတ်ပါတယ်၊ တချို့တွေ အဲသလိုတောင် မသ ကြဘူး၊ မိုးပြေးက အတော်စုံစမ်းထားတာပဲ ထင်တယ်”

“ဟုတ်ကဲ့ ... ပြောပြီးပြီကော မမ၊ မိုးပြေးက ကိုခါ ခရေဇီး ဖန် ပါဆို”

တုတုက ဘာမှဆက်မပြောတော့ဘဲ ဗန်းသယ်ကာ အခန်းထဲက ထွက်လာခဲ့ပါသည်။ စိတ်ထဲမှာတော့ မိုးပြေးနှင့်ပတ် သက်၍ နိုးလိုးခုလု ဖြစ်နေကာ မျက်နှာပါ ပျက်နေပါသည်။

“တုတု”

“မေမေ”



“ခုန မေမေ အခန်းပြင်မှာ ရှိနေတယ်၊ ဒီကောင်မလေး စကားတွေက တစ်မျိုးပါလား”

“ဟုတ်ကဲ့ မေမေ၊ သိပ်မလွယ်တဲ့ပုံပဲ”

“သူတို့ အကသင်တာကလည်း ဖက်မတတ် ပူးကပ်လွန်း လို့ မေမေလည်း ဖြတ်လျှောက်လိုက်၊ အရိပ်အကဲကြည့် လိုက် လုပ်နေတာ၊ အဲသလောက် လိုအပ်လို့လား”

“ခါခါကလည်း စင်ပေါ်မှာ Result ကောင်းကောင်းလေး ထွက်ချင်ပုံပဲ မေမေ”

“လိုအပ်လို့သင်ရင်တောင် ယောကျာ်းလေးတစ်ယောက် က ယောကျာ်းချင်း လာသင်ရင် ပိုမကောင်းပေဘူးလား၊ ပထမတော့ ဒီလောက် ဖက်ရက် ပူးကပ် ထိစပ်ပြီး သင်ရ မယ်မှ မထင်တာ၊ ဒီပုံအတိုင်းဆိုရင် ယောကျာ်းချင်း မိန်းမ ချင်း သင်မှကောင်းမှာပေါ့”

“သူက ခါခါ့ကို သူသင်ချင်တယ်လို့ တမင်တောင်းထား တာတဲ့”

“ဘာဖြစ်လို့လဲ”

“သူက ခါခါ့ကို အရမ်းခရေးဇီး ဖြစ်လို့တဲ့”

“ပုံမှန်ဆိုရင် ကိစ္စမရှိဘူးလေ၊ သူက လိုတာထက် နည်း နည်းပို နည်းနည်းသည်းနေသလားလို့၊ သမီးရော မထင် ဘူးလား”

www.burmeseclassic.com

www.burmeseclassic.com



တုတုက ဗန်းကို ထမင်းစားပွဲပေါ်တင်ကာ ကုလားထိုင်တစ်ခုမှာ အသာအယာ ဝင်ထိုင်လိုက်ပါသည်။ "မိုးပြေးမုတ်သုန်"ဆိုတဲ့ ကောင်မလေးဟာ မင်းသိင်္ခာကို ဖြားယောင်းတော့မည်ရယ်လို့ တုတု ရိပ်မိနေပါပြီ။ ဖြားယောင်းမှုနောက်ကွယ်က ခံစားချက်ဟာ အတုလား အစစ်လား ဆိုတာကိုတော့ သူကိုယ်တိုင်ပဲ သိမှာမို့ ကိုယ်တော့ မသိနိုင်ပါ။

အဲဒီအခြေအနေ အဲဒီအသိပေါ်မှာ ပူလောင်ခံစားနေမိရတဲ့ ကိုယ့်ရဲ့ရင်တွင်းပဋိပက္ခကို မေမေ ရိပ်မိသွားမှာလည်း တုတု ကြောက်ပါသည်။

ဆတ်ဆတ်တုန်ပြီး သဝန်တို မနာလိုကာ ဝမ်းနည်းနမြောနေမိတဲ့ ခံစားချက်ကို ဘယ်သူမှ မသိအောင်လည်း ဖုံးဖိမျိုရနေရတဲ့ အဖြစ်ပါ။

"ပြီးတော့ အောင်အောင်ကလည်း ပြောတယ်၊ ဒီကောင်မလေးက သရုပ်ဆောင်လိုင်းဘက်လည်း ကူးချင်သေးတဲ့ ရည်ရွယ်ချက် ရှိတယ်တဲ့၊ အဲဒါရော သိလား"

"ဟုတ်ကဲ့ ... ခါခါလည်း ပြောပါတယ်"

"သူ သရုပ်ဆောင်ဘက် ကူးချင်တာနဲ့ ခါခါ့ကို သူက ဖြားယောင်းသိမ်းသွင်းပြီး ရင်းနှီးမှု ယူနေမယ့်သဘောပဲ ကြည့်ရတာတော့ အလည်လေးပဲ၊ မျိုးရိုးကကော ဘယ်လို ရှိလဲ မသိပါဘူး"





"အထိုက်အလျောက် ပိုက်ဆံရှိရှိပဲ မေမေ၊ သူ့အဖေအမေလည်း ခေတ်မီကြတယ်၊ အနုပညာအလုပ်လည်း အားပေးကြတယ်"

"သမီးသိတဲ့အတိုင်း သမီးမောင်က ငယ်တုန်းကလည်း ကျန်းမာရေးကြောင့်၊ ခုနောက်ပိုင်းလည်း သူ့အသက်မွေးဝမ်းကြောင်း အလုပ်ကြောင့် ရည်းစားရယ်လို့ မယ်မယ်ရရထားဖူးတာ မဟုတ်ဘူး၊ အတွေ့အကြုံမရှိဘဲ တော်ကြာတန်တန်းစွဲသွားမှာ စိုးရိမ်တယ်၊ ပုံစံက ရဲရဲတင်းတင်းနဲ့ မေမေကတော့ သိပ်သဘောမကျဘူးကွယ်၊ သူ့ကြည့်ရတာ Concert မပြီးမချင်း အနားက ခွာတော့မယ့်ပုံ မရဘူး၊ တစ်လနီးပါးဆိုတာ ရင်းနှီးစွဲလမ်းနိုင်တဲ့အချိန် လုံလောက်တာပဲ"

"သမီးကတော့ အရေးကြီးတဲ့အကွက်တွေ နှစ်ရက် သုံးရက်လောက် သင်ပေးပြီးရင် သူ ကပြထားတဲ့အခွေပေးခဲ့ပြီး ခါခါက အခွေကြည့်ကျင့်ပါလားလို့ ခုနက အကြံပေးကြည့်တာပဲ"

"အေး ... အဲဒါ ကောင်းသားပဲ"

"ဒါပေမဲ့ သူက လက်မခံဘူး မေမေ၊ သူကိုယ်တိုင် ကိုင်တွယ်သင်မှ ကိုယ်နေဟန်ထား အမျိုးကျမှာတဲ့"

"အို ... သူလက်ခံတာ မခံတာက အရေးမပါပါဘူး၊ ခါခါ့ကိုလည်း မေမေ အဲသလိုပဲ ပြောလိုက်မယ်၊ အခု အောင်အောင်ရော ဘယ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးအခန်းထဲမှာ အကျီတွေ ရှင်းနေတယ် မေမေ"

"ခေါ်ပြီး ဟိုအခန်းထဲ ပို့ထားမှပဲ"

"ကောင်းပါ့မလား မေမေ"

"ဘာလို့မကောင်းရမှာလဲ၊ သီချင်းအဖွင့်အပိတ် လုပ်ပေးဖို့ခိုင်းပြီး အဲဒီနားနေခိုင်းမှဖြစ်မယ်၊ နို့မို့နှစ်ယောက်တည်း ပစ်ပစ်ထားရသလို ဖြစ်နေတယ်"

မေမေက သူကိုယ်တိုင် အောင်အောင့်ကို သွားခေါ်လာကာ မင်းသိင်္ခာတို့ အကကျင့်နေတဲ့အခန်းဆီ ပို့ရင်း ...

"သားရေ ... အောင်အောင့်ကို သီချင်းဖွင့်ခိုင်း ပိတ်ခိုင်းရစ်ခိုင်း လုပ်ပေါ့၊ နို့မို့ မိုးပြေးက ဒါပဲပြေးလုပ်နေရတော့ အချိန်ဖင့်တယ်"

မိုးပြေးက ဒေါ်နုနုထွေးကို လှမ်းကြည့်ရင်း ...

"ကိစ္စမရှိပါဘူး အန်တီ၊ မိုးပြေးဘာသာ ပိတ်လို့ဖွင့်လို့လည်း အဆင်ပြေပါတယ်"

"အောင်အောင့် ခိုင်းလိုက်ပါ၊ နောင်လည်း လုပ်တတ်တာပေါ့၊ ပြီးတော့ မြန်မြန်လေး ပြီးသွားရင် ခါခါလည်း ထမင်းစောစော စားရမယ်၊ သူ့ဆေးတွေက အချိန်နဲ့သောက်ရတာတွေ ရှိလို့ပါ"

"ဒါဖြင့်လည်း ဒီနေ့အဖို့ နားလိုက်တော့မယ် အန်တီ ကိုခါ ... မိုးပြေး ပြန်လိုက်တော့မယ်"





ဒေါ်နုနုထွေး စီမံတဲ့စကားကို လက်သင့်မခံဘဲ သူ့အိတ်ကောက်လွယ်လိုက်တဲ့ မိုးပြေးကို ဒေါ်နုနုထွေးက ခပ်စူးစူးလေး ကြည့်လိုက်မိပါသည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၅

ရှုတင်ခြံထဲကို ကားကွေ့ဝင်လိုက်လျှင် ခြံရဲ့ညာဘက်နားမှာ တန်းစီရပ်ထားသော ကားတန်းထဲ အမိုးဖွင့်ဂျစ်ကားအနီရဲလေးကို တွေ့လိုက်ရ၍ တုတုရဲ့မျက်နှာလေးက အလိုမကျသလို ဖြစ်သွားရပါသည်။

မိုးပြေး ရောက်နေတယ်ပေါ့။ နေ့စဉ်ရက်ဆက် ရောက်နေတတ်တာလား။ ဒါမှမဟုတ် ရက်ခြားပဲ ရောက်နေတတ် တာလား။ အောင်အောင် တစ်ယောက်ကလည်း ဘာမှစိတ်မရှ... ဘယ်တော့မှ ဒီလိုစကားတွေ ပြန်မပြောတတ်။ ပြောပါလို့ ... ထားလည်း ဘယ်တော့မှမပြော။

တမင်ဖုံးကွယ် လျှို့ဝှက်ထားတာတော့မဟုတ်။ ဒီ... မှာပြန်ပြောပြဖို့ကို အာရုံမရှိတာ။ သူ့အာရုံနဲ့သူကို ရှုပ်ယှက်ခ... နေတာနဲ့ပဲ ပေးထားတဲ့တာဝန်တွေကိုဆို အမေ့မေ့ အလျော့လျော့





ဟိုပွဲ ဒီလမ်းပုံလေးတွေ ဂျာနယ်တွေထဲ ပါလာတဲ့အခါ မင်းသိင်္ကျာနှင့် မိုးပြေး နီးကပ်ယှဉ်တွဲနေတာမျိုးကို တွေ့လိုက်မှ "ဟဲ့ ... အဲဒါ ဘယ်တုန်းကလဲ၊ နင် ပြန်လည်းမပြောပါလား" လို့ အောင်အောင့်ကိုဟောက်လျှင် ...

"အာ ... အာ ... မေ့သွားလို့ မမတု၊ မေ့လို့မပြောမိတာပါ၊ ဘာမှမဟုတ်ပါဘူး၊ ခဏလေး လာထိုင်တုန်း ရိုက်သွားတာပါ"

ခဏပဲထိုင်တာဆိုရင် သူ့အပြစ် ပိုလျော့မည် ယူဆ... လျှော့လျှော့ပေါ့ပေါ့ ပြောတတ်သည်။ အဲသလို ခဏလေး ...ဖြတ်လေးနှင့်ပဲ ဂျာနယ်တွေမှာ ပါပါလာတာများတော့ လူတွေ ...ယှဉ်တွဲသတိထားမိလာသည်။ ဒီလိုနှင့်ပဲစပို့ရှပ်ကြော်ငြာတစ်ခု ...ို မင်းသိင်္ကျာကို ငှားရင်းက သူ့ကိုပါ အေးကထည့်ရိုက်ဖို့ ...ဖြစ်ကာ စုံတွဲကြော်ငြာတောင် ထွက်လာသေးရဲ့။

"တုတု ဘယ်နားရပ်လိုက်ရမလဲ"

တုတုက အေးက ကိုဘိုဘို့အသံ ကြားတော့မှပင် ...ဘိုလည်း အေးမှာပါသေးပါလားဆိုတာ သတိပြန်ရမိတော့ ... ထူပူရှုပ်ထွေးသွားတဲ့စိတ်ကို မနည်းဖြေလျှော့လိုက်ရကာ ...

"အဆင်ပြေတဲ့နေရာသာ ရပ်ပါ ကိုဘိုဘို၊ ရပါတယ်၊ ခဏပဲဟာ၊ ပြီးတော့ သူတို့ရှုတင်က အိမ်ထဲမှာ အင်ဒိုးဖြစ်ပါလိမ့်မယ်၊ အပြင်မှာ ဘယ်သူမှမှ မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ပြန်ထွက်ရလွယ်အောင် ဒီနားပဲ ကပ်ရပ်ထားလိုက်မယ်"

တုတုက ကားပေါ်က ဆင်းကာ ဟိုဟိုဒီဒီကြည့်လိုက်သည်နှင့် တိုက်အိမ်ကြီးရဲ့ဘေးတစ်ဖက်မှာ လတ်လျား လတ်လျား လမ်းသလားနေတဲ့ အောင်အောင့်ကို လှမ်းတွေ့လိုက်ရပါသည်။

"အောင်အောင်"

"........"

"ဟဲ့ ... အောင်အောင်"

အသံမြင့်လိုက်မှ အောင်အောင်ရော အောင်အောင့်ဘေးက လက်တိုလက်တောင်း ကောင်လေးရော ကြားသွားကာ အပြေးလေး ရောက်လာကြသည်။

"ဟာ ... မမတု၊ ဘာ ... ဘာလာလုပ်"

တုတုက မျက်နှာတင်းတင်းနှင့် ...

"ဘာလာလုပ်ရမှာလဲ၊ ဒီနေ့ ဒေါ်လေး မုန့်ဟင်းခါးချက်တာ နင် သိတယ် မဟုတ်လား"

"သြော် ... အင်း ... အင်း၊ မေမေကြီးရဲ့ဘုန်းကြီးက ... ပေးချင်တယ်ဆိုလို့ ဘုန်းကြီးကျောင်းကို ချက်ကပ်... မဟုတ်လား"

"တစ်ခါတည်း ပို့ချက်ပြီး ရှုံတင်အဖွဲ့ စားရအောင်... လာပို့တာ၊ နေ့လယ် လာမယ်ဆိုတာ ငါ မနက်ကတည်း... ပြောလိုက်တယ်လေ"





"သြော် ... အဟီး ... ဟုတ်ကဲ့၊ ကျွန်တော် မေ့သွားလို့"

"နင် ဘာသတိရလဲ ပြောစမ်း အောင်အောင်"

တုတု တကယ်စိတ်ဆိုးလျှင် အောင်အောင်လည်း ကြောက်ပါသည်။ မျက်နှာသေလေးနှင့် လက်နောက်ပစ်ကာ အပြစ်ရှိတဲ့ ရုပ်လေးက ငယ်နေသည်။

"အခု အထဲမှာမနေဘဲ အပြင်ဘာထွက်လုပ်နေတာလဲ"

"ဟို ... ဆေး ... ဆေးလိပ်ထွက်သောက် ..."

"ငါခေါက်လိုက်ရ၊ မင်းကို မေမေ ဘာပြောထားလဲ၊ အတတ်ကောင်းတွေ တော်တော်တတ်နေလား ဟုတ်လား၊ အပျော်သောက်သလိုလို ဖွာသလိုလိုနဲ့ ဆေးလိပ်စွဲတော့မယ် နင်၊ နင့်ကိုတော့ တောပြန်ပို့မှ ဖြစ်တော့မယ် မရဘူး"

"အမြဲမသောက်ပါဘူး မမတု၊ ဦးဗိုက်ပူဆီက တစ်ဖွာ နှစ်ဖွာပဲ ယူ ..."

"ဟိုလူဖွာလိုက် ဒီလူဖွာလိုက်နဲ့ နင်တို့ရောဂါတွေ မကူး၊ ကူးအောင် လုပ်နေကြလား ဟုတ်လား၊ နင်သိတယ်နော် အောင်အောင်၊ နည်းနည်းလေး ကျန်းမာရေးမကောင်းတာနဲ့ ငါ ခါခါနားမှာ မထားဘူးဆိုတာ၊ နင် ချောင်းနည်းနည်းဆိုးနေရင်တောင် အောက်အိမ်ဆင်းအိပ်ရတာ အသိပဲ မဟုတ်လား၊ နင့်အစ်ကို ဇော်ဇော်ကို ထစ်ခနဲရှိ ကျန်းမာရေးမကောင်းလို့ ငါတို့ပြန်ပို့လိုက်တာ နင် မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် မမတု"

တကယ်တော့ အိမ်မှာ လက်တိုလက်တောင်းနှင့် ကားဆေးဖို့ မင်းသိက္ခာနောက်လိုက်မို့ထားတဲ့ ကောင်ကလေးတွေ ဟာ ဒေါ်လေးတို့ တုတုတို့ရဲ့ဇာတိရပ်ရွာက ရပ်ဆွေရပ်မျိုး ကောင်လေးတွေကို လှမ်းလှမ်းခေါ်ထားတာပါ။ နေရစားရချောင်ချို သက်သာတဲ့အပြင် လခလည်းရ မင်းသိက္ခာ အိမ်လည်းဖြစ်၍ နေချင်ကြတာမို့ အဲသလိုကောင်လေးမျိုးတွေ မရှား။

လေးငါးခြောက်လနေတဲ့သူ တစ်နှစ်လောက်နေတဲ့ သူ စသဖြင့် လာလိုက်ကြ သွားလိုက်ကြ။ ဖေဖေ့အလုပ်ခွင်မှာ ခိုင်းတဲ့သူကိုလည်းခိုင်း။ ခြံထဲက ကားဂိုဒေါင်အပေါ်ထပ် တန်းလျားက အခန်းလေးခန်းဟာ အမြဲလူအပြည့် ရှိနေတတ်ပါသည်။

ဒီထဲမှာ အောင်အောင်ကတော့ လည်ဝယ်သွက်လက် ချက်ချာကာ ရှူတင်အဖွဲ့သားတွေနှင့် အမြဲသည်းခံပြေလည်တတ် သူမို့ မင်းသိက္ခာနောက် ပင်တိုင်လိုက်ရတာပါ။

"ပြီးတော့ နင့်ကို ခါခါနောက် ထည့်နေတာက သူလိုတာ ကူလုပ်ဖို့လေ၊ ခုနေ သူခိုင်းစရာရှိရင် နင့်ကို ခေါ်နေရတာ က အလုပ်တစ်ခု၊ အနားနားမရှိဘဲ တော်ရာပျော်ရာသွား နေလို့ ရသလား"

"မရပါဘူး"

"သွား ... မုန့်ဟင်းခါးချိုင့်တွေ သယ်ရမယ်"

"ဟုတ်"





အောင်အောင့်နား ပါလာတဲ့ကောင်လေးဟာ ရှူတင် မန်နေဂျာရဲ့ လက်တိုလက်တောင်းကောင်လေး နီတွတ် ဖြစ်ကာ တုတုနှင့်လည်း ခင်နေတာမို့ ...

"နီတွတ် ... မင်းအရင်သယ်သွား၊ ဟိုမှာ ကားပေါ်ကယူ"

"ဟုတ်ကဲ့"

"အောင်အောင် ... နင် နေဦး"

"ဟုတ်"

တုတုက အသံကိုနှိမ့်ရင်း ...

"မိုးပြေး ရောက်နေတာ ဘယ်လောက်ကြာပြီလဲ"

"ဟို ... သိပ်တော့ မကြာသေးဘူး"

"သိပ်မကြာဘူးဆိုတာ ဘယ်လောက်လဲ"

"ဟို ... တစ်နာရီလောက်ပဲ"

"ဟဲ့ ... တစ်နာရီက မကြာဘူးလား ဟင်၊ ဘယ်လောက် ကမှ ကြာမှာလဲ၊ ငါလုပ်လိုက်ရင်နော် နင် နာတော့မယ်၊ တစ်ချိန်လုံး ခါခါနား တကပ်ကပ်လုပ်နေမှာကို နင်က ရှောင်ပေးစရာလား"

"ရှောင်ပေးတာ မဟုတ်ပါဘူး မမတုရ၊ အပေါ်မှာ လူတွေ တစ်ပုံကြီးပါ"

"ဘယ်လောက်ကြီးဖြစ်ဖြစ် သူရှိရင် နင် အနားမှာ ပိုတောင် နေရမယ်၊ ဘာတွေပြောလဲပါ နားထောင်ထားပါလို့ မေမေ မှာထားတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အနားကပ်နေရင် မမိုးပြေးက ရေဘူးယူပေးဦး၊ ယပ်တောင်ရှာပေးဦးနဲ့ နှင်ထုတ်စာယ်ဗျ"

"ဟဲ့ ... နှင်ထုတ်လေ မိုတောင်နေရလေပေါ့ဟဲ့၊ နင့်ကို နှင်ထုတ်မှန်းသိရက်နဲ့ ဘာပြောမလို့ပါလိမ့်၊ ဘာလုပ်မလို့ ပါလိမ့်လို့ နင် မတွေးဘူးလား"

"သူက သွားခိုင်းတော့ ..."

"သူခိုင်းတာကို နီတွတ်တို့လို အရှည်ကြီးတို့လိုကောင်တွေ ကို နင်ကတစ်ဆင့် ထပ်ခိုင်းပေါ့"

"ကိုခါ စိတ်ဆိုးမှာစိုးလို့"

"ကိုခါက ဘာလို့ စိတ်ဆိုးရမှာလဲ ..."

"ကိုခါကလည်း မမိုးပြေး ဆေးမှာရှိနေရင် ပြုံးပြီးသဘောကျ ကျေနပ်နေတာပဲဟာ၊ မမတုကလည်း"

တုတုသည် ရင်ထဲအောင့်သွားကာ ဘာဆက်ပြောရမည်မသိ ပါးစပ်ပိတ်သွားရပါသည်။ ချက်ချင်းပဲ ဝမ်းနည်းသလိုလို မျက်နှာပျက်သွားရတာကို အောင်အောင် မရိပ်မိလေရအောင် ...

"ကဲ ... ကဲ ... သွား၊ မုန့်ဖတ်တို့ အကြော်တို့ အိမ်ပေါ် သယ်သွား၊ ပြီးရင် နင်ပဲ အားလုံးကို ပြင်ကျွေးဖို့စီစဉ်၊ ပန်းကန်နှစ်ဆယ် ဇွန်းနှစ်ဆယ် ပါတယ်၊ အရင်ကျွေးရမယ့်သူကို အရင်ကျွေး၊ ပန်းကန်မလောက်သေးရင် နှစ်သုတ်ခွဲပြီးကျွေး၊ ဒါရိုက်တာကနေစပြီး အရင်သွားမေး၊ စားတော့မလား ပြင်လိုက်ရတော့မလား ဆိုတာ"





"ဟုတ်ကဲ့"

အောင်အောင်နှင့် နီတွတ် သယ်သွားကြတာတွေကုန် ချင်တုတုက ကိုဘိုဘိုဘက် လှည့်ကြည့်ရင်း ...

"ကိုဘိုဘို အပေါ်တက်ပါဦးလား"

"ကျွန်တော် ခြံထဲမှာပဲ နေလိုက်ပါမယ်၊ တုတု သွားပါ၊ အေးအေးဆေးဆေးလုပ်၊ မင်းသိင်္ခာကို သေချာကျွေးပြီး မှပြန်ပါ၊ ကျွန်တော့်ကို အားမနာပါနဲ့၊ ကျွန်တော်က အားနေတာပါ"

"ဟုတ်ကဲ့ ... တုတု ခဏတက်လိုက်ဦးမယ်နော်"

"ဟုတ် ... သွားပါ"

ဘိုဘိုသည် မင်းသိင်္ခာအပေါ် တုတု ဘယ်လောက် ဆောင် ချစ်ခင်သံယောဇဉ်ကြီးကာ အသည်းပိုတယ် ဆိုတာကို တုတုရဲ့စကား ဒေါ်နုနုထွေးရဲ့စကားတို့ထဲကသာမက သူ့ဟာနှင့် ကြည့်ရှုအကဲခတ် ဝေဖန်ပိုင်းခြားပြီးတော့လည်း ရိပ်မိသိရှိ ပေသည်။

အချိန်တိုင်း "ခါခါ" "မောင်လေး" နှင့် တုတု ခေါင်း ဲ စက္ကန့်မလပ်ရှိနေသူဟာ မင်းသိင်္ခာဆိုတာ တအံ့တသြ နား ည်ရိပ်မိနေပါသည်။ အဲသလို ဂရုစိုက်ပြုစုတတ်လွန်းတာလေး လည်း သူက အရည်အချင်းတစ်ခုအဖြစ် သဘောကျနှစ်ခြိုက် မိသေးတာပင်။



www.burmeseclassic.com

www.burmeseclassic.com



တုတုဟာ ဒီအသက် ဒီအရွယ် ရောက်တဲ့ထိ ဒီမွေးစားမောင်လေးကိုပဲ ပြုစုစောင့်ရှောက် ယုယဂရုစိုက်လာရတာဆိုတော့ ဒီလောက်တော့ ရှိနေမှာပေါ့လို့ သူတ နားလည်ပေးလိုက်ကာ သူနဲ့လက်ထပ်ပြီးခဲ့ကြရင်တော့ ဤပြုစုစောင့်ရှောက်မှု ဂရုစိုက်ယုယမှုတို့ဟာ သူ့အတွက်ပဲပေါ့ရယ်လို့ မျှော်လင့်ကျေနပ်နေသူပင်။

အနည်းငယ် ညိုချင်တဲ့ အသားလတ်လတ်ဟာ မွတ်ညက်ချောပြောင်နေ၍ လုတစ်မျက်နှာကလေးက ဘယ်လိုနှစ်လိုဖွယ်ကောင်းမှန်းမသိ ယဉ်ကျေးသိမ်မွေ့စွာ စင်ကြယ်တောက်ပနေခြင်းက တုတုရဲ့ အထင်ရှားဆုံး အလှပင်။ မျက်လုံးမျက်ခုံးမည်းနက်ရှန်းမှောင်တာလေးကတော့ သွေးမတော်သားမစပ်ဘဲနဲ့ သူတို့မောင်နှမနှစ်ယောက်မှာ ဆင်တူနေပါသည်။

သည်းခံရိုကျိုး အောက်သက်ကြေတဲ့ အမူအရာအပြောအဆိုလေးတွေကလည်း တုတုရဲ့ ချစ်စရာကောင်းလှတဲ့ အပေါင်းလက္ခဏာလေးတွေပင်။ လူကလေး ခပ်ပုပုသေးသေးနှင့် တတောက်တောက် တတက်တက် နေရာတကာပါကာ အပင်ပန်းခံနိုင်လွန်းလှတာကလည်း မမောတတ်တဲ့ စက်ရုပ်လေးတစ်ခုနဲ့ တောင်တူသည်။

ဤမိန်းကလေးကို ဘိုဘိုက တစ်ရက်ထက်တစ်ရက် တဖြည်းဖြည်း တစိမ့်စိမ့်နှင့် ချစ်သထက် ချစ်ချစ်လာမိနေပါပြီ။





တုတုသည် ကိုဘိုဘို ခြံထဲမှာပဲ စောင့်ကျန်ရစ်တာကို အားနာသော်လည်း အခုရုံထဲမှာတော့ မင်းသိင်္ဂါနှင့် မိုးပြေးတို့ အတူရှိနေကြမှာကို အမောတကော အသက်ရှူကျပ်ကာ ရှူတင်တည်ရာတိုက်ကြီးရဲ့ အပေါ်ထပ်ကို တက်လာခဲ့သည်။ အောက်ထပ်မှာ ဘယ်သူမှမရှိကြဘူးလေ။

"ကဲ ... ပြန်စမယ် ... ရယ်ဒီ ... ဝမ်း ... တူး ... သရီး ... အက်ရှင်"

တုတု လှေကားထိပ်ရောက်လျှင် အိပ်ခန်းတစ်ခန်းထဲက ဒါရိုက်တာရဲ့ အော်ဟစ်သံကို ကြားရပါသည်။ ဖွင့်ဟထားတဲ့ တံခါးမှ လှမ်းမျှော်ကြည့်လိုက်လျှင် အိပ်ခန်းထဲက နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ မင်းသိင်္ဂါနှင့် မင်းသမီးကို တွေ့လိုက်ရပါသည်။ စိတ်ကောက်နေတဲ့သဏ္ဌာန်ရှိသော မင်းသမီးကို နောက်ကနေ ချော့မော့ကျီစယ်နေရတဲ့ဟန်။

"ဟိုး ... ကတ် ... ကတ်၊ မင်းသား Mood မရဘူး ဖြစ်နေပါတယ်"

ဒါရိုက်တာစကား အဆုံးမှာ ထိုးထားတဲ့မီးတွေအားလုံး ပိတ်ချလိုက်ပြီး မင်းသိင်္ဂါကလည်း ရှုံ့မဲ့မဲ့ ပြုံးစိစိ ခေါင်းကုတ်နေပါသည်။

"ကဲ ... မင်းသားရေ၊ ဘယ်သူ့ကို ရှက်နေလဲ၊ ဘယ်သူ့ကို အပြင်နှင့်ထုတ်ပေးရမလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာရဲ့ တရင်းတနှီး ပြောစကားမှာ အဓိပ္ပာယ်တွေ ခိုဝင်နေသည်။ တုတုက ရှေ့တိုးက အခန်းဝနားကနေ အထဲကို ပိုမြင်ရအောင် ကြည့်လိုက်ပါသည်။ ဒါရိုက်တာထိုင်နေတဲ့ မော်နီတာရှေ့နားမှာပဲ ဒါရိုက်တာ့အနား ပလတ်စတစ်ခုံပုလေးနှင့် နေရာယူထားတဲ့သူက မိုးပြေး။

ရွှေဝါရောင်ဆံပင်လေးတွေကိုခါကာ မင်းသိင်္ခာထံ မေးထောက် မျက်လွှာပင့်၍ ညုတုတုလေး ကြည့်လိုက်ရင်း ...

"မိုးပြေး ထွက်ပေးရမှာလား ကိုခါ၊ ပြောနော် ... နိ နိ"

အဲဒါကတော့ ဘာအဓိပ္ပာယ်နည်း။ မဏ္ဍပ်တိုင်တက်တဲ့သဘောလား။ သူ့ကို မင်းသိင်္ခာက ရက်ကာ သူ့ရှေ့မှာ ချစ်ခန်း ကြိုက်ခန်း သရုပ်မဆောင်နိုင်ဘဲ ဖြစ်နေတာလို့ လူအများကို သိစေလိုကာ ကြော်ငြာတဲ့သဘောလား။

"ခဏလေးပါနော် ကိုကြီးကျော်"

မင်းသိင်္ခာက ခုတင်ပေါ်မှ ထရပ်ပြီး ဒါရိုက်တာကို တောင်းပန်လိုက်ပါသည်။ အဲသလို ထရပ်လိုက်တုန်းပဲ တုတုကို မင်းသိင်္ခာက လှမ်းမြင်သွားကာ ...

"မမတု ရောက်နေတာလား"

မင်းသိင်္ခာ လှမ်းပြောလိုက်သံကြောင့် အခန်းထဲက တစ်ဖွဲ့လုံးရဲ့ခေါင်းတွေက တုတုဘက် လှည့်လာကာ တုတု အာရုံပြောင်းသွားကြပါသည်။ မိုးပြေးကလည်း လှည့်ကြည့်လာ





သာ တွေ့လိုက်ပေမယ့် တုတုက မိုးပြေးကို မြင်ဟန်မပြဘဲ ဒါရိုက်တာကိုသာ ချစ်စဖွယ်အပြုံးလေးနှင့် ...

"ကိုကြီးကျော် ... တုတု အားလုံးဖို့ နေ့လယ်စာ မုန့်ဟင်းခါး လာပို့တာ၊ ခဏရပ်မယ်ဆိုရင် စားလိုက်မလား၊ အောက်မှာ အောင်အောင်တို့ကို ပြင်ခိုင်းထားတယ်"

"အော် ... ဒေါ်လေးလက်ရာလား၊ ရှယ်ပေါ့၊ ကဲ ... နာရီဝက်ဖြတ်တယ်၊ နာရီဝက်အတိပဲနော် အားလုံး၊ အောက်ဆင်းစားကြ"

လူတွေ အလျိုလျို ထွက်ကြလျှင် တုတုက အခန်းထဲ ဝင်လာကာ မင်းသမီးကို နှုတ်ဆက်ရင်း ...

"ညီမလေး အပေါ်ယူပေးရမလား၊ အောက်ဆင်းစားမလား"

ရင်းနှီးနေသော မင်းသမီးက ...

"အောက်ပဲ ဆင်းစားမယ် မမတု"

တုတုက မိုးပြေးကို ခုမှမြင်ဟန်ဆောင်ကာ ...

"ဟင် ... မိုးပြေး ရောက်နေတာလား"

"လာလေ မိုးပြေး၊ မုန့်ဟင်းခါး သွားတီးရအောင်"

မင်းသိင်္ခာ စကားကြောင့် မိုးပြေး ထရပ်လိုက်လျှင် တုတုက မင်းသိင်္ခာနား ကပ်လာပြီး မင်းသိင်္ခာခါးကို ဖက်လိုက် ...



www.burmeseclassic.com

www.burmeseclassic.com



"မိုးပြေး ... မုန့်ဟင်းခါး သွားစားနှင့်၊ မောင်လေး လာဦး၊ ပြောစရာရှိလို့"

တမင်တကာပင် မင်းသိင်္ခာကို ခါးဖက်ကာ အိပ်ခန်းရဲ့ဝရန်တာအပြင်ဘက်ဆီ ဆွဲခေါ်လာလိုက်ပါသည်။ မင်းသိင်္ခာက ဘုမသိဘမသိ ပါလာကာ ...

"မမတုတု ဘာလဲ"

တုတုက အိပ်ခန်းပြင်ကို မသာမယာ လှမ်းထွက်သွားသော မိုးပြေးကို လှမ်းကြည့်ရင်းက ...

"သူက ဘယ်တုန်းက ရောက်နေပြန်တာလဲ"

"ခုနကမှပါ"

"တစ်နာရီကျော် ကြာပြီမဟုတ်လား"

"အင်း ... ဟုတ်ရင်လည်း ဟုတ်မှာပေါ့ မမတုရဲ့"

"မမ လာလိုက်ရင် သူနဲ့ ဆုံဆုံနေတာချည်းပဲ၊ သူက အမြဲလို လာနေတာပဲလား"

"အင်း ... ခဏခဏတော့ လာတယ်"

တုတု မျက်နှာက ညိုနေကာ ...

"ဘာလာလာလုပ်နေတာလဲ သူက"

"ဒီနေ့ကတော့ ကြော်ငြာကိစ္စတစ်ခု လာပြောတာပါ မမတုရဲ့"

"ဘာကြော်ငြာလဲ"





"လက်ကုန်ရိုက်ရမယ့် ကွတ်ကီးတို့ ကိတ်ခြောက်တို့ ကြော်ငြာလေ၊ မမတု မှတ်ထားပြီးသားလေ"

"အဲဒါ မောင်လေးနဲ့ ကလေးသရုပ်ဆောင်တွေ မဟုတ်လား"

"အင်း ... အခု သူလည်းပါလာတယ်၊ သူ့ကိုလာပြောတယ်တဲ့၊ အဲဒါ သူ လက်ခံလိုက်တယ် ဆိုတာရယ်၊ အဝတ်အစား တိုင်ပင်ဖို့ရယ် ဒီနေ့က အဲဒါ လာပြောတာ"

"ဘယ်လိုဖြစ်ပြီး သူက ပါလာတာလဲ၊ ဒီကောင်မလေး မလွယ်ဘူးနော်"

"ကြော်ငြာသီချင်းနဲ့ ကကွက်လေးတစ်ကွက် နှစ်ကွက်ပါတယ်၊ ကျွန်တော်ရော သူရော ကလေးတွေရော ညီညီလေး ကရမှာ၊ ဒါရိုက်တာက အကလေးတစ်ကွက်ထည့်ဖို့ စဉ်းစားလိုက်တာနဲ့ သူ့ကိုသွားပြောလိုက်တာ ဖြစ်မှာပါ မမတုရဲ့၊ သူကတော့ သွားတောင်းပါလို့ မရပါဘူး"

"အင်းပေါ့၊ အဲလိုတော့ ပါချင်တယ် သွားပြောလို့ ဘယ်ရမလဲ၊ ဒါပေမဲ့ သူက မင်းဘေးမှာ တကပ်ကပ်ရှိနေတော့ မင်းကို အလုပ်ကိစ္စ စကားလာပြောတဲ့သူတွေက ဘေးမှာ သူ့ကို အလွယ်တကူမြင်ပြီး ထည့်သုံးရင်ကောင်းမလား မသိဘူးလို့ တွေးမိသွားကြတာ နေမှာပေါ့"

မင်းသိင်္ခာက စူပုပ်ပုပ်ဖြစ်နေတဲ့ မမတုရဲ့မေးဖျား လက်ညှိုးလက်မနှင့် ညှစ်ကိုင်လှုပ်ယမ်းလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အလကား စိတ်ပုပ်နေပြန်ပြီ၊ အဲသလို ဟုတ်ရင်လည်း ကျွန်တော့်ထဲက ဘာများလျော့သွား နစ်နာသွားတာမို့ လဲ မမတုရဲ့၊ သူ့မှာ အခွင့်အရေး ရသွားတာကလွဲ ကျွန်တော့်မှာ ဘာမှမဆုံးရှုံးဘူးလေ"

"ဒါတော့ ဒါပေါ့"

"ဒါဖြင့် ပြီးတာပဲပေါ့"

"ဘယ်ပြီးမလဲ၊ အရှမ်းတွဲမြင်ရလွန်းအားကြီးရင် ကော ဟလ ထွက်မယ်၊ မင်းက မိန်းကလေးပရိသတ်များတာ '......'ဆိုရင် မိန်းမယူလိုက်တာနဲ့ တစ်ခါတည်း ထိုး သွားတာ အခု လုံးဝတောင် မတွေ့ရတော့ဘူး၊ တွေ့တ မဟုတ်လား"

"ကျွန်တော်က မိန်းမယူမှာမှ မဟုတ်ဘဲ"

"ရည်းစားရသွားတာကလည်း တစ်မျိုးတော့ လာဘ်တ တာပဲ"

"သူကလာနေတဲ့ဟာ ကျွန်တော်က ဘာလုပ်ရမလဲ"

"ခါခါနော်၊ မမကို အသာလေးလှိမ့်ပြီး နှပ်ထားဖို့ မကူးနဲ့၊ ဒီထက်မကတာတွေ မင်းအနား ကပ်လာဖူး တက်သစ်စ မင်းသမီးလေးတွေ ကပ်ဖို့ကြိုးစားဖူးကြ မင်း ဘယ်လိုရှောင်ခဲ့သလဲ"

မင်းသိက္ခာက နဖူးလေးကို လက်ညှိုးလေးနှင့် ခြစ်နေပါသည်။





"မင်းသမီး '......'နဲ့ဆိုရင် မင်း အရှမ်းခင်တာပဲဟာ၊ ခင်တာ က ခင်တာပဲ၊ သူ့လို အားအားယားယား တကပ်ကပ်နေ လား၊ သူက တမင်ကို လိုက်ကပ်နေတာ အသိသာကြီးကို၊ ဟိုတစ်နေ့က ဂျာနယ်ယက သူ့အင်တာဗျူးတစ်ခုမှာ သရုပ်ဆောင်လိုင်းကို ကူးတော့မလို့လား မေးတော့ အခြေ အနေပေးရင် ကူးချင်ကူးမယ်လို့ ဖြေထားလိုက်သေးတယ်၊ အဲဒီအတွက်ကို ရည်ရွယ်ပြီး မင်းကို လိုက်ကပ်နေတာ...

ခုဆိုရင် ဒါရိုက်တာတွေနဲ့လည်း သူက ခင်လို့မင်လို့ ဖြစ်နေပြီ၊ ဒါရိုက်တာဆောင်းဆောင်ထိုင်ပြီး မော်နီတာကြည့် နေလိုက်သေးတယ်၊ အားလုံးရဲ့ခေါင်းထဲ မင်းနဲ့သူ့ကိုတွဲ မြင် တွဲမှတ်မိအောင် မျက်နှာနာစရာဖြစ်အောင် တမင်တကာ ကိုလိုက်လုပ်နေတာ၊ ငါ သိပ်ကြည့်လို့ကို မရဘူး၊ မင်းကို သာကပ်တာ ခါခါရဲ့၊ ငါ့ကိုဆိုရင်ကြည့်တဲ့ မျက်လုံးက အေးစက်နေတာ"

"အဲလိုတော့ မဟုတ်ပါဘူး ထင်ပါတယ် မမရာ"

"ဘာလို့မဟုတ်ရမှာလဲ ခါခါ၊ မိန်းမချင်း ပိုသိပါတယ်ဆို နေမှ၊ မင်းဘက်လှည့်ကြည့်နေတဲ့ မျက်လုံးလေးတွေက အင်နီးဆဲင့်၊ ငါ့ဘက်လှည့်ကြည့်လိုက်ရင် မာန်ဖီနေတာ သိရဲ့လား၊ ဂရုမစိုက်ပါဘူးဆိုတဲ့ အချိုးနဲ့၊ မင်းမယုံရင် မေမေ့ကိုပါ မေးကြည့်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကတော့ အလကားနေ ကျွန်တော့်ကို တိုနေတာပဲ
ဟာ"

"ဘာ ... တိုရမှာပေါ့ဟဲ့၊ ဒီလောက်တန်ဖိုးကြီးတဲ့ အခေါင်
အဖူးလေးကို မမလည်း မင်းကို တိုတာပဲ ခါခါ၊ တိုတာ
ကို အပြစ်မပြောနဲ့၊ တိုတယ်ဆိုပေမယ့် တန်ရာတန်ရာ
လေး စစ်စစ်မှန်မှန်လေးဆိုရင် ကြည်ဖြူပေးမှာပါ ခါခါရဲ့
မင်းဆယ်တန်းတုန်း ဝိုင်းကျူရှင်က မြတ်လေးငုံဆိုရင်
မင်းအပေါ်လည်း ငယ်သံယောဇဉ်ကြီးတယ်၊ ချစ်စရာလေး
အခုဆို ဆရာဝန်မလေးတောင် ဖြစ်နေပြီ၊ မင်းနဲ့လည်း
ရံဖန်ရံခါ အဆက်အဆံရှိသားပဲ၊ သူ့ဆို မေမေလည်း
သဘောကျတယ်၊ အဲဒါမျိုးကျ မစဉ်းစားဘူးလား၊ မိုးပြေ
ကတော့ သူ့တက်လမ်းအတွက် ချဉ်းကပ်လာမှန်း အရှ
သိသာတာပဲ"

"မမတု"

"ဘာလဲ"

"သူက သူ့တက်လမ်းအတွက် ချဉ်းကပ်လာတာပဲထား
ကျွန်တော်ကလည်း သူ့ကို တက်လမ်းလေး ပွင့်ပါစေတော့
ရယ်လို့ စေတနာထားမိတယ် ဆိုရင်ကော"

"ဘာ"

တုတုက မင်းသိင်္ခာ မျက်နှာကို စေ့စေ့မော့ကြည့်
လိုက်ပါသည်။ ရင်ထဲမှာ ဟိုက်ခနဲလစ်ဟာသွားသလို အောင့်သ
ခံစားလိုက်ရကာ ရုတ်တရက် ဘာမှတောင် ပြန်မပြောနိုင်





"ကိုယ်ချင်းစာကြည့်တာပေါ့ မမတုရယ်၊ ကျွန်တော်လည်း
ဝါသနာကြီးခဲ့ ကြိုးစားခဲ့တာလေ၊ ကုသိုလ်ကံ ...ာ စန်း
လေးရော ကောင်းတော့ ကျွန်တော်က အခု အောင်မြင်နေ
တဲ့ အနေအထားတစ်ခုမှာ ရောက်နေရတာလေ၊ သူလည်း
ဖြစ်ချင်တဲ့ သူ့ဝါသနာကြီးတဲ့သူ၊ တခြားအဆက်အစပ်က
မရှိတော့ Concert တုန်းက မတော်တဆ အဆက်အစပ်
လေးရသွားတဲ့ ကျွန်တော်ကတစ်ဆင့် လမ်းလေးများပွင့်
မလားလို့ ရစ်သီ ရစ်သီ ကပ်နေတာဟာ အပြစ်ကြီးတော့
လည်း မဟုတ်ပါဘူးဗျာ"

"အဲဒီ Concert တုန်းကတည်းက အဆက်အစပ်က
မတော်တဆ ရသွားတာ မဟုတ်ဘူး၊ သူက သူ့အကာသင်
ရမယ့်သူကို မင်းလို့ ရွေးချယ်လိုက်တာ၊ အဲဒီကတည်းက
ရည်ရွယ်ချက် မျှော်လင့်ချက်ကြီးနဲ့ ရွေးချယ်ချဉ်းကပ်ခဲ့
တာပဲ"

"ရွေးချယ်ချဉ်းကပ်ခဲ့လည်းပဲ ကျွန်တော် ဘာဖြစ်သွားလို့လဲ
မမတုရယ်၊ ကျွန်တော် ဖယ်ပေးရတာမဟုတ်ဘဲ သူ ဝင်
လာနိုင်တာဆိုရင် ကုသိုလ်တောင် မရဘူးလား"

"ကုသိုလ် ရရမရရ သူ့အခွင့်အလမ်းအတွက် မင်းနားကပ်
ပြီး ပလီပလာလုပ်နေတာကို မင်းက စေတနာအစစ်အမှန်
တွေ ပြိုကျနေတာကိုက ကိုယ့်ဘက်က နစ်နာနေပြီ၊ သူ့
ဘက်က အတုကြီး၊ မင်းက အစစ်တွေ စေတနာထားမနေ
နဲ့ ခါခါ"



www.burmeseclassic.com

www.burmeseclassic.com



"မမတုကလည်းဗျာ စိတ်ရှုပ်လိုက်တာ"

"မင်းကို ခရေးဗီးဖြစ်ပါတယ်၊ မင်းဖဲန်ပါဆိုတာ အလကား သူ့အကျိုးအတွက် လုပ်ကြံပြောနေတာ အယုံအကြည်ကို မရှိဘူး"

"အဲဒါ တကယ်မဟုတ်လည်း ကျွန်တော် ဘာမှမဖြစ်ပါ ဘူး"

"ဟင် ... ခါခါ၊ မင်း ဘယ်လိုဖြစ်နေတာလဲ"

"မမတုကလည်းဗျာ၊ ထားလိုက်ပါ သူ့ဟာသူ၊ ရှင်းရှင်း ပြောရရင် ကျွန်တော့်အတွက် အနှောင့်အယှက် မဖြစ်ပါဘူး"

တုတုက နှုတ်ခမ်းလေး မသိမသာ ပွင့်ဟပြီး မင်း သိက္ခာကို အံ့အားတသင့် စိုက်ကြည့်နေမိရင်း ရင်ထဲမှာ ဗလောင် ဆူ ဝမ်းနည်းလာမိပါသည်။ ခါခါရယ်၊ ဒီကောင်မလေးကို မင်း စပြီးစွဲလမ်းနေပြီလား။ ကိုယ်တိုင် အပြစ်မမြင်နိုင်သလို တုတုက အပြစ်မြင်မှာကိုလည်း မလိုလားတဲ့ပုံပါလား။

"သူ့ကို မင်း စွဲလမ်းနေပြီလား ခါခါ"

"သနားတာပါ၊ လူတွေက ကျွန်တော်တို့နှစ်ယောက်ကို သို့လော သို့လောနဲ့ တစ်မျိုးထင်ချင်ကြတာတောင်မှ သူ့ ကို အပြစ်မြင်ကြတယ်၊ ကျွန်တော့်ဘက်က နာကြတယ်လေ တာ သူ ဘယ်လောက်သနားဖို့ကောင်းထားလဲ မမတုရာ မဟုတ်ဘူးလား"





အဲဒါ လူတိုင်းက သူ့အရိပ်အကဲကို သဘောပေါက် နေလို့ပေါ့ဟဲ့ အရှူးရဲ့ လို့သာ ဟစ်အော်လိုက်ချင်သည်။ သို့ပေမဲ့ ရင်ထဲလေးနင့်သွားရကာ ပြောချင်ဆိုချင်စိတ်တောင် မရှိတော့ပါ။ ဒီကောင်မလေး ငယ်ငယ်ရွယ်ရွယ်နှင့် တော်ပါပေသည်။ သူလိုချင် တဲ့ အခွင့်အရေးမျိုးကို ကာယကံရှင် မင်းသိက္ခာ မငြိုမငြင်ပေးချင် အောင် သူ ဆွဲဆောင်ပြုစားနိုင်တာပဲလေ။

"လာပါ မမတုရဲ့၊ ကျွန်တော် ဗိုက်တောင်ဆာတယ်၊ မုန့် ဟင်းခါး သွားစားရအောင်လေ"

မင်းသိက္ခာက တုတုလက်ကို ဆွဲကာခေါ်၍ အောက် ထပ်ကို တုတု တုံ့နှေးနှေးပါလာရပါသည်။

"ဦးကြည်နဲ့ လာတာပေါ့ ဟုတ်လား"

"ဟင့်အင်း"

"ဘယ်သူနဲ့လာလဲ၊ မမတု မောင်းလာလား၊ ဟင်းရည်ချိုင့် တွေနဲ့"

"စထွက်တုန်းကတော့ ဦးကြည်နဲ့ပဲ၊ မေမေက ကိုဘိုဘိုတို့ အိမ် အရင်ဝင်ပို့ခိုင်းလို့ အန်တီမြင့်တို့ဖို့ ချိုင့်အရင်သွား ပို့တာ၊ ဦးကြည်ကားက အဲဒီခြံထဲမှာပဲ ပျက်ပါလေရော၊ လမ်းကတည်းက တုံ့တုံ့ တုံ့တုံ့နဲ့ ရောက်လာပြီး ပြန်ထွက် မယ်လုပ်တော့ စက်ကမနိုးဘူး၊ အဲဒါနဲ့ ဦးကြည်ကို ကား ပြင်ဖို့ပဲ ဆက်လုပ်ခိုင်းပြီး ဒီကို ကိုဘိုဘို လိုက်ပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အော် ...၊ ဟွန်း ... ရုပ်က ဒါကြောင့် မရှိုမချဉ်နဲ့၊ ဘ
နဲ့လာတာကိုး"

"ဘာဘဲနဲ့လဲ ... ခါခါနော်"

"သူကျတော့ ဒီလူကြီးနဲ့ ဟိုထွက်ဒီထွက် ဟိုတွဲဒီတွဲ ဇ
နေပြီး ကျွန်တော့်ကိုကျတော့ ဆရာကြီးလုပ်သလားမငြေ
နဲ့"

"ဟဲ့ ... ကိုဘိုဘို့ကို မမေတို့ ကျေနပ်လို့ မမအထိုး
အလျှောက်တွဲတာ၊ ပြီးတော့ သူက မမကို လမ်းခင်း
ဘာအခွင့်အရေးမှ ရစရာရှိတာလည်း မဟုတ်ဘူး၊ ဒ
မမနားကို ချဉ်းကပ်လာတာ မေတ္တာစစ်နဲ့ ချဉ်းကပ်နေတ
ဟဲ့"

"ဟွန်း ... မေတ္တာစစ်တဲ့၊ သူ့ဟာကျမှ မေတ္တာစစ်၊ ကျွ
တော့်ဘောကဟာကတော့ အတုအယောင်တဲ့ ဟုတ်လာ
ဟား ...၊ မမတုကတော့ မလွယ်ဘူး၊ ဘာလဲ ဒီလူကြီး
ရည်းစားဖြစ်နေပြီလား"

"ဟဲ့ ... တိုးတိုး၊ နင့်အသံကြီးက သူများတွေ ကြား

"မေးတာဖြေပါ"

"မဖြစ်ပါဘူး"

"မညာနဲ့နော် အမှန်အတိုင်းဖြေ၊ မဖြစ်ရင် ဘာလို့
လဲ"





"ဟဲ့ ... ဒီလိုပဲ မိသားဘသားပီပီ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတွဲသွားနေတာပဲပေါ့၊ ရည်းစားရယ်လို့လည်း ဘယ်ဟုတ်မလဲ"

"ဟွန်း ... လုပ်မနေနဲ့၊ ကျွန်တော်လည်း ကျွန်တော့်ဟာ ကျွန်တော် မိုးပြေးနဲ့ ဘာဖြစ်ဖြစ်။ တစ်ခါမှလည်း နှစ်ယောက်တည်း လျှောက်သွားနေတာ မဟုတ်ဘူး၊ လူတစ်ရာ လောက်ကြားထဲမှာ ပူးတွဲပူးတွဲနေတာ ဘာဖြစ်သွားလို့လဲ၊ သန့်သန့်လေးနေတာ၊ မမတု ဘာမှလာပြောမနေနဲ့၊ ကိုယ့်အတွက်သာ ကိုယ်ကြည့်ကျက်နေ"

တုတုသည် စိတ်လည်းတို ဝမ်းလည်းနည်းကာ မျက်ရည်တွေတောင် တဒိန်းဒိန်း မြည်ဟည်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

"အရင်ကတော့ ကျွန်မတို့ရပ်ကွက်လေးက မြို့စွန် အစွန်
အဖျား ဘာမှဈေးမရှိတဲ့ တန်ဖိုးနည်းနေရာလေးပေါ့ ဖြ
ရယ်၊ နောက်ပိုင်းကျတော့ မြို့သစ်တွေ မြို့ကွက်ချဲ့တယ်
မဟုတ်လား၊ အဲဒီကျတော့ ကျွန်မတို့က မြို့တွင်းဖြစ်သွာ
ရော"

"အေးပေါ့၊ ရန်ကုန်မှာလိုပဲပေါ့၊ ငါတို့ငယ်ငယ်က ဘာ
ဈေးမရှိတဲ့ နေရာတွေကို ပိုင်ထားတဲ့သူတွေ ဒီခေတ်
မြို့ပြင်က မြို့တွင်းဖြစ်လာတော့ ဈေးတွေတက် သူဌေးတွေ
ဖြစ်လာတာ"

"မြို့ပြင်ကွက်လိုဖြစ်တော့ နဂိုကတည်းက မြေကကျယ်
တယ်လေ၊ အခု ဈေးတက်တော့ ခြံကျယ်ကြီး ဆိုတော့
ဈေးကောင်းရတာပေါ့"

"အေးဟယ် ... ကောင်းတာပေါ့"





စကားဝိုင်းမှာ ထိုင်နေသော မင်းသိင်္ခာက တုတုကို လှမ်းကြည့်နေပါသည်။ ဒီနေ့က ဗီဒီယိုတစ်ကားပြတ်ပြီး ကြားမှာ သူနားရတဲ့နေ့၊ အဲဒါကြောင့် မမတုကို အညာမပြန်စေချင်တာ။ ကြည့်ပါလား။ အညာက တစ်ခါပြန်လာရင် လူက ညောင်နာနာ နှစ်စုပ်စုပ်နဲ့။ ဘာပုံထွက်လာမှန်းကို မသိဘူး။ နေစော်နံပြီးနွမ်း ခပ်လာသည်။

ခုလည်း ခရီးပန်းလာသလိုလေး နွမ်းညစ်ညစ်လေး ဖြစ်လာသည်။

ဒါကြောင့် မသွားခင်ကတည်းက မမတု မလိုက်နဲ့လို့ သူ တားတာ။

"ဟဲ့ ... မင်း မမတု မလိုက်လို့ရမလား၊ သူ့အဘိုးတော် တယ်လေ၊ အဘိုးရင်းကြီး တစ်ယောက်လုံးဆုံးတာ လိုက် မသွားလို့ ဖြစ်မလား၊ မကြာမကြာ ရောက်ဖြစ်တာလည်း မဟုတ်ဘူးဟာကို"

"မေမေကလည်း အဘိုးရင်းဆိုပေမယ့် မမတုနဲ့ဖြင့် နှစ်ခါ လောက်လားပဲ တွေ့ဖူးတာပဲဟာ၊ အဖေတော်တဲ့ ဒေါ်လေး တောင် သွားမတွေ့ဖြစ်တာပဲ ကြာကြာလုနေပြီ ဥစ္စာ"

"ဘာပဲဖြစ်ဖြစ်လေ၊ ခုဟာက ဆုံးသွားတာ၊ နောက်ဆုံး ခရီး၊ နေခဲ့လို့ မရဘူး၊ ဂျီမတိုက်နဲ့၊ လူကြီးတွေ တွေးစမ်း ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မင်းသိက္ခာတစ်ယောက် မမတု မရှိတဲ့ ဆက်ရက်လောက်ကို လူးလိုမ့်လိန်ပိန်နေတာပါ။ ရက်လည်တဲ့နေ့ကလည်း တဖျစ်တောက်တောက်။

"ရက်လည်ရင် တော်ပြီပေါ့၊ ဒေါ်လေး မပြန်တောင် သူ ပြန်လာပေါ့၊ ဆက်နေရဦးမယ်တဲ့ ... ဟွန်း၊ တကယ်ပဲ၊ တောက်"

"ဟဲ့ ... မင်းကို လိုလေသေး မရှိအောင် စေ့စေ့စပ်စပ် ဝိုင်းလုပ်ပေးကြသားပဲ မဟုတ်လား သားရယ်၊ တုတုမရှိတဲ့အတွက် ဘာတွေလိုအပ်နေလို့လဲ၊ ဘာမှလဲ မလိုအပ်ပါဘူး ပြည့်စုံနေတာပဲဟာ"

မေမေက သူ့ဟာသူမေး၊ သူ့ဟာသူဖြေကာ စကားအဖွင့်အပိတ် ပြီးနေပေမယ့် မင်းသိက္ခာမှာ အဖြေစကားမရှိတဲ့ မပြည့်စုံမှုကို ခံစားနေရတာပါ၊ ဘာလိုနေတယ်လို့ ပြောမပြတတ်တာတစ်ခု လိုနေခဲ့တာပေါ့။

အဲဒါ ဘာလဲ။

တကယ်တော့ မမတု မရှိဘူးဆိုတဲ့အခါ မမတု လိုနေတာပေါ့။

ဒါပဲပေါ့။ မမတုဆိုတာက မင်းသိက္ခာရဲ့နံဘေးမှာ အချိန်ပြည့်နီးပါး ရှိနေတဲ့သူလေ။ အချိန်တိုင်းမှာ သူ့စကား သူ့ရယ်သံ သူ့မြည်တွန်တောက်တီးသံ သူ့အပြုံး သူ့မျက်စောင်း သူ့အယုအယ သူ့ဒေါသ သူ့အကြင်နာ အို ... သူ့ရဲ့အရာရာ





သာလျှင် မင်းသိက္ခာတစ်သက် အချိန်တိုင်း ရစ်ပတ်လုံးထွေးနေခဲ့ရတာ။

မမတုအိမ်ကနေ မိုးလင်းမိုးချုပ် တစ်ရက်စာလောက် ပျောက်နေရင်တောင် သိသာလှပြီကို။ ဒီလောက်ကြီးကြာတော့ လူက လွှမ်းသလိုလို ရှိနေရာကနေ ဒေါကန်လာပါတော့သည်။

အခုကြည့်ပါလား။ ပြန်ရောက်လာတော့ နွမ်းညစ်ညစ်လေး။

"ကိုလေး ... ဖရဲသီးရပါပြီ"

ခုနကတည်းက မင်းသိက္ခာ ဖရဲသီးစိပ်ခိုင်းထားတာမို့ ကောင်မလေးက တွတ်တုလုပ်သလို ကြွက်ပုံအချပ်ကလေးတွေ ဆောင်းထပ်ပြီး ညီညီညာညာရအောင် လှီးလာပါသည်။

"လုံးလုံး ... ဒေါ်လေးနဲ့ တုတုဖို့လည်း ထည့်ခဲ့စမ်း၊ ခရီးပန်းလာတာ လန်းသွားအောင်"

"ဟုတ်ကဲ့ မေမေကြီး"

မင်းသိက္ခာက ငြိမ်နေတဲ့ တုတုကို မကြည့်မလင် ကြည့်ရင်း ...

"မမတု"

"ဟင် ... မောင်လေး"

"အစေ့တွေ ဖယ်ပေး"

"ဟင် ... အေး ... အေး၊ နေဦး မမ လက်သွားဆေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက မင်းသိင်္ခာကို မျက်စောင်းရွယ်ကာ ...

"ခုပဲ ခရီးကပြန်လာတဲ့သူကို ခရီးရောက်မဆိုက် ဖရဲသီးစေ့ ထုတ်ခိုင်းရတယ်လို့ ခါခါရယ်၊ အတော်ခက်တဲ့ အလုပ်ကြီး မို့လို့လား၊ စားရင်းနဲ့ ပါးစပ်ထဲက ထွေးထုတ်သွားပေါ့၊ တကတဲ"

"အဲသလိုမှ မထုတ်တတ်တာ၊ ဗိုက်ထဲရောက်ကုန်မှာပေါ့၊ တော်ကြာ အူအတက်ပေါက်နေဦးမယ် ... အဟဲဟဲ"

ညစ်ကျယ်ကျယ်နှင့် ပေါက်ကရပြောရင်း လက်ကို သေချာသွားဆေးနေတဲ့ မမတုရဲ့ မျက်နှာနွမ်းနွမ်းလေးကို လိုက်ကြည့်နေမိသည်။ သူက ဘာဖြစ်နေရတာလဲ။ မျက်နှာလုံးဝမကောင်းတာက ...။

"အခု နင်တို့ တစ်ခါတည်း အမွေခွဲစိတ်ခဲ့ပြီလား ခင်ခင်"

"ဟုတ်ကဲ့ မမ၊ ခြံကြီးကို ဝယ်မယ့်သူဌေးကတွေ့ဖြ့် အသင့် အရင်ကတည်းက အဖေ့ဆီက ဝယ်နေတာ၊ အဖေကမရောင်း ခဲ့တာလေ၊ ခုတော့ အဖေ့မိန်းမကလည်း ရောင်းချင်တယ် လေ"

"အင်း"

"ရက်တောင်မလည်ခင် သူဌေးကလည်း စာလာချုပ်ထား ပါပဲ၊ အမှန်ဆိုရင်တော့ ကျွန်မတို့က အရင်မိန်းမရဲ့ကလေး ပေါ့နော်၊ အခုက နောက်မိန်းမပေါ့၊ တစ်ဝက်စီခွဲဖို့ အမျိုး တွေက ပြောကြတာပါပဲ၊ ဒါပေမဲ့ တစ်ဝက်ခွဲမနေတော့





ပါဘူး မမရယ်၊ တုတုအမေလည်း ဆုံးခဲ့ပြီပဲ၊ ကျွန်မတို့ ဘက်မှာ ကျွန်မနဲ့တုတု နှစ်ယောက်ပေါ့၊ ဟိုဘက်မှာက အဖေ့မိန်းမရော နောက်ကလေးတွေက သုံးယောက်တောင်၊ အသက်နှစ်ဆယ်ကျော်အရွယ်တွေ ဖြစ်ကုန်ပြီ၊ သူတို့ဘက် က လေးယောက်၊ စုစုပေါင်း ခြောက်ယောက်ဆိုပြီး ခြောက်ပုံပဲ ပုံလိုက်တယ်လေ ...

ရတာက သိန်းခြောက်ရာ ခြောက်ဆယ်၊ ခြောက်ရာ ကို တစ်ယောက်တစ်ရာလို့ သတ်မှတ်ယူလိုက်ပြီး ကျန် တာကို ဝေယျာဝစ္စကိစ္စတွေ သုံးတာရယ်၊ အဖေ့အတွက် လှူတန်းပေးတာလေးတွေရယ်ပေါ့ မမရယ်"

"အင်း ... ကောင်းပါတယ် ခင်ခင်ရယ်၊ နင်တို့တူဝရီး တွေက စိတ်ကောင်းရှိကြတယ်"

"ဘာလုပ်မှာလဲ မမ၊ ကျွန်မရဲ့တစ်ရာလည်း တုတုကိုပဲ ပေးလိုက်မှာပေါ့၊ မမတို့ဆီက နှစ်ပေါင်းများစွာရခဲ့တဲ့ လခတွေတောင် ရွှေထည်လေးတွေ ဖြစ်ကုန်တာများလှပြီ ပဲ၊ ဝတ်လို့တောင် မနိုင်ဘူး၊ ကျွန်မတို့က ဘယ်နားသွား သုံးမှာလဲ၊ အဖေ့မိန်းမက ကျွန်မတို့သာသာပဲ ရှိပေမယ့် ကျန်းမာရေးမကောင်းဘူး ချူချာတယ်၊ ရွှေတိုရွှေစလည်း တစ်ပြားမှ မရှိဘူး၊ သူ့သားသမီးတွေ အရင်းအနှီးလုပ် ကိုင်စားသောက်ပစေပေါ့"

"အေးပေါ့၊ ငွေက ဒီကိုလွှဲလိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ၊ ရန်ကုန်ကိုလွဲထားတာ၊ နက်ဖြန်'......' ဘဏ်မှာ သွားထုတ်ရမယ်၊ ထုတ်ပြီးရင် ဘာလုပ်ရမလဲ မမ၊ တုတုဖို့ ဘာလေးဝယ်ထားရင် ကောင်းမလဲဟင်၊ ငွေ အတိုင်း ဘဏ်အပ်ထားရမှာလား"

"ဘဏ်မှာ ငွေသေကြီး အပ်ထားတာထက်စာရင် တိုက်ခန်း လေး မြေကြီးလေး ဝယ်ထားပေးပေါ့၊ အိမ်တွေ မြေတွေက အမြဲဈေးတက်တာပဲဟာ၊ ကိုယ့်အတွက်နေဖို့ မလိုပေမယ့် အပိုဝယ်ထားဖြစ်ရင်လည်း ငှားထားလို့ရတာပဲ၊ ဝင်ငွေလေး တောင်ရှိသေး"

"မမတို့ ကြည့်လုပ်ပေးပါဦးနော်"

မင်းသိင်္ခာက ဖရဲစေ့လေးတွေကို ခက်ရင်းသေးသေး အဖျားလေးနှင့် ကော်ထုတ် ဖယ်ရှင်းနေသည့် တုတုကို မျက်လုံး မှေးစင်းကာကြည့်ရင်း ...

"သြော် ... မမတု မျက်နှာ ဘာကြောင့်များ ခပ်တည်တည် ဖြစ်နေလဲမှတ်တယ်၊ အမွေသိန်းနှစ်ရာ ရလာလို့ ဘယ်သူ့ မခေါ်နိုင် မပြောနိုင် ဖြစ်နေတာကိုး ... ဟား ဟား"

"ခါခါနော်"

"ဟုတ်တယ်လေ၊ ခပ်တည်တည် လုပ်နေတာကိုး"

"လျှောက်ပြောင်မနေပါနဲ့ ခါခါရယ်၊ သိန်းနှစ်ရာဆို မင်းတို့ ချမ်းသာတာရဲ့ အပုံတစ်ရာပုံ နှစ်ရာပုံ တစ်ပုံမရှိပါဘူး၊ အဲဒါကို မမက ဘာဖြစ်ရမှာလဲ၊ ခရီး ပြီး ခေါင်းနည်းနည်းကိုက်နေလို့ပါ"





"သိသားပဲ၊ တမင်ပြောတာ"

တုတုသည် လူက ပန်းလျနေသည်။ လူက ရန်ကုန် သူလို ဖြစ်နေကာ ဟိုမှာ နေထိုင်စားသောက်ရတာ အသားတကျ မဖြစ်တော့ပါ။

"အေး ... သမီးမျက်နှာကို နွမ်းနေတာပဲ၊ မှန်းစမ်း"

မေမေက တုတုနား ခါးကိုကိုင်းကာ နဖူးကို လက် ဖမိုးလေးနှင့်စမ်းသည်။

"ဟော်တော် ... ပူလိုက်တာ၊ ကိုယ်တွေပူနေပါလားသမီး၊ ဖျားနေပါလား"

မင်းသိင်္ခာကလည်း စိုးရိမ်သွားမိကာ တုတုနား ရွှေ့ထိုင်ပြီး စမ်းသပ်ကြည့်လိုက်မိပါသည်။

"အို ... ခါခါ အနားမလာနဲ့လေ၊ အဖျားကူးတော့မှာပဲ"

"သိပါတယ်ဗျာ၊ တစ်စက္ကန့်လောက် ထိုင်ရုံနဲ့တော့လည်း အဲဒီအဖျားက ကူးမသွားပါဘူး၊ မမတုက အဖြစ်ကိုသည်း တယ်"

"ကူးနိုင်တယ် ခါခါရဲ့၊ မမတု နှာလည်းမွန်နေတယ်၊ နောက်ဆုတ်ထိုင် ... သွား၊ အပူရှုပ်ပြီး နည်းနည်းမွန်တယ် ထင်နေတာ၊ အခု အရိပ်ထဲရောက်ပြီး အေးသွားတော့ ပိုမွန်လာပြီ၊ တော်ပြီ မမတု နွှင်ထားတဲ့ ဖရဲသီးတွေလည်း ခါခါ ဆက်မစားနဲ့တော့၊ အသစ်လုပ်ခိုင်းပြီး စားတော့"

"ကလင် ... ကလင် ... ကလင်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလိုင်းဖုန်းမြည်သံ ထွက်ပေါ်လာတာမို့ ဖုန်းဆေးနားကပ်ရပ်နေတဲ့ မင်းသိင်္ခာက ချက်ချင်းကောက်ကိုင်လိုက်ကာ မင်းသိင်္ခာမှန်း မသိစေအောင် အသံဖျက်လျက် ...

"ဟယ်လို ... အမိန့်ရှိပါ"

"ဪ ... ဒေါ်နုနုထွေးတို့ အိမ်လားခင်ဗျာ"

တစ်ဖက်က ကိုဘိုဘို့အသံ။ ဖုန်းထူးနေကျသူကြားနေကျအသံ မဟုတ်၍ ဇဝေဇဝါ ဖြစ်သွားပုံပင်။

"ဟုတ်ပါတယ်"

"ဒီမနက် တုတု ပြန်ရောက်လားလို့ပါ၊ တုတုနဲ့ ပြောချင်လို့ပါ၊ ကျွန်တော် ဘိုဘိုပါ ခင်ဗျ"

အင်း ... ဒီလူ ယဉ်ကျေးတာကတော့ အမြင်တောင်ကတ်ဖို့ကောင်းတာ။ အိမ်က အလုပ်သမားတွေကိုတောင် သူ့ဘာရှိတာသေပဲ ဆက်ဆံတတ်လေသည်။ သို့ပေမဲ့ အဲသလိုကောင်းတဲ့ အရည်အချင်းတွေတိုင်းကိုလည်း မင်းသိင်္ခာက မနှစ်လိုနိုင်ရှိနေတာပါ။

"မမတု ရောက်ပါပြီ ခင်ဗျ၊ ဒါပေမဲ့ မမတု ဖျားနေလို့ အိပ်နေပါတယ်"

မင်းသိင်္ခာကလည်း အယောင်ဆောင်လက်စနဲ့ အိမ်က အောင်အောင်တို့ ဇော်ဇော်တို့လို့ ထင်ရအောင် အသံဖျက်ပြီး ဆက်ပြောလိုက်ပါသည်။



"ဪ ... ဒါဆိုရင် ညနေလောက်မှ ပြန်ဆက်ပါမယ် ခင်ဗျာ၊ ကိုဘိုဘို ဆက်တယ်လို့ ပြောထားပေးပါ"

"ဟုတ်ကဲ့ ... စိတ်ချ"

မင်းသိင်္ခာက ဖုန်းကိုချပစ်လိုက်သည်။ ပြောမလား ပြောဘူးလားတောင် မမေးဘဲ သူကကြားကဝင်၍ အိပ်နေပါတယ် လုပ်လိုက်၍ မေမေ့မျက်စောင်းက မင်းသိင်္ခာထံ ဒက်ခနဲ ရောက်လာပါသည်။

"ညနေ ပြန်ဆက်မယ်တဲ့"

မင်းသိင်္ခာက တုတုကို လှမ်းပြောတော့ တုတုက ပြုံးမရယ်လေး မျက်လွှာချလျက်သား။ မင်းသိင်္ခာထံမှ ပြစ်တင်သံစကား ကြားရမည်စိုး၍ ကိုဘိုဘိုနှင့် ပတ်သက်တဲ့စကားကြောင်းမှာ ရဲရဲတင်းတင်း ဝင်မပါရဲတာပါ။

"ကဲ ... သမီး ခဏသွားနားလိုက်၊ လှဲရင်လှဲနေ၊ ညနေစောင်းမှ ဆေးခန်းသွားရအောင်"

"ဆေးခန်းမသွားလည်း ရပါတယ် မေမေရယ်၊ ဘိုင်အိုဂျက်စစ်လေးပဲဖြစ်ဖြစ် သောက်လိုက်မှာပေါ့"

"သူ့ ဖြစ်ရင်တော့ တစ်ခါလာလည်း ဘိုင်အိုဂျက်စစ်၊ သူများဖြစ်ရင်တော့ ပုံကြီးချဲ့ချင်တယ် ... ဟွန်း၊ နှာမွန်နေပြီဆိုတော့ အဲင်တီဘိုင်အိုတစ်ပါမှ သက်သာတော့မှာ မရဘူး ဆရာဝန်ပြရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခါခါရယ် ... မမတုက ..."

"ဘာဖြစ်လဲ မမတုက၊ မမတု သိထားဖို့က ကျွန်တော် လည်း ကျောက်ကပ်တစ်လုံးပဲရှိသလို မမတုလည်း ကျောက် ကပ်တစ်လုံးပဲ ရှိတာလေ၊ ကျွန်တော့်တစ်ယောက်ကိုပဲ သည်းသည်းလှုပ်နေပြီး ကိုယ်ဖြစ်ရင် တော်ရိလျော်ရိ လုပ် မနေနဲ့ဗျ၊ တော်ကြာ မမတု တစ်ခုခုဖြစ်ရင် ကျွန်တော် အပြစ်ကြီး ဖြစ်နေဦးမယ်၊ ရောဂါတစ်ခုခုရရင် ဒီကောင် ကို ကျောက်ကပ်တစ်လုံး ပေးလိုက်ရလို့ ဖြစ်တာဆိုပြီး ဖြစ်နေဦးမယ်"

"တွေ့လား ... ညည်းမောင် ရာကြဲရစ်ရမယ်ဆိုရင် ဉာဏ် ထွက်တယ်"

တုတုက အပြုံးနွမ်းလေးနှင့် ...

"ကျောက်ကပ်တစ်လုံးချင်း တူပေမယ့် ခါခါ့ကို ပို စိုက်ရမှာပေါ့ ခါခါရဲ့၊ မမက ကျောက်ကပ်တစ်ဖက် တာကလွဲရင် ကျန်တာ သူများလူကောင်းတွေအတိုင်း လေ၊ ခါခါကကျတော့ ကိုယ့်ကိုယ်ထဲကို သူစိမ်းကျော ကပ်ကြီး ထည့်ထားရတာလေ ...

အဲဒီတော့ ဒီကျောက်ကပ်ကြီးကို ခန္ဓာကိုယ် Reject မလုပ်အောင် ကိုယ်ခံအားတွေကို လျှော့ချ တာလေ ခါခါရဲ့၊ ဒါကြောင့် ဘေးမှာ လူမမာရှိရင် တတ်တဲ့ရောဂါရှိရင် ကူးလွယ်တာလေ၊ ဟိုတစ်ခါ



နောက် မောင်ထူးလေး ထည့်တုန်းက မောင်ထူးဆီက ယားနာတွေကူးကုန်တာ မမှတ်မိဘူးလား ဟင်း ဟင်း"

ရယ်ဖော်ရလာတဲ့ မမတုကိုကြည့်ကာ မင်းသိက္ခာက သူ့ရင်ထဲ စနိုးစနောင့်တွေ သက်သာရာရသော်လည်း မျက်နှာကြော ကိုတော့ မလျှော့ဘဲ ...

"သူ ရှင်းပြမှ သိမှာကျနေတာပဲ"

"ဟုတ်တယ်လေ၊ မမတုက ခါခါ့လောက်တော့ ရောဂါ ကူးမလွယ်ဘူးလို့ ပြောပြတာပဲဟာ"

"အင်းပါ ... ရောဂါကူးမလွယ်လည်း အခု ဖျားနေပြီကို တော့ ဂရုစိုက်ဦးပေါ့၊ ဆရာဝန် ပြရမယ်"

"ဟုတ်တယ်သမီး၊ ညည်းတို့မောင်နှမ Check-up တောင် နောက်လထဲလောက် သွားရမယ်လေ၊ နှစ်ယောက်လုံး နေကောင်းအောင်နေကြဦး၊ ခါခါ ... မမကိုပဲရစ်မနေနဲ့၊ မင်း ဒီလထဲ ကျန်းကျန်းမာမာလေးနေစမ်း၊ ရှေ့ကို ကိစ္စ ဝိစ္စတွေ ရှိတယ်"

"ဘာတွေလဲ"

"ရှေ့လကို မင်းတို့ Check-up ထွက်ရမယ်လေ"

"အဲဒါ သိပြီလေ မေမေရဲ့၊ နောက်ကော"

"နှစ်ကုန်နဲ့ နှစ်ဆန်းပိုင်း မမတုတို့ မင်္ဂလာကိစ္စလည်း စီစဉ်ဖို့ ရည်ရွယ်ထားတယ်၊ မင်္ဂလာပွဲတစ်ပွဲရှိတာ ပင်ပန်း မှာ"

www.burmeseclassic.com

www.burmeseclassic.com



မင်းသိင်္ကြာက နှုတ်ဆိတ်သွားရပါသည်။

တကယ်ပဲ မမတုနဲ့ ကိုဘိုဘိုက ယှဉ်ကြတော့မှာပေါ့။ ဒီကိစ္စကို စဉ်းစားလိုက်တိုင်း သူ့ရင်ထဲ မကြည်ဖြူသလို နင်တင် တင် ဆို့တို့တို့ မကျေမချမ်း ခံစားလာရတတ်တာကို သူ့ဟာသူ ပဲသိသည်။ ဒါဟာ ဘယ်လိုသဘောလဲ။ သူ ဘာကြောင့် ဒီလ ဖြစ်ရတာလဲ။

မလွဲနိုင်တဲ့အဖြေတစ်ခုကတော့ တစ်သက်လုံး သူပိုင် တယ်လို့ ယူဆခဲ့တဲ့ သူ့ကိုယ်ပိုင်သုံးပစ္စည်းတစ် ခုကို သူ့ဘ အတွက် ဖရှိမဖြစ် အသုံးဝင် လိုအပ်လှတဲ့ မမတုကို တခြားတ ယောက်ကို မပေးလိုက်ချင်တာပင်။

အဲသလို မပေးလိုက်ချင်ရခြင်းရဲ့ အတွင်းကျ အဓိကကျကျပြသနာက အဆုံးရှုံးမခံနိုင်ခြင်း လက်မလွှတ် ခြင်းတွေပင်။ ဒါတွေဟာ ရိုးရိုးကလေး အခြေခံကျတဲ့ မသိစိတ် လား။ ဒီထက်ဆန်းကြယ်ထူးခြားတဲ့ မသိစိတ်နဲ့လား။

မမတုကို ချစ်တယ်။

အဲသလို ရိုးရိုးကလေး အချိန်ပြည့် တွေးခဲ့ဖူးပေ မမတု လက်ထပ်တော့မယ်ဆိုတဲ့အခါ ဒီစကား ဒီအတွေးအ သူ အငြင်းပွားဖွယ်ရာ ခွဲခြမ်းစိတ်ဖြာမှုမျိုးတွေ လုပ်နေမိတ ဘာကြောင့်လဲ။ ခုချိန်ထိ မမတုမှာ ချစ်သူမရှိခဲ့ဖူးသေးလို့ ဒါ သူ ခုမှ ခံစားဝေဝါးလာမိတာပင်။



သူကိုယ်တိုင်လည်း ခုချိန်ထိ တစ်ကြိမ်တစ်ခါမှ ညီးစားရယ် ချစ်သူရယ်လို့ မထားခဲ့ဖူးသေးတာကလည်း ကိုယ့် စိတ်ကို သံသယဖြစ်စရာအချက်ပဲ ဖြစ်နေမလား။ သူ့အသက် လည်း အစိတ်တောင်ရှိနေပြီလေ။ နှစ်ဆယ်ကျော်ခဲ့တဲ့နောက်ပိုင်း အနုပညာလောကထဲ ခြေစုံပစ်ဝင်ခဲ့တော့ တော်ရုံတန်ရုံ ရည်းစား ထားဖြစ်ခဲ့တာကတော့ ထားပါတော့။

ဒီလောကထဲ မရောက်ခင် လူပျိုပေါက်ကကော။ ခေတ္တကိုလိုက်တဲ့ ယောကျ်ားတွေကို ရန်လုပ်နေရတာနဲ့တင် သူ့ မှာ မအားနိုင်အောင် ရှိခဲ့သည်။ တကယ်ဆို ခုလည်းပဲ ကောင်မ လေးတွေ ဒီလောက်ဝိုင်းဝိုင်းလည်နေတာ။ နည်းနည်းကလေးတောင် ရင်ခုန်သာယာတာမျိုး တောက်လျှောက်မရှိခဲ့တာလေ။

အခု မကြာခင်ကာလကလေးလောက်ကမှ မိုးပြေး ငှ် ပတ်သက်၍ သူ့မှာ စိတ်လှုပ်ရှားရတာလေးတွေတချို့ ရှိခဲ့ သည်။ သူ့စိတ်တွေ မလှုပ်ရှား လှုပ်ရှားအောင်လည်း ပြောဆိုပြုမူ ားယောင်းတတ်တာလေးတွေ မိုးပြေးမှာရှိသည်လေ။ ဒီတော့ လည်း ယောကျ်ားပျိုပဲ။ ရင်ခုန်စိတ်လှုပ်ရှားရတာ သာယာယစ် ရာတာလေးတွေ ရှိတယ်ပေါ့။

ဒါပေမဲ့ အဲဒါက အချစ်လား။ ပြီးတော့ အစစ်လား။ ပြေးကို မမတု မကြည်မလင် ထိခိုက်ပြောလျှင် သူ မကြိုက် င်ပါ။ ဒါပေမဲ့ သူ့ရင်ထဲမှာ အချိန်ပေါင်းများများ ရှိနေတဲ့သူ တော့ မိုးပြေးလား မမတုလား။ မမတုပါ။ ဒါဟာ ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



တည်းက အတူနေ တစ်အိမ်ထဲ တစ်မိုးထဲအောက် မိုးလင်းမိုးချုပ် မြင်တွေ့နေတဲ့သူချင်းမို့ စိတ်ထဲ အချိန်များများ ရှိနေတာမျိုးလား ဆိုတာကိုတော့ သူ ရေရေရာရာ မသိတတ်ပြန်ပါ။

အင်း ... စိတ်ရှုပ်လိုက်တာ။

မမတုကကော ကိုဘိုဘိုနဲ့ ချစ်သူတွေ မဟုတ်ကြ ဘူးလို့ ဘာကြောင့် အမြင်ငြင်းပယ်ပြီး လက်ထပ်ကြရမယ့်ကိစ္စ လည်း သူပဲ အပြစ်ရှိသလိုလို မလုံမလဲ ဘာကြောင့် ဖြစ်နေ တာတဲ့လဲ။

မင်းသိက္ခာက တုတုရဲ့အခန်းဝအထိပါလာ၍ တုတု က လှည့်ကြည့်ရင်း ...

"ခါခါ ဘာလဲဟင်၊ ဘာလုပ်ပေးစရာရှိလဲ၊ မမတု ခဏ မလို့"

"ဘာမှလုပ်ပေးစရာ မရှိပါဘူး"

"ဒါဖြင့် ဘာလဲ"

"မမတု မျက်နှာမကောင်းဘူး၊ ဘာဖြစ်နေလို့လဲဟင်"

"မျက်နှာမကောင်းဘူး ဟုတ်လား"

"ဟုတ်တယ် ... မှိုင်နေတယ်၊ မှန်မှန်ပြော"

"မှန်မှန်ပြောမှာပါ၊ ဘာမှမဖြစ်ပါဘူး၊ မျက်နှာမ တာက ကိုယ့်ကိုယ်ကိုယ် ဖျားလို့ဖျားမှန်းမသိ၊ လူ နယ်တော့ မျက်နှာလည်း မသက်မသာ ဖြစ်နေတာ ပါတယ် ခါခါရယ်"





"တကယ်နော်"

"အင်းပါ၊ ဘာမှမဖြစ်ဘူး"

"မမတု ခရီးသွားတုန်း ကျွန်တော်နဲ့ ဖုန်းသုံးခါပြောဖြစ် တယ်၊ မမတုက လေးခါဆက်ပေမယ့် ကျွန်တော်နဲ့က တော့ သုံးခါပဲ ပြောဖြစ်တာ၊ မေမေနဲ့သာ လေးခါလုံးပြော တာ"

"အင်း ... အဲဒါ ဘာဖြစ်လို့လဲ ခါခါ"

"ကိုဘိုဘိုနဲ့ ဘယ်နှခါပြောလဲ"

တုတု မျက်ခုံးလေးက တွန့်သွားရင်း ...

"တွေ့လား ... မမကို ခါခါ ပြဿနာရှာနေပြီ"

"ပြဿနာရှာတာမှ မဟုတ်တာ၊ သိချင်တာပဲဟာ၊ အမှန် အတိုင်းပြော"

"နေ့တိုင်း ပြောတယ်"

တုတုက ခပ်တိုးတိုးလေး မျက်လွှာချ၍ ဖြေသည်။

"ကိုဘိုဘိုက နေ့တိုင်း မမဟဲန်းဒ်ဖုန်းကို လှမ်းဆက်တာ မို့လို့ပါ"

တုတုရဲ့ဖြေရှင်းသံလေးက တိုးလျှိုးသံပေါက်နေသ လို့ ကိုယ့်ဘာသာ တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၇

အောင်အောင်က မင်းသိင်္ဂါထံ ဟန်းဒ်ဖုန်းကို ကမ်း လိုက်ကာ ...

"မပြောရမချင်း ရစ်နေတယ် ကိုခါ"

"ဘယ်သူလဲ ... မိုးပြေးလား"

"အင်းပေါ့၊ ရိုက်နေလို့ ခဏလေးပါ ဆိုတာကို မရဘူး ထပ်ထပ်ခေါ်နေတာ"

မင်းသိင်္ဂါက ဖုန်းကိုနားမှာကပ်ရင်း ...

"ဟယ်လို"

"ခါ"

"အင်း ... ပြော"

မိုးပြေးက သူ့ထက်ငယ်ပေမယ့် သူ့ကို "ခါ"လို့ ပြောင်းခေါ်နေတာ ကြာပါပြီ။ သူနဲ့ပထမဦးဆုံး ဗီဒီယိုစရိုက်တုန်း ကတည်းကပင်။ "ကိုခါ"ဆိုတဲ့ အခေါ်အဝေါ်က ရှိသမျှ အောင်





သက်ငယ်သား တပည့်တပန်း အားလုံးရော စိမ်းတဲ့သူတွေရော အလုပ်သဘော ဆက်ဆံသူတွေရော ပိုင်းခေါ်ကြတဲ့ နာမည်မို့တဲ့။ "ခါခါ"ဆိုတာကတော့ မိသားစုထဲကသာ ခေါ်ခွင့်ရှိတဲ့ နာမည် မို့တဲ့။

သူ့ကို ခါခါ ခေါ်တာ ဖေဖေ မေမေ မမတို့နဲ့ ခေါ်လေးပဲရှိတာမို့ သူ့ထက်ကြီးသူတွေချည်းပဲဆိုတာ ပြောပြသော အခါ အဲဒါကြောင့် သူက "ခါ"လို့ပဲ တစ်လုံးတည်းခေါ်မယ် တဲ့။

"ခါ"

"အင်း ... ပြောလေ"

"ပြောစရာမရှိပါဘူး ခါရယ်၊ မိုးပြေးကို စကားနည်းနည်း လောက် ပြောစမ်းပါ"

"ဘာပြောရမှာလဲ မိုးပြေးရဲ့"

"ဘာပဲပြောပြောပါ၊ ခါ ပြောချင်တာ ပြောနေလေ၊ ခါ့ အသံကြားနေရရင် ကျေနပ်ပါပြီ၊ အကြာကြီးလည်း မပြော ပါဘူး၊ ခဏ အသံကြားရပြီးရင် ချပါ့မယ်"

မင်းသိင်္ဂါက ဘာမသိဘာမသိ ခပ်ဟက်ဟက်လေး ရယ်လိုက်ပါသည်။ မိုးပြေးက အဲသလို အချွဲပိုတာလေးတွေရှိသည်။

"ဒီကောင်မလေး ဘာဖြစ်နေတာလဲ"

"ဟင့်အင်း ... ခါ့ကိုမတွေ့ရဘူးဆိုတော့ အသံလေးတော့ ကြားချင်တယ်"



www.burmeseclassic.com

"ခါတိုင်းလည်း နေ့တိုင်းတွေ့တာမှ မဟုတ်တာ၊ မိုးပြေး ရှုံတင်ရှိတဲ့ရက်တွေဆိုလည်း ဆက်တိုက်မရောက်ဘူးလေ။ ရက်ခြားလောက်ပဲ တွေ့ဖြစ်တာပဲဟာ"

"အင်းပါ … အဲဒီရက်ခြားတောင် မိုးပြေးက အတင်းလာတွေ့နေလို့သာ တွေ့ခွင့်ရနေတာဆိုတာ နားလည်ပါတယ်နော်"

"အဲဒါတော့ ကိုယ်က တစ်ရက်မှ မအားလို့ပါ မိုးပြေးရဲ့"

"လဆန်းရက်က အိမ်မှာ ဘုရားပင့်တဲ့အလှူ ရှိတော့လည်း ခါ မလာပါဘူး၊ အဲဒီနေ့က ခါ ကြားမှာနားရက်လေ"

"ဪ … အဲဒါက …"

"မမတု မလွတ်တာဆိုတာ မိုးပြေး သိပါတယ်"

တကယ်လည်း မိုးပြေးစကားက မှန်နေပါသည်။ မမတုက မသွားပါနဲ့လားလို့ သွေးတိုးစမ်းတဲ့အခါ မေမေကလည်း မသွားဖို့ ကန့်ကွက်ခဲ့တဲ့အတွက် မသွားဖြစ်တော့ပါ။ မမတုရဲ့ အကြောင်းပြချက်ဖြစ်တဲ့ "အဲဒီကို မိုးပြေးက ဂျာနယ်တချို့က သူနဲ့ရင်းနှီးတဲ့သူတွေလည်း ဖိတ်ထား ခေါ်ထားမှာပဲ၊ သူလည်း ဗီဒီယိုတွေရိုက်နေရပြီလေ၊ အရိုက်ကျဲသေးပေမယ့် ဒုတိယမင်းသမီးတောင် မဟုတ်ချင်တော့ဘူး၊ နှစ်ယောက်ပြိုင်ရင် အခန်းချင်းညီမှတွေ ဘာတွေ ဇာတ်ရွေးလာနေပြီလေ၊ ဇာနယ်ဇင်းကို ဖိတ်ကိုဖိတ်မှာ၊ မင်း လာတယ်ဆိုတာ ဂျာနယ်ထဲ ပါလာမှာ သေချာ





ဘယ် မောင်လေး"ဆိုတဲ့အတိုင်း အဲဒီ ဘုရားကြွအလှူကို လာကြတဲ့ အနုပညာလောက,က လူတွေပုံတွေ ဂျာနယ်ထဲ ပါလာပါသည်။

"ကိုယ် သိပ်နေမကောင်းလို့ နားချင်တာပါ"

"ခါက မမတုကို အမြဲကာကွယ်ပြောပေမယ့် မိုးပြေးကို မမတု မလိုလားတာ မိုးပြေးသိပါတယ်"

"မမတုက အဲလိုမဟုတ်ပါဘူး မိုးပြေးရဲ့"

"ခါက မမတုရဲ့ မျက်နှာတစ်ဖက်ခြမ်းကို မြင်နေတဲ့ တစ်ပြိုင်နက် အချိန်မှာ မိုးပြေးက မမတုရဲ့ကျောဘက်ခြမ်းကို မြင်နေရတာ ခါရဲ့၊ ခါ မမြင်ရတာတွေ မိုးပြေး မြင်ရပါတယ်"

"အဲ့သလိုပဲ မိုးပြေး မမြင်ရ မသိရတာတွေကိုလည်း ကိုယ်သိတာပေါ့၊ မမတုက မကောင်းတဲ့စိတ် မရှိပါဘူး မိုးပြေး"

"အင်းပါ၊ ခါနဲ့ မမတုကြားက သံယောဇဉ်အကြီးကြီးကို မိုးပြေး သိပြီးသားပါ၊ ဒီလိုပြောရင် ခါ လက်သင့်ခံမှာ မဟုတ်တာလည်း သိပြီးသားပါ ခါရယ်၊ ဒါပေမဲ့ မိုးပြေး သိပါတယ်၊ မမတု မိုးပြေးကို မလိုလားပါဘူး၊ ဘာကြောင့် ခါးခါးသီးသီး မလိုလားလဲ ဆိုတာကိုလည်း မိုးပြေး သိနေပါတယ်"

"ဘာကြောင့်လဲ"

www.burmeseclassic.com



"ဟင့်အင်း ... မိုးပြေး မပြောဘူး၊ ပြောရင်လည်း ခါက လက်ခံယုံကြည်မှာ မဟုတ်ဘူး၊ ဒီတော့ ခါမမေးပါနဲ့၊ မိုးပြေး လုံးဝမပြောဘူး"

"ကဲ ... ကဲ ... မိုးပြေး မပြောချင်လည်း အတင်းမမေးပါဘူး၊ ဒီနေ့ ဘာတွေဖြစ်နေလဲ၊ အသံကလည်း ခံစားချက်တစ်ခုခု ရှိနေတဲ့ အသံပဲ၊ အခုကော ပေါ့သွားပြီလား။ စကားပြောလိုက်ရပြီဆိုတော့"

"အင်း ... အလွမ်းပြေတယ်"

"အရှုးလေး၊ အမြဲတမ်း နေ့တိုင်းတွေ့ဖြစ်တာလည်း မဟုတ်ဘဲနဲ့ ဒီနေ့မတွေ့ရတာကိုမှ ဘာဖြစ်လို့ အရမ်းခံစားနေတာလဲ စဉ်းစားမရဘူး"

"အရင်နေ့တွေ တချို့က ခါ့ဆီလာဖို့ မရည်ရွယ်ဘူး မလာဖြစ်ဘူး အဲဒါကြောင့် မတွေ့ဘူးဆိုရင် မိုးပြေးလည်း ဘာမှမခံစားရဘူးပေါ့၊ တွေ့ချင်တယ်၊ လာတယ်၊ မတွေ့ရဘူး ဆိုတာကကျတော့ ခံစားစရာ ဖြစ်တာပေါ့ ခါရယ်"

"မိုးပြေး လာလို့လား"

"......"

"ရှုတင်ကို ရောက်လာသေးလို့လား ... ပြောလေ"

"အင်း"

"ဟင် ...၊ ဒါဖြင့် ဘာလို့ ဝင်မလာတာလဲ"

"လာလို့မရလို့ပေါ့"





မိုးပြေးရဲ့အသံက တိုးတိမ်ကာ ဝမ်းနည်းကြေကွဲသံ ပေါက်နေပါသည်။ မင်းသိင်္ခာက အံ့သြသွားရကာ ...

"ဘာလို့ လာလို့ မရတာလဲ"

"လာခွင့်မရှိလို့"

"ကျွတ် ... မိုးပြေး၊ သေချာပြောစမ်းပါ၊ ကိုယ်နားမလည်ဘူး၊ မိုးပြေး ဘာကို ပြောချင်နေတာလဲ၊ ဒီကိုရောက်လာတယ်၊ ဝင်မလာဘူး၊ လာလို့မရလို့ လာခွင့်မရှိလို့ ဆိုတော့ ဘယ်သူက တားမြစ်ထားလို့လဲ"

"အဲဒါ စုံစမ်းကြည့်လိုက်ပေါ့"

"ကျွတ်"

"ခါ ... မိုးပြေးကို စိတ်တိုလာတာလား"

"ကျွတ် ... မဟုတ်ပါဘူးကွာ၊ ဘာမှန်းလဲ မသိရတော့ အသည်းယားတာပေါ့"

"ခါ ပြန်မေးကြည့်လိုက်ရင် ချက်ချင်းသိရမှာပေါ့၊ ဒါပေမဲ့ မိုးပြေးအတွက်တော့ ကိစ္စမရှိပါဘူး၊ ခုလည်း ခါ့အသံကို ကြားချင်လို့ သက်သက် ဖုန်းလှမ်းဆက်မိတာပါ၊ နက်ဖြန်လည်း လာဖြစ်မှာ မဟုတ်သေးဘူး ခါ၊ ဘယ်တော့မှလာနိုင်မယ်လဲ မသိသေးဘူး၊ ဒါပဲနော် ခါ၊ ဘိုင်"

တစ်ဖက်က ဖုန်းချသွား၍ မင်းသိင်္ခာက စိတ်တွေရှုပ်ကာ ကျန်ခဲ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အောင်အောင်"

"………"

"အောင်အောင်"

မင်းသိင်္ဂါအသံက စိတ်တိုသံပေါက်လာ၍ အနီးအနားမှာရှိတဲ့ ရှုတင်အဖွဲ့သားတွေက ဝိုင်းခေါ်ကာ အောင်အောင့်ကို ရှာပေးကြပါသည်။ အားလုံး ဝိုင်းအော်မှ အောင်အောင် တစ်ယောက် ဝုန်းဒိုင်းကြဲ ပြေးဝင်လာကာ …

"ဗျာ … ကိုခါ"

"မင်း ဘယ်သွားနေတာလဲ"

"ဟို … ဟို … အောက်မှာ အန်တီစောတို့နဲ့ စကားသွားပြောနေတာ ကိုခါ"

"မင်း … တစ်ခွန်းပဲပြော၊ မင်း ငါ့ကိစ္စလုပ်မှာလား အန်တီစောတို့နဲ့ စကားပြောမှာလား၊ မင်းကြိုက်တာလုပ်ရတယ်"

အန်တီစော ဆိုတာက ဒေးလီးကြေးနှင့် ခေါ်လေ့ရှိတဲ့ ဓာတ်ပို့ ဓာတ်ရံ အမျိုးသမီးကြီးပါ။ သူတို့အုပ်စုနားမှာဆိုရင် ဟုတ်တာတွေရော မဟုတ်တာတွေရော ပြောရ ရယ်ရသည်။ ဒီတော့ အောင်အောင်တို့အဖို့ အပျင်းပြေသည်။ အဲဒီအုပ်စုထဲမှာ မင်းသမီးရဲ့မိတ်ကပ်သမားလည်း ပါသည်။ ဝိုင်းဖွဲ့ဆော့ကြ ကစားကြတာမျိုးကလည်း ရှိသည်။





မင်းသိင်္ဂါ ဒီလောက်ပြောလျှင် စိတ်တိုနေသည်ဆိုတာ သိသာတာမို့ အောင်အောင် မျက်နှာပိုးသေကာ ခေါင်းလေးငုံ့ပြီး ဘာမှပြန်မပြောရဲ။

"ဟော့ကောင် … မင်း ဘာလုပ်မှာလဲ"

"ကျွန်တော် ခဏလေး ဆင်းတာပါ၊ မဆင်းတော့ပါဘူး၊ အစ်ကို့နားမှာပဲ နေတော့မယ်"

"အဲဒါဆို လာဦး"

"ဟုတ်"

အောင်အောင် အနားရောက်လာမှ မင်းသိင်္ဂါက ခပ်တည်တည်ကြည့်ရင်း အသံကိုနှိမ့်ကာ …

"မိုးပြေး လာသွားလား"

"ဟင့်အင်း … ကိုခါ"

"မင်း သေချာလား၊ သူက သူလာသွားတယ် ပြောနေတယ်"

"ဟို … အိမ်ပေါ်တော့ တက်မလာဘူးလေ ကိုခါ၊ ခြံထဲရောက်လာလား မလာလား မသိဘူး"

"ခြံထဲရောက်လာတယ်ဆိုရင် ဘယ်သူကတားလို့ ဘာဖြစ်သွားလို့ သူ အိမ်ပေါ်ရောက်မလာရတာလဲ"

"မသိဘူး ကိုခါ"

မင်းသိင်္ဂါက အောင်အောင့်ကို ခေါက်ပိုးတစ်ချက်အုပ်လိုက်ရင်း …

"မင်း ဘာသိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟို ... ဟိုဟာ ... မမတုတော့ လာတယ်"

"မမတု ! "

"ဟုတ်ကဲ့"

"မမတုလည်း တက်မလာပါလား၊ ဘာဖြစ်လို့ တက်မ
လာတာလဲ"

"ခြံထဲကပဲ လှည့်ပြန်သွားတာ ကိုခါ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဟို ... ဟို"

"ပြောကောင်"

"ကျွန် ... ကျွန်တော် မနေ့ကရဲ့အဆက်အကျိုးဘောင်းဘီ
ထုပ် ပါမလာလို့ အစ်ကို၊ ဒါရိုက်တာက မွန်းလွဲပိုင်းမှာ
မနေ့ကပန်းခြံကို အောက်ဒိုး ပြန်ထွက်မယ်ဆိုတော့
ပါမလာတာ သတိရပြီး မမတုကို လှမ်းပြောတာ၊ မမတု
လာပို့သွားတာပါ၊ ကားက မေမေကြီး သွားစရာရှိသေးလို့
ဆိုတာနဲ့ ချက်ချင်းပြန်သွားရတာ"

"ဩော် ... မင်း မေ့ကျန်ခဲ့တာကို လာပို့ရတာဆိုတော့ ငါ့
ကိုမပြောဘဲနဲ့ မြို့ထားတာပေါ့လေ၊ မင်း မမေ့တဲ့နေ့ရှိလား
ကောက် ... ဘယ်မှမသွားနဲ့ ငါနဲ့ ဆယ်ပေအကွာမှာပဲနေ"

"ဟုတ်"

"မိုးပြေး လာတာ မလာတာ တကယ်မသိတာလား"





"ဟုတ်ကဲ့၊ တကယ်မသိတာ ကိုခါ၊ မလာဘူး ထင်တာပဲ"

မင်းသိင်္ခာက မျက်ခုံးလေးတွန့်၍ စဉ်းစားနေမိပါသည်။ မိုးပြေးကို တခြားဘယ်သူကမျှကော မသွားရဘူးလို့ တားရဲမှာနည်း။ မင်းသိင်္ခာ လက်ခံတဲ့ဧည့်သည်ဆိုတာ အားလုံးသိနေကြတာပဲဟာ။ မမတုကလွဲလို့ မိုးပြေးကို တားရဲမည့်သူမရှိ။ ခုတော့ မမတုလည်း ဒီကိုရောက်လာသည်ဆိုတော့ သေချာသည်၊ မမတုပဲ ဖြစ်မှာပေါ့။

မိုးပြေးကို မမတု အမြင်မကြည်ဘူးဆိုတာ မင်းသိင်္ခာ သိသည်။ မိုးပြေး လုပ်ကိုင်ပြောဆိုနေသမျှဟာ မမတု မျက်စိထဲမှာ စပါးမွေးစူးစရာ ဖြစ်နေတာကိုလည်း မင်းသိင်္ခာ ရိပ်မိပါသည်။ မေမေကလည်း မမတုနှင့် သဘောချင်း တစ်ထပ်တည်း။ ဒါကြောင့် မင်းသိင်္ခာ ကလန်ကဆန် မလုပ်သာပါ။

ဒါပေမဲ့လည်း တစ်ခါတစ်ရံတော့ မေမေတို့ မမတုတို့ရဲ့အမြင်တွေက ကျဉ်းမြောင်းနေသလားလို့ မင်းသိင်္ခာ တွေးမိသည်။ မကြည်ဖြူလက်စနှင့် စိတ်ကစွဲမိစွဲရာ စွဲကာ ဘာလေးကိုပဲဖြစ်ဖြစ် မနှစ်မြို့ ဖြစ်နေကြတာ လွန်တဲ့အခါလည်း လွန်သည်လို့ မင်းသိင်္ခာထင်သည်။

ဒါပေမဲ့ မမတုက မိုးပြေးကို ရှူတင်အိမ်ထဲ မဝင်ရဘူးလို့ တားမြစ်သည် ဆိုတာက သိပ်ထူးဆန်းနေတာပါ။ မမတုက တစ်ခါတစ်ရံမှ ရောက်လာတာ။ မိုးပြေးက ရက်ခြားအမြဲလိုရောက်နေတာ။ ဆုံဖြစ်တဲ့အခါတွေမှာလည်း မမတုဟာ မင်းသိင်္ခာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျိတ်ပြီးမာန်မဲတတ်တာ မှန်ပေမယ့် မိုးပြေးကိုတော့ ကောင်းကောင်းမွှန်မွှန်ပဲ ဆက်ဆံနေကျပါ။

မမတုတကယ်ပဲ မိုးပြေးကို တားတယ်ဆိုရင် မမတုမှာ ခိုင်လုံသော အကြောင်းတစ်ခုခုတော့ ရှိလို့နေမှာပါလို့သာ မင်းသိင်္ဂါက တွေးတောဆင်ခြင်မိသည်။ မမတုအပေါ် တစ်ဖက်စောင်းနင်း အပြစ်မမြင်ပါ။

သူ့အပေါ် ချွဲနွဲ့ပူးကပ်လွန်းတဲ့ မိုးပြေးကို သူ့စိတ်တို့ တစ်ခါတစ်ရံ ယိမ်းယိုင်ကစားမိသလို ယစ်မူးသာယာမိသည် ဖြစ်ရင်းက အဲဒီနီးစပ်မှုသံယောဇဉ်လေးကလည်း အညှောင့်ပေါက်မှတစ်ဆင့် ခက်လက်ဝေဆာစပြုသည်ဖြစ်၍ မိုးပြေး စိတ်ထိခိုက်ဝမ်းနည်းနေတာကိုလည်း ကရုဏာသက်၍ စိတ်မကောင်းပါ။

မမတုထံ ဖုန်းဆက်မေးမည် ကြံပြီးမှ သူ လှမ်းမေးလိုက်လျှင် မိုးပြေး လှမ်းပြောတယ်ဆိုတာကို ချက်ချင်းသိကာ မိုးပြေးအပေါ် မကြည်လင်တဲ့အမြင်က ပိုဆိုးမှာလည်း စိုးရိမ်မိ၍ ဖုန်းဆက်မေးမနေတော့ပါ။ ညနေပြန်မှပဲ ကြုံကြိုက်မှ မေးလိုက်တော့မည်ရယ်လို့ ဆုံးဖြတ်လိုက်တော့ စိတ်တို့က ကြည်ကြည်လင်လင် ပေါ့ပေါ့ပါးပါးပင် ဖြစ်သွားရပါသည်။ တနုံ့နုံ့ တသက်သက် မကျန်ပါ။

ညနေတစ်ပိုင်းလုံး ကားရိုက်ကူးခြင်းထဲသာ စိတ်ကို နှစ်ထားနိုင်ပြီး ညနေအပြန်လမ်းမှာလည်း စိတ်ထဲ ပေါ့ပေါ့ပါးပါးပင်။ ဒီနေ့ ရိုက်ကွင်းဖြုတ်တာ နည်းနည်းနောက်ကျတာမို့ မေ





ဝင်ပြီ။ မိုးအကုန် ဆောင်းထဲဝင်စပြုပြီမို့လည်း နေ့တာတိုကာ အမှောင်စောပါသည်။ မင်းသိင်္ဂါတို့ကား ခြံထဲဝင်လာတော့ မှောင်ရီပျိုးကာ ပေါ်တီကိုရဲ့ ဟိုဘက်အလွန်က ကိုဘိုဘို့ကားကို မမြင်ခဲ့။

ကားပေါ်ကဆင်း အိမ်ပေါ်တက်ခဲ့ကာ ထမင်းစားခန်းဆီ လျှောက်လာပါသည်။ သူ့အတွက် ဂျူ့စ်တစ်ခုခု သစ်သီးတစ်ခုခုကို ညနေတိုင်း မမတု လုပ်ထားနေကျဖြစ်၍ ထမင်းစားပွဲကို လာကြည့်လိုက်တာပင်။ ရေခဲမတည့်လှ၍ သူ့အတွက် စားရာတို့ကို ရေခဲသေတ္တာထဲ ထားလေ့မရှိ။

"မမတု"

"ရှင်"

"မရှေ ... မမတုရော၊ ဒီမှာ ဘာမှလဲ မရှိပါလား"

"ဟို ... မမတု ညှော်သည်"

"ဘာညှော်သည်လဲ"

သူ့အသံ အာကျယ်အာကျယ်ကြောင့် မေမေ အပြေးလေး ဝင်လာကာ ...

"ဟဲ့ သားလေး၊ ဘာလိုချင်လို့လဲ သား"

"မမတုရော"

"မမတု ရှိပါတယ်၊ သား ဘာလိုချင်လို့လဲ"

"ဒီမှာ ဂျူ့စ်လည်း မရှိဘူး၊ အသီးလည်းမရှိဘူး၊ ဘာမှကို မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အဲဒီ မိစ္ဆေတို့တစ်တွေလည်းနော်၊ တုတုမအ
လည်း အသီးအနှံလေး တစ်ခုခု အမြန်နွှာထားတာ မဟု
ဘူး၊ နင်တို့ကို ခိုင်းမှပဲ လုပ်ကြတော့မလားဟယ်၊ အ
အနေကြည့်ပေါ့၊ တုတု အချိန်မီလုပ်နိုင်ပုံ မပေါ်ရင် ကို
ဟာကိုယ် အလိုက်တသိ ကောက်ကက်လုပ်ထားလိုက်
နေ့စဉ်ရက်ဆက် လုပ်ရတဲ့ကိစ္စကို မလုပ်ဘဲ ထားစရာ
ဟင်၊ တကယ်ပဲ နင်တို့ဟာလေ၊ ပြန်လာလို့ အသင့်
ရင် ခါခါ စိတ်တိုမယ်ဆိုတာ မသိကြတဲ့အတိုင်းပဲ —

ကဲ ... ကဲ ... မားယူခဲ့၊ သစ်တော်သီးထုတ်ပြီး
ဆေးပေး၊ မြန်မြန်လာကြ၊ တစ်ယောက်တစ်ခုလုပ်
တစ်ယောက်နောက်တစ်ယောက် ဘာဖြစ်လို့ လိုက်နေ
လဲ"

"မလုပ်နဲ့တော့ ရေပဲသောက်တော့မယ် မေမေ၊ ရေချိ
ထမင်းပဲ ဝါးစားမယ်၊ တော်ပြီ အသီးမစားတော့
"မေမေ နွှာပေးမှာပါ သားရဲ့"
"မမတုက ဘယ်ရောက်နေလို့လဲ၊ ညို့သည်က ဘယ်မှာ
"ဩော် ... ညို့သည်က ပြန်တော့မှာပါ"
"ဘယ်မှာလဲ"
"ဩော် ... သားလေးကလည်း၊ လာ ... ဒီမှာထိုင်စမ်း
မင်းသိက္ခာက မေမေ့ကို စူးစိုက်ကြည့်ရင်း —
"ဘာလဲ ... ဟိုလူကြီး ရောက်နေတာလား"





"ရှူး ... သားလေး"
"ဘာရှူးလဲ ... မေမေကလည်း၊ ကိုယ့်အိမ်ထဲကိုယ် ဘာ
ပြောပြောပေါ့၊ ကိုယ့်ဟာနဲ့ကိုယ် လွတ်လွတ်လပ်လပ်ပြော
မှာပေါ့"
"ဟဲ့ ... ခါခါ မအေကတားနေကာမှ အသံကြီးက ဘယ်
လိုဖြစ်တာလဲ"
"သူတို့က ဘယ်မှာလဲ၊ အပြင်သွားတာလား"
"အပြင်မသွားပါဘူး"
"ခြံထဲမှာလား၊ ခြံထဲမှာလည်း မတွေ့ခဲ့ပါဘူး"
"ခြံထဲမှာပါ၊ မှောင်နေလို့ သား မမြင်ခဲ့တာ နေမှာပေါ့"
"ဒီလောက်မှောင်နေတာ ခြံထဲမှာ ဘယ်နားချောင်ထဲရောက်
နေလို့ မမြင်ရတာလဲ ... ကျွတ်၊ မေမေကလည်း ဘယ်လို
အမေလဲ မသိဘူး၊ ဒီလူကြီးနဲ့ လွှတ်လွှတ်ထားတာပဲ"
"ရှူး ... တိုးတိုး ခါခါ၊ လူယဉ်ကျေးလိုနေစမ်း၊ မင်းအသံ
ကြီး ဟိုကကြားရင် အားနာဖို့ကောင်းလိုက်တာ၊ သူတို့
လက်ထပ်ပြီးရင် ဘိုဘိုလည်း မင်းအစ်ကိုပဲလေ၊ စကား
ကောင်းကောင်း ပြောမှပေါ့"
"ဘာမှ အစ်ကိုမဟုတ်ဘူး၊ ကြောင်သူတော်ကြီးက၊ ကမ္ဘာ
ပတ်မွှေလာပြီး သူများအစ်မ နုနုထွတ်ထွတ် ရိုးရိုးသားသား
လေးကိုမှ ကြိုက်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့"

"ခြံထဲ ဘာလုပ်နေလဲ သွားကြည့်ရဦးမယ်"

"ဟဲ့ ... သား"

မင်းသိင်္ခါက ဘာတွေဒေါပွမှန်းမသိ ပွကာ အိ
တံခါးဝဘက် ပြန်လှည့်ထွက်၍ မေမေက လှမ်းခေါ်ပါသည်။

"ခါခါ လာစမ်း၊ မင်း ဘာမှသွားကြည့်စရာ မလိုဘူး"

မေမေ့စကားကို အရေးမယူဘဲ မင်းသိင်္ခါက ခြံထ
ဆင်းလာပါသည်။ ကားကို ဟိုဘက်ကဝင်လာတာ သူတို့
မတွေ့ဘူးဆိုတော့ ဒီဘက်မှာ ရှိရမှာပေါ့။ မင်းသိင်္ခါက တိုက်
ဟိုးဘက်[illegible]းဆီ ချိုးကွေ့လိုက်လျှင် ဘွားခနဲ ကိုဘိုဘို့ကား
တွေ့လိုက်ရကာ တစ်ပြိုင်နက်ပင် ကားနံဘေးက သူတို့နှစ်ယော
ကိုလည်း လှမ်းမြင်လိုက်ရတာဖြစ်သည်။

မြင်ကွင်းမှာ ကိုဘိုဘိုက မမတု ပခုံးနှစ်ဖက်ပေ
သူ့လက်နှစ်ဖက်ကိုတင်နေ၍ မမတုက ထိုလက်တွေကို မသိမသ
ဖြုတ်ဖယ်ချနေတာပင်။ မြင်ကွင်းက မင်းသိင်္ခါကို နားထင်နားရင်
ပူထူသွားစေကာ ...

"မမတု"

သူ့အသံကြီးက မာကျောကျယ်လောင်လှ၍ ကိုဘို
လန့်သွားသလို လက်တွေလည်း ပခုံးပေါ်မှ ဖြုတ်ဖယ်သွားရပါသည်
မင်းသိင်္ခါသည် ဘာရယ် ညာရယ် ရှည်ရှည်ဝေးဝေး မတွေးတော
မဆင်ခြင်နိုင်ကာ ရှေ့ကို ခြေလှမ်းကျဲနှင့် တိုးသွားပြီး မမတုလ





ကို ဆောင့်ဆွဲ၍ ကိုဘိုဘိုနှင့် ဝေးရာသို့ တွန်းဖယ်လိုက်ပြီး
ကိုဘိုဘိုရဲ့ရင်ဘတ်ကိုလည်း လက်ဖဝါးနှစ်ဖက်နှင့် ဆောင့်တွန်း
ပစ်လိုက်မိပါသည်။

"ခါခါ"

"ခင်ဗျား ဘာလုပ်တာလဲ၊ မိန်းကလေးရဲ့ခြံထဲမှာတောင်မှ
ခင်ဗျားက ဖက်လားယမ်းလား လုပ်နေတာ ဘာသဘောလဲ၊
စော်ကားတာလား"

"ညီလေး ... ကိုယ် တုတုကို စကားပြောနေတာပါ"

"စကားပြောတာ လက်ကပခုံးပေါ် ရောက်စရာလားဗျ၊
ခင်ဗျားစကားပြောတာ ဒီလိုပဲ လက်ပါတတ်သလား"

"ခါခါ ...၊ ကျွတ် ... ဒုက္ခပါပဲ ခါခါရယ်"

"ဘာဒုက္ခလဲ၊ အိမ်ပေါ်မှာ အမေတွေ အဖေတွေရှိတယ်၊
မောင်ရှိတယ်၊ ဒါတောင် သူက စိတ်ထင်တိုင်း ဖက်ရက်
နေရသလား"

"စိတ်ညစ်လိုက်တာ၊ မဖက်ပါဘူး ခါခါရယ်၊ ဘယ်မှာဖက်
လို့လဲ"

"ဟာ ... သူ့လက်ကြီးက ဟောဒီလို ပခုံးပေါ်မှာလေ၊
ဟောသလို"

မင်းသိင်္ခါက သူ့လက်နှစ်ဖက်ကို တုတုပခုံးပေါ်
ဆောင့်ပြီး တင်ပြလိုက်၍ တုတုမှာ ယိုင်လဲမတတ်ပင် ဖြစ်သွားရ
သည်။ ဘိုဘိုက သက်ပြင်းကြီးတစ်ချက်ရှိုက်ကာ လေပူကြီးတ



www.burmeseclassic.com

www.burmeseclassic.com



ချက် မှုတ်ထုတ်လိုက်ပြီး သူ့ခေါင်းကို အသာယမ်းခါနေလိုက်ပါသည်။

"ခင်ဗျားက ဘာခေါင်းခါတာလဲ၊ ကျွန်တော်ပြောတာ မဟုတ်လို့လား၊ မှောင်နေတာကို အခွင့်ကောင်းယူပြီး နှစ်ယောက်သား မှောင်ရိပ်ခိုပြီးတော့ နေချင်သလို နေစရာလား၊ မြင်တဲ့သူက ရှက်တယ်ဗျ"

"ခါခါ ... သား၊ မင်း ဘယ်လိုဖြစ်နေတာလဲ"

အိမ်ပေါ်မှ မေမေ ပြေးဆင်းလာပါသည်။

"ဒီမှာလေ၊ မှောင်ရိပ်ထဲမှာ ဖက်နေတာ လာတွေ့နေတာ၊ မေမေ ဘာသိလဲ"

"ခါခါ ... သွားစမ်း၊ သူတို့ဟာသူတို့ ဘယ်လိုနေနေ၊ သူတို့လူကြီးတွေ၊ မင်းက အငယ်၊ ဒီလိုလာပြီး မြည်တွန်တောက်တီးစရာ အကြောင်းမရှိဘူး၊ သွား ... အိမ်ပေါ်တက်၊ တကတဲ စိတ်ညစ်ပါတယ်နော်၊ ဒီအစ်မတစ်ယောက်ကို ဒီလောက် တိုထွာမနေနဲ့ ခါခါ"

"သူတို့က ..."

"ဘာဖြစ်ဖြစ် သူတို့ကို လူကြီးမိဘလည်း သဘောတူထားတာ၊ နောက်နှစ်ဆန်းတောင် လက်ထပ်ဖို့ စီစဉ်နေတာ၊ ဖက်နေပစေဦး မင်းအလုပ် မဟုတ်ဘူး"

"မေမေ ... မောင်လေးထင်သလို မဟုတ်ပါဘူး မေမေ၊ ကိုဘိုဘိုက စကားပြောရင်း ဟို ... ဟို ... တုတုကို အဖြေ





ပေးဖို့ တောင်းရင်းက ပခုံးကို ကိုင်လိုက်တာပါ၊ တုတုတို့ မောင်လေး ပြောသလို ..."

"အို ... ဖြေရှင်းမနေပါနဲ့ သမီးရယ်၊ မေမေ နားလည်တယ်၊ မောင်ဘိုဘို အန်တီ တောင်းပန်တယ်ကွယ်၊ အပြင်မှာဘာ မပြေလည်လာလဲ မသိပါဘူး၊ သူ စိတ်အခန့်မသင့်လို့ ဖြစ်ရတာပါကွယ်၊ ဘယ်လိုမှ စိတ်ထဲမထားနဲ့နော် ဘိုဘို၊ ပြောစရာရှိတာပြောပါ သား၊ ကဲ ... မင်းသိကျွာ လာခဲ့"

ဒေါ်နုနုထွေးက တကယ်စိတ်တိုလာသလို မင်းသိကျွာရဲ့လက်ကောက်ဝတ်တစ်ဖက်ကို ဆုပ်ဆွဲပြီး အိမ်ဘက်ပြန်ခေါ်လာခဲ့ပါသည်။

"မေမေ"

"ပါးစပ်ပိတ်စမ်း၊ မင်းမရှက်ဘူးလား ခါခါ၊ မင်းလုပ်တာ မင်းအစ်မကိုပါ အရှက်ခွဲသလိုပဲ"

မေမေ ဆွဲခေါ်ရာ ပါလာရင်း အိမ်ပေါ်ရောက်လာပါသည်။

"မေမေကလည်း ခြံထဲမှာ ဖက်နေတာ မကြိုက်ပါဘူး ... တောက်"

"တုတု မကျေနပ်ရင် သူ့ဟာသူ ငြင်းလိမ့်မယ်၊ တကယ်ဖက်နေကြတာ မြင်ပစေဦး မင်းက မမြင်ချင်ယောင်ဆောင်ပြီး လှည့်ထွက်ခဲ့ရမှာ၊ နောက်မှ လူသူစိမ်းမရှိမှ ကိုယ့်အစ်မကို ပြောချင်တာပြောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တောက် … ဒီလူတော့ကွာ"

"ခါခါ …မင်းဘာကိစ္စ ဒီလောက်ဝင်တိုက်နေရတာလဲ၊ ဒီလိုဖြစ်နေစရာ အကြောင်းမရှိဘူး၊ ဆယ်ကျော်သက်နဲ့ မိဘမသိအောင် ရည်းစားခိုးထားနေတာလည်း မဟုတ်ဘူး၊ ဘိုဘိုလည်း သူ့ဂုဏ်ခြပ်နဲ့သူ၊ မင်း အလကားသွားစော်ကားသလိုပဲ"

"ဘယ်သူက စော်ကားတာလဲ မေမေရ"

"သူက ဘာစော်ကားလို့လဲ"

"မမတုကို ဖက်တာလေ"

"ကျွတ် … ပြောရဆိုရ ခက်လိုက်တာ၊ ဖက်ရင်လည်း ဖက်ပစေပေါ့ဟယ်၊ နှစ်လ သုံးလ ကြာရင် ယူဖို့တောင် စီစဉ်နေပါပြီ ဆိုနေမှကို … တကတဲ၊ မတော်မတရား စော်ကားနေတာမှ မဟုတ်တာ သားရယ်၊ ခက်လိုက်ပါဘိ"

တုတုသည် ကိုဘိုဘို ပြန်သွားပြီမို့ အိမ်ပေါ်ကို ကုပ်ချိချိတက်လာကာ ခေါင်းနုနုထွေးနှင့် မင်းသိက္ခာရဲ့နောက်နား တိတ်တိတ်လေး ရပ်နေရာမှ …

"တကယ်ဖက်နေတာ မဟုတ်ပါဘူး မေမေ၊ မဟုတ်ပါဘူး မောင်လေးရယ်၊ ကိုဘိုဘိုက မမတုဆီက ခုချိန်ထိ အဖြေမရသေးလို့ဆိုပြီး အဖြေတောင်းတာပါ၊ အဖြေတောင်းရင်း စိတ် … စိတ်လိုက်မာန်ပါသဘောမျိုးနဲ့ ပခုံးကို ကိုင်လိုက်





တာပါ၊ သူကိုင်တာနဲ့ပဲ မမတုကလည်း အဲဒီလက်ကိုဖယ်ချနေတာပါ၊ ခါခါပြောသလို မောင်ရိပ်မှာ ဖက်နေကြတာမျိုး လုံးဝမဟုတ်ရပါဘူး ခါခါရယ်"

ရှက်လည်းရှက် ဝမ်းလည်းနည်းနှင့် တုတုအသံက တုန်လာကာ မျက်ရည်တွေ လျှံကျမလို လည်လာသည်။

"မငိုနဲ့ … မငိုနဲ့ သမီး၊ ဒီကောင် အလကား ရစ်နေတာ၊ ဘာတွေမပြေလည်လာမှန်း မသိဘူး သူ့ဒေါသချည်းပဲ၊ ဘိုဘိုလည်း အားနာစရာ၊ စိတ်ပျက်လက်ပျက် ဖြစ်သွားမှာပဲ၊ သား … မင်းဟာ ဦးနှောက်ကိုမရှိဘူး၊ အားလုံးစိတ်ပျက်စရာ မျက်နှာပူစရာတွေ ဖြစ်သွားအောင် မင်းလုပ်ပစ်တာပဲ"

"ကိုယ့်ဟာကိုယ် ရှက်အောင်နေလို့ ရှက်စရာဖြစ်ပြီး ရှက်သွား မျက်နှာပူသွားလည်း မတတ်နိုင်ဘူးဗျာ၊ ခင်ဗျားက ဘာကိစ္စ ငိုရတာလဲ၊ ခင်ဗျားလူကို ခင်ဗျား တော်တော်အားနာလား၊ သနားလား၊ ဟုတ်လား"

"ခါခါက ဒီလိုလာပြောတော့ မမတု ရှက်တာပေါ့"

"တော်စမ်းပါဗျာ။ မရှက်လို့ပေါ့၊ ဒါနဲ့ နေစမ်းပါဦး၊ ခင်ဗျားကျတော့ ခင်ဗျားရည်းစားနဲ့ နေချင်သလိုနေတယ်၊ သူများကျတော့ အနားကပ်တောင် မခံဘူး၊ နေ့လယ်က မိုးပြေးလာတာကို ရှူတင်အိမ်ထဲ မဝင်နဲ့ဆိုပြီး ခင်ဗျား မောင်းထုတ်ပစ်လိုက်တယ် မဟုတ်လား မမတု"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘာဖြစ်လို့ မောင်းထုတ်ရမှာတုံး၊ မိုးပြေးက ကြက်ကလေး ငှက်ကလေးမှ မဟုတ်တာ၊ မမ သူ့ကိုဒီနေ့ အဖို့တော့ ဝင်မတွေ့ပါနဲ့ ညီမလို့ပဲ တောင်းပန်ပြီး တားတာ"

"ဘာဖြစ်လို့ တားရတာလဲ၊ သူက ကျွန်တော့်ကို လူရှေ့ သူရှေ့မှာ လာဖက်မလို့မှ မဟုတ်တာ၊ ကျွန်တော့်ဧည့်သည် ကို ဝင်တားမြစ်တာ မောင်းထုတ်တာမျိုးတွေ အထိတော့ မမတု ဝင်စွက်ဖက်ဖို့ မသင့်ဘူး"

"ခါခါ ... မမတုကို မင်း ဒီလေသံနဲ့ မပြောနဲ့လေ"

တုတုသည် ခုမှ တကယ်ဝမ်းနည်းနာကျင်သွားကာ မင်းသိင်္ခာကို မော့ကြည့်လိုက်သော မျက်ဝန်းကြီးများမှ မျက်ရည် ပေါက်ကြီးများ စီးလိမ့်ကျလာပါသည်။

"အခုလို ကိုဘိုဘိုကို ကျွန်တော် ဝင်ပြောတော့ ခင်ဗျား လည်း မကြိုက်ဘူး မဟုတ်လား၊ မိုးပြေးကိုလည်း ဝင် ပြောနဲ့ပေါ့၊ သူက ဘာဖြစ်လို့ ကျွန်တော့်နား လာခွင့်မရှိ မှာလဲ၊ ဘာလို့ ခြံထဲကနေပဲ လှည့်ပြန်ရမှာလဲ"

"ဪ ... ခါခါက မမကို အဲဒီကိစ္စ စိတ်တိုပြီး ပြန်လာ တာကိုး၊ အဲဒါကြောင့် ခုလို လာရမ်းကားတာပေါ့နော်"

"ခင်ဗျား ကိုယ်ချင်းစာကြည့်လေ"

တုတုက ပါးပေါ်က မျက်ရည်များကို ပွတ်သု လိုက်ရင်း ...





"မိုးပြေးက တုတ်ကွေးကွေးနေတယ်၊ ချောင်းတွေဆိုး နှာရည်တွေကျပြီး လာတာ၊ မမ ကိုယ်တောင်စမ်းကြည့် လိုက်သေးတယ်၊ ကိုယ်ပူလည်း တစ်ရာတော့ ကျော်မှာပဲ၊ သူ့ကိုတောင်းပန်ပြီး ပြန်မလွှတ်ရင် ခုချိန်လောက်ဆို မောင်လေး ဖျားနေပြီ သိရဲ့လား၊ မင်းကို အကူးမခံနိုင်လို့ ရှင်းပြ ချော့မော့ပြီး ပြန်လွှတ်တာပါ၊ လေသံလုံးဝမမာခဲ့ ပါဘူး ခါခါရယ်"

တုတုအသံက တိုးတိတ်ဆို့နင့် နေပါသည်။

✤ ❣ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁

အဲဒီနောက်ပိုင်းလေးမှာ မင်းသိက္ခာနှင့် တုတုတို့ ခပ်တန်းတန်းလေး ဖြစ်နေကြပါသည်။ ခပ်တန်းတန်းလေးဆိုတဲ့ နေရာမှာ တကယ်တော့ မင်းသိက္ခာကသာလျှင် ခပ်တန်းတန်းလေး နေလိုလျှင် နေခွင့်ရှိတဲ့သူဖြစ်ပြီး တုတုဆိုတာကတော့ သူ့ တစ်သက် အရှုံးစွဲခဲ့ရတဲ့ပုံစံအရ မင်းသိက္ခာအပေါ် သူကတန်းခွင့် မရှိတာပါ။

ဘာပဲဖြစ်ဖြစ် တစ်ယောက်က ခပ်တန်းတန်းလုပ်ထားပြီဆိုရင် နောက်တစ်ယောက်က အလိုအလျောက် ခပ်လှမ်းလှမ်းမှာ ရှောင်တောင်တောင် ဖယ်တယ်တယ် ဖြစ်သွားရတော့တာပဲမို့ သူတို့အကြားမှာ အေးစက်မှုကလေးကတော့ ဖြစ်ထွန်းရပါသည်။





စကားမပြောဖြစ်တာလောက်တော့ မဟုတ်။ ပြောဆိုမင်းသိက္ခာဟာ သူနဲ့တုတုရဲ့အခန်းနှစ်ခန်းမှာ အင်တာကွန်းတောင် တပ်ဆင်ထားတဲ့သူပါ။ အင်တာကွန်းဟာ အချိန်မဟုတ် အချိန်ဟုတ် မင်းသိက္ခာက လှမ်းခိုင်းနိုင်ရန်နှင့် အစောကြီးနိုးဖို့ ဇာဖို့လိုတဲ့အခါ တုတုက လှမ်းနှိုးနိုင်ရန်တို့ ဖြစ်ပါသည်။

သာမန်အချိန်တွေဆို တုတုဟာ သူ့အခန်းထဲ ရှိမနေဘဲ အိမ်ထဲနေရာအနှံ့ တခေါက်တောက် ရောက်နေတဲ့သူဖြစ်ရာ "မမတုရေ" လို့ တစ်ချက်အော်ဟစ်လိုက်လျှင် ရနိုင်ပေမယ့် ညဘက် ကိုယ့်အခန်းကိုယ် ဝင်သွားပြီဆိုရင်တော့ တော်ရုံခေါ်ဖို့ မလွယ်တော့။

ဟဲန်းဒ်ဖုန်းကို ဖုန်းဆက်ခေါ်ရင်တော့ ရနိုင်သည်။ ဒါပေမဲ့ မင်းသိက္ခာက အင်တာကွန်းစကားပြော ကိရိယာလေးကို သူ့အခန်းနှင့် တုတုအခန်းမှာ တပ်ဆင်ထားသည်။ ခလုတ်နှိပ်ကာ သူ စကားပြောထည့်လိုက်တာက တုတုအခန်းမှာ အသံသွားထွက်နေလိမ့်မည်။

အဲဒါကြောင့်လည်း ညရေးညတာ အချိန်မတော်တွေမှာပင်လျှင် ...

"မမတု ... ကျွန်တော် တစ်ရေးနိုး ဗိုက်ဆာလာလို့ ချဉ်စပ်ခေါက်ဆွဲ ပြုတ်ခဲ့ပေးပါ"

"မမတု ... ကျွန်တော် ချမ်းနေလို့ စောင်တစ်ထည်နဲ့ မလောက်ဘူး၊ စတိုခန်း ဗီရိုက ယုန်မွေးစောင်ယူခဲ့ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"မမတု … အခန်းထဲမှာ ပိတုန်းကြီးလားမသိဘူး တစ်ကောင်ရောက်နေတယ်၊ ဖီဖီ … ဖီဖီနဲ့ ပျံနေတယ်၊ လာပြီး အခန်းပြင်ထွက်အောင် ထုတ်ပေးပါ"

ဤသို့သော ကိစ္စတွေကို မိုးချုပ်မရှောင် သန်းကောင်မရှောင်လည်း ခေါ်ခိုင်းတတ်တဲ့ မင်းသိက္ခာပါ။ ဒီသော ရှာဖွေပြီးခိုင်းတတ်ကာ တုတု လုပ်ပေးတာကိုမှ သူက စိ …လက်ရ စိတ်တိုင်းကျတဲ့ မင်းသိက္ခာဟာ တုတုကို မ…ဘဲ စကားမပြော ဘဲတော့ လုံးဝမနေနိုင်။

ခပ်တန်းတန်း ဆိုတာဟာ အာလာပသလ္လာပစကား ပိုတွေ မပြောတာကိုသာ ဆိုလိုတာဖြစ်ပြီး ခိုင်းစရာတွေကိုတော့ မခိုင်းဘဲနေတာ မဟုတ်ပါ။ လေသံပြတ်ပြတ်နှင့် အပိုအလိုမ ခိုင်းတတ်တာမျိုးပင်။

ဒါ့အပြင် သူ စိတ်မကြည်တာ စိတ်ကောက်တာ သိစေအပ်သောသဘောနှင့် ကြံဖန်ပြီး ညစ်တာ ရစ်တာတွေကလည်း ရှိပါသေးသည်။ တုတု အခန်းထဲဝင်ပြီး အိပ်တော့မည်ဆိုကာ အင်တာကွန်းက စကားသံ ထွက်လာကာ …

"မမတု 'ပျားရည်အက်ဆစ်' ဆိုတဲ့ ဓာတ်လမ်းအကျဉ်းချု ယူခဲ့ပေးပါ"

"ဟင် … ညကြီးမင်းကြီး ဘာလုပ်မလို့လဲ ခါခါ"

"ဘာလုပ်လုပ်ဗျာ၊ ယူခဲ့ဆို ယူခဲ့ပေါ့"





"အပေါ်ထပ်မှာ ထားတာလေ၊ ခါခါရဲ့ဂျင်မ်အခန်းက သံဗီရိုထဲမှာပဲ၊ ခါခါ အပြင်ထွက်ယူလိုက်ရုံပဲလေ"

တုတုက အောက်ထပ်က အခန်းတစ်ခန်းမှာ အိပ် သူမို့ ဤသို့ဆိုမိလျှင် …

"ဟာ … ထွက်ယူမှာဖြင့်ရင် မမတုကို ယူလာခိုင်းပါတော့ မလား၊ ကျွန်တော် ထွက်မယူမှာမို့လို့ မမတုကို ယူခဲ့ခိုင်း တာပေါ့"

"အင်း … ပြီးရော … ပြီးရော"

မျက်နှာသစ် ခြေလက်ဆေး နိုက်ထိကရင်မ်လေး ဘာလေးလူးဖို့ ပြင်ဆင်နေရာက မျက်နှာကမန်းကတန်းသုတ်ပြီး အပေါ်ထပ်ပြေးတက် ခါခါရဲ့အားကစားခန်းထဲဝင်။ အဲဒီအခန်း …ာ ခါခါ့အလုပ်ကိစ္စနှင့် စပ်ဆိုင်ရာတွေ များသောအားဖြင့် ထား တာမို့ ဓာတ်ညွှန်းဖိုင်တွေထားတဲ့ သံဗီရိုလည်းရှိသည်။

သူပြောတဲ့ "ပျားရည်အက်ဆစ်" ဓာတ်ညွှန်းကိုယူ၊ သူ့ အခန်းတံခါးကို သွားခေါက် …

"ဒေါက် … ဒေါက်"

"လာ"

တုတုက ဝင်သွားလိုက်ရင်း …

"ရော့ … ဒီမှာ ခါခါ၊ ဖတ်မလို့လား၊ သိပ်အိပ်ရေးပျက် မခံနဲ့လေ ဆယ့်တစ်နာရီကျော်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ရေးပျက်မခံပါဘူး၊ အိပ်မလို့ မတွေ့ဘူးလား"

မင်းသိင်္ဃာက သူ့မွေ့ရာကြီးပေါ်မှာ စောင်ပုံကြီး အောက်မှာ အိစက်နွေးထွေးစွာ အိပ်ဖို့အသင့် မြုပ်နေသည်။ မင်း သိင်္ဃာအခန်းမှာ Air Con ကို အမြဲအအေးဆုံး ဒီဂရီ 16 သာ ထားတတ်တာမို့ အေးစိမ့်ပြီး တုန်မတတ်ပင်။ ယုန်မွေးစော မိုးပြာရောင်နှင့် အဖြူရောင်ပြေးက မွေ့ရာဖြူပေါ်မှာ တိမ်ဆို တွေ ပြေးနေတဲ့ ကောင်းကင်နှယ် လှပဖွေးသန့်လျက်။

သူက နွေးထွေးအိစက်နေပေမယ့် သူ့လောက်မအေး တဲ့ နေရာက ဝင်လာရသော တုတုကတော့ မေးရိုက်တုန်တ မတတ်ချမ်းကာ ကုန်းကုန်းလေးတောင် ကျုံ့နေပါပြီ။

"ဒါဖြင့် ဒီဇာတ်ညွှန်းက !! "

"မမတု ဖတ်ပြ"

"ဟင် ... ! "

"ဟိုနေ့က မမတု ဇာတ်လမ်းပြောပြတာ အကျဉ်းရုံးချုံးလွ လို့ ဘာမှနားမလည်ဘူး၊ အခု နည်းနည်းအကျယ်ချဲ့ ခပ်ရှည်ရှည်ပြောပြ"

တုတုမှာ မျက်ခုံးလေးကိုတွန့်ကာ ကသိကအော စိတ်တိုရသည်။ လူက အိပ်ချင်နေပြီဟာကို။

"မင်း အိပ်တော့မလို့ဆို"

"ကျွတ် ... ဟုတ်ပါတယ်၊ ကျွန်တော်က အိပ်မှာ၊ အိပ် တာ အိပ်မပျော်လို့ မမတုဘေးကနေ ဒီဇာတ်လမ်း





ပုံပြောသလို ပြောပြပေး၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ အကျိုးရှိတယ်လေ၊ ကျွန်တော်လည်း အိပ်ငိုက်လာပြီး အိပ်ပျော်သွားမယ် ဇာတ်လမ်းကိုလည်း သေချာသိရပြီးသား ဖြစ်သွားမယ်"

တကတဲ့မှတော်။ သူ့ကို ချော့သိပ်ရမယ့် အလုပ်မျိုး။ ခိုင်းပဲခိုင်းတတ်ပလေတယ်။ သူကတော့ အိပ်မောကျသွား တုတု ကတော့ အိပ်ချင်လျက်ကနေ ဇာတ်လမ်းကို ပြောပြနေ။ ဖိမ်ခံ ကိုက်တာ။ သကိုဦးဆံပိုင်ဘုရင် ကျနေတာပဲ။ တမင်တကာ ညစ်တာကို သိပေမယ့်လည်း "မပြောနိုင်ဘူးဟေ့"လို့ ကလန် ကဆန် မလုပ်ဝံ့တဲ့သူ ဖြစ်တဲ့အပြင် လုပ်လည်းမလုပ်ရက်။

သူက သူ့ကိုပုံပြောချော့သိပ်မှ အိပ်ပျော်မယ်ဆိုရင် တုတုက ချော့သိပ်ရတော့မှပေါ့။ သူ အိပ်ရေးမပျက်ဖို့က အရေး ကြီးတယ်လေ။ သူအိပ်ရေးဝမှ ကြည်ကြည်လင်လင် လန်းလန်း ဆန်းဆန်းရှိမှ နောက်နေ့ ရှူတင်မှာ ကောင်းကောင်းသရုပ်ဆောင် နိုင်မှာဖြစ်သလို ကင်မရာထဲမှာလည်း ရုပ်လှနိုင်မယ်လေ။

လူကို မကျေနပ်လို့ တမင်ခေါ်ညစ်မှန်းသိသိနှင့် မွေ့ရာခုတင်ပေါ်က ဂွမ်းစောင်ပုံအောက် မျက်နှာလေးပဲဖော်ကာ ကျကျ နွေးထွေးထွေး အိပ်နေတဲ့ မင်းသိင်္ဃာကို ခုတင်ဘေး ခုံလေးဆွဲထိုင်ကာ လူကချမ်းစိမ့်ပြီး ကျုံ့ကျုံ့ကုပ်ကုပ်လေး နေတဲ့ကြားထဲက ဇာတ်ညွှန်းကို ပုံပြောသလို ပြောပြရတဲ့ ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း"လည်း မထောက်၊ "အဲ"လည်းမထောက်။ မှိန်းနေတာလား အိပ်ပျော်ပြီလားလည်းမသိ။ ခဏနေတော့ တုတု က ပြော်လက်စကိုရပ်ကာ အသံတိတ်နေကြည့်သည်။ သူများအိပ် ပျော်သွားပြီလားပေါ့။ ဘာသံမှ ထွက်မလာတော့ တိတ်တိတ် ကလေး ထထွက်မည်အပြု ...

"ဟင်း ... မလစ်နဲ့၊ ဆက်ပြောဦး"

မျက်စိမဖွင့်ဘဲ အသံကြီးသာ ထွက်လာသည်။

တုတုမှာ နှုတ်ခမ်းလေးစူ မျက်စောင်းရွယ်ကာ ပါးစပ်က သူ မကြားအောင် ပွစိပွစိလုပ်ပြီး မကျေမချမ်း ရေရွတ် ရင်း ပြန်ထိုင်ရသည်။

"အစကပြန်ပြော"

တောက် ...။

တုတုအသံက မကြည်လင်တော့တာ သိသာစွာ ထောင့်တောင့်တောင် ထွက်ပေါ်နေတာကို မျက်စိမှိတ်ထားရင်း က မင်းသိက္ခာ ရယ်ချင်နေပါသည်။ မမတုလေး သနားပါတယ်။ မှတ်ကရော။ တမင် အမြင်ကတ်လို့ ပညာပေးတာပဲလေ။ အသက် ပဲသုံးဆယ်ရောက်ကာမှ အပျိုကြီးပဲ တစ်သက်လုံး လုပ်ပါတော့ လား။

မေမေက သဘောတူတာလည်း တူတာပေါ့။ သူ ကိုကလည်း စိတ်ပါနေတာပါ။ ဒီ ဘိုဘိုဆိုတဲ့လူနဲ့ ဟိုသွား ဒီလာရ မကြုံစဖူး အတွေ့အကြုံ အသစ်အဆန်းမှာ အသည်းတ





ထိတ်ထိတ် ရင်တဖိုဖို ဖြစ်နေတယ် မဟုတ်လား ခေါ်တုတုရဲ့။ အမြင်ကိုကတ်တယ်။

ညစ်ကျယ်ကျယ် တွေးနေမိတဲ့ မင်းသိက္ခာရဲ့စိတ် ထဲမှာ ဝေဒနာတစ်မျိုးကိုလည်း ခံစားနေခဲ့ရတာပါ။ အဲဒီဝေဒနာ က ဖြစ်ပေါ်လာတဲ့ စိတ်အငြိုးနှင့် မမတုကို ရစ်ချင်ညစ်ချင်နေခဲ့ တာ။ အဲဒီ ဝေဒနာကလည်း မေ့မထားနိုင်အောင် လူကို ရင်ကို နှလုံးသားကို တနုံ့နုံ့နှင့် ဘာကိုခံစားမှန်းမသိ ခံစားနေရစေ သည်။

တုတုမှာတော့ ကိုဘိုဘိုနှင့် ပတ်သက်ပြီး မင်းသိက္ခာ ရစ်နေတာကို သိတဲ့အတွက် အင်မတန်မှ အနေရခက် စိတ်ကျဉ်း ကျပ်လှပါသည်။ မင်းသိက္ခာ သူ့ကို ရိသဲ့သဲ့ လုပ်နေတာ တမင် ညစ်နေတာ မကျေနပ်နေတာတွေကို တကယ်ပင် မခံယူချင်။

တစ်ခါတစ်ခါတော့ ဒါတွေကို စိတ်ညစ်လာတဲ့ အတွက် ကိုဘိုဘိုကို မယူတော့ဘူးဟာ... ရယ်လို့လည်း တွေးမိရ တတ်သလို တစ်ခါတစ်ရံတော့လည်း အမြန်ဆုံးလက်ထပ်ပြီး ကိုဘိုဘို့အိမ်ကို လိုက်သွားပြီး နေလိုက်ရင် အေးရောလို့ တွေးကြ ည်ကာ ချက်ချင်းလက်ငင်းပဲ လာမယ့်ဘေးပြေးတွေ့ လက်ထပ် စ်လိုက်ချင်စိတ် ပေါက်တော့တာပင်။

အဲသလို စိတ်ရဲ့ပဋိပက္ခတွေနှင့်ပင် မင်းသိက္ခာရဲ့ Check-up ပြန်လုပ်ဖို့ အချိန်ကာလရောက်လာပါသည်။ ကျော်က ပ်လဲလှယ်ထားတဲ့ အချိန်ကစတင်ပြီး မင်းသိက္ခာဟာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ခဲ့တဲ့ ဆေးရုံကဆရာဝန်ကြီးရဲ့ ရက်ချိန်းအတိုင်း အကြမ်းဖျဉ်း တစ်နှစ်ကျော်မှာ တစ်ခါလောက် အခြေအနေ သွားပြန်စစ်ဆေးရပါသည်။

ဘဘ အလုပ်လုပ်တဲ့ စင်ကာပူက ဆေးရုံကြီးမှာ ခွဲစိတ်ကုသခဲ့တာဖြစ်၍ စင်ကာပူကို မှန်မှန်ပြန်သွားနေရတာပါ။ ပြန်သွားရတိုင်း မေမေက တုတုကိုပါ ခေါ်သွားပါသည်။ ကျောက်ကပ်အလှူရှင်ဖြစ်တဲ့ တုတုက အမြဲပုံမှန် ပြန်စစ်ဆေးနေဖို့မဖြစ်မနေ လိုအပ်တာ မဟုတ်ပေမယ့် မေမေက တုတုကိုပါ မင်းသိင်္ခာနှင့်အတူ Check-up ပြန်လုပ်စေမြဲပင်။

တစ်ကြိမ်ကတော့ မိသားစုလေးယောက်လုံးသွား၍ နောက်ပိုင်း ဖေဖေမပါ၊ မေမေနှင့်သာ သွားဖြစ်ခဲ့သည်။ ဒီနှစ်တော့ မေမေက ...

"ဒီတစ်ခေါက် check-up သွားဖို့ကို မေမေ မလိုက်တော့ဘူး၊ မောင်နှမနှစ်ယောက်ပဲ သွားကြတော့"

"ဘာဖြစ်လို့လဲ မေမေ"

"ဖေဖေ့ကုမ္ပဏီအလုပ်ကိစ္စတွေနဲ့ ပတ်သက်ပြီး ဂျပန်ဧည့်သည်တွေ လာစရာရှိတယ်၊ ဧည့်သည်ကတော့ ဖေဖေနဲ့ပဲ တွေ့မှာဖြစ်ပေမယ့် လိုအပ်တာ အိမ်ကစီမံပေးဖို့ရှိတယ် သမီးရဲ့၊ မေမေရော တုတုရော မရှိရင် အိမ်ကနေ ဖေဖေကို တစ်ခုခု စီစဉ်ပေးရမယ်ဆိုရင် စီစဉ်နိုင်တဲ့သူ မရှိလို့ မဖြစ်ဘူး"





တုတုသည် သိပ်မကြည်မသာရှိနေတဲ့ မင်းသိင်္ခာနှင့် နှစ်ယောက်တည်းတော့ မသွားလိုတဲ့အတွက် ...

"ဒါဖြင့် မေမေပဲ မောင်လေးနောက် လိုက်သွားလိုက်ပါတော့၊ ဖေဖေ့အတွက်တော့ စိတ်ချ၊ တုတု အားလုံးလိုလေသေးမရှိ ကူညီစီစဉ်ပေးနိုင်ပါတယ်"

"ကူညီပေးနိုင်ပေမယ့် မေမေ လိုက်တာက အပိုပဲလေ၊ သမီးလိုက်သွားတော့ သမီးရဲ့အခြေအနေလည်း စစ်ဆေးလို့ရတယ်"

"တုတုအတွက်က Yearly စစ်ဆေးဖို့ ဒီလောက် မလိုအပ်ပါဘူး၊ ဘဘလည်း ပြောသားပဲ မေမေရဲ့၊ မေမေပါသွားရင် မေမေ General Check-up လုပ်ခဲ့ပေါ့"

"တစ်နှစ်က လုပ်ထားတာပဲ၊ ဒီကြားထဲ ထူးထူးထွေထွေလည်း ဘာမှမရှိဘူးဆိုတော့ မစစ်မဖြစ် လိုတာမဟုတ်ဘူး၊ ညည်းတို့ မင်္ဂလာပွဲကိစ္စပြီးမှပဲ ဖေဖေနဲ့ နှစ်ယောက်သွားဖို့ စီစဉ်ထားတယ်၊ အဲဒီကျမှ နှစ်ယောက်လုံး Cueck-up လုပ်မယ်"

တုတုက သက်ပြင်းလေး ကျိတ်ချမိပါသည်။

"နောက်ပြီး လဆန်းရက် သမီးတို့သွားမှပဲ လကုန်ရက်ဈေးစပ်ရင်ဝတ်ဖို့ သမီးအတွက်ရော မေမေ့ဖို့ပါ အစကြည့်ဝယ်ခဲ့၊ သမီးက ချိတ်တွေ ဘာတွေ မဝတ်ချင်ဘူးပြောတယ်မဟုတ်လား၊ ဒီမှာချုပ်တာက မဝါကျ တစ်ပတ်နဲ့ချုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ် ပြောထားသားပဲ၊ သမီး သေချာရွေးပတ်ပြီး လှတာရွေးဝယ်ခဲ့ပေတော့”

တုတုမှာ ထပ်မံငြင်းဆိုစရာ စကားမရှိတော့။

ဒီလိုနှင့်ပဲ ဘာဘာကတစ်ဆင့် ဆေးရုံကိုလှမ်းပြီး ရက်ချိန်းယူ။ ဒီက ကားရိုက်ရက်တွေကိုတော့ ဒီလဆန်းပိုင်းမှာ စင်ကာပူ သွားဖြစ်မှာ ကြိုသိတာမို့ အဝေးကြီးကတည်းက တစ်ပတ်လောက် အအားထားထားပြီးသားပါ။

ထွက်ခွာကြတဲ့နေ့က ကိုဘိုဘိုက မေမေနှင့်အတူ လေဆိပ်လိုက်ပို့ပါသည်။ ဒီတော့ မင်းသိင်္ခာ မျက်နှာက ခပ်တင်းတင်းပင်။ မကြည်မသာ ရှုပုပ်ပုပ်။ ကိုဘိုဘိုကတော့ ပေါင်းသင်းဆက်ဆံရေးကောင်းသူ သည်းခံတတ်သူအဖြစ် တုတု အမှတ်ပေးရပါသည်။ ဟိုတလောက သူ့ကို မင်းသိင်္ခာက ရင်ဘတ်ကို တွန်းလား ထိုးလား လုပ်ထားပေမယ့် အမှတ်အတေးထားပုံ မပေါ်ပါ။

ကိုဘိုဘိုက ကောင်းကောင်းမွန်မွန် ဆက်ဆံသော်လည်း မင်းသိင်္ခာက ခပ်တည်တည်ပင်။

“တုတု ကျန်းမာရေး ဂရုစိုက်နော်”

“ဟုတ်ကဲ့”

“ဖုန်းဆက်ဦးနော်”

“ဟုတ်ကဲ့”

ခွဲခွာခါနီး ကိုဘိုဘို တီးတိုးမှာကြားနေတာတွေကို ကြားနေတဲ့ မင်းသိင်္ခာက အတွင်းခန်းထဲ ရောက်သည်နှင့် ...





“သုံးလေးရက်ပဲ ကြာမှာကို ကျန်းမာရေးဂရုစိုက်ဖို့ ပြောတာက တမင် မဟုတ်လား”

“ဘယ်လို တမင်ကို ပြောတာလဲ”

“ကျွန်တော့်ကို မမတု ကျောက်ကပ်တစ်လုံး ပေးထားရတာကို ကိုဘိုဘိုက မကျေနပ်ဘူး မဟုတ်လား”

“ဟောတော် ... ဖြစ်ရပြန်ပြီ ခါခါရယ်”

“သူနဲ့မတွေ့ခင် ပဓေသကတည်းက ပေးပြီးသားမို့သာ၊ သူနဲ့တွေ့ပြီးမှ ခုချိန်လောက်မှများ ကျောက်ကပ်ပေးဖို့ကိစ္စ ဖြစ်လာခဲ့ရင် ဒီလူက မမတု ကျောက်ကပ်ကို လုံးဝပေးနိုင်းမှာတောင် မဟုတ်ဘူး၊ ပေးခွင့်ပြုမှာမဟုတ်ဘူး၊ ဟုတ်တယ်မှုလား”

“အင်း ... ဟုတ်ရင် ဟုတ်မှာပေါ့”

ဟုတ်တယ်လေ။ ဖြစ်နိုင်တဲ့ကိစ္စ မငြင်းနိုင်တဲ့ကိစ္စပဲ။

“ဘာ ... ဒါ မမတုက ကျွန်တော့်ကို သက်သက်ရွဲ့တာ၊ ငေါ့ပြောတာ မဟုတ်လား”

“ဟုတ်ရင်လည်း ဟုတ်မှာမို့လို့ ဟုတ်ရင် ဟုတ်မယ်ပြောတာပဲလေ ခါခါ၊ အဲဒီ ငေါ့တာရွဲ့တာမှ မဟုတ်တာ”

“ဟွန်း ... သူယူမယ့်မိန်းမမှာ ကျွန်တော့်ကြောင့် ကျောက်ကပ်တစ်လုံး ပါမလာဘူးဆိုပြီး မကျေနပ်တာနဲ့ မမတုကို တကယ်စိုးရိမ်တာထက်ပိုပြီး ကဲပြသဲပြပြီးတော့ ကျန်းမာရေးဂရုစိုက်နိုင်းနေတာ မသိရင် ခက်ဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာ ပြောပစေတော့။

*တုတုက မဖြူရှင်းတော့။ ငယ်ငယ်က ရစ်တတ်တာ*ထက် ကြီးတော့ ပိုလာသည်။ အဲဒီ ကြီးတော့ပိုလာတာထက် ခုတလော ပိုပိုလာသည်။ လေယာဉ်ပေါ် ရောက်တော့လည်း တုတုက စိတ်မကောင်းလှကာ မင်းသိင်္ခကို ခါတိုင်းလို ဂရုစိုက်ယုယမနေမိပါ။ ခဏနေတော့ ထုံးစံအတိုင်း လေယာဉ်စီးတိုင်း မူးတတ်တဲ့ မင်းသိင်္ခတစ်ယောက် မူးပြီးအန်တော့သည်။

အိတ်ကို အသင့်ကြည့်ထားတာမို့ သူ ပျို့တက်နေကတည်းက လက်လျင်လျင်နှင့် အိတ်ဆွဲယူဖွင့်ဟပေးထားလိုက်ပြီးသား။ အန်လည်းချရော ပါးစပ်အောက်မှာ အိတ်အသင့်။

ပျို့တက်ရတဲ့အတွက် ဗိုက်ကို ညှစ်အားရှိသည်ဖြစ်ရာ ခါတိုင်းလိုပဲ တုတုမှာ စိုးရိမ်ပူပန်လာရပြန်ပြီး သူ့ကျောကို သပ်၍ သပ်၍ ဖြည်းညင်းစွာ နှိပ်ပေးရသည်။ အန်ရင်းတောင်မှ စိတ်တိုချင်နေသေးတဲ့ မင်းသိင်္ခကို စိတ်ပျက်ရမယ့်အစား ရယ်ချင်လာရပါသည်။

"မအန်တဲ့သကြားလုံးလေးငုံပြီး ငြိမ်ငြိမ်လေး မျက်စိမှိတ်နေ။ ဘုရားစာရွတ်၊ ဘုရားအာရုံပြုနေစမ်းပါ ခါခါရယ်၊ ဒေါသမောဟတွေ များမနေစမ်းပါနဲ့၊ သူများကို အရေးစိုက်မနေနဲ့၊ ကိုယ့်ကိုယ်ကိုယ်ပဲ ဂရုစိုက်စမ်းပါ"

"သူများကို ဘယ်မှာအရေးစိုက်လို့လဲ၊ စိုက်စရာလား"

"မင်း ကိုဘိုဘို့အကြောင်းပဲ လိုက်တွေးနေတာကို"





"ထပ်တရီး ... သွားစမ်းပါ"

"ကိုယ့်ဟာကိုယ် မျက်စိမှိတ်ပြီး မိုးပြေးအကြောင်း တွေးနေလိုက်တော့"

အဲဒီစကားကလည်း သူ့ကို ဒေါသဖြစ်အောင်ပြောတဲ့စကား ဖြစ်ရပြန်သည်။ မျက်လုံးပြူးပြီး အတော်ကို တနင့်တသီး စိတ်တွေတိုနေသည်။

"မမတုလို မဟုတ်ဘူး သိရဲ့လား"

"မမတုက ဘာဖြစ်နေလို့လဲ ခါခါရယ်"

သူ့ဟာသူ တစ်ယောက်တည်း မတွေးနိုင် မအန်နိုင်ဖြစ်လောက်အောင် စိတ်တွေတို ခံစားနေခဲ့တဲ့ မင်းသိင်္ခကို တုတု တကယ်ပဲ နားမလည်နိုင်။ မင်း ဘာဖြစ်ချင်နေတာလဲ မောင်လေးရယ်။

✣ ❣ ✣



www.burmeseclassic.com

www.burmeseclassic.com



## ၉

ဘာဘတို့အိမ်မှာ ဘာဘနှင့် ကြီးကြီးအေမီသာ ရှိပါသည်။ ကိုကြီးမျိုးနောင်က ခရီးထွက်နေရ၍ အိမ်မှာမရှိ။ ဘာဘကလည်း ဆေးရုံအလုပ်နှင့်မို့ တစ်နေကုန် အိမ်မှာမရှိပါ။ ဒါကြောင့် သူတို့နှစ်ယောက်ကို လေဆိပ်လာကြိုနိုင်သူပင်မရှိ။ လေဆိပ်ကနေပဲ ကားငှား၍ဘာဘအိမ် ကိုယ့်ဘာသာ လာခဲ့ကြရသည်။

ကြီးကြီးကလည်း သူကိုယ်တိုင်တောင် အပြင်သိပ်မထွက်တော့ဘဲ တစ်ပတ်တစ်ခါလောက်သာ ဘာဘနှင့်ဈေးထွက်ဝယ်သည်။ တစ်ပတ်စာ စားသောက်ကုန် အပြည့်အစုံရှိ၍ ကြားရက်တွေမှာ ကြီးကြီးက ချက်ကာပြုတ်ကာ အိမ်အလုပ်လေးတလှုပ်လှုပ်လုပ်ကာ အိမ်မှာသာနေသည်။

တုတုနှင့် မင်းသိင်္ခါတို့အဖို့ နေစရာ စားစရာ အမျိုးအိမ် အသင့်ရှိပေမယ့် Shopping သွားဖို့ အဖော်မရှိ။ ကြီးကြီး





အေမီက ဒူးမကောင်း၍ မလိုက်နိုင်ပါ။ ဆေးရုံမှာ စမ်းသပ်စစ်ဆေးတဲ့ Check-up ကိစ္စကတော့ ဘာဘအကူအညီ အစီအစဉ်နှင့် ချောချောမောမောပင် ပြီးစီးသွားပါသည်။

စင်ကာပူက နေ့ရက်တွေမှာ မင်းသိင်္ခါ မျက်နှာက ကြည်လင်ဝင်းဖန့်နေပါသည်။ သူ့မှာ အလုပ်တာဝန်ဝတ္တရားမရှိသေးကနေ ဖိစီးမည့် ဘယ်အရာမှမရှိ။ သူ အလိုရှိတာ အားလုံးကို စီရင်ဖန်တီးပေးနိုင်သည့် တုတု တစ်ယောက်လုံးကလည်း အနားမှာ။ ပထမဆုံးနေ့မှာ ဆေးရုံမှာလိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေ ပြီးတဲ့အခါ အဖြေ Result တွေကလည်း ညနေမှာပဲ သိရပါသည်။

အဲဒီညနေမှာ မေမေ ဖုန်းဆက်တော့ …

"မေမေ … မမတုရော သားရော အိုကေပဲ၊ နှစ်ယောက်လုံး ကျန်းမာရေးတွေ ကောင်းတယ် မေမေ"

"ဟုတ်လား … ကောင်းတာပေါ့ သားရေ၊ ဒါဖြင့် နက်ဖြန်နဲ့ သန်ဘက်ခါ Shopping လုပ်ပေါ့၊ အရင်အစီအစဉ်အတိုင်းပဲ နောက်နှစ်ရက် ဈေးဝယ်ပြီး နောက်ရက်ကျပြန်ခဲ့လေ"

"ဟုတ်ကဲ့ မေမေ"

"သားလေသံက ခုတော့ လန်းရွှင်နေပါလား၊ ဒီကမသွားခင်ကတော့ မှုန်တေတေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခရီးထွက်လိုက်ရတော့ စိတ်အပြောင်းအလဲ ဖြစ်သွားရလို့ ဖြစ်မှာပေါ့ မေမေ၊ စိတ်တွေပေါ့ပါးပြီး ကြည်လင်နေတယ် အဟဲဟဲ၊ ရန်ကုန်မှာတုန်းက အပြင်တွေ လျှောက်မလည်ရ သမျှ ဒီမှာ အတိုးချပြီး လည်လိုက်ဦးမယ်"

"ကောင်းတယ် သား၊ မမတုနဲ့ ဝယ်ကြခြမ်းကြ"

မင်းသိက္ခာသည် သူ့ဟာသူ အလိုလို စိတ်ပေါ့ပါး အူရှင်နေကာ တုတုကို ...

"မမတု ဟိုလူကြီးဆီ ဖုန်းဆက်မနေနဲ့ဦး၊ ဘဘတို့အိမ်က ဆက်ရမှာ၊ ဘဘတို့ အားနာစရာကြီး"

တုတုက မင်းသိက္ခာကို မျက်စောင်းရွယ်ရင်း –

"မဆက်ပါဘူးနော်"

"အွန်လိုင်းကလည်း စကားပြောဖို့ စာရိုက်ဖို့ မကြံစည်နဲ့ လက်ပ်တော့ပ် မအားဘူး၊ တွေ့တယ် မဟုတ်လား၊ ကျွန် တော် သုံးနေတယ်နော်"

ဘဘရဲ့လက်ပ်တော့နှင့် အွန်လိုင်းကတစ်ဆင့် သူ ကျတော့ မိုးပြေးနှင့် Chat လုပ်နေပါသည်။ အိမ်မှာတုန်းက တုတုလည်း ရံဖန်ရံခါ ကိုဘိုဘိုနှင့် G-talk chatting .., face book chatting လုပ်ဖူးပါသည်။ ကိုယ် အင်တာနက်သုံးစွဲတုန်း ဟိုဘက်က ဝင်လာတာနဲ့ကြုံရင် သို့မဟုတ် သူ ရှိနေတုန်း ကိုယ် ဝင်လာတာ သူ မြင်လျက် နှုတ်ဆက်တာလောက် ပြောဖြစ်ကြ တာမျိုးပါ။





ရေခြားမြေခြား ရောက်နေတုန်းတော့ တုတု စိတ် ထဲမှာလည်း ကိုဘိုဘိုနှင့် ဖုန်းပြောရကောင်းစေရဲ့ဆိုတဲ့ အတွေး ဆန္ဒမျိုး မရှိပါ။ အကြာကြီးလည်းမဟုတ် သုံးလေးရက်ပဲကြာမှာ ကို သည်းပိုနေစရာ ဘာအကြောင်းရှိလို့လဲ။

သူများကိုတော့ ပြောပြီး သူကျတော့ မိုးပြေးနှင့် တစ်ညနေလုံး ထိုင်ချက်နေတဲ့ မင်းသိက္ခာကို တုတု စိတ်ထဲ ဖွ ယူတယ်လို့ မရှိပါ။ သူ မိုးပြေးအပေါ် တော်တော်စွဲလမ်းမှုရှိတယ် ထင်ပါရဲ့လို့ပဲ တိတ်တိတ်ဆိတ်ဆိတ်တွေးတော ငေးမောနေလိုက် ရုံသာပေါ့။

သို့ပေမဲ့ ကိုဘိုဘိုက မနေပါ။

ညရှစ်နာရီလောက်မှာ ဖုန်းလာတာကို ကြီးကြီးအေမိ ကကိုင်ပြီးနောက် ...

"သမီးရေ ... တုတုတဲ့ဟော့"

လက်ပ်တော့ပ်ထဲ ခေါင်းကြီးမြုပ်ဝင်မတတ် အာရုံ စိုက်နှစ်မြုပ်နေတဲ့ မင်းသိက္ခာက ခေါင်းထောင်လာကာ အံ့အံ့သြသြ နှင့် ...

"ဘယ်သူတဲ့လဲ ကြီးကြီး"

"ဘိုဘိုတဲ့၊ တုတု ကောင်လေး မဟုတ်လား"

မင်းသိက္ခာ မျက်နှာကြီးက မည်းသည်းသွားပြီးလျှင် တုတုကိုလည်း ခေါ်ပါပါ လှည့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း ... မမတုက ဘဘတို့ဆီ ဆက်သွယ်ဖို့ ဖုန်း တောင်ပေးရစ်ခဲ့တယ်ပေါ့လေ"

မလိုတမာသံကြီး။ တုတုက မင်းသိင်္ခါကို ရယ် လည်းရယ်ချင် မျက်စောင်းလည်းရွယ်ကာ ...

"ဖုန်းနံပါတ်ပေးရအောင် ဘဘတို့ဖုန်းနံပါတ် မမတု သိ တောင်သေချာမသိပါဘူး ခါခါရယ်၊ ကိုဘိုဘိုက မေမေ့ဆီ မေးပြီး သိသွားမှာပေါ့"

တုတုက ကိုဘိုဘိုနှင့် ဖုန်းပြောရပါသည်။ ကိုဘိုဘို နှင့် ဖုန်းပြောချင်လှချည်ရဲ့စိတ်မျိုး တစ်စိမှမရှိပေမယ့် သူကျ တော့ ချက်နေပြီး တုတုကိုကျတော့ တားမြစ်ပိတ်ပင်ထားတဲ့ မင်းသိင်္ခါရှေ့မှာ ကိုဘိုဘိုနှင့် ဖုန်းပြောရတာ အရသာရှိသားပင်။

ဖုန်းပြောတာ ဆယ်မိနစ်လောက် ရှိချိန်မှာ မင်းသိင်္ခါ က off line လုပ် laptop ကို ပိတ်ချလိုက်ကာ တုတု ဖုန်းပြော နေတဲ့နား ရစ်သီရစ်သီ တခဏလုပ်နေပြီးလျှင် အောင့်မထား နိုင်တော့သလို ...

"မမတု ကျွန်တော့်ကို အိုဗယ်လ်တင်း ဖျော်ပေးဦး၊ ဗိုက် ဆာလှပြီး ဆေးလည်းတိုက်ဦး"

"ကြီးကြီး ဖျော်ပေးမယ်လေ သား"

"ဟင့်အင်း ကြီးကြီး၊ ရပါတယ်၊ သားက မမတု ဖျော်တဲ့ ပုံစံကိုပဲ သောက်လို့ပါ၊ အဲဒါကြောင့် သူဖျော်မှဖြစ်မယ် မြန်မြန်ဖုန်းချတော့"





သူ့ရဲ့ညစ်ကျယ်ကျယ်နိုင်မှုတွေကို တုတုအဖို့ကတော့ ရိုးလွန်းကာ မဆန်းတော့ပြီဖြစ်ပေမယ့် ရံဖန်ရံခါမှ တွေ့ကြရတဲ့ ကြီးကြီးတို့ကတော့ ကြားက အားတုံ့အားနာတွေလိုလို တစ်မျိုး ကြီးတွေ အကဲခတ် နေရခက်နေကြပါသည်။ တုတုက ဖုန်းကို ခပ်မြန်မြန်ပဲ ချလိုက်ပြီး သူ့အတွက် မြန်မြန်ဆန်ဆန် ဖျော်ပေး လိုက်မှ သူက ကျေနပ်သွားပါသည်။

ပြဿနာကတော့ Shopping ထွက်ရာကစ,တာပင်။ မင်းသိင်္ခါက စ,ထွက်ကတည်းက သူ့အတွက် အင်္ကျီဘောင်းဘီ ဖိနပ် ခါးပတ် စသဖြင့် ယောကျ်ားအသုံးအဆောင်ပစ္စည်းတွေချည်း ဝတ်ကာရှာဖွေဝယ်ခြမ်းတာမို့ ပိတ်စအထည်အလိပ် လိုချင်တဲ့ တုတုနှင့် သက်ဆိုင်ရာဘက်ဆီကို ရောက်ကိုမရောက်တော့ပါ။

ညနေပိုင်းပင် ရောက်လာတော့ တုတုက မဖြစ်မနေ ပြောရပါတော့သည်။ မနက်ဖြန်ကိုလည်း သူက သူနှင့်သက်ဆိုင် ရာတွေဆီပဲ တပ်နေရင် မခက်ပါလား။

"ခါခါ ... မမတု ပိတ်စတွေ ဝယ်ရမယ်"

"ပိတ်စတွေ ဘာလုပ်ဖို့လဲ၊ ရယ်ဒီမိတ်အင်္ကျီတွေပဲ ဝယ် ပေါ့"

"မဟုတ်ဘူး ခါခါ၊ ရယ်ဒီမိတ်အင်္ကျီ မလိုချင်ဘူး၊ ချုပ် ဝတ်ဖို့ အထည်စကောင်းကောင်းလိုတာ"

"ဘယ်သူ့ဖို့လဲ"

"မေမေ့ဖို့ရော မမတုဖို့ရော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ"

"ချုပ်ဖို့ပေါ့ ခါခါရဲ့"

"အင်းလေ ... ချုပ်ပြီး ဘာကိစ္စမှာ ဝတ်စရာရှိလို့လဲ၊ တကူးတက ဒီကအစတောင် ဝယ်မယ်ဆိုတော့ တစ်ခုခုတော့ ရှိလို့ပေါ့"

"ဟုတ်တယ်၊ စေ့စပ်ပွဲဝတ်ဖို့ ချုပ်ဖို့ မေမေ မှာလိုက်တာ"

"စေ့စပ်ပွဲ ! "

"အင်း ... ဟုတ်တယ်"

"မမတုလား ! "

"အင်းပေါ့"

"ဘယ်တော့လဲ"

"ဒီလကုန်လောက်"

အံ့အားသင့်သွားတဲ့ ပါးစပ်အဟောင်းသား နှုတ်ခမ်းလေး အဟသသားနှင့် မင်းသိင်္ခာက တုတုကို စိုက်ကြည့်နေ၍ တုတုက မျက်လွှာချ မျက်နှာလွှဲလိုက်ကာ မသိမသာ ရှောင်ဖယ်လှည့်ထွက်ဖို့ပြင်သည်။

မင်းသိင်္ခာက တုတုလက်ကောက်ဝတ်ကို ဖျတ်ခနဲဆို ဖမ်းဆုပ်ဆွဲထားလိုက်ရင်း ...

"မမတု ... မမတုက ဒီလကုန် ကိုဘိုဘိုနဲ့ တကယ်စေ့စပ်မယ်ပေါ့၊ လက်ခံထားတယ်ပေါ့"





"အင်းလေ ... မေမေတို့ စီစဉ်တာပဲဟာ"

"မမတု ပြောတော့ ချစ်တယ်တောင် ခေါင်းညိတ်အဖြေမပေးရသေးဘူးဆို"

"ဟုတ်တယ်လေ၊ ဒါကြောင့် သူက ဒီအဖြေကို လိုချင်ကြားချင်ပြီး တောင်းနေတာပေါ့၊ တကယ်တော့ ဖြေဖြေ မဖြေဖြေ လူကြီးတွေ စီစဉ်တဲ့အတိုင်း စေ့စပ်ရလက်ထပ်ရမှာကတော့ မထူးဘူး မဟုတ်လား"

"ကျွတ် ... ဘာလို့မထူးရမှာလဲ ကိုယ်မချစ်တဲ့လူကို မမတုက ယူစရာလား"

"ကျွတ် ... လာပြန်ပြီကွာ"

"ဘာလဲ၊ ကျွန်တော် သိထားတာက မေမေတို့ စီစဉ်တာတော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ မမတုက အတိအကျတော့ လက်မခံရသေးဘူး အဖြေမပေးရသေးဘူးလို့ သိထားတာ"

"အဖြေမပေးရသေးတာက ချစ်တယ်လို့ မမတု မဖြေတာပါ ခါခါရယ်၊ လက်ထပ်ဖို့ကတော့ မေမေကလည်း နားချလို့ မမတု ခေါင်းညိတ်လက်ခံပြီးသားပါ"

"ဟာ ... ဒီလူကို ကြည့်မရပါဘူးဆိုမှ"

တုတုက သက်ပြင်းချရင်း ...

"မုန့်လုံးစက္ကူကပ်သလို တစ်ပတ်လည်လာပြန်ပြီ ခါခါရယ်၊ ခါခါက စိတ်မကြည်သာတိုင်း ဒီကိစ္စကို အစဖော်ပြီးရစ်တော့တာပဲ၊ အထပ်ထပ်အခါခါ ပြောပြီးသား သိပြီးသား



www.burmeseclassic.com

www.burmeseclassic.com



နာလည်ပြီးသားကိစ္စ မဟုတ်လား၊ ကိုဘိုဘိုက မမတု အပြင်မှာ ချစ်သူဖြစ်ပြီး အိမ်ကိုခေါ်လာပြတဲ့သူ မဟုတ်ဘူး လေ ခါခါ၊ မေမေ့ဆီတစ်ဆင့် တောင်းရမ်းကြလို့ မေမေ နှစ်သက်ကြည်ဖြူပြီး နားချလို့ မမတု ခေါင်းညိတ်လက် ခံခဲ့တဲ့လူလေ ...

မောင်လေး ကြည့်မရရင် လုံးဝကို လက်သင့်မခံနိုင် တာဆိုရင် ဟိုးအစောကြီးကတည်းက ဘာမှ မသေချာ မရေရာခင် မေမေ့ကိုပြောပြီး ကန့်ကွက်ရမှာ မဟုတ်လား အဲဒီတုန်းကလည်း မကန့်ကွက်ခဲ့ မဖျက်ခဲ့ပဲ ကောင်းပြီ ကောင်းရဲ့ အတည်ဖြစ်မှ ခုလို ထပ်ခါ ထပ်ခါ မမတု စိတ်အနှောင့်အယှက် ပေးတာကတော့ သက်သက်မဲ့ စိတ် ညစ်အောင် စိတ်ဆင်းရဲအောင် လုပ်ရာပဲကျတယ် ခါခါ မမလည်း စိတ်ရှုပ်တယ်၊ ဘာလို့ လကားနေရင်း မမတု ရစ်ချင်ရတာလဲ မောင်လေးရယ်"

"မမတုကို ဘယ်သူက ရစ်ချင်လို့လဲ၊ ကျွန်တော် ရစ် တာ မဟုတ်ဘူး၊ ကဲ ... မမတုပဲ ဖြေပါဦး၊ မမတု လူကြီးကို ချစ်လား"

"ကျွတ်"

မင်းသိက္ခာက သူ့လက်နှစ်ဖက်မှာရှိနေတဲ့ အိတ် ကို လမ်းပေါ်ပစ်ချလိုက်ကာ လက်နှစ်ဖက်က တုတုရဲ့ပခုံး ဆုပ်ညှစ်ကိုင်လိုက်ပါသည်။ မျက်ရည်ရစ်လည်နေတဲ့ တုတုရဲ့





ညစ်ညူးတဲ့ မျက်ဝန်းလေးများကိုလည်း စူးစူးစေ့စေ့ စိုက်ကြည့် လိုက်မိသည်။

"ဖြေလေ"

"ပြောပြပြီးသားပဲဟာ၊ ကိုယ်ချစ်လို့ ရွေးလာတာမှ မဟုတ် တာ"

"မချစ်ဘူးပေါ့"

"ဒါပေမဲ့ အဲဒါက ..."

"မချစ်ဘူးပေါ့၊ ရက်စ် နိုးပဲ အတိအကျဖြေပါ"

တုတုက မင်းသိက္ခာကို မော့မော့လေး ပြန်မေးကြည့် နေမိကာ သက်ပြင်းကြီးတစ်ချက် ချလိုက်ရင်း ...

"မချစ်ဘူး"

မမတုရဲ့မျက်ရည်ရစ်ဝိုင်းကာ စိတ်ညစ်ညစ် စိတ်ရှုပ် ရှုပ်ဖြစ်နေတဲ့ မျက်နှာကလေးကို ပြန်စိုက်ကြည့်နေမိတဲ့ မင်းသိက္ခာ ရဲ့မျက်ဝန်းအစုံတို့ဟာ မမတုရဲ့မျက်ဝန်းအစုံထံမှာ စေးငြိတွယ် ကပ်ကာ ပြန်ခွာမရသလို အကြည့်ချင်း အကြာကြီး ဆုံနေကြပြီး လျှင် မင်းသိက္ခာ ရင်ထဲ ဘယ်လိုမှန်း ဖော်မပြတတ်တဲ့ လှိုက်လှဲ ခြင်းတစ်မျိုးက တသိမ့်သိမ့် လှုးလွန့်နွေးဖျလှိုက်တက်လာပြီးလျှင် မမတုရဲ့ပခုံးကို ဆုပ်ကိုင်ထားရာမှ ရှေ့သို့ဆွဲယူလိုက်မိသည်။

မမတုခမျာ ခြေလှမ်းလေးတွေ ခလုတ်တိုက်ကာ ဘငိုက်ငိုက်လေး ရှေ့တိုးပါလာရင်း မင်းသိက္ခာ ရင်ခွင်ဆီသို့ အလန့်တကြားလေး ကပ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမတု"

"အင် ... ဟင်"

မင်းသိင်္ခာက လမ်းမကြီးလယ်ကောင်မှာ တုတုရဲ့ ကျောပြင်လေးကို လက်နှစ်ဖက်နှင့် ခွေပိုက်ကာ ဖက်ထားလိုက်၍ တုတုသည် မျက်ကလဲဆန်ပျာဖြစ်ကာ ...

"ခါ ... ခါခါ ... ဟို ... ဟို၊ လွှတ်ပေးလေ"

"မမတု ချစ်တာ ကျွန်တော့်ကို မဟုတ်လား"

"ဟင်"

"ဟုတ်တယ် မဟုတ်လား ... ဖြေ"

"ဟိုလေ ... ခါခါ့ကို မမက ချစ်တာဆိုတာက ..."

"ဘာမှ ရှည်ရှည်ဝေးဝေး မပြောပါနဲ့ဆို၊ ရက်စ် ... နိုး — တစ်လုံးတည်းပဲ ဖြေပါဆို၊ ကျွန်တော့်ကို ချစ်တယ်မဟုတ်လား"

တုဝ့ သည် အောက်နှုတ်ခမ်းလေးကို သွားဖြင့်ကိုက်ကာ အသက်ကို အောင့်ထားမိပါသည်။ ရင်ထဲမှာတော့ ဒိန်း — ဒိန်းနှင့် အကြီးအကျယ် မြည်ဟည်းခုန်ပေါက်နေလိုက်သည်မှာ နှလုံးသားဟာ သူ့အညှာက ပြုတ်ထွက်တော့မလားပင် စိုးရိမ်မိသည်။ ထူပူပြီး ဘာပြောလို့ ပြောရကောင်းမှန်းလဲ မသိ။

တလှပ်လှပ်နှင့် ငိုချင်သလိုလို ကြည်နူးသလိုလို၊

အင်း ... ဟုတ်တယ်။ ခါခါ့ကို မမတု ချစ်ပါတယ်။ ချစ်တာကတော့ ဟိုးငယ်ငယ်ကလေးတည်းက ချစ်ခဲ့ရတာလေ။





ကိုယ် ငါးနှစ်သမီးအရွယ်မှာ မေမေ မောင်လေးကိုမွေးပြီး ဆေးရုံကဆင်းလာတော့ အနီးဖြူဖြူလေးနှင့် ထုပ်ထားတဲ့ ကလေးနီတာရဲ့ကလေး ဘဝကတည်းက ငုံထားမတတ် ချစ်ခဲ့ရတာလေ။

ဒါပေမဲ့ အဲဒီအချစ်ဟာ ဘယ်လိုအချစ်မျိုးလဲဆိုတာ ဘယ်တုန်းကမှ နားလည်းမလည်၊ နားလည်အောင်လည်း ခွဲခြမ်းစိတ်ဖြာခြင်း မပြုနိုင်ခဲ့တာ။ အခုတော့ သူ့ကိုချစ်သလားလို့ မေးလိုက်ရုံနှင့် ရင်တွေက ဘာကြောင့် ပေါက်ကွဲမတတ် ဒီလောက်ဆောင်များ ခုန်ရတာပါလိမ့်။ တစ်ခါမှ မခံစားဖူးတဲ့ ခံစားချက်တစ်ရပ်နှင့် ရင်ထဲမှာ နွေးသိမ့်လှိုက်ဖိုကာ ငိုချလိုက်ချင်အောင် ဝမ်းနည်းလာမိတာ ဘာကြောင့်ပါလိမ့်။

"ပြောလေ"

"အင်း ... ဟို ... ဟို"

"ကျွန်တော်ကို ချစ်တယ် မဟုတ်လား မမတု"

"အင်း"

"ချစ်တယ်လို့ပြော"

"အင်း ... ချစ် ... ချစ်ပါတယ်"

မင်းသိင်္ခာက တုတုကိုဖက်ထားလိုက်ရင်းက ဘယ်ညာရော့ပတ်နေပါသည်။ ခပ်ကြာကြာတင်းတင်းဖျစ်ညှစ် ဖက်ပိုက်ထားလိုက်ပြီး ကျောနပ်လောက်မှ ပြန်လွှတ်လိုက်ကာ ပခုံးနှစ်ဖက်ကို စုံပြန်ကိုင်၍ မျက်နှာချင်းဆိုင် ကြည့်လိုက်ပြီး ...

"ကျွန်တော်လည်း မမတုကို ချစ်တယ် ... သိလား"



www.burmeseclassic.com

www.burmeseclassic.com



တုတုမှာ မင်းသိက္ခာရဲ့ မျက်နှာလေးကို ငေးစိုက်ကာ အဖြေရှာနေမိပါသည်။ မင်းသိက္ခာကတော့ မျက်နှာက ကျေကျေ နပ်နပ် ကြည်ကြည်နူးနူး ပြုံးမြမြဖြစ်နေကာ …

“မမတုလောက် ဘယ်သူ့ကို မချစ်ဘူး သိလား၊ မမတု လည်း ကျွန်တော့်ကို ချစ်တယ်ဆိုတာ သိသားပဲ”

တုတုမှာ ပြုံးရမလို မဲ့ရမလိုနှင့် သူ့ရဲ့စကားအသွား အလာကြောင့် ခေါင်းတွေတောင် ချာလည်မူးနောက်ချင်လာတဲ့ အချိန်မှာ မင်းသိက္ခာက လက်တစ်ဖက်က အိတ်တွေပြန်ကောက် ဆွဲကိုင်လိုက်ပြီး ကျန်လက်တစ်ဖက်က တုတုရဲ့လက်ကို တွဲလိုက် ကာ ခြေလှမ်းကျဲ စလိုက်တာမို့ တုတုမှာ ခပ်သုတ်သုတ်လေး ပြေးမတတ် လိုက်ပါရပြန်ပါသည်။

“မမတု … ဦးဘိုဘိုကြီးကို မယူနဲ့တော့”

“ဟင်”

“မချစ်ဘဲနဲ့ လက်မထပ်နဲ့တော့ပေါ့”

“ခါခါ … မင်း အဲလိုကြီး ပြောလို့တော့ မ … မဖြစ်”

“ဘာလို့မဖြစ်ရမှာလဲ”

“မေမေက …”

“မေမေ့ကို ပြောလိုက်ပေါ့၊ မယူတော့ဘူးလို့”

“ခါခါကလည်းကွာ”

“မမတု ကျွန်တော် နောက်နေတာများ မှတ်နေလား ကျွန်တော် မမတုကို ဒီလူကြီးနဲ့ သဘောမတူဘူး၊ ဒီလူ





ကြီးနဲ့တင် မဟုတ်ဘူး ရှင်းရှင်းပြောမယ်၊ ဘယ်သူနဲ့မှ သဘောမတူဘူးဗျာ၊ ရှင်းပြီလား”

“မေမေက …”

“လာပြန်ပြီ မေမေ၊ မေမေ့ကို ပွင့်ပွင့်လင်းလင်း ပြောလိုက် ပြီးတာပဲဆိုနေမှ”

တုတုသည် မျက်မှောင်တွန့်တွန့်လေးနှင့် ဘာဆက် ပြောလို့ ပြောရမှန်း မသိအောင် သူ ဆွဲခေါ်ရာနောက် တကောက် ကောက် ပါလာရပါသည်။ ရှေ့ဆက်ပြီး မင်းသိက္ခာ ဝင်ကြည့်တဲ့ ဆိုင်ခန်းတွေ၊ ဝယ်တဲ့ပစ္စည်းတွေကိုသာ နောက်က လိုက်သယ် နေရရင်း ကိုယ်ဝယ်ရမယ့် အထည်အလိပ်ဘက်ကို အလှည့်မပေး ်ငဘဲ အချိန်တွေ ကုန်ဆုံးမှောင်မိုက်လာပါသည်။

နောက်ဆုံးတော့ ကိုယ် သတိမပေးလို့ မဖြစ်တာ

…

“ခါခါ … မမတုနဲ့ မေမေ့အတွက် ပိတ်စဆိုင် သွားရဦး မယ်”

“မမတုကလည်း သူနဲ့မယူဖြစ်တော့ပါဘူးဆိုမှ စေ့စပ်ပွဲ အတွက် ဝတ်စုံဝယ်စရာ ချုပ်စရာ လိုသေးလို့လား … ကျွတ်”

တုတုသည် မင်းသိက္ခာ မျက်နှာကိုသာ ကြောင် မ်းအမ်း ငူငိုင်ငိုင်လေး ကြည့်မိကာ ဆန့်ကျင်ဘက်စကားကို တ်တိုးမပြောရဲတာနှင့် အဲဒီတစ်ရက်က ကုန်ခဲ့ရပါသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ မင်းသိင်္ဃာ အိပ်ရာကမနိုးမီ တစ်ယောက်တည်း အဝယ်ထွက်မှပဲ စဉ်းစားမိကာ ကြီးကြီးအေမီကို သူ့ဘာသာ ဈေးသွားမည့်အကြောင်း ပြောလျှင် ...

"တစ်ယောက်တည်း ဖြစ်ပါ့မလား တုတုရဲ့ ခါခါနိုး သွားပေါ့"

"သူနဲ့တုတုက ဝယ်မယ့်ပစ္စည်း မတူတော့ လမ်းကြောင်းလည်း မတူဘူး ကြီးကြီးရဲ့၊ နှစ်ယောက်ပူးတွဲကြီး ဝယ်နေရင် ပြီးမှာမဟုတ်တော့ဘူးမို့ပါ"

"တစ်ယောက်တည်းသွားမှာ စိတ်မချပါဘူးသမီးရယ်၊ ဖြစ်ပါ့မလား"

"မဖြစ်ဘူး ... မဖြစ်ဘူး"

မင်းသိင်္ဃာနိုးကာ ထွက်လာ၍ တုတု စိတ်များဝင်ညစ်ရပါသည်။

"ခါခါ"

"ဘာမှမပြောနဲ့ လာ"

တုတုကို မင်းသိင်္ဃာက ဝရန်တာဆီ လက်ဆွဲခေါ်လာပါသည်။ ကြီးကြီးတို့ ဘာဘတို့အိမ်ရဲ့ ဝရန်တာကျယ်ကျယ်ကလေးမှာ ပန်းအိုးလေးတွေနှင့် ပန်းခြံငယ်လေးတစ်ခုသဖွယ်၊ သံကုလားထိုင်ဖြူဖြူလေးတွေချထား၍ တုတုက သံကုလားထိုင်လေးတစ်ခုမှာ ဝင်ထိုင်လိုက်လျှင် မင်းသိင်္ဃာက တုတုရှေ့ ကြွေပြားခင်းကြမ်းမှာ ထိုင်ချလိုက်ပါသည်။





မင်းသိင်္ဃာရဲ့ရင်ထဲမှာ ပြင်းထန်ကြီးစိုးနေတဲ့ ခံစားချက်ကတော့ မမတုကို တခြားယောက်ျားတစ်ယောက်နှင့် လက်သင့်ခံ မပေးစားနိုင်တာပင်။ လက်လွှတ်ဆုံးရှုံးမခံနိုင်ခြင်းက ရင်ထဲမှာ ပြင်းပြင်းထန်ထန် စိုးရွံ့တောက်လောင်နေခဲ့တာ အမှန်ပါ။

"မမတု ဘာဖြစ်လို့ ကျွန်တော့်ကို သစ္စာဖောက်ရတာလဲ"

"ဟင် ... သစ္စာဖောက်တယ် !!"

"အင်းလေ ... ကျွန်တော် မနိုးခင် ထ,ထွက်သွားဖို့ ကြိုးစားနေတယ်၊ မနေ့က မမတု ကတိပေးပြီးပြီလေ"

"ဟင် ... မမတု ဘာကတိပေးလို့လဲ"

"ကိုဘိုဘိုကို မယူပါဘူးလို့လေ"

"ဟင့်အင်း ... မမတု အဲဒီကတိ မပေးမိသေးပါဘူး၊ မေမေ့စကားကို ခေါင်းခါငြင်းဆန်ပြီးတော့လည်း အဲသလို မဆုံးဖြတ်ရဲပါဘူး ခါခါရယ်"

"ကျွန်တော် သဘောမတူဘူး"

မင်းသိင်္ဃာရဲ့လေသံက တင်းတိပြတ်သားနေသည်။

"ခါခါ"

တုတုရဲ့လေသံလေးကတော့ တိုး၍တုန်နေပါသည်။

"မယူရဘူး၊ ကျွန်တော် သဘောမတူဘူး"

မင်းသိင်္ဃာကို စူးစိုက်ကြည့်နေမိခဲ့တဲ့ တုတုရဲ့မျက်ဝန်းတို့မှာ ပဟေဠိပုစ္ဆာတွေ၊ မေးခွန်းထုတ်လိုခြင်းတွေ နားမလည်နိုင်ခြင်းတွေနှင့် မရေမရာ မသဲမကွဲ အတွေးစတို့ နှစ်မြုပ်နေပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပွင့်ပွင့်လင်းလင်းလည်း ဖွင့်ဟာမမေးရဲ။ ရှက်ခြင်းကြောက်ခြင်း မဝံ့ရဲခြင်းတို့က ရင်ထဲက ခံစားချက်တွေကိုလည်း ထုတ်ဖော်ပြသမရဲအောင် တားမြစ်တုံ့ဆွဲထားပါသေးသည်။

"ခါခါ"

"မမတု ငြင်းလိုက်ပါ မေမေ့ကို ပြတ်ပြတ်ငြင်းလိုက်ပေါ့၊ ကျွန်တော်လုံးဝသဘောမတူနိုင်ဘူး၊ ကိုဘိုဘိုကို မမတု မယူရဘူး၊ ဒီတော့ ဒီစေ့စပ်ပွဲဝတ်စုံ ဆိုတာတွေကိုလည်း ဝယ်စရာ မလိုဘူး"

✤ ❣ ✤





# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



❀ ၁၀ ❀

“ခါ သူ့အခန်းထဲမှာလား”

တုတုက ဒေါက်ဖိနပ်ရဲ့ကြိုးသိုင်းကို မတ်တတ်ရပ် ငုံ့ဖြုတ်ရင်း တုတုကို မကြည့်ဘဲ မေးလိုက်တဲ့ မိုးပြေးကို တောင်တောင့်လေးရပ်ကာ ကြည့်ရင်း ...

“မောင်လေး နေမကောင်းလို့ အိပ်နေပါတယ် ညီမ”

“အဟင်း ဟင်း ... မအိပ်ပါဘူး”

“ရှင်”

“ခုလေးတင်ပဲ ဖုန်းဆက်ထားပါတယ်၊ သူ နေမကောင်းဘူးကြားတော့ ဧည့်သည်တွေ့နိုင် မတွေ့နိုင် အရင်ဖုန်းဆက်မေးပြီးမှ သူက အိုကေဆိုလို့ လာတာပါ၊ ဖုန်းချတာမှ မိနစ်ပဲ ရှိပါသေးတယ် မမတုရဲ့၊ မအိပ်ပါဘူး ... ဟင်း ဟင်း”





တုတုသည် ဘာဆက်ပြောရမှန်း မသိအောင် နှုတ်ဆိတ်သွားရပါသည်။

“ဦးတင်အောင် သစ်သီးခြင်းပေးလိုက်လေ”

မိုးပြေးက သူ့ဒရိုင်ဘာကို လှည့်ပြောလိုက်၍ လက်ထဲမှာသစ်သီးခြင်းကိုင်ထားသော သူ့ရဲ့ဒရိုင်ဘာက တုတု လက်ထဲ သစ်သီးခြင်းကြီးကို ထိုးထည့်လိုက်လေရာ တုတုက ယောင်ကန်းကန်းနှင့် ခြင်းကြီး လှမ်းယူလိုက်ရပါသည်။

“မမတု ရှူတင်ကလာတာဆိုတော့ မိုးပြေး မောလည်းမော ဆာလည်းဆာလာလို့ Lime juice လေး အရင်သောက်ချင်တယ်၊ ပြီးရင် ဟိုတစ်ပတ်က ခါ့ရှူတင်ကို ပို့ပေးတဲ့ လက်ဖက်ထမင်းသုပ်လေးလေ သုပ်ပေးပါနော်၊ အဲဒီနေ့က မြည်းလိုက်ရတာ အရမ်းကောင်းတာပဲ၊ မမတုကိုယ်တိုင် နယ်ပေးနော်”

တုတုသည် “ရှင်”ခနဲ “ဟင်”ခနဲတောင် အသံမထွက်နိုင်ဘဲ မိုးပြေးရဲ့လင်းလက်တောက်ပြောင်နေသော အထက်စီးမျက်နှာပေးလေးကို အငေးသားကြည့်လိုက်မိပါသည်။

“မိုးပြေးလည်း ခါ့လိုပဲနော်၊ အစပ်မစားနိုင်ဘူး”

ရင်ထဲမှာ အောင့်သက်ဝမ်းနည်းသွားရတာကို နင်းကန်မျိုချပြီး ဘာစကားတစ်ခွန်းမှ နှုတ်ဖျားက ထွက်မလာအောင် သွားကိုတင်းတင်းစေ့ထားလိုက်မိပါသည်။ မခံချင်စိတ်ဟာ ရင်ခွင်မှာ မီးခဲလိုပူလောင်ဆို့တက်လာသော်လည်း အကျယ်အကျယ်သော ပြဿနာကို မလိုလားသည်ဖြစ်၍ ဘာမှမပြောသာ။



www.burmeseclassic.com

www.burmeseclassic.com



မိုးပြေးက တုတုရှေ့မှ လှည့်ထွက်ကာ အပေါ်ထပ် တက်တဲ့လှေကားမှတစ်ဆင့် အိမ်ပေါ်ထပ်ကို သူ့အိမ်သူ့ရာနှယ် ခပ်တည်တည် တက်သွားပါသည်။ သူတို့ချင်း ဘယ်လိုပဲတော် စပ်နေပါစေ သူစိမ်းယောကျ်ားပျိုတစ်ယောက်ရဲ့ အိမ်ပေါ်ထပ်က အိပ်ခန်းထဲကို ဒီလိုပဲ ရဲရဲတင်းတင်း ဂရုမစိုက်သလို တက်သွားစရာလား။

ဒါကို တုတုအနေနှင့် "ဟဲ့ ... အဲသလိုတက်မသွားနဲ့လေ၊ အောက်မှာပဲ ထိုင်စောင့်" ဆိုတာမျိုးပြောဖို့ အခွင့်အရေး မရှိသလို ပြောလည်း မပြောဝံ့ပါ။ ဒါပေမဲ့ ရင်ထဲတော့ အခံရခက် တင်းကျပ်ပါသည်။ သစ်သီးခြင်းကြီးကို ထမင်းစားခန်းစားပွဲပေါ် တင်လိုက်ချိန်မှာ အနားမှာရှိနေတဲ့ လုံးလုံးက မကြားတကြား နှင့် ...

"အဲဒီ မင်းသမီးမကို အမြင်ကို ကတ်တယ်"

"ဟဲ့ ... လုံးလုံး"

"ဟုတ်တယ်၊ မမတုကို သူက ထမင်းနယ်ခိုင်းစရာလား_ ဟွန်း"

"မပြောစမ်းပါနဲ့ဟယ်"

တုတုက စိတ်ပျက်လက်ပျက်လေး ပြောကာ လက်ဖက်ထမင်းတစ်ပွဲကို သုပ်ရပါသည်။ မကော်တဆ အချိုးအချိုး မတည့်လျှင်တောင် တမင် စေတနာမပါလို့ အထင်ခံရမှာစိုး ကြောင့် ကြိုးစားပမ်းစား ကောင်းအောင်သုပ်ရသည်။ ဒီလိုလက်





ဖက်ထမင်းသုပ် ဆိုတာမျိုး ဖေဖေနဲ့ မေမေကိုတောင် မေမေတို့ ကလည်း မခိုင်းဖူး၍ သုပ်မပေးဖူးပါ။ ကိုယ့်တစ်သက်မှာ ခါခါ ကလွဲရင် သူဟာ ဒုတိယမြောက် သုပ်ပေးရသူပင်။

မိုးပြေးဟာ ဘယ်အချိန်လောက်ကစပြီး တုတုကို ဒီလိုဆက်ဆံရဲလာတာလဲဆိုတာ ပြောမပြတတ်တော့။ တစစ တဖြည်းဖြည်း ရောင့်တက်လာတာမို့ တစ်ဆင့်ကတစ်ဆင့် ကူးပြောင်းမှုက ပြတ်ပြတ်သားသား မသိသာပါ။ ဘာမှမဟုတ်ခင် တုန်းကတောင် တုတုလောက်ကို သိပ်မှုတာမဟုတ်တဲ့ မိုးပြေးက ခုချိန်မှာတော့ မျက်နှာက မော်၍ချီနေကာ မျက်လွှာကို ပြန်မေး စင်းပြီးမှ အထက်စီးက ကြည့်ပုံမျိုးနှင့် ...။

တကယ်တော့လည်း အရပ်မြင့်သွယ်တဲ့ မိုးပြေးဟာ ခပ်ပြတ်ပြတ် အရပ်လေးနှင့် တုတုကို ဒီလိုပဲ ငုံ့ငုံ့ငိုက်ငိုက် အထက်စီးက ကြည့်ရမှာပါပဲ။

တုတုက ထမင်းသုပ်ပန်းကန်ပေါ် ပုစွန်ခြောက်နီ ရဲရဲလေးတွေ ဖြူးမည်ကြံစဉ် ဒေါ်လေးက တုတုလက်မှ ပုစွန် ခြောက်ပုလင်းကို ဖျတ်ခနဲ ဆွဲယူသွားကာ နောက်တစ်ပုလင်းကို အစားထိုး ချထားပေးလိုက်ပါသည်။

"ဒေါ်လေးကလည်း"

နီရဲကြွပ်ရွနေတဲ့ ပထမတန်းစား မဟုတ်တော့ဘဲ ဒုတိယတန်းစား အများသုံးကို လာချပေးတာမို့ တုတုက စောဒက တက်ရန် ဟန်ပြင်စဉ် ....



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ မပြောနဲ့၊ ဒါ မမနဲ့ ခါခါ နှစ်ယောက်ပဲစား တဲ့ဟာ၊ ဘာကြောင့် သူ့ကိုဒါနဲ့ကျွေးရမှာလဲ၊ တော်ပြီ — ဒါလည်း အကောင်းစားပဲဟာ"

ဖေ့တုက လက်ဖက်ထမင်းသုပ်ပန်းကန် ရေနွေးကြမ်း ပန်းကန်လုံး ခတ်ဘူးပေါက်စလေးတို့နှင့် ခါခါ့ကို ပြင်ပေးသလို ပင် ဖွယ်ဖွယ်ရာရာ လှလှပပလေး မြင်ယူလာပါသည်။ ရင်ထဲမှာ အခံရခက်ပေမယ့် စေတနာ မပါဘူးလို့ အစွပ်စွဲတော့ မခံချင် ပါ။

ခုနောက်ပိုင်းမှာ မိုးပြေးဟာ ရုပ်ရှင်ဗီဒီယိုလောကမှာ တင် နေရာရလာတာ မဟုတ်တော့ဘူးလေ။ မင်းသိင်္ဃာနံဘေးမှာ ပါ နေရာရလာတာ မဟုတ်လား။

ဗီဒီယိုတွေ ဆက်တိုက်ရိုက်လာရကာ ဈေးကွက်ဝင် မင်းသမီး ဖြစ်လာပြီလေ။ အရင်ကလို လူငယ်စတိုင်နှင့် ဂျစ်ကား နီရဲရဲလေး ကိုယ်တိုင်မောင်းလာတာမျိုး မဟုတ်တော့။ ဒရိုင်ဘာ မောင်းတဲ့ မာ့ခ်တူးကားနှင့်ပဲ ရှူတင်ကိုလာတော့တာ။ ဒရိုင်ဘာ ဖွင့်ပေးတဲ့တံခါးကမှ ဆင်းတော့တာ။ မိုးပြေးရဲ့ကား ဝင်လာလျှင် သူ့ရဲ့အဝတ်အိတ်တွေ ခြင်းတွေကို အပြေးလာသယ်ပေးကြရသည့် အဆင့်တစ်ခုကို ရောက်လာခဲ့ပြီးပြီပဲ။

ကောင်မလေးက ရုပ်လေးလည်းရှိ လည်ဝယ်ချက်ချာ မှုလည်းရှိ၊ စန်းလေးလည်းရှိ၊ သရုပ်ဆောင်လည်းမဆိုး၊ ဝင်တာ ထွက်တတ် ပြောတတ် ပေါင်းတတ် နေရာယူတတ်နှင့် တစစ ခ





ရာရလာလိုက်တာ ခုတော့ နောက်ပေါက်မင်းသမီးငယ်တွေထဲမှာ ကားရိုက်အများဆုံးအဆင့်တောင် ဖြစ်နေပြီ။

ထိပ်ဆုံးမင်းသား ငါးယောက်ထဲက အငယ်ဆုံး အချောဆုံး မင်းသိင်္ဃာကိုလည်း လက်ညှိုးဖျားလေး ထိပ်တင်ထား နိုင်ပြီ။ အင်း ... သူ့အရည်အချင်းနှင့် သူပေပဲ။

"ဒေါက် ... ဒေါက်"

ပိတ်ထားတဲ့တံခါးကို ခေါက်ရင်း တုတုရင်ထဲ ဆူပူလာပါသည်။ လူပျိုခန်းထဲမှာဝင်နေပြီး တံခါးကို ပိတ်ထား ရောလား။

"လော့ခ်ချမထားဘူး မမတု၊ ဝင်လို့ရတယ်"

သူပဲ ဒီအိမ်အရှင်သခင် ကျနေတော့တာပဲ။ တုတု က လက်ကိုင်ဘု လှည့်ဖွင့်ဝင်လာပြီး စားပွဲပုလေးတစ်ခုပေါ် ခန်းကိုတင်သည်။ မိုးပြေးက မင်းသိင်္ဃာ ခုတင်နားမှာ ချထားတဲ့ အဝတ်ထိုင်ခုံ ခွက်ခွက်ကြီးထဲမှာ။ နှစ်ယောက်သားက နီးနီးကပ် ကပ်။

မင်းသိင်္ဃာက ဓာတ်ပုံအယ်လ်ဘမ်မ် အသေးလေး တစ်ခုကို ကြည့်နေသည်။ မိုးပြေးရဲ့ကြော်ငြာတစ်ခု ရိုက်ထားသော အလှဓာတ်ပုံများပင်။

"အဟင်း ဟင်း ဟင်း ... မနာလိုဖြစ်နေပြီ မဟုတ်လား၊ ခေါင်းလျှော်ရည်ကြော်ငြာဆိုတော့ ရိုက်ချက်တွေက ပူးပူး ကပ်ကပ် နီးနီးစပ်စပ်တွေတော့ ဖြစ်နေတယ်၊ မိုးပြေး



www.burmeseclassic.com

www.burmeseclassic.com



ပြောသွားပဲ၊ ခါနဲ့ရိုက်မယ်လို့ ပြောလိုက်မယ်လို့၊ သူတို့က လည်း ခါ့ကိုပဲ လိုချင်တာပါ၊ မမတုဆီ ဖုန်းဆက်ပြီး ဒိတ်ချိတ်ကြည့်တော့ အဲဒီဆန်းဒေး လုံးဝမရဘူးလို့ မမတု က ငြင်းတာတဲ့ ...

မိုးပြေးက မဟုတ်ပါဘူး မမတုငြင်းပေမယ့် မိုးပြေး ရအောင် တောင်းပေးလို့ ရပါတယ် ဆိုပေမယ့် သူတို့က ကိုညီနဲ့ပဲ ရိုက်လိုက်တာလေ၊ အမှန်က အဲဒီရက်က ခါ့ရဲ့ ရှူတူးလ်မှာ နားရက်ပါ၊ မမတုက နားရက်ကို ဖျက်မပေး ချင်တာ၊ နားရက်တစ်ရက်တလေ ဖျက်လိုက်လည်း ရပါ တယ်၊ ကြော်ငြာလောက်ပဲဟာ တစ်ရက်တည်းနဲ့ ခါ သိန်း(...)လောက် နစ်နာသွားတာပေါ့”

တုတုသည် မနေနိုင်တော့ဘဲ ...

“ခါခါ့မှာ ငွေမလိုပါဘူး မိုးပြေး”

“ဟုတ်ပါတယ်၊ ငွေလိုလို့ ရိုက်ပါဆိုတဲ့ သဘောလည်း မိုးပြေးက ပြောတာ မဟုတ်ပါဘူး”

“ခါခါက အခုက ကျန်းမာရေး မထိခိုက်ဖို့လိုတယ် ကြော်ငြာက တစ်ခါတလေ မိုးလင်းကမိုးချုပ် ပိုတောင် ပင်ပန်းသေးတယ်၊ ခါခါ ဒီလောက် အပင်ပန်းမခံသင့် မခံနိုင်ဘူးဆိုတာ မမတုတို့ မိသားစုတွေက ပိုသိပါတယ် မိုးပြေး”

“မိုးပြေးလည်း သိပါတယ်”





“မိုးပြေးမသိလို့သာ အနားမယူဘဲ ရိုက်စေချင်တဲ့ စကား ပြောတာပေါ့၊ ဒီအနုပညာသရုပ်ဆောင်အလုပ်က ကြည့် ရင်နုနုရွရွလေးနဲ့ အရမ်းပင်ပန်းတာ မိုးပြေးလဲသိသားပဲ။ ခါခါ့ကို အမြဲတမ်း အပြည့်အဝနားတဲ့ရက် ချန်ထားလို့ ခါခါ ခုချိန်ထိ ကျန်းကျန်းမာမာ အလုပ်လုပ်နိုင်တာလေ”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ တစ်ရက်တလေပဲ မိုးပြေးစိတ် ထင် မမတုက ခါ့ထက်တောင် နည်းနည်းပိုသည်းနေလား လို့”

တုတုက မင်းသိင်္ခာထံ ဖျတ်ခနဲ ကြည့်လိုက်ပေ မယ့် မင်းသိင်္ခာက ဘာမှဝင်မပြော။ သေချာမကြားသလို ခတ်ပုံ ...ပဲ မဲပြီးကြည့်နေသည်။

“ဒီရက်ပိုင်းတွေ ခါခါ အရမ်းပင်ပန်းနေတာ၊ နားကိုနားမှ ဖြစ်မှာမို့ နားရက်ထားပေးရတာ မိုးပြေး၊ ဒါတောင် အခု ကြည့်စမ်း၊ ပန်းဖျား ဖျားလာသေးတယ်၊ အဲဒီနေ့ကများ အဲဒီကြော်ငြာ ခါခါ ရိုက်ဖြစ်လိုက်ရင် ချက်ချင်းလဲမှာ၊ ရှေ့မှာ ဆက်တိုက်နှစ်ပတ်လောက် အလုပ်များထားတာလေ၊ မမတုတို့က သည်းတယ်ဆိုရင် အဲလိုသည်းလို့ ခါခါ ခုချိန်ထိ သရုပ်ဆောင်အလုပ်ကို ဆက်တိုက်ပုံမှန် လုပ်နေ နိုင်တာ”

“ဟုတ်ပါတယ်၊ မိုးပြေးကတော့ နားလည်ပါတယ်၊ မမတု မှာလည်း ခါ့ကို ဂရုစိုက်ဖို့ စောင့်ရှောက်ဖို့ သည်းဖို့အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပဲရှိတာလေ၊ ဒါတွေမှ မရှိရင် မမတုက ဒီအိမ်မှာ တာဝန်မရှိဘဲ လူပိုလို ဖြစ်သွားမှာပေါ့ဆိုတာ မိုးပြေး နားလည်ပါတယ်"

အင် ... ခနဲ အလုံးဆို့နင့်သလို ဒေါသဖြစ်သွားရကာ တုတုသည် ဘယ်လိုချေပရမည် မတွေးနိုင်ဘဲ မထွေးနိုင် မမျိုနိုင် ဖြစ်နေပါသည်။

"ဒါပေမဲ့ မိုးပြေးက မမတုကို စေတနာနဲ့ ပြောပြတာ အပြင်မှာ ပရိဂျူဆာတွေ၊ ရှူတင်မန်နေဂျာတွေ၊ ဒါရိုက်တာတွေက အမြဲပြောကြတယ်၊ မင်းသားက တော်တော်ရယ် မန်နေဂျာမက သည်းနေတာပါတဲ့"

"ဘယ်သူက ပြောတာလဲ"

မိုးပြေးက အပြုံးလေးနှင့် မျက်နှာအလှမပျက်စေဘဲ ပြောနေနိုင်ပေမယ့် တုတုကတော့ ပညာသားမပါဘူး ဆိုချင်သည့် အရိုးခံလူမို့ မျက်နှာလည်းပျက်သည်။ လေသံလည်း ပျက်သည်။ ဟန်မဆောင်နိုင်။ မျက်နှာက အေးစက်တင်းမာသွားပါသည်။

"အယ် ... မိုးပြေး ဘယ်ပြောရဲပါ့မလဲ၊ စကားရှုပ်တာ ဖြစ်မှာပေါ့"

"ဘယ်သူက ပြောတယ်ဆိုတာ တဲ့တိုးပြောရဲရင် စကားရှုပ်ရာ မကျပါဘူး၊ ဟိုလူလိုလို ဒီလူလိုလို တကယ်တမ်း နာမည်မတပ်နိုင်ဘဲ လုံးချပြီး ပြောရင်သာ စကားရှုပ်တယ် ထင်စရာ ဖြစ်မှာလေ"





"မမတုက မိုးပြေးကို စကားရှုပ်တယ်ပဲ သတ်မှတ်လိုက်ပါတော့၊ ပြောတဲ့သူ နာမည်တော့ မတပ်ရဲဘူး၊ တစ်ယောက်တည်းလည်း မဟုတ်ဘူး၊ အတော်များများက ဒီလိုပဲစိတ်ပျက်နေကြတာ၊ ပြောလိုက်ရင် မမတုက ပညာရှိနည်းနဲ့ မနေဘဲ သွားချဲဖို့ သွားမေးဖို့ များတယ် မိုးပြေး သိတယ်၊ ဒါကြောင့် မပြောတော့ပါဘူး၊ ပြဿနာတွေတက်ရင် ခါပဲ သိက္ခာကျနေမယ်"

တုတုသည် တဆတ်ဆတ်တောင် တုန်မလိုဖြစ်လာသည်။ ဒီစကားပြောအပြီး တုတုဘက်လှည့်၍ မျက်လွှာမေ့စင်းထိတထိ ပြုံးလိုက်ဟန်ကို မင်းသိက္ခာ မတွေ့ပါ။ ခုချိန်ထိ ကလေးတစ်ယောက်လို ဖြူစင်သော မင်းသိက္ခာက လူတိုင်းကို ကိုယ့်လိုစင်ကြယ်သူချည်းမှတ်၍ ဒါတွေကို ဘယ်တုန်းကမှလဲ တွေ့ မသိ မရိပ်မိခဲ့။ မိုးပြေးဟာ တုတုကို တမင်ရိနေတယ်လို့လည်း သူ မမြင်။

သူကပဲ မင်းသိက္ခာ သိက္ခာကျမှာ စိုးရိမ်တတ်သူဖြစ်လည်းအမှတ်ယူ၊ တုတုကို ပညာရှိမဆန်သူအဖြစ် သက်ရောက်အောင်လည်း အမှတ်နုတ်၊ တကယ်မရှိခဲ့တဲ့ စကား(လို့ပဲ တုတု ထင်သည်)တွေလုပ်ကြံ၍ တုတုဟာ ဒီလောကထဲက လူမှန်း နားတဲ့ ချဉ်ဖတ်တစ်ယောက်လို သဘောမျိုးရောက်အောင် ကြံဖန် ဆဖန်အပုပ်ချပြီးမှ ပြဿနာမလိုလား၍ နှုတ်စောင့်စည်း လုံခြုံသူတစ်ယောက်အဖြစ် သူ့ကိုယ်သူ အမွှမ်းတင်လိုက် သေးသည်။

www.burmeseclassic.com



တစ်ချက်ခုတ် လေးငါးခြောက်ချက်ပြတ်အောင် သူ့ပဲ ခုတ်ခုတ်တတ်လွန်း။ တုတုမှာ အ,အကြီးလို လည်စင်းငုတ်တုတ်ငြိမ်ခံကာ ဆိုးဆိုးဆတ်ဆတ်သာ တုန်လာရတတ်တာ အကြိမ်ပေါင်းများပြီ။

မိုးပြေးဟာ တုတုရဲ့ နေရာအဆင့်ကိုနှိမ့်၍ သတ်မှတ်ထားနေကြောင်း တုတု ရိပ်မိသည်။ ဒီအိမ်မှာ မင်းသိင်္ဂါသာမက ဖေဖေနှင့် မေမေပါ တုတုကို နေရာပေး အရေးတယူဆက်ဆံနေကြပါလျက် သူက ဘယ်လိုအရဲကိုးမှုမျိုးနှင့် ဒီလိုဆက်ဆံချင်နေရတာလဲ။

တကယ်တော့ တုတုနှင့် မင်းသိင်္ဂါကြားက ရေတိုင်းတွေ့မြင်နိုင်တဲ့ အပြန်အလှန်သံယောဇဉ်ကို မိုးပြေး ဝန်မလိုလားတာပင်။ မင်းသိင်္ဂါအပေါ် တမြတ်တနိုး ဂရုတစိုက်သည်းသည်းလှုပ်လှုပ်တဲ့ တုတုရဲ့သံယောဇဉ်ကိုရော တုတုအပေါ် အရေးတယူ အလေးထားပြီး ယုံကြည်အားထားတဲ့ မင်းသိင်္ဂါရဲ့ သံယောဇဉ်ကိုရော မိုးပြေး မျက်စိနောက်နေကာ မကြည်ဖြူနိုင်အောင် ဖြစ်နေတာ။

ဒါကို တုတု သဘောပေါက်ပါသည်။ ဒါပေမဲ့ ဒီသံယောဇဉ်တွေက နင်မွေးတောင် မမွေးသေးခင်ကတည်းက စတင်ပျိုးထောင် ရှင်သန်လာခဲ့တာဆိုတာ အသိခေါက်ခက် အသနက်နေရှော့သလား' မိုးပြေးရယ်။

"ခါ"





"အင်း"

"မမတုကလေ ခါကိုချစ်လိုက်တာ တုန်နေတာပဲနော်"

"အင်း"

"ဒီထက် တစ်ဝက်လောက်ပဲ ခါက ကိုယ့်အစ်မကိုယ်ပြန်ချစ်ရင် မမတုတော့ အရမ်းကံကောင်းမှာပဲ၊ ခုတော့ တွေ့တယ်မဟုတ်လား မမတု၊ မောင်တွေဆိုတာ ဘာမှအားကိုးရတာ မဟုတ်ဘူး"

ဘာ Trick တွေနှင့် ပြောနေတယ်ဆိုတာ ဉာဏ်မမီချင်တော့အောင်ပင်။ ရှုးတောင် ရှူးချင်သည်။ လိုရင်းကတော့ ရှင် အဖြစ်သည်းနေသလောက် "မင်းသိင်္ဂါက ရှင့်ကိုမချစ်ပါဘူး" လို့ တုတုကိုလည်း စိတ်ဆင်းရဲစေ၊ "မင်းသိင်္ဂါကို အားကိုးရမယ် မထင်နဲ့ ရှင့်ဘက်ပါမယ် မထင်နဲ့"လို့ ခြိမ်းခြောက်ရိပ်လည်း သမ်းစေ။

"မောင်တွေဆိုတာ မိန်းမရရင် မိန်းမဘက်ပဲ ပါသွားကြတာ မမတုရဲ့"

စကားကို သူ့လို Trick တွေ Twiss တွေနှင့် ပြောတတ်တဲ့ တုတုမှာ ကြားထဲက ဘာမှဖေးကူပြောပေးဖော်မရတဲ့ မင်းသိင်္ဂါကိုသာ မျက်စောင်းတစ်ချက် ရွယ်မိပြီး အခန်းထဲက ထွက်လာခဲ့ရပါတော့သည်။ ဘာမှလဲ အချက်ကျကျနှိပ်ကွပ်မပြောတတ်တဲ့တူတူ အခန်းထဲမှာ သူ့အပြောကိုခံပြီး ဘာကြောင့် ပေရော်နေရဦးမှာနည်း။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ် လေသာဆောင် အကျယ်ကြီးကို ထွက်လာကာ ရင်လေးနိမ့်ချည်မြင့်ချည် အသက်ရှူမြန်အောင် စိတ်တွေကိုနေမိကာ ဝမ်းနည်းလာပါသည်။ သူတို့နှစ်ယောက် ချစ်သူတွေဖြစ်နေကြပြီ ထင်ပါရဲ့။ ယောက်ျားပျိုရဲ့အခန်းထဲဝင်ကာ တံခါးတောင် တွန်းပိတ်ထားလိုက်သေးတဲ့ မိန်းမပျိုနဲ့ မိတ်ဆွေသူငယ်ချင်းပဲတော့ မကနိုင်။

ဘာလုပ်မလဲ တုတု။

တုတု ဘာလုပ်လို့ ရမှာလဲ။ တုတုက ဘာမို့လဲ။ ကိုယ့်ကိုယ်ကိုယ် ဘာဆိုတာ ရေရေရာရာ မသိဘဲ တုတုဆိုတဲ့ မိန်းမတစ်ယောက်ဟာ တွေဝေမိုက်မဲလွန်းလှတာ ကိုယ့်ကိုယ်ကိုယ်သာ အသိဆုံးပင်။ မနှစ်က နှစ်မကုန်ခင် ခါခါနှင့် Check-up သွားခဲ့ရတဲ့ ဇင်ကာပူခရီးစဉ်ကို အမှတ်ရလာမိပါသည်။

"မမတု ဒီလူကြီးကို ချစ်လား၊ မချစ်ဘူး မဟုတ်လား"

"ကျွန်တော့်ကို ချစ်တယ် မဟုတ်လား မမတု၊ ချစ်တယ်လို့ပြော၊ ကျွန်တော်လည်း မမတုကို ချစ်တယ် သိလား၊ မမတုလောက် ဘယ်သူ့ကိုမှ မချစ်ဘူး သိလား၊ မမတုလည်း ကျွန်တော့်ကို ချစ်တယ်ဆိုတာ သိသားပဲ"

"မမတု ဦးဘိုဘိုကြီးကို မယူနဲ့တော့၊ မေမေ့ကို ပြောလိုက်ပေါ့၊ မယူတော့ဘူးလို့"

"ရှင်းရှင်းပြောမယ်၊ ဘယ်သူနဲ့မှ သဘောမတူဘူးရှင်းပြီလား"





"ကိုဘိုဘိုကို မမတု မယူရဘူး၊ ဒီတော့ စေ့စပ်ပွဲဝတ်စုံဆိုတာတွေလည်း ဝယ်စရာ မလိုဘူး"

သူ့ရဲ့စကားသံတွေသာမက ဟန်ပန်အမူအရာတွေပါ အားလုံးဟာ တုတု နှလုံးသားကို စီဒီတစ်ချပ်လို အသေခတ်နှိပ် အရိပ်ထင်စေပြီးသား။ ဗီဒီယိုကားတစ်ကားလို အချိန်မရွေး ပြန်ပြီးဖွင့်ကြည့်လို့ရအောင် ကွက်ကွက်ကွင်းကွင်း ကြည်လင်ပြတ်သားဆဲပါ။

တုတုဆိုတဲ့ မိန်းမဟာ တော်တော်ရူးခဲ့တာပင်။ ရန်ကုန်ရောက်လာတဲ့အခါ ဘာအဝတ်အစားမှ မဝယ်ခြမ်းခဲ့တဲ့ တုတုကို မေမေက တအံ့တသြ နားမလည်။

မေမေ ထိုင်နေတဲ့အောက် ကြမ်းပေါ်ထိုင်ကာ မေမေ့ဒူးလေးကို အေးစက်တဲ့လက်အစုံနှင့် တောင်းတောင်းပန်ပန် ဖက်ကိုင်လျက် ...

"မေမေ ... သ ... သမီး ကိုဘိုဘိုကို လက်မထပ်ပါရစေနဲ့တော့"

မျက်ရည်ပေါက်ပေါက်ကျ၍ ငြင်းစကားဆိုခဲ့ရတဲ့ မြင်ကွင်းကို ပြန်မြင်ယောင်လာသည်။ အံ့အားသင့်မဆုံးတဲ့ မေမေ့မျက်နှာသွင်ပြင်နှင့် ပဟေဠိမေးခွန်းများ။ ကျေးဇူးကြီးမားလှတဲ့ မွေးစားမိဘတို့ရဲ့ဆန္ဒကို ဆန့်ကျင်ငြင်းပယ်ရတဲ့အတွက် အားနာစိတ်လန့် အပြစ်မကင်း ခံစားခဲ့ရတဲ့ ခံစားချက်တွေ။ မေမေ့ကို မျက်နှာပျက်စေခဲ့ရတဲ့ ကိုယ့်ဘက်က ပျက်ကွက်မှု။ မေမေ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်ခြင်းနှင့် သံသယအရိပ်အယောင်တို့ကို ခံယူခဲ့ရချိန်မှာ ကြောက်လန့်တုန်လှုပ် ကြေကွဲခဲ့ရတဲ့ နေ့ရက်များ။

ဒါတွေကို ဘယ်လိုများ ကျော်ဖြတ်ခဲ့ပါလိမ့်။ အခုဆို လပေါင်းများစွာတောင် ကြာမြင့်ကျော်လွန်လာကာ တစ်နှစ်တောင်ပေါက်တော့မည်။ ငြင်းချလိုက်တာနှင့် တစ်ပတ်ဆယ်ရက်အတွင်း ချက်ချင်းသင်္ဘောပေါ် ပြန်တက်သွားခဲ့သော ကိုဘိုဘိုပင် ဆယ်လနေကာ ရန်ကုန်တစ်ခေါက် ပြန်ရောက်နေတဲ့သတင်း ကြားရသည်။

မေမေနဲ့တင် ရင်ဆိုင်ရတာမဟုတ်။ ဘာအပြစ်ချို့ယွင်းချက်မှ မရှိတဲ့ ကိုဘိုဘိုကိုလည်း အားနာမျက်နှာပူခြင်းကြီးစွာ ရင်ဆိုင်ခဲ့ရတာပါ။ ဒါတွေကို ဘာအစွမ်းအစနှင့် တု ရင်ဆိုင်ခဲ့ပါသနည်း။ ချစ်ခြင်းရဲ့စွမ်းအားတွေလို့ ပြောရလျှင် မျက်နှာပူစရာ ရှက်စရာ ကောင်းလှပေတော့မည်။

ကိုဘိုဘိုကို ချစ်သူတစ်ယောက်လို မချစ်နိုင်ခဲ့သော်လည်း ဘဝရဲ့အဖော်မွန်တစ်ယောက်အဖြစ်တော့ စဉ်းစားလက်ခံနိုင်ခဲ့တာမျိုးပါ။ ကိုဘိုဘိုကို ငြင်းပယ်လိုက်တဲ့ အချိန်မှာရော ခုနောက်ပိုင်း အချိန်တွေပါ ငြင်းလိုက်မိလေခြင်းဆိုတဲ့ နောင်တမျိုး မခံစားရပါဘူး ဆိုတာဟာ ကာယကံရှင် အသိဆုံးသော ခံစားချက်တစ်ခု ဖြစ်ပေမယ့် ဘယ်လိုရူးသွပ်မှုမျိုးနှင့် ဘာကိုမျှော်လင့်ပြီး ပယ်ပစ်လိုက်ခဲ့တာလဲ ဆိုတာကိုတော့ အမြဲပင် အဖန်ဖန် ပြန်စဉ်းစားနေမိတတ်ခဲ့ပါသည်။





"ကျွန်တော် သဘောမတူဘူး"ဆိုတဲ့ စကားမှာ ဘာကတိကဝတ်တစ်ခုများ ပါတာမို့လို့လဲ။ ယုတ်စွအဆုံး "ကျွန်တော် မမတုကိုချစ်တယ်" ဆိုတဲ့စကားမှာရော ဆုပ်ကိုင်လို့ရတဲ့ တစုံတစ်ရာ ခိုင်မာမှု ပါဝင်လို့လား။ ဒါဟာ ဘာကတိ ဘာမျှော်လင့်ချက်မှ မဟုတ်ဘူးလေ။ ချစ်ပါတယ် ဆိုတာဟာ ချစ်ပါတယ် ပဲပေါ့။ ဒီထက်ပိုပြီး ဘာများရစရာ ထပ်ရှိသေးတာမို့လဲ။

နင် ခုချိန်ထိ ဘာကိုရူးသွပ်နေသေးတာလဲ တုတု။

တုတုသည် ဝရန်တာလက်ရန်းကို တင်းတင်းဆုပ်ကိုင်ထားတဲ့လက်က တုန်ယင်နေကာ မျက်ဝန်းအိမ်မှာ မျက်ရည်ပြည့်လျှမ်းခနေပါသည်။ ဆုံးရှုံးခဲ့တာ မှန်လင့်ကစား ဘာကိုဆုံးရှုံးခဲ့ရတယ် ဆိုတာကိုပင် အမည်မတပ်နိုင်သော အဖြစ်ဟာ ဘဝမှာ အဆိုးဆုံးအဖြစ်ပဲပေါ့။

"မမတု"

နောက်က အသံကြောင့် တအံ့တသြ ဖျတ်ခနဲလှည့်ကြည့်မိပါသည်။ မင်းသိင်္ခာက ဝရန်တာကိုထွက်သည့် တံခါးမကြီးအပေါက်ဝမှာ မိုရပ်နေသည်။

"ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး၊ မိုးပြေး ပြန်သွားပြီလား"

"ပြန်သွားပြီ"

တုတုက သက်ပြင်းလေးတစ်ချက် ချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ မမတုတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မကျေနိုင် မချမ်းနိုင်တွေ ဘာလို့ ဒီလောက်တောင် ဖြစ်နေကြတာလဲ"

"ဘယ်သူက မကျေချမ်းလို့လဲ"

"နှစ်ယောက်လုံးပါပဲဆို၊ ဒီမှာ မမတုရာ ... မမတုနဲ့ မိုးပြေးက အသက်လည်း ဒီလောက်ကွာတာပဲဟာ၊ သူနဲ့ ပြိုင်ဖြစ်နေစရာလား၊ နှစ်ယောက်လုံးကို မကောင်းဘူး"

"သူနဲ့ ဘာပြိုင်ဖြစ်လို့လဲ၊ မမတု သူ့ကို ဘယ်တော့မှ နိုင်ထက်စီးနင်း မပြောဘူး၊ သူပြောတဲ့စကားတွေကသာ တစ်ဖက်စီးနင်း ရှိသဲ့သဲ့ ဆန်မနေဘူးလားဟင် ... ခါခါ"

"ထားလိုက်ပါ၊ ဒါ သူ့ဝသီပဲ"

"သူ့ဝသီပဲဆိုတာကို အေးပတ်ဝန်းကျင်က သည်းညည်းခံပြီး နေရတယ်ဆိုတာ တော်တော် အဓိပ္ပာယ်မရှိတဲ့ အလုပ်ပဲ ခါခါ၊ ခုတလော သူ မမကို အရမ်းချဲလင့်ဂျ်လုပ်နေတာရော ခါခါ သိလား၊ မဟုတ်တရုတ်တွေ မခံချင်အောင် ပြောပြီး ပေါက်ကွဲထွက်လာအောင် ဆွနေတာ"

တုတုက မင်းသိင်္ခာဘက် လှည့်လိုက်ရင်း ...

"ခါခါ ... မိုးပြေးကို မင်း အနီးဆုံးအတွင်းစည်းထဲ ထည့်ထားလိုက်ပြီလားဟင်"

မင်းသိင်္ခာက စိတ်ရှုပ်ထွေးသလိုလေး တုတုကိုကြည့်ကာ ...





"ဘာဖြစ်လို့လဲ"

တုတုက တံတွေးတစ်ချက် မျိုချအားယူလိုက်ရင်း ကတုန်ကယင်နှင့် ...

"ခါခါ ... ခါခါ့ကို မမ မိုးပြေးနဲ့ သဘောမတူဘူး၊ မင်း မိုးပြေးကို လက်ထပ်ဖို့ထိတော့ မရည်ရွယ်ပါနဲ့နော်၊ မင်း ... မင်း ... မင်း ... မမတုကို ချစ် ... ချစ်တယ်ဆို"

✣ ❣ ✣



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ခုတလော မင်းသိင်္ဂှာမျက်နှာမကောင်းစွာ မှိုင်တိုင် တိုင် ငေးတေးတေး ရှိနေတာကို သတိထားမိတဲ့ မိုးပြေးဟာ မင်း သိင်္ဂှာ ရှူတင်တွေကို နေ့လယ်ဘက်တွေမှာ ရက်ဆက်ရောက် လာတတ်နေတဲ့ မမတုရဲ့ အရိပ်အခြေ အပြောင်းအလဲကိုပါ သတိ ပြုမိနေပါသည်။ မမတုရှေ့မှာဆိုရင် ရှောင်ဖယ်ဖယ်လိုလို ဖြစ်နေ တတ်တဲ့ မင်းသိင်္ဂှာရဲ့ဆက်ဆံရေးကလည်း ထူးခြားနေသည်လေ။

နဂိုကတည်းကပင် မိုးပြေးဘက်ကသာ စတင်က တစ်ဖက်သတ် ချစ်ရခြင်းကတစ်ဆင့် ရင့်သန်လာခဲ့ရတာဖြစ်တဲ့ ပတ်သက်မှုမှာ ဒီအခြေအနေရောက်တဲ့တိုင် စာဆိုနှင့်မကိုက်ညီ "မိန်းမကြိုက်တော့ စိုက်စိုက်လာ" ဆိုသလို ဖြစ်နေပါသည်။ မိုးပြေ ကချည်း မင်းသိင်္ဂှာရဲ့ရှူတင်တွေကို လာရတာ။

မိုးပြေးက မင်းသိင်္ဂှာလောက်လည်း ရိုက်ရက်မြေ ဆက်ကာ ကျပ်နေတာ မဟုတ်၍ ကားရိုက်မရှိတဲ့နေ့တွေ လာ





နိုင်သလို ကားရိုက်ရှိတဲ့နေ့ဆိုရင်တောင် ကားရိုက်ရှိကြတာချင်း တူတူ မင်းသိင်္ဂှာကမလာတော့ မိုးပြေးကပဲ လာရသည်။ နေ့လယ် ဘက် မင်းသိင်္ဂှာရဲ့ ရှူတင်ကို ထွက်လာဖို့မအားရင် ညနေဘက် ရှူတင်ဖြုတ်မှ အိမ်ကို လိုက်တွေ့ရတာလည်းရှိသည်။ မပြောင်းလဲ ခြင်းကတော့ မိုးပြေးကသာ လာရသူဖြစ်တာ။

တစ်ခါ တစ်ခါတော့ ဒီကိစ္စအတွက် ခါ့အပေါ် ရင် နာမိကာ ကိုယ်ချစ်တဲ့သူကို မငြူစူရက်တော့ အပြစ်အားလုံးကို တုတုအပေါ်သာပုံ၍ မြင်မိသည်။ သူက ဘာမို့လို့ ဒီလောက် အရေးပါပြီး ဝင်သည်းနေရတာလဲ။ မွေးစားသမီးက မွေးစားသမီး ပဲလေ။

မွေးစားသမီးက သူ့ထက်ပိုငယ်တဲ့ မောင်ဖြစ်သူကို တစ်ဖက်သတ်ကြိုက်ကာ သဝန်တိုနေတယ်လို့ပဲမြင်ကာ ဘယ်လိုမှ ကို မခံစားနိုင်တော့။

ဒီကြားထဲက ခုတလောမှာ မင်းသိင်္ဂှာက တုတု နှုကျ သူ့ကိုရှောင်ဖယ်ချင်တာကို အသည်းအယားဆုံးပင်။ ဒီ မမတု ဆိုတာကို မင်းသိင်္ဂှာက မလွန်ဆန်ဝံ့တဲ့အဖြစ်မျိုးကို ပြေး ဘယ်လိုမှ လက်မခံနိုင်တာ။ သူ မကျေနပ်တာကို မကျေ ခံတဲ့အတိုင်း မိုးပြေးက မင်းသိင်္ဂှာကို ပြောတိုင်း ...

"မိုးပြေးကလည်းကွာ၊ ကိုယ့်ကို စိတ်ရှုပ်အောင် မလုပ်စမ်း ပါနဲ့။ မမတု ဘာလုပ်လုပ် ဘာပြောပြော ထားလိုက်စမ်း ပါ၊ မကျေမနပ်တွေ ဖြစ်နေရင် မင်းပဲ ပူလောင်နေမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ဖြေရှင်းစကားမှ မဟုတ်တာ။ မမတု ဘာလုပ်လုပ် ဘာပြောပြော ဘာဖြစ်လို့ ထားလိုက်ရမှာလဲ၊ မထားနိုင်ပါဘူး။

မိုးပြေးရော တုတုရော ရင်တွင်းမှာ နှုိအစုအခံအစိုင်အခဲ ရှိကြတာမို့ အဲဒီတစ်နေ့သောဆုံစည်းမှု တစ်ခုသောရိုက်ကွင်းမှာ ပြဿနာကြီးထွားရတာပင်။ ထိုနေ့က မင်းသိကျွာရှိသော ရှူတင်အိမ်ကို နေ့လယ်ဘက်မှာ တုတု ရောက်လာပါသည်။ တုတုလာလျှင် ထုံးစံအတိုင်း အခေါက်တိုင်းလိုပင် ရှူတင်အဖွဲ့အားလုံးအတွက် မုန့်ပါလာတတ်မြဲဖြစ်ရာ အဲဒီနေ့ကလည်း လက်ဖက်ရည်တွေနှင့် ဆမူဆာတွေ ဝယ်လာဖြစ်ခဲ့သည်။

တကယ်တော့ တစ်ဖွဲ့လုံးကို မုန့်လာကျွေးသယောင်ယောင်နှင့် ချက်ကင်အဝင်စိတ်နေတဲ့ သဘောပင်။ ဒါကို ရိပ်မိတဲ့သူတွေလည်း ရိပ်မိသလိုရှိကြသည်။ အိမ်ပေါ်မှာ ရှူတင်တည်ထားတဲ့အတွက် တုတုက ခြံထဲက မြက်ခင်းအမြင့်လေးရဲ့အုတ်ဘောင်အစပ်မှာ ထိုင်နေစဉ် စာနယ်ဇင်းက ဂျာနယ်လစ်စ်တစ်ယောက်ရောက်လာပါသည်။ တုတုနှင့်လည်း အတော်ရင်းနှီးနေတဲ့သူမို့ သူက ရိုက်ကူးနေဆဲ အိမ်ပေါ်ကအဲဖွဲ့ဆီ မသွားသေးဘဲ တုတုဆီ သားပဲထိုင်ကာ အာလာပသလ္လာပ ပြောနေခဲ့ရင်းက ...

"မမတုကို မေးရဦးမယ်ဗျ"

"မေးလေ ... ဆရာရဲ"





"စိတ်ဝတော့ မရှိပါနဲ့၊ မိုးပြေးမုတ်သုန်နဲ့က မင်းသားက အတည်ဖြစ်နေပြီပေါ့နော်"

"အဟင်းဟင်း ... ဆရာရဲက ကျွန်မကို လာဗျူးနေပြန်ပြီပေါ့၊ ဒါတွေက ဆရာရဲရယ် ဒီလိုပဲ ပြောဆိုနေကြတာပဲလေ၊ ဒီအကြောင်းက ပြောနေကြတာပဲ ဘယ်လောက်ကြာပြီလဲ၊ အထိုက်အလျှောက်တော့ ရင်းနှီးကြတာပေါ့၊ ဒါပေမဲ့ သိတယ် မဟုတ်လား၊ ဘာမှတော့ မဟုတ်ပါဘူး၊ ဒါမျိုးတွေက ဖြေရခက်တယ်လေ၊ တစ်ဖက်မျက်နှာလည်း ထောက်ရသေးတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း နားလည်ပါတယ် မမတု၊ ကျွန်တော်တို့ မမတုတို့က ဆက်ဆံလာတာ ငါးနှစ်ခြောက်နှစ်တောင် ရှိပါပြီ၊ မောင်နှမတွေလို ဖြစ်နေပါပြီ"

"ဟုတ်တယ်လေ ဆရာရဲရဲ့"

"ကိုခါကိုလည်း ညီလိုသဘောထားလို့ မမတုကို သတိပေးမှာပါ၊ အသွားအလာလေးတော့ ဆင်ခြင်ခိုင်းထားပါဦး မမတု"

"သူတို့ ဘယ်မှမသွားပါဘူး ဆရာရဲရဲ့"

"သွားတယ်ဗျ မမတု မသိလို့ပါ၊ ကျွန်တော့်မှာ ဓာတ်ပုံတောင်ရှိတယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ အပြင်လူက အပျော်ရိုက်သွားတာပဲ၊ မင်းသားက တော့ မသိဘူးပေါ့၊ ဓာတ်ပုံက ကြံဖန်ဆက်စပ်ပြီး ကျွန် တော့်မျက်စိရှေ့ ရောက်လာတော့ မင်းတို့ကောင်တွေ မဖြ ကြပါနဲ့ကွာ ဆိုပြီး ဓာတ်ပုံကို ကောက်သိမ်းထားလိုက် တာ၊ ဒါက တိုက်ဆိုင်ပြီး ကျွန်တော့်ဆီ ရောက်လာလို့လေ၊ တခြားလက်ထဲရောက်သွားပြီး ရီးတိတ်ရိုတ်တိတ် မသိမသာ ထည့်ချလိုက်ရင် ရှင်းရပြုရနဲ့ ဂန့်နေဦးမယ်"

"ဘာ ... ဘာ ... ဓာတ်ပုံလဲဟင်၊ ဘယ် ... ဘယ်နေရာမှာ"

"မမတု သိပ်လည်း မစိုးရိမ်ပါနဲ့၊ မမတုကိုပေးဖို့ ထည့်ယူ လာပါတယ်၊ ရော့ ... ကျွန်တော်က ကိုခါ့ပဲတွေ့ရင်တောင် မပေးတော့ဘူးလို့နေတာ၊ မမတုနဲ့ကြုံမှ ပေးမလို့"

တုတုက ဆရာရဲလို့ သူခေါ်တဲ့ လူရွယ်ဂျာနယ်လစ် လေး လက်ထဲက ဓာတ်ပုံကို ထိတ်ထိတ်ပျာပျာ ဆွဲယူကြည့်လိုက် ပါသည်။

"အဲဒါ မြေနီကုန်းဘက်က ဆိုင်တစ်ဆိုင်မှာဗျ"

ပုံက Spa တစ်ခုခုမှာ ဖြစ်ပုံရပါသည်။ ခြေထောက် ကို ဆေးစိမ် ကြေးချွတ်၊ နှိပ်နယ်နေတဲ့ နေရာတစ်ခု။ မှိုလှော တဲ့ ဆိုဖာဖြူကြီးတွေနှင့် သန့်ပြန့်သားနားသော ဆိုင်တွင်းအပြ အဆင်တွင် ဆိုဖာခုံပေါင်းကလည်း မနည်း၊ ကပ်စ်တမ်မာတွေ လည်း မနည်းပါ။ နိုင်ငံခြားသားတချို့လည်းပါကာ မင်းသိ နှင့် မိုးပြေးက ယှဉ်လျက်ဆိုဖာနှစ်ခုံမှာ ခိမ်ကျကျမှီလျော





ကြားက စားပွဲဖြူလေးမှာ ကောက်တေးလ်ဂျူ့စ်ဖန်ခွက်အလှလေး နှစ်ခွက်နှင့်။

သူတို့နှစ်ယောက်ရဲ့ဘောင်းဘီရှည်တွေကို ဒူးထိဆွဲ သိပ်တင်ထားကာ ရှေ့ကနေ ဝန်ထမ်းမိန်းမငယ်နှစ်ဦးက သန့် ရှင်းနှိပ်နယ်ပေးနေကြတာပါ။ နှစ်ယောက်သားက မိုရာမှ လည်ပင်း သိမ်စောင်းကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စကား ပြောဆိုကျလျက် သောပတ်ဝန်းကျင်ကိုတောင် မေ့နေပုံပင်။

ဒါကြောင့်သာ ဓာတ်ပုံလှမ်းရိုက်ယူသွားတာကို တောင် သတိမပြုမိလိုက်မိကြအောင် ဖြစ်နေကြတာပေါ့။ ပုံက ရင်ကွင်းဆိုးဆိုးဝါးဝါး မဖြစ်ပေမယ့် သူတို့ရဲ့ယှဉ်လျက်အနေ အထားရယ် ကြည့်နေ ပြုံးနေကြပုံတွေရယ်က Love sence လေး တစ်ခုသဖွယ် Romantic ဖြစ်နေသည်။

တုတုသည် ပုံကိုကြည့်ရင်း ထူထူပူပူ ဖြစ်လာ တာ ...

"အမယ်လေး ... ကျေးဇူးတင်လိုက်တာ ဆရာရဲရယ်၊ ကျေးဇူးမမေ့ပါဘူး သိလား၊ ဆရာရဲလက်ထဲ ရောက်လာ တာ တော်သေးတာပေါ့၊ ခါခါက သိတဲ့အတိုင်း တစ်ခါ တလေ ဘာကိုမှ အရှည်တွေးတတ်တာ မဟုတ်ဘူး၊ မိုးပြေးက ကလေးသာသာဆိုတော့ ပိုဆိုးသေးတယ်၊ နှစ် ယောက်ပေါင်းမိရင် လုပ်ချင်သလို လုပ်နေကြတော့တာပဲ၊ သိပ်ခက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုခါ့ကိုသာ နည်းနည်းသတိပေးထားပေါ့ မမတုရာ ဟာ ... ပြောရင်း ဆိုရင်း ဟိုမှာ မမိုးပြေးကား ဝင်လာတယ်၊ ကျွန်တော် အိမ်ပေါ်လစ်လိုက်ဦးမယ်"

တုတုသည် ကားရပ်ကာ ဆင်းလာတဲ့ မိုးပြေးကို လှမ်းကြည့်လိုက်မိကာ အဲဒီအကြည့်မှာလည်း မနှစ်မြို့တဲ့အရိပ်အယောင်တွေ များစွာပါဝင်သွားပုံပင်။ ထိပ်တိုက်ရင်ဆိုင်ရခြင်းကို ရှောင်လွှဲရခြင်းထက်ပိုပြီး ဝါသနာပါပုံရသော မိုးပြေးကလည်း တုတုကို ရှောင်လွှဲကာ အိမ်ပေါ်တန်းတက်မသွားဘဲ အနားကို မပြုံးတပြုံး မျက်နှာနှင့် ကပ်လာပါသည်။ လူကဲခတ်တာကလည်း ကောင်းလှကာ ...

"မမတု မျက်နှာမကောင်းပါလား၊ ဘာဖြစ်လို့လဲ"

တုတုက သက်ပြင်းချရင်း ...

"မပြောဘူးတော့ နေမလို့ပဲ၊ ဒါပေမဲ့ မိုးပြေးက တည့်တည့်လာမေးတော့လည်း ပြောရတော့မှာပဲ မိုးပြေး၊ အိမ်ကလူကြီးတွေမသိအောင် တစ်နေရာကို ခိုးသွားတယ်ဆိုတာမျိုး ကလေးတုန်းက ကျောင်းပြေးတဲ့ အသိဉာဏ်မျိုးပဲ၊ ဘာဖြစ်လို့ မိုးပြေးနဲ့ မင်းသိက္ခာက ကလေးတွေလို ခိုးထွက်ရကြတာလဲ"

"မမတု ဘာကိုပြောတာလဲ မသိဘူး၊ ဘယ်တုန်းကထွက်လို့လဲ"





"ညာမနေစမ်းပါနဲ့ မိုးပြေးရယ်၊ ဖုံးတုန်းက ဖုံးထားပေမယ့် ပေါ်သွားရင်လည်း ဝန်ခံတော့ပေါ့၊ မင်းတို့နှစ်ယောက်ကို ဘေးပတ်ဝန်းကျင်က မသိတာမို့လို့ ဒီသံတင်းက လုံနေမှာလား၊ ဘာဖြစ်လို့ ခါခါ့ကို ဟိုဒီလျှောက်ခေါ်သွားနေရတာလဲ"

"အဟင်းဟင်း ... မမတုက ဘလိုင်းကြီး မိုးပြေးခေါင်းပေါ် ပုံချလိုက်တာကိုး"

"ခါခါက ဘယ်မှသိပ်သွားတတ်တဲ့သူ မဟုတ်ဘူး မိုးပြေး၊ ပြီးတော့ အခု ဟိုတစ်ရက်က မိုးပြေးတို့သွားတဲ့နေရာကိုလည်း ခါခါ သိတာမဟုတ်ဘူး မင်းပဲသိမှာလေ၊ ဒါဆိုရင် မင်းခေါ်သွားတာကလွဲလို့ ဘာဖြစ်နိုင်မှာလဲ၊ ဘာဖြစ်လို့ အမှန် ဝန်မခံချင်တာလဲ"

"ဟင်း ဟင်း ဟင်း ... ဖုံးဖိလိမ်ညာပြီး ဝန်မခံချင်တာက အဓိက ခါ့အတွက်ပါ မမတုရဲ့၊ ခုဟာက တိတ်တိတ်လေး ခိုးသွားတာဆိုရင် ခိုးသွားတာ ခါတစ်ယောက်တည်းပဲ၊ မိုးပြေးက ခိုးသွားတာ မဟုတ်ဘူး၊ သွားတာလည်း အိမ်ကသိတယ်၊ ခါပါတာလည်း အိမ်ကသိတယ်၊ မိုးပြေးတို့အိမ်က နားလည်မှုရှိတယ် မချုပ်ချယ်ဘူး မမတု၊ ခါသာ အိမ်ကသိရင် မလွတ်မှာမို့လို့ ခိုးသွားတာ၊ ဒီတော့ မိုးပြေးကို ထည့်မပြောပါနဲ့လား မမတု"



www.burmeseclassic.com

www.burmeseclassic.com



"မင်းခေါ်သွားတာလေ၊ မင်းခေါ်မသွားရင် ခါခါက ခုထိ ခိုးသွားစရာလည်း အကြောင်းမရှိဘူး"

"မမတုတို့ အသက်နှစ်ဆယ့်ခြောက်နှစ်ရှိတဲ့ ယောကျ်ား တစ်ယောက်ကို Control လုပ်တာတွေ များလွန်းတယ် မထင်ဘူးလား၊ သည်းလွန်းတယ် မထင်ဘူးလား"

"သူက အောင်မြင်ကျော်ကြားနေတဲ့ မင်းသားတစ်ယောက် လေ၊ မနေတတ် မထိုင်တတ်ရင် ခုလောက်ထိ ထိပ်ရော လာမှာ မဟုတ်ဘူး မိုးပြေး၊ ပြီးတော့ အကြောင်းမဲ့သူ သည်းနေ ထိန်းသိမ်းနေတာ မဟုတ်ဘူး၊ ခါခါက ကျန်း ရေးလည်း မကောင်းဘူး"

"မမတုရယ် … မာမာချာချာ ဒေါင်ဒေါင်မြည်ကြီး နှာစေးဘူးမှာကအစ စိုးရိမ်နေတာကတော့ သည်းလွန်း ပါတယ်"

"မင်းသိင်္ခာအကြောင်း မင်း ဘယ်လောက်သိလို့လဲ မိုးပြေး ဘာပဲဖြစ်ဖြစ်ပါ၊ နောက်ကို လူကြားသူကြားထဲ တွဲ တွဲလာ လျှောက်သွားတာမျိုးတွေ ဆင်ခြင်စေချင်တယ် မိုးပြေး"

မိုးပြေးမျက်နှာလေးက နီမြန်းသွားရကာ –

"နေပါဦး … ဒီစကားက ဘယ်သူက ဘယ်သူ့ကိုပြော တာပါလိမ့်၊ မိုးပြေးမုတ်သုန်က အရှိန်အဟုန်ကောင်း နဲ့ စ,တက်လာနေပြီဖြစ်တဲ့ မင်းသမီးတစ်လက်၊ က . ! ! "





တုတုမျက်နှာကလည်း ကွက်ခနဲ ပျက်ထွက်သွားရ ပါသည်။

"တို့က ဘာဖြစ်လဲ၊ ဘာသဘောမျိုး ဆိုလိုတာလဲ"

"မမတုက မင်းသိင်္ခာဆိုတဲ့ လူတစ်ယောက်ဘဝမှာ ဘယ် လောက်ထိ အရေးပါနေတဲ့ မိန်းမတစ်ယောက်လဲ"

"ဘာပြောတယ်"

"မိုးပြေးမုတ်သုန်ကတော့ မင်းသိင်္ခာရဲ့ချစ်သူပဲ"

တုတုသည် ကတုန်ကယင်ပင် ဖြစ်လာရကာ သူ့ ကို ခပ်စူးစူး မထီတရီကြည့်နေသော မိုးပြေးကို စူးစူးဝါးဝါး ဝါးစားချင်သလို စိုက်ကြည့်နေမိပါသည်။ ခြံထဲမှာလည်း လူတချို့ ရှိနေသည်ဖြစ်၍ သူတို့တွေဟာ မယောင်မလည်နှင့် အကဲတခတ် ခတ်။ အောင်အောင်လည်း အကဲတခတ်ခတ်တွေထဲမှာ စိုးရိမ် ခကင်း ပါနေပါသည်။

"မင်းက မင်းသိင်္ခာရဲ့ချစ်သူဆိုတော့ မင်းသိင်္ခာကို ဘယ် လောက်ထိ ချစ်နိုင်လို့လဲ မိုးပြေး"

တုတုက တုန်ယင်သောအသံနှင့် မေးခွန်းထုတ်လိုက် ပါသည်။

"မမတုက ဘာကိုဆိုလိုချင်လို့လဲ၊ လောကကြီးမှာ မင်း သိင်္ခာကို မမတုသာလျှင် အချစ်နိုင်ဆုံးလို့ ပြောချင်လို့ လား … အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



တုတုသည် ရင်ထဲတလှပ်လှပ် ရိုက်ခတ်သွားရကာ ရင်နင့်မျက်ရည်လည်လာသည်။

"တို့ဆိုရင်တော့ မင်းသိက္ခာ နာမည်ပျက်မယ့် အကျိုးယုတ်မယ့် အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး မိုးပြေး၊ အဲဒါ မေတ္တာစေတနာပဲ"

"ကျွတ် ... ကျွတ် ... မမတုရယ်၊ လက်စသတ်တော့ ခါ မိဘဆွေက မွေးစားထားတဲ့ ကျေးဇူးကိုတောင် မထောက်ထဲ မောင်လေး ... မောင်လေးနဲ့ လူမသိ သူမသိ ကျိတ်ပြစ် မှားနေတာ မဟုတ်လား၊ မိုးပြေးကို အ,အမထင်နဲ့ သိ တယ်"

"ဘာ ... ဘာ ... မင်း ဘယ်လိုပြောလိုက်တာလဲ မိုးပြေး ဘယ်လိုပြောလိုက်တာလဲ"

"မိုးပြေးကိုတော့ ဖုံးတုန်းက ဖုံးထားပေမယ့် ပေါ်သွားရင် ဝန်ခံဆို၊ အခု မမတုလည်း ပေါ်သွားပြီလေ ဝန်ခံလိုက် ပေါ့"

မိုးပြေးစကားတွေက တုတုရဲ့ရှက်ဒေါသကို နာကျင် အောင့်သက် ခံရခက်စေကာ တစ်မျက်နှာလုံး နီမြန်း၍ အသား တွေကိုပါ ဆတ်ဆတ်တုန်ခါလာစေသည်။ ခုချက်ချင်း တစ်ဟုန် ထိုး ပြေးရိုက်ပစ်လိုက်ချင်လောက်တဲ့ ခံစားချက်မျိုးနှင့် စူးစူးဝါး ဝါး တူးတူးခါးခါး စိုက်ကြည့်နေမိစဉ်မှာပင် အောင်အောင် အခြေအနေကို မင်းသိက္ခာကို ပြေးပြောလိုက်တော့တာဖြစ်သည်။





မင်းသိက္ခာ ဆင်းလာတဲ့အချိန်မှာ တုတုနှင့် မိုးပြေး ရဲ့မျက်နှာအသီးသီးက အငြိုးတကြီး မာန်စောင်နေကြသည်။

"မွေးစားထားတဲ့ ကျေးဇူးတောင်မထောက်ပဲ မောင်လေး ဆိုပြီး ကျိတ်ပြစ်မှားနေတာဆိုတဲ့ မင်းရဲ့စကားကို ခုချက် ချင်း ပြန်တောင်းပန်ပါ မိုးပြေး၊ ခုချိန်ထိ မင်းသိက္ခာကိုယ် တိုင်တောင် တို့ကို ဒီလိုလေသံနဲ့ နိုင်ထက်စီးနင်း မပြော ဖူးဘူး"

"ဘယ်ပြောမလဲ၊ သူက မွေးစားအစ်မဆိုတဲ့ သံယောဇဉ်နဲ့ ညာနေတာ၊ မိုးပြေးက မမတုနဲ့ ဘာမှပတ်သက်တဲ့သူ မဟုတ်ဘူး၊ ပြောစရာရှိရင် ပြောမှာပဲ"

မင်းသိက္ခာသည် စိတ်ညစ်ညူး ဒေါသဖြစ်လာတဲ့ ပုံနှင့် ...

"ဟာ ... ဒီနှစ်ယောက်က ဘာဖြစ်နေတာလဲကွာ၊ မမတု ကလည်းဗျာ ဘာဖြစ်နေတာလဲ၊ မိုးပြေး ထားလိုက်ပါဆို တာကို ဘာပြဿနာတွေ ရှာနေတာလဲ"

"မိုးပြေး ပြဿနာမရှာဘူး သူရှာတာ၊ ခါကို ဟိုတစ်နေ့ က Spa ခေါ်သွားလို့တဲ့ ခိုးလုပ်စရာလား ခေါ်သွားစရာ လားနဲ့ ပြဿနာလာရှာတာ"

"မမတု ဘယ်လိုဖြစ်တာလဲဗျာ၊ သူက ကျွန်တော့်ကိုချုပ် ပြီး ခေါ်သွားလို့ရတာမှ မဟုတ်တာ၊ ကျွန်တော် လိုက်ချင် လို့ လိုက်သွားတာ ဘာဖြစ်လဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ၊ ဒီလိုပုံတွေ ထွက်လာတာပေါ့၊ မင်းကို ဘာသတင်းပလင်း ကောလာဟလတွေမှ မထွက်ဘဲ ယောကျ်ားပရိသတ် မိန်းမပရိသတ် အားလုံးအမြင်မှာ စင်းလုံးချောဖြစ်နေအောင် အမြဲကာကွယ်စောင့်ရှောက်ထား တာ ငါပါ၊ သူနဲ့ကျမှ သတင်းလည်း မျိုးစုံထွက်၊ ဒီပုံ တောင် ထွက်လာတယ်၊ စာစောင်ထဲပါလာရင် ဘယ်လို လုပ်မလဲ"

"ပါသွားပါစေဦး မဟုတ်မဟတ်ပုံမှ မဟုတ်တာ ဘာဖြစ် လဲ၊ သတင်းထွက်တော့လည်း ဘာဖြစ်လဲ၊ ဟုတ်တယ် ကြိုက်နေတယ် ချစ်သူတွေ ဘာဖြစ်လဲ၊ တမင်လိုက်ဖွ ဖို့မလိုပေမယ့် မတော်တဆ သတင်းထွက်သွားရော ဘာ ဖြစ်လဲ၊ လူပျိုအပျိုပဲ၊ ချစ်သူတွေပဲ၊ ဟုတ်တယ် ဘာဖြစ် လဲ၊ လက်ထပ်မှာပဲဟာ"

မိုးပြေးရဲ့အော်သံစူးစူးနှင့် စကားလုံးတွေက တုဏှီ နားထဲ သံပူရည်တွေ လောင်းချသလို စီးဝင်သွားကာ တုတုသည် မူပြင်းခါးသီးလှတဲ့ ခံစားချက်နှင့် မင်းသိင်္ခကို ချာခနဲလှည့်ကြည့် လိုက်ပါသည်။ ချက်ချင်း မိုးပြေးထံ ပြန်ကြည့်ကာ သွားချင်းခဲ ထားတဲ့ လေသံတိုးတိတ်တိတ် အေးစက်စက်နှင့် ...

"စကားကို အကုန်မပြောနဲ့လေ၊ မင်း သိထားဖို့က တွဲနေ ကြတာတိုင်းဟာ လက်ထပ်ကြဖို့ မဟုတ်ဘူး"





"တွဲနေတာ မဟုတ်ဘူး၊ ချစ်သူတွေ ဖြစ်နေတာ၊ တစ်နေ့ လက်ထပ်မှာ"

"မင်းစကားက ပိုင်နိုင်လွန်းအားကြီးမနေဘူးလား မိုးပြေး"

"ဘာဖြစ်လို့ မပိုင်နိုင်ရမှာလဲ"

"မမတု ... မိုးပြေး တော်ကြတော့ကွာ"

"မင်းဟာ သူ့ရဲ့ချစ်သူပါလို့ ခါခါက အိမ်မှာမိတ်မဆက် ပေးသေးပါဘူး"

"မမတု တော်ပါတော့ဗျာ"

"ခါ ... ခုပဲ မိတ်ဆက်လိုက်ပါ၊ အခု မိတ်ဆက်ပေးလိုက်ပါ"

"မိုးပြေး ... တော်ပြီကွာ၊ စိတ်ပျက်ဖို့ကောင်းလာပြီ၊ အားလုံးလည်း မြင်နေ ကြားနေကြတယ်၊ မမတု ... မမတုက ပတ်ဝန်းကျင်မှာ သတင်းမပြန့်စေချင် လူသိမ များစေချင်တာ မဟုတ်လား၊ ဒါတောင် ဘာဖြစ်လို့ လူ ပြောစရာပြဿနာဖြစ်အောင် လုပ်ရတာလဲဗျာ"

"မမတု ဘာလုပ်လို့သဲ၊ ဘာလုပ်လို့လဲ ခါခါ၊ ဒီပုံကြီး ထွက်လာလို့ အသွားအလာ အနေအထိုင် ဆင်ခြင်ဖို့ပြော တယ်၊ ဒီလောက်ပဲ ... ဒါပဲလေ၊ ဒါလေးတောင် မမ ပြော ခွင့်မရှိဘူးလား၊ ဒီလို တစ်သက်လုံး ပြောလာတာပဲလေ၊ ခုကျမှ ဘာဖြစ်လို့ ပြောခွင့်မရှိရတော့မှာလဲ၊ ဒီမှာ ခါခါ အထူးသဖြင့် မိုးပြေးနဲ့ ပတ်သက်လို့ မင်းကို ဘာပြောထား လဲ၊ ဘယ်လို တောင်းပန်ထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောထားလို့လဲ ခါ၊ မိုးပြေးကို ပြောပါ"

"သူ ပြောမှာမဟုတ်ဘူး တို့ပဲပြောမယ်၊ မင်းနဲ့ ခါခါ့ကို ကို တို့ သဘောမတူဘူး"

"ဘာရယ် ...မမတုက ဘာဖြစ်လို့ သဘောမတူရတာလဲ၊ သဘောမတူခွင့်ရော ရှိလို့လား"

မိုးပြေးက ခပ်ဆတ်ဆတ် ဟစ်အော်မေးလိုက်လျှင် တုတုသည် ပါးပေါ်ပြုတ်ကျလုဆဲဆဲ မျက်ရည်တို့ကို မျက်တောင်ခတ် ထိန်းရင်း ...

"ဟုတ်တယ် မိုးပြေး၊ တို့က ..."

"မမတု တော်ပါတော့၊ ဆက်မပြောပါနဲ့"

"ဘာကို ဘာဖြစ်လို့ ဆက်မပြောရမှာလဲ ခါခါ၊ မင်းနဲ့ မမကြားမှာ အပေးအယူရှိတယ်လေ၊ ယူထားတာရှိရင် ပြန်ပေးဖို့"

"ဘာတွေလဲ ... ဘာတွေလဲ ခါ၊ ဘာတွေယူ ဘာတွေပေး ဖို့ရှိနေတာလဲ၊ သူက ဘာဖြစ်လို့ ခါနဲ့ မိုးပြေးကို သဘော မတူဘူး ဖြစ်ရတာလဲ၊ ခါ ပြောပြလိုက်လေ၊ မိတ်မဆက် ပေးရသေးဘူးဆို၊ သူ့ကို အတိအကျ ပြောပြလိုက်ပါ"

"မင်းသိက္ခာ ... မောင်လေး ... မမတုကို တည့်တည့်ကြည့် ပြီး ပြောသင့် ပြောထိုက်တဲ့စကားကို ပြောစမ်းပါ၊ မင်း စိတ်ထဲမှာ အပြောချင်ဆုံးစကားကို မမတု သိချင်တယ်"





"မမတု ... လောလောဆယ် မမတု ဒီကပြန်သွားလိုက် ပါဗျာ"

တုတုရဲ့မျက်နှာက ကွက်ခနဲနေအောင် ပျက်သွားရကာ မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လျှံလာသည်။ တုန်ယင်တဲ့နှုတ်ခမ်းနှစ်လွှာကို အတင်းဆွဲစေ့ရင်း ...

"ဒါ ခုလောလောဆယ် မင်းစိတ်ထဲ ရှိနေတဲ့ စကားလား ခါခါ"

"တောင်းပန်ပါတယ် မမတုရာ၊ မမတု ပြန်လိုက်ပါ၊ မိုးပြေးနဲ့ ကျွန်တော်က ချစ်နေကြပြီ မမတု၊ မိုးပြေးကို ဒီလိုမဆက်ဆံပါနဲ့တော့"

တုတုသည် မင်းသိက္ခာကို ပါးစပ်လေး အဟောင်း သားနှင့် ခဏငေးကြည့်နေပြီးမှ အသာအယာ လှည့်ထွက်လိုက် ပါသည်။

✤ ❣ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"သားကိုရော မိုးပြေးကိုရော မေမေ ပြောမယ်နော်၊ မင်းတို့လည်း သာမန်လူတွေလို လှုပ်ရှားသွားလာနေထိုင်ချင်တယ်ဆိုတာ ကိုယ်ချင်းစာတယ် နားလည်တယ်၊ ဒါပေမဲ့ ဒီလောကမှာ သတင်းစကားတွေ ကောလာဟလတွေရဲ့ ဖြစ်တတ်တဲ့ သဘောကိုလည်း နားလည်ရမယ်၊ ဒီအလုပ်ကို ကိုယ်ကရွေးချယ်လုပ်နေပြီ ဆိုမှတော့ ဒီအခြေအနေနဲ့ ကိုက်ညီအောင် နေထိုင်သွားလာ လှုပ်ရှားရမယ် ...

အသွားအလာဆင်ခြင်ရမှာကို ထူးပြောစရာ မလိုဘူး၊ ဟုတ်တိုင်းလည်း ကြေညာနေစရာ မလိုဘူး၊ လူပြောသူပြောလွတ်အောင် နေနိုင်လေ ဒီလောကထဲမှာ သက်ဆိုးရှည်လေပဲ၊ မမတုကြောင့် မင်း နစ်နာခဲ့ရတာ ဘယ်နှခါရှိဖူးလဲ သား၊ မမတုပဲ မင်းရဲ့အစစအရာရာကို စီမံခန့်ခွဲဆုံးဖြတ်လာတာ မင်း ဒီအခြေအနေထိ ရောက်တဲ့အထိပဲ မဟုတ်လား ...





သူလုပ်သမျှမှာ တစ်ခါမှ အမှားမပါခဲ့ဘူး၊ မိုးပြေးက ဒါတွေမသိတောင် မင်းအသိဆုံးပဲ မဟုတ်လား သား။ အခု ဒီဓာတ်ပုံထွက်လာတာကိုကြည့်ပြီး ဆယ်လဘရစ်တီတွေအတွက် လုံခြုံတဲ့နေရာဆိုတာ မရှိဘူးဆိုတာ မင်းတို့ သဘောပေါက်ရမယ်၊ ဒီပုံကတော့ နာမည်ပျက်လောက်အောင် မဆိုးဘူးဆိုပေမယ့် နောင်ကို ဆင်ဆင်ခြင်ခြင်အသိအလိမ္မာလေးနဲ့ လုပ်ရကိုင်ရမယ်ဆိုတာ သတိပြုကြရမှာလေ"

ဒေါ်နုနုထွေးက အောင်အောင် ဖုန်းဆက်လိုက်၍ ရောက်လာခဲ့တာပါ။ ပြဿနာအခြေအနေတွေ ဆိုးဝါးသွားမှာစိုး၍ အောင်အောင်က အိမ်ကိုဖုန်းဆက်သတင်းပို့လိုက်တာ။ ဒေါ်နုနုထွေး ရောက်လာချိန်မှာ တုတုက မရှိတော့ပါ။ ပြန်သွားနှင့်ပါပြီ။

"မိုးပြေး"

"ရှင် ... ဟုတ်"

မိုးပြေး မျက်နှာလေးက ခပ်မှုန်မှုန်လေးတော့ ဖြစ်နေပါသည်။

"သမီးတို့နှစ်ယောက်ကို အပြင်မှာ လူတွေတွဲပြီးတွေ့ခြင်း မတွေ့ခြင်းဟာ မင်းသိက္ခာရဲ့သမီးအတွက် သဘောထားခံစားချက်ကို ဘာမှအပြောင်းအလဲ မဖြစ်စေဘူးဆိုတာ နားလည်တယ် မဟုတ်လား"

"နားလည်ပါတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုခါတ်ပုံမျိုးတွေဟာ အရေးကြီးတဲ့ပုံဖြစ်ဖြစ် အရေးမကြီးတဲ့ပုံပဲဖြစ်ဖြစ် မထွက်လေကောင်းလေ၊ နောက်ဆက်တွဲဟာ ကောင်းကျိုးတွေ ဖြစ်လာဖို့ထက် အနှောင့်အယှက် ပြဿနာတွေ အတင်းအဖျင်းတွေနဲ့ ဆိုးကျိုးဖြစ်ဖို့ပဲ ပိုများတယ်ဆိုတာ သမီးလည်း နားလည်မှာပါ၊ မမတုပြောတဲ့ စကားဟာ စေတနာနဲ့ပါ"

"ဟုတ်ကဲ့ ... ခါ့အတွက် စေတနာနဲ့လို့ လက်ခံပါတယ် အန်တီ"

ဟုတ်တယ်လေ။ မင်းသိင်္ခါကိုသာ စေတနာရှိကောင်း ရှိမှာပေါ့။ သူ့အပေါ်တော့ မတုတုက ဘာကြောင့် စေတနာရှိနေမှာလဲ။ မလိုတမာ ဝေဒနာသာ ရှိတာပါ။

"မင်းသိင်္ခါအတွက် တုတုက မရှိမဖြစ်တဲ့ ပံ့ပိုးသူကောင်း တစ်ယောက်ပဲ မိုးပြေ၊ တုတုလောက် မင်းသိင်္ခါအပေါ် စောင့်ရှောက်ပေးဆပ်နိုင်သူ နောက်ထပ်မရှိနိုင်တော့ဘူးဆိုတာလည်း သမီး နားလည်ထားပေးပါ"

မိုးပြေ မျက်နှာလေးက ညိုသွားရကာ မင်းသိင်္ခါကို ဖျတ်ခနဲ ကြည့်လိုက်မိသည်။ ကန့်ကွက်စကား ရင်ထဲမှာတောင် မရှိတာ သေချာတဲ့ ရုပ်သေနှင့် သူ့မမတု ထွက်သွားတာကို စိတ်မကောင်းသလို ဖြစ်နေတဲ့ မင်းသိင်္ခါကို မြင်လျှင် ဘယ်လိုမှ မကျေနပ်နိုင်ပဲ ...

"အန်တီ ... အဲဒါတော့"





"ဘာဖြစ်လဲ သမီး"

"သူ့ကို အမွှန်းတင်လွန်းရာ မကျဘူးလား အန်တီ၊ အန်တီက အမေပါ၊ အန်တီ့ထက်တောင် သူက စောင့်ရှောက်နိုင် ပေးဆပ်နိုင်တယ်လို့ အန်တီက ဆိုလိုချင်တာလား"

"ဟုတ်တယ် သမီး"

"အို ... အန်တီရယ်၊ အန်တီတို့ ခါတို့ သားအမိက စိတ်ကောင်းနှလုံးကောင်း ရှိလွန်းပါတယ်၊ မိုးပြေတောင် ခါ့ရဲ့ချစ်သူတစ်ယောက်အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ပေးဆပ်နိုင်လူချည်ရဲ့လို့ ဇနေရာယူလိုစိတ် မရှိပါဘူး"

ယူလို့လည်း ရမှမရတာ၊ မင်းမှာ ဘာများ မင်းသိင်္ခါအတွက် ပေးဆပ်ရတာရှိလို့လဲ မိန်းကလေးရယ်လို့သာ လှချိုအေးနှင့် မေးလိုက်ချင်သည်။ သူကချည်းသာလျှင် မင်းသိင်္ခါထံမှ တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း ကိုယ့်အတွက် ရယူခဲ့တာတွေရှိတာ မဟုတ်ဘူးလား။

"ဒါပေမယ့် မိခင်ဖြစ်တဲ့ အန်တီ့ထက်တောင် သူ့ကိုပေးဆပ်နိုင်တဲ့သူပါလို့ အန်တီက အမွှန်းတွေတင်ပြီး ပြောနေတာကို ခါ့ချစ်သူ တစ်ယောက်အနေနဲ့ မခံစားနိုင်ဘူး အန်တီ၊ မိဘနဲ့လုံးဝမယှဉ်ချင်ပေမယ့် ခါ့ချစ်သူတစ်ယောက် အနေနဲ့ မိဘပြီးရင် အရေးအပါဆုံး နေရာမျိုးတော့ သမီးလည်း လိုချင်တာပဲ"

"မိုးပြေ"



www.burmeseclassic.com

www.burmeseclassic.com



မိုးပြေးက မင်းသိက္ခာ ဟန့်လိုက်တာကို မျက်ရည်များနှင့် ခေါင်းယမ်းလိုက်ရင်း ...

"မိုးပြေး ပြောဦးမယ် ခါ၊ မမတုကို အဲဒီကိစ္စကို မကျေနပ်နိုင်တာ၊ နေရာယူလွန်းတယ်၊ သူပဲ အရေးပါလွန်းတယ်၊ သူက ဘာမို့လို့လဲ၊ ခါ့ဘဝမှာ သူက မရှိမဖြစ်ဆိုတဲ့ အနေအထားတစ်ခုကိုတောင် အပိုင်စီးထားတာ မလွန်လွန်းဘူးလား၊ တကယ်တော့ မပြောချင်ပေမယ့် ရှင်းရှင်းပြောရရင် သူက အန်တီတို့ တပည့်တပန်းအခွယ်အပွားထဲက ကောက်ယူမွေးစားထားတဲ့ မွေးစားသမီးပဲလေ ...

မိုးပြေး ခါ့ကို စစ်စစ်မှန်မှန်နဲ့ အသည်းနှင့်အောင် ချစ်တာပါ၊ မဆုံဖူးခင်ကတည်းက သူ့ကို ကြိုက်ခဲ့ သဘောကျခဲ့ ချစ်ခဲ့ရတာပါ၊ ဒါကြောင့်လည်း အခွင့်အရေးပေါ်တုန်းမှာ သူ့အနီးရောက်ခွင့်ရအောင် သူ့ကို အကာသင်ပေးခွင့်ရအောင် ကြိုးစားဖန်တီးခဲ့တာပါ၊ ခါ့ကို မေတ္တာစစ်နဲ့ ချစ်တယ် ...

ဒါနဲ့ အခုတော့ ချစ်သူတွေဆိုပေမယ့် တစ်နေ့လက်ထပ်ရင် သမီးက ခါ့ဇနီးလေ အန်တီ၊ သားရဲ့ကြင်ယာလေ၊ သားရဲ့ကြင်ယာက မွေးစားသမီးလောက် အရေးပါနေရာမရ သူ့ကို ကြောက်နေရမယ့် အဖြစ်လား၊ ဒါကိုစဉ်းစားမိတိုင်း မမတုကို သမီး ဆန့်ကျင်ချင်တဲ့စိတ်ပေါ်





တွေပဲ ပေါ်ပေါ်လာတယ်ဆိုတာ ဝန်ခံပါတယ်၊ မမတု မသွားနဲ့ဆို ပိုသွားချင်တယ် ...

သူက ဘာကြောင့် ခါ့ကို ကြိုးကိုင်နိုင်ရမှာလဲ၊ ခါ့ကို စိမ်ခန့်ခွဲနိုင်ရမှာလဲ၊ မိုးပြေးကို အန်တီက သဘောမတူဘူးဆိုရင် မိုးပြေး နားလည်ပါသေးတယ်၊ သူကဘာကြောင့် ဒီလောက်ထိ အရေးပါရမှာလဲ"

"သူက ဘာလို့ ဒီလောက်ထိ အရေးပါရသလဲဆိုတော့ သူ့မှာ မင်းသိက္ခာအတွက် စေတနာတွေ ပြည့်လျှံနေလို့ပဲ၊ သူက ဘာကြောင့် မင်းသိက္ခာအတွက် မရှိမဖြစ် လိုအပ်ခဲ့တာလဲဆိုတော့ တုတုဆိုတာ မရှိခဲ့ရင် မင်းသိက္ခာဆိုတာလည်း ခုချိန်မှာ လောကမှာ ရှိကိုရှိနေစရာ အကြောင်းမရှိတော့လို့ပဲ"

"ရှင်"

"ဘာတွေ ပေးဆပ်နိုင်လို့လဲလို့ သမီးကမေးတော့ ဖြေရမယ်ဆိုရင် သူ့ရဲ့ကိုယ်ခန္ဓာအစိတ်အပိုင်းကိုတောင် ရက်ရက်ရောရော ပေးနိုင်ခဲ့တယ်၊ ရှင်းရဲ့လားသမီး"

"ရှင်"

"ဒီအကြောင်းတွေကို အနုပညာလောကထဲ စဝင်ကတည်းက ဘယ်သူ့ကိုမှ အသိမပေးဘူး။ ဒီလိုပဲ သတင်းကို ခပ်လျှိုလျှိုပဲထားခဲ့တာ၊ မိတ်ဆွေအသိုင်းအဝန်းပဲ သိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက,က သိကြလို့ မေးလာရင် ညာစရာအကြောင်းမရှိပေမယ့် ဖွင့်တော့ ပြောမထားမိဘူး၊ မင်းသိက္ခာရေ တုတုရောဟာ တစ်ယောက် ကျောက်ကပ်တစ်လုံးစီနဲ့နေကြတာ၊ ရှင်းအောင်ပြောရရင် တုတုရဲ့ကျောက်ကပ်နှစ်လုံးကို တစ်ယောက်တစ်လုံး ခွဲဝေသုံးထားတာ”

“ရှင်”

“တုတုကသာ မင်းသိက္ခာကို သူ့ကျောက်ကပ်တစ်လုံး ထုတ်မပေးနိုင်ခဲ့ရင် ခါခါဟာ အသက်ဆယ့်ခြောက်ဆယ့်ခုနစ်လောက်ကတည်းက ကျောက်ကပ်ရောဂါနဲ့ပဲ လုံးပါးပါးသွားပြီ၊ ကျောက်ကပ်နှစ်လုံးစလုံး ပျက်စီးသွားပြီးဆေးရုံကိုတက်လိုက် ဆင်းလိုက်နဲ့ တစ်ချိန်လုံး ကျောက်ကပ်ကို သန့်ပေးနေရတဲ့ ခါခါ့ကို ဆေးပညာဗဟုသုတလည်း ဘာမှမရှိ၊ သူ့ကို ထိခိုက် မထိုက်ခိုက်လည်း မသိဘာမှမသိဘဲနဲ့ကို သူ့ကျောက်ကပ်တစ်လုံး မဖြစ်မနေပေးချင်ခဲ့တဲ့ စေတနာ တုတုမှာ အပြည့်အဝ ရှိခဲ့တယ် –

စစ်ကြည့်လိုက်တော့ မိဘတွေကလည်း လှူလို့မရဘဲ တုတုနဲ့က HLA Typing ဆိုတာ တူနေပြီး သူကလှူလို့ရနေတယ်၊ တုတုက မင်းသိက္ခာကို အရမ်းချစ်တယ် သမီးသမီးဟာ မင်းသိက္ခာရဲ့ချစ်သူတစ်ယောက် လုပ်မယ်ဆိုရင် တုတုတဲ့အချစ်ကို အသိအမှတ်ပြု နားလည်ပေးရလိမ့်မယ်”





မိုးပြေးက နှုတ်ဆိတ် ငိုင်ငေးသွားပါသည်။

“သူ့မောင်ကို ချစ်လွန်းအားကြီးတာမှ အနိုတ်တောင် သူ့ကို ပြန်စိတ်ဆိုးခဲ့ရတဲ့အထိ ချစ်တာ၊ မင်းသိက္ခာက မယူရဘူးလို့ ပြောတာနဲ့ မိဘချင်းသဘောတူလို့ သူလည်း လက်ခံလို့ စေ့စပ်လုဆဲဆဲ သတို့သားလောင်းကိုတောင် ဘာမျက်နှာမှမထောက် ဖြတ်ချပစ်လိုက်တယ်”

မိုးပြေးက မင်းသိက္ခာကို လှမ်းကြည့်လိုက်ပါသည်။

“ဟုတ်တယ် မိုးပြေး၊ အဲဒီတုန်းက ကိုယ်ကိုယ်တိုင်မှာက ချစ်သူမရှိသေးတော့ ကိုယ့်ရဲ့နှုတ်တရွတ် ဗိုလ်ကျတောင်းဆိုမှုက အတော်အတ္တဆန်ခဲ့တယ်၊ ကိုယ်ကလည်း မမတုကို ချစ်တာကိုး၊ သူ နယ်ပြန်ရင်တောင် ဒီမှာ ဝေယျာဝစ္စတွေက မပြေလည်၊ ကိုယ် စားရသောက်ရတာကအစ အဆင်မပြေဟိုဟာလို ဒီဟာလိုဆိုတော့ မမတုကို ယောကျ်ားယူပြီး အိမ်ကထွက်သွားမှာ လုံးဝလက်သင့်မခံနိုင်ခဲ့ဘူး၊ လက်လွှတ်ဆုံးရှုံး မခံနိုင်ခဲ့ဘူး”

မိုးပြေးက မင်းသိက္ခာကို တအံ့တသြလေး ငေးကြည့်နေပါသည်။

“မမတု ကိုယ့်ကို အရမ်းချစ်တာကိုလည်းသိတော့ မရမက တောင်းဆိုရင် လက်ခံတတ်စမြဲ ဆိုတာလည်းသိတော့ မမတုဘက်က ခံစားချက်ကို ဘာမှထည့်မတွက်ခဲ့မိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလူနဲ့ လုံးဝမယူရဘူး လုံးဝသဘောမတူဘူး တခြားဘယ်သူနဲ့မှလဲ သဘောမတူဘူး၊ အိမ်ထောင်မပြုရဘူးဆိုပြီး ဖွတ်ခွဲခဲ့တယ်။ စေ့စပ်ဖို့ ရက်နှစ်ဆယ်လောက်ပဲ လိုတာကို ဖွတ်အတင်းဖျက်ခဲ့တော့ မမတုဟာ အဲဒီလူကို မယူနိုင်တော့ဘူးလို့ ယတိပြတ် ငြင်းပစ်လိုက်တာ ခုထိပဲ”

“ဟင်”

မိုးပြေးသည် အံ့အားလည်းသင့် ရင်လည်းနင့်၊ အပျော့မျှ အတွေးစလေးတွေဟာ ခေါင်းထဲမှာ ရှုပ်ယှက်ခတ်အောင် လွှ့ ထိုးယက်ယှက်နေပါသည်။

“ခုချိန်ထိ မမတုဘက်က ခံစားခဲ့ရမယ့် ခံစားချက်တွေ သေချာချာ တွေးကြည့်မပေးခဲ့မိဘူး၊ ကိုယ်က သဝန်တိုတာ ကိုယ်က လက်လွှတ်ဆုံးရှုံးမခံနိုင်တာ၊ အဲဒီကိုယ့်ဘက်က အတ္တတွေကိုပဲ ရှေ့တန်းတင်ပြီး ကိုယ့်အတွက်ပဲ ကြည့်ခဲ့တာ”

“တုတုကလည်း ခေါင်းခါ ငြင်းချလိုက်တာ အန်တီဆီ မျက်နှာပျက်ရတယ်ဆိုပြီး တုတုကို အတော်စိတ်ဆိုးခဲ့သေးတယ်”

အဲသလိုလား။

ကျောက်ကပ်ပေးလှူခဲ့တယ် ဆိုတဲ့အတွက် အတိုင်းမသိ ကျေးဇူးတင်မိကာ မမတုရဲ့မေတ္တာစေတနာကို ဦးညွတ်အေး





နိုင်တဲ့စိတ်မျိုး ပေါ်ပေါက်မိတဲ့ မိုးပြေးဟာ စေ့စပ်လုဆဲဆဲ သတို့သားလောင်းကို မင်းသိင်္ခာက မယူရဘူးဆိုတာနှင့် တိခနဲ ဖြတ်ချလိုက်နိုင်ခဲ့တဲ့ လုပ်ရပ်ကိုတော့ အံ့အားတသင့်တွေဝေသံသယဝင်မိသည်တည်း။

“မိုးပြေး ...၊ မိုးပြေး သိထားဖို့ရော နားလည်ပေးဖို့ရော လိုအပ်တာက ကိုယ် မမတုကို သဝန်တိုသလို ယောကျ်ားမပေးစားချင်သလို မမတုလည်း ကိုယ့်ကိုသဝန်တိုမယ်၊ နှမြောမယ်ဆိုတာကိုပဲ၊ မမတု ရင်ထဲမှာ အဲဒီပဋိပက္ခဖြစ်နေတယ်”

ခါရယ် ...။ ခါထင်သလောက် ရိုးရိုးသားသားလေး ဟုတ်ရဲ့လား။ ခါ့တုန်းကတော့ အစ်မကို ရိုးရိုးစင်းစင်း သဝန်တိုတဲ့မောင်တစ်ယောက် ဘယ်ယောက်ဖလက်ထဲမှ မထည့်နိုင်၊ ကိုယ်ပဲမောင်ပိုင်စီးထားချင်တာ ဖြစ်ပေမယ့် မမတုကတော့ ခါထင်မြင်ယူဆသလိုမှ ဟုတ်ပါ့မလား။ မျက်နှာပြင်ပေါ်နဲ့ မျက်ဝန်းတွေထဲမှာ အလွယ်တကူ မမြင်သာတဲ့ သိဝှက်တဲ့ နက်ရှိုင်းတဲ့ ဆန်းကြယ်တဲ့ ခံစားချက်တွေကို မိန်းမချင်းများ ပိုပြီးရိပ်မိမြင်သာနိုင်သလားလို့ပါ။

“မိုးပြေး ... ဒီတော့ သမီး နားလည်ပေးရမှာက တုတုကို အန်တီတို့ ဘာကြောင့် အရေးပေး ဦးစားပေး ချစ်ခင်မြတ်နိုးကြသလဲဆိုတာ သိပြီးတဲ့နောက်မှာ အဲဒီနေရာလေးထိခု

www.burmeseclassic.com



ကို သမီးလည်း မမတုကို ပေးနိုင်ဖို့ပါ။ ခါခါက သူ့မမတု ကိုသာ သမီးနဲ့ချစ်နေကြောင်း ဖွင့်မပြောရသေးပေမယ့် အန်တီ့ကို အသိပေးထားတာပါ၊ အန်တီတို့မိသားစုဝင်တစ်ယောက် ဖြစ်လာမယ့်သူဟာ မမတုအပေါ် ခါခါထားတဲ့ သဘောထားအတိုင်း ထားပေးနိုင်ဖို့တော့ လိုအပ်ပါတယ် သမီး၊ အန်တီ တောင်းဆိုတာပါ”

မိသားစုဝင် ဖြစ်လာမယ့်သူ။ ဒီစကားတစ်ခွန်းနဲ့တင် ကျေနပ်ဖို့ ဟန်ပါတယ်။

မှိုးပြေးက ခေါင်းလေးကို အသာညိတ်ပြလိုက်ကာ ...

“သမီး ဒါတွေမသိနားမလည်ခဲ့လို့ပါ အန်တီ၊ နောက်ဆို မမတုကို အစ်မရင်းတစ်ယောက်လို သမီး သဘောထားပါ့မယ်၊ ဒီနေ့လိုကိစ္စမျိုး နောက်ကို သမီးကြောင့် ဘယ်တော့မှ မဖြစ်စေရပါဘူး”

“မေမေကြီး ... မေမေကြီး”

အနားကို အောင်အောင်ကပ်လာ၍ ဒေါ်နုနုထွေးက လှည့်ကြည့်ရင်း ...

“အောင်အောင် ဘာလဲ၊ အလန့်တကြားကွယ်”

“ဒေါ်လေး ဖုန်းဆက်တယ်ဗျ”

“ဘာတဲ့လဲ”





“မမတု အဝတ်အစားအိတ်တစ်လုံးဆွဲပြီး အိမ်ကထွက်သွားတယ်တဲ့၊ လှမ်းမြင်တော့ တားလို့မမီတော့ဘူးတဲ့၊ အဲဒါနဲ့ သူ့အခန်းဝင်ကြည့်ကြည့်တော့ လိုက်မရှာကြနဲ့လို့ စာရေးသွားတယ်တဲ့၊ ပြီးတော့ ကိုခါ ပြန်ပါလို့ ပြောတဲ့အတိုင်း အပြီးပြန်သွားပါပြီလို့လည်း ရေးထားတယ်တဲ့”

www.burmeseclassic.com



ဖုန်းတွေကို မကိုင်ပေမယ့် တစ်ညနေခင်းလုံး ဝင်နေတဲ့ မက်ဆေ့ဂျ်တွေကိုတော့ ဖွင့်ဖတ်နေမိခဲ့ပါသည်။

"မမတု ခုချက်ချင်း ပြန်လာခဲ့"

"မမတု အခု ဘယ်မှာလဲ"

"မမတု အကြောင်းပြန်နော်၊ မပြန်ရင် ကျွန်တော် တအား စိတ်ဆိုးလာမှာနော်"

"မမတု ဖုန်းကိုင်ပါ"

မင်းသိင်္ခါထံမှ မက်ဆေ့ဂျ်တွေဟာ ဆယ်မိနစ် ဆယ့်ငါးမိနစ် တစ်ခါ ထပ်ခါထပ်ခါ ဝင်နေတာကို ဖွင့်ဖတ်ရင်က တုတု ရင်ထဲမှာ အချိန်လင့်လာတာနှင့်အမျှ နောင်တတ ကြီးစိုးလာပါသည်။ အဲဒီနောင်တရဲ့အကြိုအကြားမှာတော့ ရှက်စိတ်က ဟိုတစ်စွန်း ဒီတစ်စ ခေါင်းပြူထိုးထွက်နေပါတော့သည်။

စိတ်လိုက်မာန်ပါ လုပ်ခဲ့မိခြင်းက နာရီပိုင်း အချိန်ပိုင်းလေးအတွင်းမှာ တုတုရဲ့သိင်္ခါတွေကို မြေပေါ် ခြေနင်းဖတ်ပေါ် ညစ်ပေသွားစေခဲ့ပြီလား။ မိုးပြေးရေ့မှာ ကိုယ့်ကိုပြန်တော့





ပြောလိုက်တဲ့အပေါ် နာကြည်းခြင်းမက နာကြည်းခြင်းက ချက်ချင်းပေါက်ပေါက်ကွဲကွဲ ဆုံးဖြတ်မိစေဖို့ တွန်းအားဖြစ်ခဲ့တာပါ။

သူတို့ချစ်သူတွေ ဖြစ်နေကြပြီလို့ ရုတ်ခြည်းသိလိုက်ရတာကလည်း လူကို Shock ရသွားစေကာ ဆောက်တည်ရာမရ ခံစားမိစေတာ။ ဒါပေမဲ့ တဖြည်းဖြည်း သွေးဆူပွက်ခြင်းတွေ လျော့ကျလာတော့ ရှက်ရကောင်းမှန်းကို သိလာသည်။

ခုလောက်ဆို တစ်သက်လုံး မင်းသိင်္ခါအပေါ် ဖြူစင်သန့်ရှင်းတဲ့ စေတနာမေတ္တာတွေ ထားခဲ့သမျှ ရေစုန်မျော သွားပြီလား။ ကျောက်ကပ်ကြီးတစ်လုံးလုံးကို ဘာမျှော်ကိုးမှုမှမပါ။ ဘာတုံ့ပြန်ခြင်းမှ အလိုမရှိဘဲ သန့်စင်တဲ့ မေတ္တာစေတနာအဟုန်နှင့် ရက်ရက်ရောရော ပေးလှူခဲ့တာသည်ပင်လျှင် ဒီယုန်မြင်လို့ ဒီချုံထွင် ပိုးကြေးပန်းကြေး လက်ဆောင်ပေးခဲ့သလိုမျိုး သိမ်နုပ်အောက်ကျတန်းကျသွားခဲ့ပြီလား။

"အစ်မ" "အစ်မ"နဲ့ ဖမောင်ကို ကျိတ်ပိုးချစ်နေခဲ့သူအဖြစ် ခုတော့ ဖေဖေ မေမေတို့ပါ ရိပ်မိသွားမလား။ ယူကျုံးမရ စရာကောင်းလိုက်တာ။ မင်းသိင်္ခါအပေါ် သူမရဲ့ချစ်ခြင်းမေတ္တာတို့ နီးသားရာက ဆန့်ကြယ်မြူးသစ်လာခဲ့တာလည်း ဟုတ်ပေမယ့် သူ ခွေးကတည်းက ထားရှိခဲ့ရတဲ့ သန့်ရှင်းဖြူစင်တဲ့မေတ္တာ၊ အတိုင်းမသိ ရက်ရော အကြင်နာပိုခဲ့တဲ့ စေတနာတွေက သန့်သန့်ကလေးရှိကို ရှိခဲ့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးရောနှောတန်ဖိုးမဲ့သွားမှာကို အကြီးအကျယ်စိုးရိမ်လာတဲ့အခါ တုတုသည် အိမ်ပြန်ချင်စိတ် ပေါက်လာမိခဲ့ပါတော့သည်။ မထွက်လာခဲ့မိရင် ကောင်းသား၊ စိတ်လိုက်မာန်ပါ စိတ်ကို အလိုမလိုက်ဘဲ နှစ်ကြိမ် သုံးကြိမ် ပြန်စဉ်းစားခဲ့ရမှာ ဘာကြောင့် မခံချင်စိတ်တွေ မာန်မာနတွေကို ရှေ့တန်းတင်ခဲ့မိတာလဲ။

"ကလင်"

မမ်ဆော့ဂျ်ဝင်လာပြန်၍ တုတုက ဖွင့်ဖတ်လိုက်ရပြန်ပါသည်။

"တုတု ... မေမေ ဖုန်းဆက်မယ်၊ မကိုင်ဘဲမနေပါနဲ့၊ အရေးကြီးစကား ပြောစရာရှိတယ်"

တုတုသည် ရင်လေးထိတ်ထိတ်နှင့် ငိုင်တွေတွေလေးစောင့်နေမိပါသည်။ လာမယ့်ဘေး ပြေးတွေ့၊ မေမေ့ကို ဖုန်းပြောလိုက်ပါ့မယ်လေ။ ကြာကြာရှောင်နေလေ ပြန်လည်ဆက်သွယ်ရခက်လေ မျက်နှာပူဖို့ ကောင်းလေပဲ။

"တူတူ ... တူတူ"

တုတုက သက်ပြင်းလေးတစ်ချက်နှင့် ဖုန်းကိုနှိပ်ဖွင့်လိုက်ကာ တိုးတိတ်စွာ ...

"ဟယ်လို"

"သမီး တုတု"

"မေမေ"





"သမီး ... သမီးတို့ တိုက်ခန်းလေးမှာ မဟုတ်လားဟင်၊ မေမေ အောက်ရောက်နေတယ်"

တုတု မျက်ရည်လည်လာမိပါသည်။ အင်းလေ။ တခြားရော တုတုက ဘယ်သွားစရာ နေရာရှိတာမို့တုန်း။ အညာက အမွေရလာတုန်းက ဒေါ်လေးအမွေကိုပါ တုတုထံပေါင်းပြီး မေမေတို့ပါ ကူညီရှာဖွေဝယ်ခြမ်း ပေးခဲ့တဲ့ ဒီတိုက်ခန်းလေးတစ်ခုသာ တုတုမှာ သွားစရာရှိတာပဲလေ။ ဒီမှာပဲရှိမယ်လို့ မှန်းဆနိုင်တာ မထူးဆန်းလှပါ။

"သမီး ... စိတ်မကောင်း မဖြစ်နဲ့၊ မိုးပြေးကိုလည်း သမီးဟာ အစ်မကြီး အမိရာနေရာမှာ သူ ရိုသေလေးစားရမယ့်သူဖြစ်ကြောင်း ရှင်းပြပြီးပြီ၊ မေမေတို့ မိသားစုထဲဝင်လာမယ့်သူဟာ သမီးကို အရေးထားရမယ် နေရာပေးရမယ်ဆိုတာ သူ နားလည်နေပါပြီ"

ဩော် ...။ မိသားစုထဲဝင်လာဖို့အထိ မေမေပါ မျှော်လင့်ပြီးပြီပဲ။

"ပြီးတော့ သမီးခံစားချက်ကိုလည်း မေမေနားလည်တယ်"

"ရှင်"

"ဟုတ်တယ် ...၊ သမီးအလှည့်တုန်းကတော့ ဒီမောင်လေးကိုငဲ့ညှာပြီး သူ မကြိုက်တာ သူသဘောမတူတာဆိုပြီးတော့ ကိုယ့်အိမ်ထောင်ဖက်ကိုတောင် ချစ်ရက်နဲ့စွန့်လွှတ်ခဲ့တယ်၊ ခါခါ့အတွက်ပဲ အမြဲပေးဆပ်သွားတော့မယ်ဆိုတဲ့စိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လူကို ဖြတ်ပစ်ခဲ့ရပြီးတော့ သူ့အလှည့်ကျတော့ သူက ချစ်သူရှာတယ်၊ သူကျတော့ တစ်နေ့လက်ထပ်မယ်ဆိုတဲ့ တစ်ကိုယ်ကောင်းကြည့်မှုအတ္တကြီးမှုက သမီးရင်ကို နာကျင်စေတယ်ဆိုတာ မေမေနားလည်ပါတယ် သမီးရယ်...

အစ်မကို သဝန်တိုတာက တိုတာပဲ၊ ကိုယ့်ဘဝအတွက် အိမ်ထောင်ဖက် ရွေးရတာကလည်း သီးခြားကိစ္စပဲဆိုတာ ခါခါလည်း အခု သေချာနားလည်ပြီလေ၊ ဘိုဘိုကလည်း ပြန်ရောက်နေတာဆိုတော့ ခါခါက အခု ဘိုဘို့ကို ချက်ချင်းပဲ ဖုန်းဆက်တောင်းပန်လိုက်တယ်၊ သူမှားပါတယ်၊ သူ့ကြောင့် မမတုက ဒီလိုဆုံးဖြတ်ခဲ့ရတာပါဆိုတာ ဘိုဘို့ကို ရှင်းပြတော့ ဘိုဘိုကလည်း ဝမ်းသာအားရပဲ ခါခါ့ကို ခွင့်လွှတ်ပါတယ်”

“မေ ... မေမေ”

“သမီး အခုမေမေလေ ဘိုဘိုနဲ့လာတာ၊ တိုက်အောက်မှာ၊ သမီး ကျေနပ်အောင် ဖုန်းအရင်ကြိုဆက်တာပါကွယ်၊ ပြန်လိုက်ခဲ့နော်. သမီး၊ အခု ဒီမှာ ဘိုဘိုလည်း အရမ်းကို စိတ်တွေလှုပ်ရှားပြီး ဝမ်းသာနေတယ်၊ သူ့ခမျာ သမီးစိတ်ပြောင်းသွားတာ ထင်နေခဲ့တာ၊ ခါခါ့ စနက် ခါခါမိုလ်ကျ ဆိုတာသိတော့ သူလည်း စိတ်ချမ်းသာသွားတယ်၊ ဘိုဘို့ အတွက်က သမီးစိတ်မပြောင်းလဲသွားဘူးဆိုရင် ကျေနပ်ပါပြီတဲ့”





တုတုသည် ဖုန်းကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ရင်း ပါးပြင်ပေါ်မျက်ရည်ပေါက်များ စီးကျလာပါသည်။ သြော်... ဒီလိုယူဆကာ ဒီလိုတွေ ဖြေရှင်းပြေလည်သွားကြတယ်တဲ့လား။

ဒီလိုဆိုတော့ “မွေးစားမောင်လေးကို တစ်ဖက်သတ်ကျိတ်ပြီး အုံ့ပုန်းချစ်တဲ့ မွေးစားအစ်မ”ဆိုတဲ့ ရှက်စွံ့သိက္ခာကျစရာ ဝဋ်ဟုဒ်ကြီးနဲ့ လွဲဖယ်သွားတဲ့ သဘောပေါ့။ ချော်လဲရောထိုင်လိုက်ရတော့မှာလား။

ဘယ်တော့မှ မရနိုင်တော့တဲ့ ခါခါ့ထံက ဆန်းကြယ်သော ချစ်ခြင်းမေတ္တာမျိုးကို စိတ်ကူးယဉ် အိပ်မက်,မက်မနေတော့ဘူးဆိုတာ သေချာရင် ကိုဘိုဘို့ကို လက်သင့်ခံလိုက်တာဟာသာလျှင် ရုပ်ဆင်းမပျက် ဣန္ဒြေမပျက်ဖြစ်နိုင်မှာ မဟုတ်လား။

ဒီတစ်ကြိမ် ငြင်းဖယ်လိုက်လျှင် သူတို့ရဲ့အယူအဆတွေ မှားယွင်းခဲ့တယ်လို့ ဆိုလိုတဲ့သဘော သက်ရောက်သွားနိုင်ပြန်တာမို့ တုတု နာကျင်ခံစားသွားရတဲ့ အကြောင်းရင်းကို သူတို့ဆပ်ကာ တွေးတောအဖြေရှာကြဦးမှာ။

ငြင်းလိုက်ခြင်းဟာ သံသယဖြစ်ဖို့ကောင်းပြီး ခေါင်းညိတ်လက်ခံလိုက်ခြင်းသည်သာ ဒီအခြေအနေနှင့် လိုက်လျောညီတယ်ဆုံးသော ဆုံးဖြတ်ချက် ဖြစ်ခဲ့ပြီ မဟုတ်လား။

“သမီး”



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ... သမီး ဆင်းခဲ့ပါ့မယ်၊ သမီးလည်း ခုပဲ အိမ်ပြန်ဖို့ စဉ်းစားနေတာပါ၊ မောင်လေးကို စိတ်ကောက်တယ်ဆိုတာ ကိုယ်က အစ်မကြီး မပီသသလို ဖြစ်သွားပါတယ်"

"ဝမ်းသာလိုက်တာ သမီးရယ်၊ ဘိုဘိုရေ တုတုက ခုပဲဆင်းလာခဲ့တော့မယ်တဲ့"

မေမေ့ရဲ့ ဝမ်းသာရွှင်ပျသံကလေး အဆုံးမှာ တုတုက ဖုန်းကိုပိတ်ချလိုက်ပြီး ပါးပြင်ပေါ်က မျက်ရည်စတွေကို ခပ်ကြမ်းကြမ်းလေး ပွတ်သုတ်ပစ်လိုက်ပါသည်။

✣ ❣ ✣

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com